


www.burmeseclassi.com
BURMESE CLASSIC .com
www.burmeseclassi.com



www.burmeseclassi.com
မင်းစက္က
ဥပက္ခာဘုံသူ
ကြယ် လုံး ချင်း
BURMESE CLASSIC .com
www.burmeseclassi.com

www.burmeseclassi.com

ပဋ္ဌ ဂုဏ် အဟံ ဝန္ဒာမိ

**မင်းစက္က – ဥပက္ကာဘုံသူ**

| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၆၄၆၀၅၀၈ |
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၀၄၆၀၀၃၀၈ |
| ထုတ်ဝေခြင်း | – | ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဇွန်လ။ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၃၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | – | ဒေါ်မြင့်မြင့်တင် (မြင့်သီဂီပုံနှိပ်တိုက်) အမှတ် (၂၀၈)၊ လမ်း-၃၀၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | – | ဦးလှနိုင် (မြိတ်လစဉ်) အမှတ် (၆၆)၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | – | မြိတ်စာပေ၊ (ဖုန်း-၇၀၄၄၉၀) အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်မြို့။ |
| စီစဉ်သူ | – | ဦးလှနိုင် (မြိတ်စာပေ) |
| အထက်မြန်မာပြည် | – | နဂါးစာပေ၊ (မန္တလေး) |
| ဖြန့်ချိရေး | – | ထွန်းဦးစာပေ၊ (မန္တလေး) |


မင်းစက္က

ဥပက္ကာဘုံသူ

# မင်းစက္က

## ဥပက္ကာဘုံသူ



www.burmeseclassi.com

www.burmeseclassi.com



## အခန်းစဉ်


၁။ ။ မြေအောက်ကပေါ်လာသော လက်တစ်ဖက်။
၂။ ။ ရာဟုသား ရာဟု။
၃။ ။ အမြင်ပေါက်ဆေး။
၄။ ။ ဖိုးနီတို့ မိသားစုပါတဲ့။
၅။ ။ ထူးဆန်းစွာ ပျောက်သွားသူ။
၆။ ။ ဇရပ်ပျက်ကြီးပေါ်က ပရလောကသားများ။
၇။ ။ ရသေ့ကြီးနှင့်ရာဟု။
၈။ ။ ကျောပြင်ပေါ်က လက်ဝါးရာကြီး။
၉။ ။ အရိုးစုဖြစ်သွားသောသူ။
၁၀။ ။ ဖူးစာရှင်ရှာပေးမယ့် တမလွန်ကအဖိုး။
၁၁။ ။ အရိုးလက်ချောင်းများ။
၁၂။ ။ ဥပေက္ခာဘုံ။
၁၃။ ။ ဘုံဆိုသည့်မိန်းကလေး။
၁၄။ ။ ရန်လိုမှုများ။
၁၅။ ။ ဘဝတစ်ခုက ရာဟု။
၁၆။ ။ နှင်တံနှင့်ကြာပွတ်။
၁၇။ ။ အမည်မသိမိန်းကလေး။
၁၈။ ။ ဆရာပြူးရဲ့ နိဂုံး။
၁၉။ ။ ရှင်ရသေ့၏ အမြိုက်တရား။
၂၀။ ။ ဘုံ၏ လမ်းခွဲစကား။
၂၁။ ။ ဥပေက္ခာမုန်တိုင်း။
၂၂။ ။ ရှင်ရသေ့နှင့်ကျောက်ဂူ။
၂၃။ ။ အဖြူရောင်ပိတ်စလေး၏ နိဂုံး။






### အခန်း — ၁

## မြေအောက်ကပေါ်လာသော လက်တစ်ဖက်

လေပြင်းကျနေလျက်ရှိသည့် သစ်ပင်ကြီးငယ်တို့က ယိမ်းထိုးကာ လှုပ်ရမ်းနေကြလေသည်။ သစ်ရွက်များ၊ သဲမှုန်များက ထောင်းထောင်းထကာ မြေထက်မှ လွှင့်ပျံပြီးတော့ တက်နေကြသည်။ မိုးကောင်းကင်တစ်ခုလုံး ပုဇွန်ဆီရောင် သန်းကာ တောက်ပနေကြလျက်. . . ။

မုဆိုးရာဟုသည် ပြောင်းလဲသွားသော ပတ်ဝန်းကျင် အခြေအနေကြောင့် အံ့အားသင့်နေမိရသည်။ မိမိသွားလာ နေကြနေရာမဟုတ်၊ တောလည်းမဟုတ်။ နေရာစိမ်း၊ မြင်ကွင်း



www.burmeseclassi.com

www.burmeseclassi.com



စိမ်းစိမ်းတို့ ဖြစ်နေကြသည်။ မိမိမျက်စိများကိုပင် ယုံကြည်နိုင်စွမ်းမရှိတော့။ တိမ်တောက်ချိန် မဟုတ်ပါပဲလျက်နဲ့ ကောင်းကင်မျက်နှာကြီးသည် ဘာကြောင့် ပုဇွန်ဆီရောင်သန်းနေရပါသလဲ။ မိမိအိမ်က ထွက်လာသော အချိန်သည် မိုးလင်းလုပြီဖြစ်သည်။ ယခု တောထဲကိုရောက်ခဲ့သည်မှာ ကွမ်းတစ်ယာညက်လောက်ပင် ရှိဦးမည်။

သွားနေကျ၊ လာနေကျလမ်း ဟုတ်ပါလျက်နဲ့ မျက်တောင်တခတ်စာ အတွင်းမှာပင် လမ်းကြောင်းပြောင်းသွားသည်။ ရုတ်ချည်းပင် နေရာသစ်တစ်ခုကို ရောက်လာခဲ့သလိုပင်။ မည်သို့သော အကြောင်းကြောင့် ဤသို့ဖြစ်သွားရသလဲဆိုသည်ကို နားမလည်နိုင်တော့။

"ငါ. . . လမ်းမှားပြီ"

သူ. . လမ်းမှားနေပြီဟု ချက်ချင်းသိလိုက်လေသည်။ တုန်လှုပ်ချောက်ချားခြင်းတော့ မဖြစ်မိပါ။ တောထဲတောင်ထဲမှာ သွားလာနေကြဖြစ်သော်လည်း တစ်ခါတစ်ရံမှာ အခန့်မသင့်လျှင် လမ်းမှားတတ်ကြပါသည်။ သို့သော် ယခုလို မျက်စိလှည့်စားခံလိုက်ရသလို နေရာတစ်ခုလုံး ပြောင်းလဲသွားခဲ့ရသည်ကတော့ မယုံကြည်နိုင်စရာပင်။

ရာဟုသည် ဒူးလေးကို ပခုံးထက်မှာထမ်းကာ နေရာ





က တစ်ဖဝါးမှ မရွေ့လျားတော့။ ရပ်ကာပင် ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်နေလျက်ရှိသည်။ နေ့ကို မော့ကြည့်လိုက်သည်။ ထိုနောက် မိမိအရပ်ဒေသကို မှန်းဆပြီးတော့ ထွက်လာခဲ့လေသည်။

သို့သော် သွားပါများခရီးမရောက်ခဲ့။ လမ်းက မှားသထက် မှားလာခဲ့လေပြီ။ နက်ရှိုင်းသော တောနက်ကြီးထဲကိုသာ တစ်လှမ်းပြီးတစ်လှမ်း ဝင်ရောက်လာမိသည်။ သစ်ပင်အလုံးစုံ၊ မြေပြင်တစ်ခုလုံးသည် နီဝါဖျော့ဖျော့ အရောင်မျိုးသာ စွန်းထင်းနေလျက်ရှိလေသည်။

သစ်ပင်တွေကြားမှာ တောင်ကုန်းမြင့်ကြီးများကို မြင်တွေ့လာခဲ့ရသည်။ နက်ကျောသော မြေသားအရောင်အတိပြီးသည့် တောင်ပူစာကြီးများသည်လည်း ရှေ့မှာ ကာဆီးနေကြလျက်။ အချို့သော တောင်ကုန်းမြင့်ကြီးများသည် လူတစ်ယောက်ဝပ်နေသလိုလို။ အချို့ သစ်ပင်များကား လက်နှစ်ဖက်က ဘေးဆီသို့ ဆန့်တန်းထားကြကာ အခေါက်အပွေးများက လူမျက်နှာသဏ္ဌာန်ဖြစ်နေကြသည်။ သဘာဝအလျောက်ဖြစ်နေကြသော်လည်း ခေါင်းကြီးတွေငုံ့နေကြကာ မျက်လုံးပြူးပြူး နှာခေါင်းချွန်ချွန်ကြီးနဲ့ အောက်ကို စိုက်ပြီးတော့ ကြည့်နေကြပုံမျိုးဖြစ်နေကြသည်။

အချို့သော သစ်ပင်ကြီးများသည် အရွက်နည်းနည်း ကိုင်းခြောက်တွေ၊ ရိုးဟက်တွေ အပြိုင်းပြိုင်းနှင့်ထကာ ကောင်းကင်



www.burmeseclassi.com

www.burmeseclassi.com



ရုပ်ပေါက်နေကြလေသည်။ တောင်ပို့ကြီးများသည်လည်း အဖုအထစ်များ ဖြစ်နေကြကာ မိစ္ဆာကောင်တစ်ဦး၏ မျက်နှာများနှင့်မခြား ရှိနေကြသည်။

"ဒါ. . . ဘယ်လိုဖြစ်နေကြတာလဲ၊ သစ်ပင်ကြီးတွေရော၊ သစ်ပင်ငယ်တွေပါ ပုံစံမကျပါလား"

အပင်ငယ်များသည် မှင်စာကောင်များ ပြောင်ပြက်ကာ ကိုးယိုးကားယား လုပ်ပြနေကြသလိုပင်။

ရာဟု၏ စိတ်ထဲမှာ ဤနေရာကို သက်သမကင်းဖြစ်လာမိရသည်။ မသိုးမသန့်စိတ်နဲ့ မနှစ်သက်သလို ဖြစ်လာခဲ့ရလေသည်။ မည်သို့သော အကြောင်းကြောင့် သဘာဝနှင့်ဆန့်ကျင်ပြီး ဖြစ်နေကြရပါသလဲ။ တိုက်ဆိုင်မှုလား။ တမင်တကာ ဖန်တီးထားမှုလား။ အရာရာ အားလုံးသည် ထူးဆန်းနေကြသည်ကား အမှန်ပင်။

ထိုစဉ်မှာပင် လေက စတင်ပြီးတော့ တိုက်ခတ်လာသည်။

ဝေါ. . . ဝေါ. . . ဝေါ. . .။

အပင်တွေက လှုပ်ခါသွားကြသည်။ ပင်ကိုင်းချင်းရိုက်ခတ်ကာ တဖြောင်းဖြောင်းဖြင့် မြည်သွားခဲ့ကြလေသည်။ ထိုအခါ မိစ္ဆာကောင်များက မိမိတို့၏ အရိုးပြိုင်းပြိုင်းလက်တံများဖြင့် တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်ကြသည်နှင့် တူနေကြလေတော့သည်။





ဟီး. . ဟီး. . ဟီး. . ဟီး. . .။

တဟီးဟီးနဲ့ အသံများသည်လည်း တိုးကာတစ်လှည့်၊ ကျယ်ကာတစ်ဖုံ ထွက်ပေါ်လာကြလေရာ ယင်းအသံများသည် ပတ်ဝန်းကျင်ကို ရိုက်ခတ်သွားခဲ့ကြပြန်သည်။ တောင်ဟီသလို အသံများပင်။ တောင်ပို့ကြီးများဆီက ထွက်ပေါ်လာကြသော အသံများလေလား။ လူမမာညည်းညူသံများနှင့် တူနေသည်။ သို့မဟုတ် ပြိတ္တာတို့၏ ညည်းညူသံများလေလား။

ရာဟုသည် ရင်ထဲမှာ ချောက်ချားစပြုလာခဲ့ရသည်။ ယင်းအသံများ၊ သစ်ပင်ကြီးငယ်တို့၏ လှုပ်ရှားမှုများသည် ဤနေရာကို မိမိရောက်လာမှ တပြိုင်တည်း ဝိုင်းပြီးတော့ ခြောက်လှန့်နေကြတာလား။ တိုက်ဆိုင်မှုလားဟု မဝေဖန်တတ်။ ခွဲခြားပြီးတော့ မသိတတ်နိုင်ပါ။

ဝုန်း!

ရုတ်တရက် လင်းတကြီးများက သစ်ပင်ကြီးများထက်ဆီက ဝေ့ဝဲပျံသွားခဲ့ကြလေသည်။

မိုးကောင်းကင်ထက် တည့်တည့်ဆီကို တောင်ပံများဖြန့်ဝဲကာ တက်သွားခဲ့ကြသည်။ စောစောက လင်းတများကို မမြင်မိ။ ယခုမှပဲ မြင်မိလိုက်သည်။

"လင်းတတွေရှိတာ မကောင်းဘူး၊ ဒီနေရာဟာ. . . သုသာန်များ ရှိနေမလားပဲ"

စဉ်းစားရင်း ကျောထဲမှ တစ်ချက်စိမ့်တက်သွားသည်။



www.burmeseclassi.com

www.burmeseclassi.com



ရာဟု၏ မျက်လုံးတွေသည် အမှတ်မထင် တစ်နေရာရောက်သွားခဲ့ရလေသည်။ အရွက်အလက် အနည်းငယ်သာရှိသော ပင်ပျိုလေးတစ်ပင်က အမှတ်မထင် လှုပ်ရမ်းလျက်ရှိနေလေသည်။ လေကြောင့်လား။ အပင်အောက်ခြေ မြေနက်ထဲက သတ္တဝါတစ်ကောင်ကောင်ကြောင့်များလား။ သေသေချာချာကြည့်နေမိစဉ်မှာပင် ပိုပြီးတော့ လှုပ်ရမ်းလာခဲ့လေသည်။

"ဒီအပင်ငယ်လေးဟာ ဘာဖြစ်လို့ ဒီလောက်တောင်လှုပ်ရမ်းနေရတာလဲ၊ လေတိုက်လို့ဖြစ်နေတာထက် ပိုနေပြီ"

ရာဟုသည် အပင်အောက်မှ ဖွတ်လိုလို၊ ပွေးလိုလို သတ္တဝါတစ်ကောင်ကောင်ကများ လှုပ်ရှားနေသလားဟု အထင်ရောက်သွားခဲ့မိသည်။ ထို့ကြောင့် မုဆိုးတစ်ယောက် တောထဲသို့ဝင်ကာမှ ဖွတ်လောက်၊ ပွေးလောက်သတ္တဝါကိုရလည်း မနည်းဟု လောဘသဏ္ဍာရစိတ်များ ဝင်လာခဲ့ရလေသည်။

ထို့ကြောင့်. . .။

ပါလာသောဓားကို ဆွဲထုတ်ကာ အပင်နားကို တဖြည်းဖြည်း ချဉ်းကပ်သွားခဲ့သည်။ ရာဟု အနားကို ရောက်လာလေလေ အပင်က ပိုပြီးတော့ လှုပ်ရမ်းလာလေလေဖြစ်သည်။ ရာဟုက ဓားကို ကျစ်လျစ်စွာပင်ကိုင်ကာ တွင်းဝကို ရှာသည်။ ကယ်ပေါက်ကိုရှာသည်။

သို့ရှိနေဆဲမှာပင် လင်းတကြီးတစ်ကောင်က အောက်ကို နိမ့်ဆင်းလာကာ ပျံသန်းလာသည်။ ထိုနောက် တဟုန်ထိုး





ပင် အရှိန်နဲ့ ဆင်းလာခဲ့လေသည်။ ရာဟုက အံ့အားတသင့်ဖြင့် မော့ကြည့်လိုက်ဆဲမှာပင် သူရပ်နေရာ အပင်လေးနဲ့ အနီးကပ်မြေကြီးသည် ပွယောင်းယောင်းဖြစ်လာခဲ့သည်။ အမြစ်များသည် တဖြည်းဖြည်းနဲ့ ပွတက်လာခဲ့လေသည်။

ရုတ်တရက်. . .။

ပွယောင်းယောင်းမြေသားထဲမှ အမြစ်ပွားတစ်ခုက ထိုးပြီးတော့ ထွက်လာခဲ့လေသည်။ ယင်းအမြစ်ပွား၏ ဖြာထွက်နေသော နေရာသည် လက်ငါးချောင်းသဏ္ဍာန်နဲ့ တူညီနေသည်။ လူ့လက်ချောင်းလေးများ၊ လက်ဖဝါးပြင် မြစ်ပျဉ်းတစ်ခုနှင့်တူညီနေသည်။ မည်သည့်အကြောင်းကြောင့်လည်း မသိ။ ရာဟု၏ ခြေကျင်းဝတ်ကို လက်ချောင်းကလေးများ သဏ္ဍာန်မြစ်ပွားက ရုတ်တရက် ဆုပ်ကိုင်လိုက်သည်။

"ဟင်"

ရာဟု အံ့အားသင့်သွားပြီး အောက်ကို ငုံ့ကြည့်လိုက်လေ၏။ ထိုစဉ်မှာပင် လင်းတကြီးသည် ရာဟုကို တိုက်ခိုက်ရန် အောက်ကိုဆင်းအလာ။ ရာဟုက အံ့အားတသင့်ဖြင့် မှင်တက်မိကာ ကြည့်နေဆဲမှာပင် အရိုးစုသဏ္ဍာန် လက်ချောင်းများနှင့်တူသော အမြစ်များက ရာဟု၏ ခြေကျင်းဝတ်မှနေ၍ ဆောင့်ဆွဲချလိုက်လေတော့သည်။

"အား"

ပင်ခြေနှင့်မနီးမဝေးရှိ မြစ်ပွေးများက လက်ချောင်း



www.burmeseclassi.com

www.burmeseclassi.com



သဖွယ် ဆုပ်ကိုင်ကာ ဆွဲချလိုက်ခြင်းကြောင့် ရာဟုသည် ရုတ်တရက် မြေမြှုပ်ခံလိုက်ရသလို ဖြစ်သွားခဲ့ရလေတော့သည်။ ခြေထောက်များအောက်မှ မြေသားများသည် အမှတ်မထင် တွင်းပေါက်ကြီးတစ်ခု ဖြစ်သွားခဲ့လေသည်။ ရာဟုသည်လည်း မြေကျွံပြီးတော့ အောက်ကို ဒါရိုက်ပင် ထိုးကျသွားခဲ့လေတော့သည်။

ပတ်ဝန်းကျင်မြင်ကွင်းတစ်ခုလုံးသည် ပျောက်ကွယ်သွားကာ မျက်လုံးထဲမှာ အမှောင်ဖုံးသွားခဲ့ရလေ၏။ မိမိသည် ပဒူတွင်းထဲကို ကျသွားခဲ့လေပြီလားဟု ရင်ထဲမှာ စိုးထိတ်သွားခဲ့ရလေသည်။ ပဒူတွင်းထဲကိုသာ ကျသွားခဲ့လျှင်တော့ သက်သာမှာမဟုတ်။ ပဒူ(ပျားတူ)ကောင်များ ဝိုင်းတုတ်ခြင်းခံရကာ တစ်ကိုယ်လုံး အရိုးစုပကတိ ဖြစ်သွားနိုင်သည်။ အောက်ကို တရှိန်ထိုး ကျဆင်းလျက်ရှိသော ခန္ဓာကိုယ်သည် မြေပျော့ပျော့ပေါ်သို့ ပစ်ကျသွားခဲ့ရလေသည်။

ရာဟုသည် အကျမနာ၊ သက်တောင့်သက်သာပင် သတိကြီးစွာထားသူမို့ မြေပြင်မှ လူးလဲပြီးတော့ ထမိလိုက်လေသည်။ ရာဟု အံ့အားသင့်သွားခဲ့ရသည်။ သူတွေ့လိုက်ရသည်ကား. . .။

၀၀





**အခန်း - ၂**

## ရာဟုသား..ရာဟု

မနက်ကတည်းက ရွာနေလိုက်သည့်. . . မိုး။ မွန်းတည့်ချိန်ကျော်သည်အထိ စဲပဲမစဲနိုင်။ အရှိန်အားကောင်းနေတုန်း ပယ်ပယ်နယ်နယ်ကို ရွာချ၍ ကောင်းနေတုန်း။

ယင်းအချိန်တွင် မရင်ပိုသည်လည်း မီးမဖွားနိုင်သေး။ ဝမ်းနာ၍ ကောင်းနေဆဲ။ သို့သော် သူမက အသည်းတော့မာသည်။ ညည်းသံသဲ့သဲ့လောက်သာ တစ်ချက်၊တစ်ချက်မှာ ထွက်ပေါ်လာသည်။ မျက်လုံးစုံမှိတ်ကာ အံကြိတ်ခံသည်။ အော်သံတစ်ချက်မထွက်။



www.burmeseclassi.com

www.burmeseclassi.com



"ဘယ့်နှယ်ဗျာ၊ မနေ့ည သက်ကြီးခေါင်းချချိန်ကတည်းက စပြီး နာလာခဲ့တဲ့ဗိုက်၊ ခုပဲ မွန်းတည့်ကျော်နေပြီ၊ မွေးနိုင်လွန်းလှတယ်၊ ဒီအတိုင်းဆိုရင် မရင်ပိုတော့ မလွယ်ပါဘူး၊ တော်တော့်ကို ပင်ပန်းနေပြီ"

ကိုလွန်းတင်မှာ မရင်ပိုအတွက် စိတ်ပူပြီး စကားတွေ အယောင်ယောင်အမှားမှားနဲ့ ဖြစ်နေသည်။ မွေးနိုင်လွန်းလှတယ်တဲ့။ တကယ်တော့ မရင်ပိုသည် မဒန်းဗိုက်ဖြစ်သည်။ ယခုမှ မွေးမှာ။ သားဦးလေးလား။ သမီးဦးလေးလားကိုပင် အပြောကမတတ်။

"ဟဲ့. . . လွန်းတင်၊ နင့်မိန်းမအတွက် စိတ်ပူမနေနဲ့၊ ဒေါ်ကြာအုံက ပြောတယ်၊ အခြေအနေကောင်းတယ်တဲ့၊ မကြာခင်မှာ မွေးတော့မှာပါတဲ့၊ အင်္ဂုလိမာလသုတ်လေးဘာလေး ရွတ်လေ"

ရွာမှ အသိအဒေါ်ကြီးတစ်ယောက်က စကားနဲ့ဖြောင့်ဖျသည်။

"ကျွန်တော်ကမှ အင်္ဂုလိမာလသုတ်ကို မရပဲဗျာ"

"အေး. . . ငါထင်သားပဲ၊ ရော့ . . ဟောဒီ ဘုတ်အုတ်ထဲမှာ ပါတယ်၊ ဘုရားစင်ရှေ့မှာ ကြည့်ပြီးတော့. . . ရွတ်"

ထိုအဒေါ်ကြီးက အိမ်ကယူလာသော ဘာသာရေး





စာအုပ်တစ်အုပ်ကို လှမ်းပေးသည်။

"ကျွန်တော်ရွတ်မယ်ဗျာ၊ အထဲဝင်ကြည့်ပေးပါဦး. . အဒေါ်၊ ဒေါ်ကြာအုံကိုလည်း ထပ်ပြီး တီးခေါက်ကြည့်ပါဦး၊ အခြေအနေ ဘယ်လိုရှိလဲလို့"

"အေးပါဟယ်၊ နင်သာ ရတနာသုံးပါးကို ဦးထိပ်ထားပြီး ရွတ်မှာသာ ရွတ်စမ်းပါ၊ စိတ်ကို ငြိမ်ငြိမ်ထား. . လွန်းတင်"

မီးနေခန်းထဲကို ယောကျ်ားများ မဝင်ရ၍ ကိုလွန်းတင်မှာ အပြင်မှာသာ နေခဲ့ရလေသည်။

× × ×

မရင်ပိုမှာ ကမ္မဇသေလှုပ်ခတ်၍ ဝမ်းနာနေခဲ့သည်မှာ ကြာလေပြီ။ ပင်ပန်းကြီးစွာဖြင့် ရှိနေရှာသည်။ တစ်ကိုယ်လုံးသည် ချွေးသီးချွေးပေါက်များက ကျနေလျက်ရှိသည်။ သို့သော် သတိမလစ်စေပဲ အားတင်းထားသည်။ နဂိုကတည်းက ကျန်းမာသန်စွမ်းသော မိန်းကလေးပေမို့ ဤမျှပင် ခံနိုင်ရည်ရှိနေခြင်းပင်။

သူမ၏ အနားမှာ အရပ်လက်သည် ဒေါ်ကြာအုံနှင့် ရွာမှ အမျိုးသမီးကြီးနှစ်ယောက်က ရှိနေကြသည်။ သူတို့သည်



www.burmeseclassi.com

www.burmeseclassi.com



လည်း မရင်ပို၏ အခြေအနေကို စောင့်ပြီး ကြည့်နေကြသည်။

မရင်ပိုကား တဟင်းဟင်းနှင့် ကြိတ်၍ ညည်းညူနေရင်းက တစ်ချက်ငိုက်မြည်းသွားသလိုလို သတိလစ်သွားသလိုလို ဖြစ်သွားခဲ့ရလေသည်။ ခန္ဓာကိုယ်ထဲမှ မိမိခွာထွက်သွားသည်။ ထိုအခါ ဝေဒနာဟူသမျှ ပျောက်ကင်းသက်သာသွားရသည်။ မည်သည့် ကာယိကဒုက္ခမျိုးကိုမှ မခံစားရတော့။

သူမ၏ ဝိညာဉ်ခန္ဓာသည် လေထဲမှာ လွင့်ပါးသွားနေသည်။ တောတောင်များပေါ်မှ ကျော်ဖြတ်ပြီးတော့ သွားနေလျက်ရှိလေသည်။

မကြာမီ မြေပြင်ပေါ်ကို ဆင်းသက်လိုက်လေ၏။ သူမ၏ မျက်နှာမှာ အရှေ့တူရူမှာ မြူများက ဆိုင်းနေလျက်ရှိသည်။ ထို့ကြောင့် ဘာဆိုဘာမှ မမြင်နိုင်ပါ။ သူမသည် မြူလွှာထဲမှာပင် လမ်းလျှောက်သွားနေသည်။ မကြာခင်မှာပင်လျှင် မြူလွှာထုက အလိုလိုပင် လွင့်ပြယ်သွားခဲ့ကြလေသည်။ ရှေ့မှာ ရွာကြီးတစ်ရွာကို မြင်တွေ့လိုက်ရလေသည်။ တောတန်း၊ တောင်တန်းနှင့်စိမ်းညို့ ဆိုင်းနေကာ အိမ်ကြီးရခိုင်များဖြင့် ဖွဲ့စည်းထားသည့် ရွာကြီးပင်။

ရွာထိပ်မှာ လူတစ်ယောက်က ရပ်နေသည်။ မျက်နှာသုတ်ပုဝါကို ခေါင်းပေါင်းပေါင်းထားသည်။ ပင်ဖြူတိုက်ပုံအကျႌကို အဖြူပေါ်မှာ ထပ်ပြီးဝတ်ဆင်ထားသည်။ ပုဆိုးကတော့





မြောက်ပြင်ပုဆိုးရေညှိရောင်၊ ကတ္တီပါဖိနပ်ကို စီးထားသည်။

ထိုလူကြီးသည် မရင်ပိုကို အဝေးကပင် ပြုံးပြီးတော့ ကြည့်နေသည်။

"လာ. . . သမီး၊ သမီးကို အဖေစောင့်နေတာ"

"ဟင်. . . အဖေ"

မရင်ပိုသည် ထိုလူကြီးကို အမှတ်မထင် မြင်လိုက်ရသောအခါ လွန်စွာမှပင် အံ့အားသင့်သွားခဲ့ရလေသည်။

"အဖေ့ကို မြင်လိုက်ရလို့ အံ့အားသင့်သွားသလား သမီး၊ အဖေ. . ဒီမှာနေတာ ကြာပြီကွယ်၊ လာ. . ."

လူကြီးက မရင်ပိုကို လက်ဆွဲပြီးတော့ ခေါ်သွားလေသည်။ ရွာလယ်လမ်းမကြီးသည် ဖုံးလျက်ရှိနေလေသည်။ ရွာထဲကို ရောက်လာသည်။ ကလေးများက ပြေးလွှားဆော့ကစားလျက် ရှိကြလေသည်။ မရင်ပိုကို ခွေးတစ်ကောင်က ထိုးပြီး ဟောင်မည်ပြုသောအခါ. . .။

"ဟဲ့. . . သွားစမ်း၊ သွားစမ်း"

လူကြီးက လက်ဖြင့် ရွယ်လိုက်၍ ခွေးသည် ဆတ်ကနဲဖြစ်ကာ နေရာမှ ထွက်ပြေးသွားခဲ့လေသည်။ လူကြီးသည် မရင်ပိုကို ခြံဝင်းကျယ်ကြီးတစ်ခုဆီသို့ ခေါ်သွားသည်။ အထဲမှာ နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်အိမ်ကို သားနားထည်ဝါစွာပင် ဆောက်လုပ်ထားသည်။ အိမ်ကြီးသည် ရေနံ့ဝနေသည်ဖြစ်၍



www.burmeseclassi.com

www.burmeseclassi.com



မည်းမှောင်လျက်ရှိနေလေသည်။

"ဒါ. . .အဖေ့အိမ်လား"

"ဟုတ်တယ်. . . သမီး၊ ဒါ. . အဖေ့အိမ်ပေါ့"

"အဖေ့အပြင် ဘယ်သူတွေ နေကြသေးသလဲ၊ အိမ်ကြီးက အကြီးကြီး၊ အိမ်သားတွေလည်း တစ်ယောက်မှမတွေ့ပါလား"

"အဖေက ဒီမှာ အိမ်ထောင်ကျနေပြီကွယ့်၊ သားတစ်ယောက်၊ သမီးတစ်ယောက်တောင်ရနေပြီ၊ သူတို့က ကိုင်းထဲမှာ အလုပ်သွားလုပ်နေကြတယ်"

"ဪ. . . ဟုတ်လား၊ အဖေကကော မသွားဘူးလား"

"မသွားပါဘူး၊ အဖေက အိမ်ကနေပြီးတော့ပဲ စီမံခန့်ခွဲပေးတယ်၊ အခုလည်း သမီးရောက်လာလိမ့်မယ်ဆိုတာသိလို့ ရွာပြင်ထွက်စောင့်နေတာ"

"ဟင်. . . အဖေက သမီးရောက်လာမယ်လို့ ထင်နေတာ. . ဟုတ်လား"

"ဟုတ်တယ်၊ သမီးကို အဖေက တွေ့ချင်နေလို့ ခေါ်လိုက်တာ၊ ဒါပေမယ့် ခဏပါ၊ သမီး. . . ဒီမှာ အမြဲနေဖို့ မဖြစ်သေးဘူး၊ နေရမှာလည်း မဟုတ်ဘူး"

"အဖေပြောတာကို သမီးနားမလည်ဘူး"





"သမီး. . နားလည်စရာ မလိုပါဘူးကွယ်၊ အခု. . သမီးရဲ့ အသက်ဟာ အရေးကြီးနေတယ်၊ အဖေက ဒီမှာ ဆေးဆရာကြီးလည်းဖြစ်နေတယ်ကွယ့်၊ ကဲ. . ကဲ. . အချိန်လည်း မရှိတော့ဘူး၊ ဟောဒီ ဆေးလုံးလေးကို မြိုလိုက်"

လူကြီးက ငွေရောင်တောက်ပနေသော ဆေးလုံးလေး တစ်လုံးကို မရင်ပို၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်သည်။ ရေတစ်ခွက်ကိုလည်း တိုက်လိုက်လေသည်။ ဆေးလုံးက ဝမ်းထဲကို ရောက်သွားသောအခါ တစ်ကိုယ်လုံး ပူရှိန်းရှိန်းဖြစ်သွားသော ခံစားမှုကို ရရှိသွားလေသည်။

"ကဲ. . . ပြန်တော့ သမီး၊ ဪ. . အဖေ သမီးကို ပြောလိုက်မယ်၊ သမီးယောကျ်ားလေးမွေးလိမ့်မယ်၊ တစ်နေ့ကျရင် အဲဒီကလေးဟာ အဖေနဲ့ ရင်းနှီးလာခဲ့ရလိမ့်မယ်၊ အဖေ့မြေးဟာ ဗုဒ္ဓဟူးနေ့ မွန်းတည့်အလွန်မှာ မွေးမှာမို့ ရာဟုကျတယ်၊ ဒါကြောင့်မို့ ရာဟုလို့ မှည့်ခေါ်ရမယ်. . ကြားလား"

"ဟုတ်. . ဟုတ်ကဲ့ အဖေ"

ဖခင်ဖြစ်သူသည် မရင်ပိုကို ရွာအပြင်ကို ပြန်လိုက်ပို့တော့ ပို့သည်။

"သမီးက အဖေနဲ့ အကြာကြီးနေချင်တာ"

"အဖေက သမီးကို ဒီမှာ ကြာကြာခေါ်ထားလို့ မဖြစ်လို့ပါကွယ်၊ ကဲ. . ကဲ. . သွားတော့၊ သွားတော့"



www.burmeseclassi.com

www.burmeseclassi.com



မရင်ပိုမှာ မသွားချင်သွားချင်နဲ့ ထွက်သွားခဲ့ရလေသည်။ ဖခင်ဖြစ်သူကို လှည့်ကြည့်လှည့်ကြည့်နဲ့ပင် လမ်းအတိုင်း လျှောက်လာရင်းက သတိလစ်သလို ဖြစ်သွားခဲ့လေရာ အသိတအားရုံထဲမှာ အမှောင်ထုကြီးတစ်ခုက ရုတ်တရက်ကျရောက်လာခဲ့လေသည်။

× × ×

မရင်ပိုမှာ မီးမဖွားနိုင်၍ သတိလစ်သွားသလို ဖြစ်သွားခဲ့ရကာ သတိပြန်ပြီးတော့ ရလာခဲ့လေသည်။

"အင်း. . ဟင်း. . ဟင်း"

"ဟော. . သတိရလာပြီ၊ သတိရလာပြီ"

ဘေးမှာရှိနေကြသော လူများမှာ ဝမ်းသာအားရစွာဖြင့် အော်လိုက်ကြလေသည်။ ဝမ်းဆွဲဒေါ်ကြာအုံနှင့်အိမ်နီးချင်းအဒေါ်ကြီးက မရင်ပို ရုတ်တရက်ငြိမ်သွားသဖြင့် စိုးရိမ်သွားမိကြသေးသည်။ ဘေးမှာလည်း ရွာမှ အမယ်အိုကြီးတစ်ယောက်က ရှိနေသေးသည်။

အပြင်မှာရှိနေသော ကိုလွန်းတင်မှာ မရင်ပို၏ အသံကို မကြားရတော့သဖြင့် လွန်မင်းစွာပင် စိတ်ပူသွားရလေရာ။

"ဗျို့. . . အရီးကြာ၊ အသံတိတ်သွားပါလားဗျ၊ ကျွန်တော့်ကို အခြေအနေလေးဘာလေး ပြောပြစမ်းပါဦး"

"ဟဲ့. . . လွန်းတင်ရဲ့၊ အခြေအနေ ကောင်းတယ်၊





ဘာမှ မဖြစ်ဘူး၊ နင်. . စိတ်ပူမနေနဲ့"

ဒေါ်ကြာအုံက မီးနေခန်းထဲက အော်ပြီးတော့ ပြောလိုက်သည်။ ယင်းအချိန်တွင် မရင်ပိုမှာ သတိလစ်နေလျက်ရှိနေလေပြီ။ တကယ်တော့ ဒေါ်ကြာအုံသည် လွန်းတင်ပူပင်သောက မရောက်စေရန်သာ ပြောလိုက်ခြင်းဖြစ်သည်။ သူမသည်လည်း မရင်ပိုသတိမေ့နေ၍ ပျာယာခတ်လျက်ရှိနေလေပြီ။

သို့သော် မရင်ပိုမှာ သတိရလာခဲ့သည်နှင့် မီးဖွားလာတော့သည်။

"အူဝဲ. . . အူဝဲ. . . အူဝဲ"

"မွေးပြီဟေ့၊ မွေးပြီ၊ ယောကျ်ားလေးတော့၊ ယောကျ်ားလေး၊ အသားကဖြူဖြူ တစ်တုံးတစ်ခဲကြီးတော့"

ဒေါ်ကြာအုံအော်လိုက်သောအသံကို အိမ်ရှေ့ကပြင်မှာ ထိုင်နေသော ကိုလွန်းတင်က ကြားလိုက်လေရာ. . .။

"ဟာ. . မွေးပြီတဲ့ဟေ့၊ ယောကျ်ားလေးတဲ့"

ဟုအော်လိုက်ပြီး ရုတ်တရက် ထ၍ ခုန်လိုက်လေတော့သတည်း။

× × ×

မရင်ပိုမှာ သားဦးလေးကို မွေးဖွားနိုင်ခဲ့၍ ဝမ်းသာနေလေသည်။ သို့သော် မွေးဖွားခဲ့သည့်အချိန်ကား ဗုဒ္ဓဟူးနေ့



www.burmeseclassi.com

www.burmeseclassi.com



မွန်းတည့်ချိန်အလွန်မှာမို့ ရာဟုသားဖြစ်လေသည်။

ထိုအခါကျမှ မိမိသတိလစ်သွားစဉ်မှာ အိပ်မက်မက်ခဲ့သည်ကို သတိရသွားခဲ့လေသည်။ သူမ၏ အနားမှာ မိခင်ကြီးဒေါ်ပိုက်။ ခင်ပွန်းဖြစ်သူ ကိုလွန်းတင်၊ ဒေါ်ကြာအုံနှင့် အခြားရွာသားအချို့ ရှိနေကြလေသည်။ သူတို့လင်မယားနှစ်ယောက်သည် လူချစ်လူခင်များကြသူများဖြစ်ကြ၍ ရွာမှ သတင်းလာမေးကြသည်။

"အမေ. . သမီး မီးမဖွားနိုင်လို့ သတိလစ်သွားခဲ့စဉ်မှာ အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ အဖေ့ကို တွေ့ရတယ်၊ ရွာကြီးတစ်ရွာမှာ နေတာ၊ အံ့မယ်. . အဖေက ဟိုမှာ အိမ်ထောင်ကျနေပြီ၊ သားသမီးတွေဘာတွေတောင် ရနေပြီတဲ့"

"ဒီလိုပဲပေါ့. . သမီးရယ်၊ အိပ်မက်ဆိုတာ ဒီလိုပဲ မက်တတ်ကြတာပဲ"

"မဟုတ်သေးဘူး. . အမေ၊ အဖေက ဟိုမှာ ဆေးဆရာကြီးဖြစ်နေပြီတဲ့၊ သမီးကိုလည်း ဆေးတစ်လုံး တိုက်တယ်၊ ပြီးတော့ ပြောလိုက်သေးတယ်၊ သမီးမွေးရင် ရာဟုသားလေး မွေးမယ်တဲ့"

"ဟင်. . ဟုတ်လား၊ နင့်အဖေက ဒီလိုပဲ ပြောသလား"

ဒေါ်ပိုက်နှင့်တကွ ကျန်လူများမှာ ထိုနေရာအရောက်တွင် အံ့အားသင့်သွားခဲ့ကြရလေသည်။ ကလေးသည် တကယ်





ပဲ ရာဟုသားလေးဖြစ်နေခဲ့သည်မဟုတ်ပါလား။

"ဟုတ်တယ်၊ အဖေက အဲဒီအတိုင်း ပြောလိုက်တယ်၊ ပြီးတော့ သမီးအပြန်မှာ ပြောလိုက်တဲ့ စကားတစ်ခွန်းကတော့ ကလေးဟာ အဖေနဲ့ရင်းနှီးလာခဲ့ရလိမ့်မယ်တဲ့"

မရင်ပိုက အိပ်မက်အကြောင်းကို ပြောပြလိုက်သည်။

သို့သော် စကားအဆုံးမှာတော့ နားထောင်နေခဲ့ကြသူအားလုံးသည် သာမာန် စိတ်ခံစားမှုလောက်ပဲ ရှိကြတော့သည်။ မည်သူကမှ အလေးအနက် မထားကြပါ။ ဒေါ်ပိုက်သည် သမီးဖြစ်သူ မရင်ပိုပြောပြခဲ့သည့် ခင်ပွန်းကိုတက်ခေါင်၏ အကြောင်းသည် အလေးထားစရာမရှိပါ။ အိပ်မက်ဆိုသည်က ထင်ရာမြင်ရာကို မက်တတ်သည်။ ကြုံရာကို မက်တတ်သည် မဟုတ်ပါလား။

သို့သော် သွားလေသူ ကိုတက်ခေါင်ကိုတော့ ပြန်ပြီးတော့ သတိရသွားခဲ့လေသည်။ မေ့လျော့နေသော အကြောင်းအရာများကို ပြန်ပြီးတော့ ဖော်လိုက်သလိုပင်။ ကိုတက်ခေါင်သည် မရင်ပိုအပျိုဘဝကတည်းက လယ်ကွင်းထဲမှာ ပိုးထိ၍ သေဆုံးသွားခဲ့သည်။ ဥပစ္ဆေဒကံဖြင့် သေဆုံးခဲ့သည့်အတွက် ထိုစဉ်က ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ရသည်။ ယူကျုံးမရဖြစ်ခဲ့ရသည်။

သွားလေသူ ကိုတက်ခေါင်သည် သမီးမရင်ပိုအိမ်



www.burmeseclassi.com

www.burmeseclassi.com



ထောင်ကျသွားသည်ကိုပင် မကြုံဆုံလိုက်ရ၍ မမီလိုက်ပါ။ မြေးကလေးကို ဒေါ်ပိုက်က တော်တော်ချစ်ရှာသည်။ ဖြူဖြူဝင်းဝင်း တစ်တုံးတစ်ခဲကြီးမို့ ပွေ့ပိုက်ချင်စရာ၊ နမ်းရှုံ့ ချင်စရာကြီးပဲဖြစ်သည်။ အများကလည်း ချစ်ကြလေသည်။

ဒေါ်ပိုက်၏ အစ်ကိုကြီးက နက္ခတ်၊ ဗေဒင်ပညာကို လိုက်စားသူဖြစ်ရာ ကလေးကို တွက်ချက်ကြည့်သည်။

"ငါကတော့ ဒီကလေးကို မောင်ရာဟုလို့ပဲ ခေါ်စေ့ချင်တယ်"

"အခြားနာမည်ကိုလည်း စဉ်းစားကြည့်ပါဦး အစ်ကို"

"ငါ. . အထပ်ထပ်အခါခါ စဉ်းစားပြီးပြီ၊ ရာဟုကလွဲလို့ တခြားဘာကိုမှ မကြိုက်ဘူး. . မပိုက်"

"အေးလေ၊ ရာဟုဆိုလည်း ရာဟုလို့ပဲ တွင်စေပေါ့၊ ကျွန်မလည်း ဒီနာမည်ကို အလိုလိုနေရင်း သဘောကျနေမိတယ်၊ ဟဲ့. . လွန်းတင်၊ နင်ကကော"

"အမေ့သဘောပါပဲ၊ ကျွန်တော်လည်း ကြိုက်ပါတယ်"

သားမက်ကလည်း ကြိုက်သည်ဆို၍ အားလုံးလက်ခံလိုက်ကြသည်။ ထို့ကြောင့် ရာဟုမှာမွေးသော ရာဟုသားလေးသည် ရာဟုဟု အမည်တွင်ခဲ့လေသတည်း။

× × ×

ရာဟု သုံးနှစ်သားအရွယ်ကို ရောက်လာသည်။ က





လေးက သန်မာထွားကျိုင်းသည်။ အသားက ဖြူဝင်းသည်။ မျက်ခုံးနှစ်ဖက်က ထူထဲနက်မှောင်သည်။ ထို့ကြောင့် ဖြူသော အသားနှင့်လိုက်ဖက်သည်။ လူချစ်လူခင်များသည်။ ဟိုလူက အိမ်ကိုခေါ်၊ ဒီလူက အိမ်ကိုခေါ်ကြနဲ့မို့ မိဘနှစ်ပါးက စိတ်မချနိုင်ကြ။ အဖွားဖြစ်သူ ဒေါ်ပိုက်က အဆိုးဆုံးပင်ဖြစ်သည်။

"ငါ့မြေးလေးကို ဟိုကခေါ်၊ ဒီကခေါ်နဲ့ မျက်ကွယ်မှာ စိတ်မချနိုင်ပါဘူးအေ"

"ဩော်. . အမေရယ်၊ သူတို့က သားကို ချစ်လို့ခေါ်သွားကြတာပဲ မဟုတ်လား၊ သမီးတို့က ဒီလိုသဘောထားရင် အကဲဆတ်ရာကျနေဦးမယ်၊ သမီးလည်း အမေ့လိုပါပဲ၊ စိတ်မချပါဘူး"

ရာဟုကိုခေါ်သွားသူက ပြန်လာပို့တော့မှ သက်ပြင်းချမိကြရလေတော့သည်။ ရာဟု သုံးနှစ်သားအရွယ်တွင် စကားကိုလည်း လည်လည်ဝယ်ဝယ် ပြောတတ်နေခဲ့လေပြီ။

သို့သော် ရာဟုသည် တစ်ယောက်တည်းနေလျှင် မုဆိုးအမဲလိုက်တမ်း ကစားသည်။ အိမ်မှာ မွေးမြူထားသည့် ကြက်ကလေးများ၊ ဘဲကလေးများကို လေးမြှားကိုင်ကာ လိုက်ပစ်တတ်သည်။ ကလေးကစားစရာ လေးမြှားကို ချည်ကြိုးနဲ့ သူကိုယ်တိုင် လုပ်သည်။

ကလေးဆိုတော့ အာရုံကျရာ ကစားနည်းမျိုးနဲ့အစား



www.burmeseclassi.com

www.burmeseclassi.com



သည်ဟုပဲ ထင်မိကြသည်။ နောက်တော့ သူတို့ ထင်သလိုမဟုတ်ပါ။ ဘုန်းတော်ကြီးကျောင်း၊ အတန်းကျောင်းများကို တဆင့်ပြီးတစ်ဆင့် ထားလာခဲ့သည့်တိုင် ဝါသနာကိုကား တား၍မရပေ။

ရာဟု၏လက်သည် လေးမြှားကိုကိုင်မှ အာသီသပြေသည်။ ထိုပစ္စည်းများကို သူကိုယ်တိုင် ပြုလုပ်သည်။ လက်နက်ကောင်းများဖြစ်အောင် ဖန်တီးသည်။ လက်လည်းတည့်သည်။ မြှားတစ်စင်း သားကောင်တစ်ကောင် ပစ်မလွဲပင်။

ထူးခြားသည်ကား သားကောင်ခြေရာခံနည်း။ သားကောင်၏ စရိုက်သဘာဝ။ အနေအထိုင်။ အသွားအလာတို့ကို သင်ကြားပေးသူမရှိပဲ သူကိုယ်တိုင် ပင်ကိုယ်စိတ်၊ ပင်ကိုယ်အသိဉာဏ်ဖြင့် နားလည်နေပြီးသား ဖြစ်နေသောကြောင့်ပင်တည်း။





## အခန်း - ၃

## အမြင့်ပေါက်ဆေး

ရာဟု လူပျိုပေါက်အရွယ်သို့ ရောက်လာခဲ့လေသည်။ ဘုန်းတော်ကြီးကျောင်းပညာကို သင်ကြားတတ်မြောက်အပြီး အတန်းပညာကိုလည်း မြို့ရှိ ဆွေမျိုးများထံတွင် အလယ်တန်းပညာအထိ သင်ယူထားခဲ့သည်။ ထို့ကြောင့် ရာဟုသည် မြန်မာစာသာမက ဘိုစာ(အင်္ဂလိပ်စာ)များကိုလည်း တတ်မြောက်ထားသည်။ မှတ်ဉာဏ်က သူများထက်ပိုပြီးတော့ ကောင်း၏။

မိဘနှစ်ပါးက သားအတွက် အားတက်ပြီး ပညာကိုအဆုံးစွန်အထိ ဆက်ပြီးတော့ ထားလိုသည်။ သို့သော်မတတ်



www.burmeseclassi.com

www.burmeseclassi.com



နိုင်ကြ။ လက်လုပ်လက်စားသမားများဖြစ်ကြသည်။ ငွေပိုငွေလျှံကမရှိ။ အထက်တန်းကျောင်းပညာကို ဆက်ပြီးသင်ပေးချင်သည်။ သားတစ်ယောက်ကို ထွန်းထွန်းပေါက်ပေါက်တော့ ဖြစ်စေချင်သည်က မိဘနှစ်ပါး၏ဆန္ဒ။

လက်မလျှော့ကြပဲ ငွေရှာနေကြစဉ်မှာပင် ရာဟုသည် မိဘကို သနားလာ၍ ကျောင်းဆက်မတက်တော့။

"သားရယ် . . ဒီငွေလောက်ကိုတော့ အဖေတို့ ရှာမှာပေါ့ကွယ်၊ သားရဲ့ ပညာရေးကို အညွန့်မကျိုးပါစေနဲ့"

"အဖေ . . သားမိဘတွေရဲ့ စေတနာကို နားလည်ပါတယ်၊ ဒါပေမယ့် သား . . ပညာဆက်လက်ပြီး သင်နိုင်ဖို့အတွက် အဖေနှင့်အမေတို့ အကြွေးတင်ခံကြလိမ့်မယ်၊ အလုပ်ကို ပင်ပင်ပန်းပန်းနဲ့ လုပ်ကြလိမ့်မယ်၊ သား . . မကြည့်ရက်ဘူး"

"သားမှာ နုပျိုသန်စွမ်းတဲ့ အားအင်တွေ ရှိနေတာပဲ၊ ဘယ်အလုပ်မဆို နိုင်နင်းအောင် လုပ်နိုင်ပါတယ်၊ မိဘတွေကို တလှည့်ရှာပြီးတော့ ကျွေးချင်သေးတာပေါ့၊ တော်ပါပြီလေ၊ စာဒီလောက်တတ်ထားတာပဲ၊ လူတောထဲဝင်ဆန့်ပါပြီ"

"မဟုတ်သေးဘူး . . သား၊ သားကို သည်ထက်ပိုပြီးတော့ အတန်းတက်စေချင်တာ၊ ဘာတဲ့ . . ဘွဲ့ဆိုတဲ့ ဟာကြီးကိုလည်း ရစေချင်တယ်လေ၊ ဒါမှ ရာထူးရာခံတွေနဲ့ ရန်ကုန်





မှာ အထက်တန်းကျကျ နေနိုင်မှာပေါ့ကွယ်"

"ဟုတ်ပါတယ် . . သားရယ်၊ မင်းအဖေပြောသလိုပါပဲ၊ အမေတို့က တောသူတောင်သားတွေ မှန်ကြပေမယ့် သားကိုတော့ ဒီမိရိုးဖလာအလုပ်ထဲမှာပဲ မနစ်မွန်းစေချင်ဘူး၊ မြို့မှာပဲ ထွန်းထွန်းပေါက်ပေါက် ဖြစ်စေချင်တယ်"

မိခင်ကပါ သားဖြစ်သူ ရာဟုကို နားချသည်။ ရာဟုကား လက်မခံ။ ခေါင်းမာလှသည်။ တောမှာပဲနေပြီး မိဘကိုသာ အလုပ်အကျွေးပြုချင်သည်။

နောက်ဆုံးမှာတော့ မိဘနှစ်ပါးမှာ သားကို လက်လျှော့လိုက်ရလေတော့သည်။ ရာဟုတစ်ယောက် ပညာကိုရပ်နားလိုက်ရပြီး တောထဲမှာပဲ ဆက်၍နေခြင်းအတွက် ဘဝအပြောင်းအလဲများကို ကြုံတွေ့ခဲ့ရလေတော့သည်။

x x x

တောလမ်းတလျှောက် ခြေလှမ်းသွက်သွက်ဖြင့် သွားနေသူတစ်ယောက်။ သူကတော့ ရာဟု။ သူ့ပခုံးထက်မှာ ဒူးလေးတစ်လက်ကို လွယ်ထားသည်။ ကျည်တောက်ထဲမှာကတော့ မြားတံဆယ်ချောင်းလောက်ပဲ ပါသည်။

အားလပ်သည့် အချိန်တွင် တောဝင်ပြီး မုဆိုးအလုပ်ကို မလုပ်ရလျှင် မနေနိုင်သော . . ရာဟု။ မိဘနှစ်ပါးက မ



www.burmeseclassi.com

www.burmeseclassi.com



ကြိုက်နှစ်သက်သော်လည်း သားကိုချစ်၍ လက်လျှော့ထား လိုက်ကြရသည်။

မည်ကဲ့သို့သော ဘဝအထုံဇာတ်ပါလာခဲ့သလဲ မပြော တတ်ပါ။ သားကောင်နောက်ကို တကောက်ကောက်နဲ့လိုက် နေရလျှင် ပျော်နေလေသည်။

သူ. . . ဝင်ရောက်လာသည့် တောသည်ကား သား ကောင်ပေါများလှသော နတ်စက်ရောင်တောကြီးပင်တည်း။ တောအမည်က ထူးခြားသလောက် အမှားမခံ။ တစ်ချက်မှား လျှင် အကြမ်းကိုင်တတ်သည်။ ဤလိုတောမျိုးကို သတိထား ပြီးတော့ ဝင်ကြရသည်။ နတ်စက်ရောင်တောကြီးထဲသို့ တော် ရုံလူမဝင်ကြပါ။

သို့သော် ယခုတော့ ရာဟုတစ်ယောက် ရောက်နေခဲ့ လေပြီ။ မိဘများကတော့ ဤလိုတောကြီးမျိုးထဲကို သားဖြစ် သူရာဟု သွားလိမ့်မည်ဟု မထင်မိကြ။ သိလျှင်လည်း တား မြစ်ကြမည်သာ။ ရာဟုက တောဝင်သည်နှင့် ဆိုင်ရာပိုင်ရာ များကို လမိုင်းတင်ခဲ့ပြီးလေပြီ။ ဤကဲ့သို့သော အလုပ်များကို လုပ်ရမည်၊ ဆောင်ရွက်ရမည်ဟု မည်သူကမှ မပြောကြပါပဲနဲ့ သူ့အလိုလိုပင် သိနေလေသည်။ ငယ်စဉ်ကလေးဘဝကပင် သိနေခဲ့လေသည်။ သူများတတွေ နတ်စက်ရောင်တောထဲသို့





ဝင်လျှင် တောမှောက်ခြင်း၊ တောမှားခြင်းဖြစ်တတ်ကြသည်။ တစ်ကြိမ်မဖြစ်လျှင် တစ်ကြိမ်တော့ ဖြစ်တတ်ကြလေသည်။ ရာဟုကား တစ်ခါမှမဖြစ်ဖူးခဲ့။ တစ်ဦးတစ်ယောက်က လမ်းပြ ပေးနေသလို သားကောင်သွားရာလမ်းကို အလိုလိုပင် သိနေ လေသည်။

ရာဟုသည် ဤနားတဝိုက်တွင် မိမိအတွက် သား ကောင်တစ်ကောင်ရှိနေသည်ဟု အလိုလိုပင် သိနေလေသည်။ မည်သည့်အကြောင်းကြောင့်လဲတော့ မပြောတတ်ပါ။

"ဟောဒီနားမှာ သားကောင်ရှိနေတယ်၊ ဒီလမ်းအ တိုင်းသွားရင် တွေ့နိုင်တယ်"

ခြေသံလုံလုံနင်းကာ မြရာပင်တွေ အုပ်ဆိုင်းနေသော လမ်းအတိုင်း လျှောက်လာခဲ့လေသည်။ တော်တော်ကလေး လျှောက်လာပြီးသောအခါ ဆားတွင်းကြီးဆီကို ရောက်လာခဲ့ လေသည်။ ယင်းနေရာသည် ချောင်းရိုးသဖွယ်ဖြစ်နေပြီး ဘေး မှာ ဆားငံမြေရှိနေသည်။ ဆားပွင့်များတက်ကာ ဖွေးဖွေးဖြူ နေလျက်။ သားရဲတိရစ္ဆာန်များသည် ယင်းဆားငံမြေဆီကို တ မင်တကာ လာရောက်ကြသည်။ ဆားများကို လျက်ကြလေ သည်။

ရာဟုထင်သည့်အတိုင်းပင်။



www.burmeseclassi.com

www.burmeseclassi.com



ရှေ့မှာ ချေတစ်ကောင်။ ဆားပွင့်များကို ငုံ့ကာ လျက်နေလေသည်။ အာသာငမ်းငမ်းနဲ့ ရှိနေသောကြောင့် ဘေးကို မမြင်။ ရာဟု၏ ရင်ထဲမှာ ထိတ်ကနဲဆို ဖြစ်သွားခဲ့ရလေသည်။ သူနှင့်ချေကောင်သည် မြားတစ်ပစ်သာသာခန့်သာ ဝေးတော့သည်။ ထို့ကြောင့် ဒူးလေးညို့မှာ မြားကို တင်လိုက်သည်။ ချေသတ္တဝါကို သေချာချိန်ပြီးတော့ ပစ်ထည့်လိုက်လေရာ။

"ဒေါင်"

"ဒုတ်"

မြားက ချေ၏ လက်ပြင်ကို တိုက်ရိုက်ပင် ထိမှန်သွားခဲ့ရလေသည်။ ချေသည် ဒူးထောက်ပြီးတော့ လဲကျသွားခဲ့လေသည်။ ထိုနောက် အကြောတစ်ချက်နှစ်ချက်ဆွဲကာ ငြိမ်သက်သွားခဲ့လေသည်။ ရာဟုသည် ချေကောင်ဆီကို လျှောက်သွားသည်။ ပါလာသော ဓားမြှောင်ကို ထုတ်ယူကာ ချေသတ္တဝါ၏ ဒကောက်ကြောများကို ဖြတ်တောက်မည်ပြုသည်။

(တောထုံးစံ၊ မုဆိုးထုံးစံဖြစ်သည်။ ဒကောက်ကြောများကို ဖြတ်တောက်ရခြင်းသည် အပမှီပြီး ထွက်ပြေးမသွားနိုင်စေရန်ဖြစ်သည်။)

ရာဟုက ဓားကိုကိုင်ပြီး ချေသတ္တဝါအနားတွင် ဒူးထောက်ရင်း ထိုင်လိုက်စဉ်မှာပင်။





"ဟား. . ."

အံ့အားတသင့် ဖြစ်သွားခဲ့ရလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ချေသတ္တဝါမှာ ရုတ်တရက် လူးလဲပြီးတော့ ထကာ ထွက်ပြေးသွားခဲ့သောကြောင့်ပင်တည်း။ မြားတန်းလန်းနဲ့ ထွက်ပြေးသွားသော ချေသတ္တဝါကြောင့် ရာဟုသည် အံ့အားသင့်သွားခဲ့ရလေသည်။ သေလောက်သည့် ဒဏ်ရာကို ရထားသော်လည်း ထပြေးနိုင်သောအစွမ်းကို မည်သို့မှ နားမလည်တော့ပါ။

"တောက်. . . ပြောနေ၊ ပြောနေကြတာ၊ အပမှီရင် ဒီလိုပဲဖြစ်တတ်သတဲ့လား၊ ငါပဲ လက်ဆလိုသွားလို့ဖြစ်မယ်"

ရာဟုသည် မခံမရပ်နိုင် ဖြစ်သွားခဲ့ရလေသည်။ ထို့ကြောင့် ချေသတ္တဝါပြေးသွားရာ နောက်ကို တဟုန်ထိုးပင်ပြေးလိုက်သွားခဲ့လေတော့သည်။ ရှေ့မှာ ချေကောင်ကား အားကောင်းမောင်းသန်စွာဖြင့် ခြုံနွယ်များ၊ သစ်ပင်များကို ကွေ့ဝိုက်ကာ ပြေးနေဆဲ။

ရာဟုသည် ပြေးနေရင်းက ဒူးလေးမှ မြားတစ်စင်းကို ပစ်လွှတ်လိုက်ပြန်လေသည်။

"ဒေါင်"

မြားတံသည် ချေသတ္တဝါကို သွားမှန်သည်။ ချေသည်



www.burmeseclassi.com

www.burmeseclassi.com



တစ်ချက်တွန့်သွားပြီး မြေသို့မကျ။ ဆက်ပြီးတော့ ပြေးနေလေသည်။

"အံမယ်. . ကျမသွားဘူး၊ တော်တော်အသည်းမာလှပါလား၊ ငါ့ကို ပမာမခန့်လုပ်တာလား၊ အကဲစမ်းတာလား"

စိတ်ထဲက ကြိမ်းဝါးလိုက်ပြီး လိုက်ပြန်လေသည်။

ထိုနောက် ချေသတ္တဝါနောက်ကို ဆက်၍ လိုက်ပြန်လေ၏။ ရာဟုသည် ဇောနှင့်ဒေါနှင့်မို့ သတိလက်လွှတ်ဖြစ်သွားခဲ့ရသည်။ သစ်ရွက်များ ဖုံးကွယ်နေသော မြေဂမူလေးတစ်ခုကို အမှတ်မထင် ဝင်၍ တိုက်မိလိုက်လေတော့သည်။

ဒုတ်!

"အား"

အရှိန်ဖြင့် မှောက်လျက်ပစ်လဲကျသွားခဲ့လေရာ ဒလိမ့်ခေါက်ကွေးဖြစ်သွားခဲ့ရလေသည်။ အနိမ့်ပိုင်းတစ်ခုဆီကို လိမ့်ဆင်းသွားသည်။ တလိမ့်လိမ့်နဲ့ တစ်ပတ်ပြီးတစ်ပတ် ဖြစ်သွားခဲ့လေရာ အမာခံတစ်ခုနဲ့ ဝင်ပြီးတိုက်မိသည်။

ဒုတ်!

"အား"

ခေါင်းထဲမှာ မိုက်ကနဲ၊ ပြာကနဲဖြစ်သွားခဲ့ရလေသည်။ ထိုနောက် မြင်ကွင်းအားလုံး အမှောင်ဖုံးသွားခဲ့ရလေသည်။





"လူလေး. . လူလေး. . ."

ခေါ်သံက နားထဲမှာ ကြားလိုက်ရသည်။ သတိကြီးသူမို့ မျက်လုံးတွေကို အားစိုက်ပြီးတော့ ဖွင့်လိုက်ရလေသည်။

လူကြီးတစ်ယောက်က သူ့ကို ပွေ့ထူထားသည်။

"သတိရလာပြီမဟုတ်လား. . . လူလေး"

ညင်သာနူးညံ့သော လေသံဖြင့် ရာဟု၏ မျက်နှာကို ကြည့်ပြီးတော့ မေးလိုက်သည်။ ရာဟုသည် ထိုလူကြီး၏ ရင်ခွင်ထဲက ရုန်းထွက်လိုက်လေ၏။ ထိုလူကြီး၏ မျက်နှာကိုလည်း စေ့စေ့ကြည့်လိုက်လေ၏။ အသက်ငါးဆယ်ကျော်လောက်ပဲရှိမည်ဟု ထင်ရသည်။ မျက်နှာသုတ်ပုဝါကို ခေါင်းပေါင်းပေါင်းထားသည်။ ပင်ဖြူတိုက်ပုံအင်္ကျီကို ရှပ်အင်္ကျီအဖြူပေါ်မှာထပ်ပြီးတော့ ဝတ်ဆင်ထားသည်။ ပုဆိုးကတော့ မြောက်ပြင်ပုဆိုးရေညှိရောင်၊ ကတ္တီပါပိန်းတန်းဖိနပ်ကို စီးထားလေသည်။ နှုတ်ခမ်းမွေးစစနဲ့ အသားက မဖြူမညို။

"ငါက မင်းရဲ့ အဖိုးကွယ့်၊ ဦးတက်ခေါင်တဲ့၊ မှတ်ထား"

"အဖိုး. . ဟုတ်လား၊ ကျွန်တော့်ရဲ့ အဖိုးဆိုတော့ အမေ့ရဲ့ အဖေပေါ့"

"ဟုတ်သပေါ့. . လူလေးရယ်၊ မင်းရဲ့ အမေ မရင်ဖိုရဲ့ အဖေ၊ မင်းရဲ့ အဖွား ဒေါ်ပိုက်ရဲ့ ယောက်ျားပေါ့"



www.burmeseclassi.com

www.burmeseclassi.com



"သြော်. . ကျွန်တော် အဖိုးကို တစ်ခါမှ မမြင်ဖူးဘူး၊ အဖွားနှင့်အမေကတော့ ခဏခဏပြောတယ်၊ ကျွန်တော်. . အဖိုးနဲ့တွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

"အေး. . အဖိုးကလည်း လူလေးနှင့်အခုလို မမျှော်လင့်ပဲ တွေ့လိုက်ရတာ ဝမ်းသာမိသပေါ့ကွယ်၊ ခုလိုဆုံဖြစ်ကြဖို့ဆိုတာ မလွယ်ဘူးကွယ့်၊ အကြောင်းတစ်ခုခုဖန်လာကြမှသာ ကံကြမ္မာက အခွင့်အရေးပေးတာ"

"အကြောင်းတစ်ခုခု ဖန်လာမှ".

ရာဟုသည် ထိုစကားကို နားမလည်။

"ကဲပါလေ. . ကြုံတုန်းဆုံတုန်း အဖိုးနဲ့အတူ ရွာကိုလိုက်ခဲ့ပါဦး၊ ဟိုမှာ လူလေးရဲ့ ဦးလေးနှင့်အဒေါ်တွေက မင်းကိုတွေ့ရင် သိပ်ပြီးတော့ ဝမ်းသာကြမှာ"

"ဦးလေးနှင့်အဒေါ်တွေ. . ဟုတ်လား"

"သြော်. . လူလေးနားလည်အောင် အဖိုးက မပြောမိဘူး၊ အဖိုးက ဒီမှာ အိမ်ထောင်ကျနေတာ ကြာပြီကွယ့်၊ သားသမီးတွေလည်း ရနေပြီ၊ သူတို့က မင်းရဲ့ ဦးလေးနှင့်အဒေါ်တွေ ဖြစ်လာကြတာပေါ့ကွယ်"

"သြော်. . ဒီလိုလား၊ ဒါဆို ကျွန်တော့်ရဲ့ အမျိုးတွေပဲပေါ့"





"ကဲ. . . လာ. . ."

ဦးတက်ခေါင်သည် ရာဟုကို ခေါ်သွားသည်။ ရာဟုကလည်း လက်က ဒူးလေးကို မချပဲ နေရာကထလိုက်လေရာ။

"လူလေး. . ဒါကို ဒီနေရာမှာပဲ ထားခဲ့ပါ၊ ကိုင်ရတာလေးပါတယ်၊ ဘယ်သူမှ မယူပါဘူးကွယ်"

"ဟုတ်ကဲ့"

သတိပေးလိုက်ရာ ဒူးလေးကို သစ်ပင်ကြီးတစ်ပင်၏ ပင်စည်မှာ ကပ်ပြီးတော့ ထောင်ထားလိုက်လေသည်။ ဦးတက်ခေါင်က ရာဟု၏ ပခုံးကို ဖက်ပြီးတော့ ခေါ်သွားခဲ့လေသည်။ မကြာမီ ရွာကြီးတစ်ရွာကို ရောက်သွားခဲ့သည်။

လူတွေက အသွားအလာနဲ့ ရှိနေကြသည်။ ကလေးတွေက ရွာလယ်လမ်းမှာ ပြေးလွှားဆော့ကစားနေကြသည်။ ဈေးဝန်းခေါင်းထက်မှာရွက်ပြီး သွားလာနေကြသော ဈေးသည်တွေကလည်း တကြော်ကြော်နဲ့ ရှိနေကြသည်။

"သြော်. . အတော်စည်ကားတဲ့ ရွာကြီးပဲ"

ဟုစိတ်ထဲမှာ လက်ခံလိုက်မိလေသည်။ ရွာထဲကိုဝင်လာခဲ့သော်လည်း သူ့ကို လူစိမ်းတစ်ယောက်ရယ်ဟု ဂရုစိုက်ပြီး မည်သူတွေကမှ ကြည့်မနေကြပါ။ ခွေးပင်မဟောင်ပါ။

မကြာမီ ကျယ်ဝန်းသော ခြံဝင်းကြီးတစ်ခုသို့ နှစ်



www.burmeseclassi.com

www.burmeseclassi.com



ဆောင်ပြိုင်အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရလေသည်။ အိမ်ထဲမှာ သူ့ထက် အသက်ကြီးဟန်တူသော ယောက်ျားနှစ်ယောက်နှင့်အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသည်။ အသက်ငါးဆယ်ကျော်ကျော် အမျိုးသမီးကြီးတစ်ယောက်ကိုလည်း အိမ်ပေါ်မှာ ပြောင်းဖက်ဆေးလိပ်ဖွာလျက် တွေ့လိုက်ရသည်။

"သူတို့က မင်းရဲ့ဦးလေးတွေနဲ့ အဒေါ်တွေကွယ့်၊ ကဲ. . သားနှင့်သမီးတို့ရေ. . သူက အဖေ့ရဲ့မြေး ရာဟုတဲ့၊ ဒီလို အလည်ခေါ်လာခဲ့တာ"

ဦးတက်ခေါင်က မိတ်ဆက်ပေးလိုက်လေရာ သုံးယောက်စလုံးက ပြုံးပြုံးရွှင်ရွှင်ဖြင့်. . .။

"လာ. . လာ. . လူလေး၊ အခုလို မမျှော်လင့်ပဲတွေ့ရတာ ဝမ်းသာတယ်ကွာ၊ အဖေကတော့ ငါ့တူလေးနဲ့ ပတ်သက်ပြီးတော့ မကြာခဏပြောတတ်ပါတယ်"

"ဒေါ်ဒေါ့ဆီကို လာပါဦးကွယ်၊ ငါ့တူက လူငယ်သလောက် ထွားကျိုင်းလိုက်တာ၊ အေး. . အေး. . ယောက်ျားဆိုတာ ဒီလို ကျားကျားလျားလျား ရှိရမယ်ကွယ့်"

အမျိုးသမီးကြီးဖြစ်သူကပါ ရာဟုကို ဖော်ရွေစွာဖြင့် ဆက်ဆံလေသည်။ အိမ်ပေါ်က အမျိုးသမီးကြီးကတော့ ရာဟုကို ပြုံးပြီးတော့ကြည့်နေသည်။ ကိုယ်ပေါ်မှာလည်း ရွှေတွေ





က ညွတ်နေအောင် ဝတ်ထားသည်။ သားသမီးသုံးယောက်ကပါ ဝတ်ကောင်းစားလှနဲ့ဖြစ်သည်။

"ဟောဟိုက အိမ်ပေါ်မှာထိုင်နေတာ အဖိုးရဲ့ ဇနီးပေါ့၊ မှတ်ထားပေါ့၊ သူ့နာမည်က ဒေါ်လှဖြူတဲ့၊ မင်းရဲ့ဦးလေးနှစ်ယောက်နှင့်အဒေါ်ကတော့ မောင်သီ၊ မောင်ရီနှင့်နန်းမြတဲ့"

"ဟုတ်ကဲ့၊ ကျွန်တော် သေသေချာချာ မှတ်ထားပါ့မယ်"

ရာဟုသည် နာမည်များကို သေချာအောင်ပင် မှတ်ထားလိုက်လေသည်။ ရာဟုကို အားလုံးက လိုလားစွာနဲ့ပင် လက်ခံကြသည်။ ကျွေးမွေးကြသည်။ ဒေါ်လှဖြူက. . ။

"မင်းရဲ့အဖိုးက ဒီရွာမှာ အစွမ်းထက်တဲ့ ဆေးဆရာကြီးဖြစ်နေတာကွယ့်၊ မင်းလိုချင်တဲ့ဆေးကို တောင်းပေါ့ကွယ်"

"ဟုတ်လား၊ ကျွန်တော်က ကျန်းမာနေတယ်၊ ဆေးဝါးမလိုသေးပါဘူးလေ"

"ဒါပေမယ့်ကွာ၊ ငါ့မြေးက ငါ့ဆီကို ရောက်လာခဲ့မှတော့ အစွမ်းထက်တဲ့ ဆေးတစ်မျိုးမျိုးကို ပေးရမှာပေါ့လေ၊ အခု အဖိုးပေးမယ့်ဆေးဟာ မင်းရဲ့ဘဝအတွက် ထူးခြားမှုတွေ ဖြစ်ပေါ်လာလိမ့်မယ်"

"ဘယ်လိုဆေးမျိုးလဲ. . အဖိုး"



www.burmeseclassi.com

www.burmeseclassi.com



"အမြင်ပေါက်ဆေးပဲကွယ့်၊ ဟောဒီမှာ. . ."

ဦးတက်ခေါင်က လက်မှာဆုပ်ထားသော ပစ္စည်းတစ်ခုကို ဖွင့်ပြလိုက်သည်။ ဟင်္သာပြဒါးရောင်တောက်ပနေသော ဆေးလုံးလေးတစ်လုံးပင်။

"ရော့. . ရော့. . ဟောဒါလေးကို မြိုချလိုက်"

နန်းမြက ရေတစ်ခွက်ယူလာပေးသည်။ ရာဟုသည် ဆေးလုံးလေးကို မြင်သည်နှင့် သောက်ချင်စိတ်က ဖြစ်ပေါ်လာခဲ့လေသည်။

ဦးတက်ခေါင်သည် ဆေးလုံးလေးကို ရာဟု၏ပါးစပ်ထဲကို ထည့်ပေးလိုက်သည်။ ရေကို သောက်ချလိုက်ရာ ရေနှင့်မျောပြီး ဝမ်းထဲကို ကျသွားခဲ့လေသည်။ ဆေးလုံးဝမ်းထဲကို ရောက်သွားခဲ့သည်နှင့် မျက်လုံးတွေ ပြာဝေသွားခဲ့ရသည်။ နားနှစ်ဖက်စလုံး အူတက်သွားခဲ့လေသည်။ ပတ်ဝန်းကျင်ကိုလည်း ဘာဆိုဘာမှ မမြင်ရတော့။

နားထဲမှာလည်း လူသံသူသံများကို ပြန်ပြီးတော့ ကြားလာခဲ့ရသည်။ သို့သော် ယင်းအသံများသည် လူနှင့်လူ့ရပ်ဝန်းကျင်က ပြောဆိုနေကြသော စကားသံများမဟုတ်ဟု ထင်မိသည်။ အခြားသော ပြင်ပလောကတစ်ခုခုက ပြောဆိုနေကြသော အသံများပင်တည်း။





**အခန်း – ၆**

**ဖိုးဒီတို့ မိသားစုပါတဲ့**

ရာဟု၏ နားထဲမှာ တီးတိုးစကားပြောသံများကို ကြားနေရလေသည်။ သို့သော် စကားသံများက မပီသ၊ မသဲကွဲ၊နီးလာလိုက်၊ ဝေးသွားလိုက်နဲ့ ရှိနေကြသည်။ မျက်လုံးတွေကို ဖွင့်၍မရ။ မျက်ခွံတွေက လေးလံလျက်ရှိသည်။

တခဏအကြာတွင်. . .။

အသံတွေက တဖြည်းဖြည်းနဲ့ ဝေးသွားကြပြီး ပျောက်ကွယ်သွားခဲ့ကြလေသည်။ ရာဟုသည် ပိတ်ထားသော မျက်ခွံတွေကို အနိုင်နိုင်ပင် ဖွင့်ယူမိရလေသည်။ ငယ်ထိပ်နေရာမှာ



www.burmeseclassi.com

www.burmeseclassi.com



နာကျင်လျက်ရှိနေလေသည်။

"ငါ. . . ဘာဖြစ်သွားပါလိမ့်"

မိမိကိုယ်မိမိ ဘာဖြစ်လို့ဖြစ်ခဲ့မှန်းပင် မသိလိုက်ချေ။ နောက်တော့မှ တဖြည်းဖြည်းနဲ့ ပြန်ပြီးတော့ သတိရလာခဲ့လေသည်။ ချေသတ္တဝါနောက်ကို လိုက်ရင်း အမှတ်မထင် ခြေချော်ကျသွားသည်။ အပင်ကြီးတစ်ပင်ကို ခေါင်းနှင့်တိုက်မိသွားလေသည့်အဖြစ်ပင်။ အခန့်မသင့်တော့ သတိလစ်သွားခဲ့ရလေ၏။

"အား. . ကျွတ်. . . ကျွတ်. . ."

ခေါင်းထဲက အနည်းငယ် ရီဝေနေသေး၍ မန်ကျည်းပင်ရင်းမှာပင် ကျောမှီကာ ထိုင်နေမိသည်။ ထိုအခါ ဘေးမှာ တစ်စုံတစ်ခုကို စမ်းမိလိုက်လေသည်။ ငုံ့ကြည့်လိုက်ရာ ဒူးလေးနှင့်မြားကျည်တောက်ပင်။ အပင်ရင်းမှာ ထောင်လျက်သားရှိနေကြသည်။

"ဟင်"

ရာဟု အံ့အားသင့်သွားခဲ့ရလေသည်။ ဒူးလေးနှင့်မြားကျည်တောက်သည် အပင်ရင်းမှာ သေချာစွာ ထောင်ထားလေသောကြောင့်ပင်။ မိမိလဲကျသွားစဉ်က ယင်းလက်နက်ပစ္စည်းများသည် ကိုယ်ပေါ်မှ လွတ်ကျသွားသည့်တိုင် တကွဲတပြားစီ ဖြစ်နေရမည် မဟုတ်ပါလား။ အခုတော့ မန်ကျည်းပင်ကြီး





၏ အခြေမှာ သေချာစွာ ထောင်ထားသည့် အခြေအနေကို ဘယ်လိုမှ နားမလည်နိုင်တော့။

တဖန် ခေါင်းထဲမှာ တရေးရေးနဲ့ ပြန်ပြီးတော့ ပေါ်လာခဲ့သည်က မိမိသတိမေ့သွားခဲ့စဉ်မှာ အိပ်မက်ပမာ မြင်တွေ့ခဲ့ရသည်များပင်။

"မယုံကြည်နိုင်လောက်အောင်ပါပဲလား၊ အမေ. . ငါ့ကို မီးဖွားခါနီးတုန်းကလည်း ဒီအိပ်မက်မျိုး မြင်မက်ခဲ့သေးတာပဲ၊ အဖေက ဦးတက်ခေါင်တဲ့၊ ငါမက်ပြန်တော့လည်း ဦးတက်ခေါင်ပဲ"

အဖိုးဟာ တမလွန်မှာ အိမ်ထောင်အသစ်နဲ့တဲ့။ အခုလည်း အဖိုးက နောက်အိမ်ထောင်နဲ့ပဲ။ မိခင်မရင်ပို့နှင့်မိမိတူညီနေကြသော အိပ်မက်အတွက် အံ့အားသင့်မိရလေသည်။

ထိုစဉ် ခပ်လှမ်းလှမ်းမှာ ထင်းထင်းကြီး မြင်တွေ့လိုက်ရသော အရာတစ်ခု။ ချေသတ္တဝါတစ်ကောင်ပင်။ ကိုယ်ပေါ်မှာ မြားတံနှစ်ချောင်းနဲ့။ သူပစ်ခတ်ခဲ့သည့် သတ္တဝါပင်။

"ဒီချေအသေကောင်က ဘယ်လိုကြောင့် ဒီနေရာကို ရောက်နေတာလဲ၊ ငါပစ်လိုက်တာ သွေးရူးသွေးတန်းနဲ့ အဝေးကြီးကိုရောက်အောင် ထွက်ပြေးသွားပြီးမှ. . ."

ရာဟု နားမလည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရလေ၏။



www.burmeseclassi.com

www.burmeseclassi.com



အားလုံးသည် ပဟေဠိတစ်ခုပင်။ မိမိသတိမေ့နေစဉ် တမလွန်က အဖိုးဖြစ်သူ ဦးတက်ခေါင်တ လာခေါ်သွားခဲ့သည်မှာ တကယ်လိုပင် ခံစားနေရသည်။ ခေါင်းထဲမှာ နည်းနည်းပြေလာသောအခါ ဘာကိုမှ မစဉ်းစားတော့ပဲ မိမိပစ်ခဲ့သော ချောကို ထမ်းပြီးတော့ ပြန်ခဲ့လေတော့သည်။

သို့သော် အတန်ကြာအောင် လျှောက်နေသော်လည်း အပြန်လမ်းကို မတွေ့ပဲ လမ်းက ပျောက်နေလေသည်။ နတ်စက်ရောင်တောကြီးထဲမှာ တောမှောက်နေလေပြီတကား။

"ငါ. . လမ်းပျောက်နေပြီ၊ တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး"

ရာဟုသည် ပခုံးထက်မှာ ထမ်းထားသော ချေသတ္တဝါကို ပစ်ချကာ ပတ်ဝန်းကျင်ကို လေ့လာလိုက်လေ၏။

ထိုစဉ် ခြုံပုတ်ကြီးတစ်ခုထဲက စကားပြောသံလိုလို ထွက်ပေါ်လာသည်။ ပီပီသသကြီးကို ကြားနေရသော်လည်း စကားလုံးတွေက မသဲမကွဲ။ မည်သူတွေက ဘာတွေပြောလို့ ပြောကြမှန်းပင်မသိ။

"ဒီခြုံထဲမှာ ဘယ်သူတွေလဲ"

မေးလိုက်သည်။ ပြန်ဖြေသံ ထွက်ပေါ်မလာ။ တခဏတော့ တိတ်ဆိတ်သွားသည်။ သစ်ရွက်သစ်ခက်များက ထူထပ်





နေကြ၍ အလင်းရောင်က ပိတ်နေလေသည်။ ခြုံပုတ်ရှိသောနေရာသည် အနည်းငယ် မှောင်နေလေသည်။

သေချာစွာ နားစိုက်ထောင်ကြည့်သောအခါ တီးတိုးစကားပြောနေသံများက ထွက်ပေါ်နေကြဆဲ။ ခြုံပုတ်ကို လေတိုး၍ ထွက်ပေါ်လာကြသော အသံများလည်းမဟုတ်။ စကားပြောသံတွေမှ အစစ်ပင်။ မလွဲနိုင်ပေ။

"ဟေ့. . ခြုံထဲမှာ ဘယ်သူတွေလဲလို့ မေးနေတယ်လေ၊ မဖြေဘူးလား၊ မဖြေရင် ငါပစ်ထည့်လိုက်မယ်"

ပခုံးထက်မှ ဒူးလေးကိုဖြုတ်ကာ မြားတံကို ညှို့မှာတင်လိုက်သည်။ ထိုနောက် ခြုံပုတ်ထဲသို့ သေချာစွာ ချိန်ရွယ်ထားလိုက်လေသည်။

"မ. . မပစ်ပါနဲ့၊ ပြော. . ပြောပါ့မယ်၊ ကျုပ်တို့တတွေပါ"

"အဲဒီ ကျုပ်တို့တတွေဆိုတာ ဘယ်သူတွေလဲ"

"မသိချင်ပါနဲ့၊ ပြောလို့မဖြစ်လို့ပါ၊ မြားနဲ့လည်း မပစ်ပါနဲ့၊ ကျုပ်တို့မှာ မိသားစုနဲ့ပါ၊ သားသမီးတွေလည်း ရှိပါတယ်၊ သူတို့ကို ထိခိုက်ကုန်ပါလိမ့်မယ်"

ရာဟုတွေဝေသွားခဲ့ရလေသည်။ ထွက်ပေါ်လာသော စကားသံများကို အံ့အားသင့်ဖွယ် ကြားလိုက်ရသည်။



www.burmeseclassi.com

www.burmeseclassi.com



ခြုံပုတ်ထဲကလှိုလှိုနဲ့ တစ်ဦးတစ်ယောက်ကများ တစ်နေရာကနေ ပြောနေတာလား။ အသိ(သို့မဟုတ်)အခြားတစ်ယောက်ယောက်က နောက်ပြောင်ပြီးတော့ ပြောနေသလားဟုပင်။

"ဟေ့. . ငါ့ကို ဒီလိုအတည်ပေါက်နဲ့ နောက်မနေနဲ့၊ ငါပစ်ထည့်လိုက်မယ်၊ ရာဟုတဲ့၊ ဘာမှတ်သလဲ"

"မ. . မပစ်ပါနဲ့ဗျာ၊ တောင်းပန်ပါတယ်၊ ကျုပ်. . မနောက်ပြောင်ရဲပါဘူး တကယ်ပြောတာပါ"

တကယ့်ကို တောင်းတောင်းပန်ပန်နဲ့ ပြောနေသောအသံမို့ ရာဟုတစ်ချက်တော့ တွေဝေသွားခဲ့ရသည်။

"ဒါဖြင့် အခုပြောတဲ့သူ ထွက်လာခဲ့"

"ဟာ. . ဒီလိုထွက်လာလို့ မဖြစ်ပါဘူးဗျာ၊ အခု ခင်ဗျားလမ်းပျောက်နေတာမဟုတ်လား၊ အကူအညီပေးနိုင်လို့ပါ"

"ဟင်. . ငါလမ်းပျောက်နေတာ သင်းဘယ်လိုသိသလဲ၊ အင်းလေ. . ငါ့အမူအရာ[illegible]ဟိုသွား၊ ဒီသွားနဲ့ တဝဲလည်လည်ဖြစ်နေတာကိုး၊ သူမြင်[illegible]မှာပေါ့"

"ဟုတ်တယ်၊ ကျုပ်. . လမ်းပျောက်နေတယ်၊ ကူညီနိုင်ရင်တော့ ကျေးဇူးမမေ့ပါဘူး၊ ခင်ဗျားကိုလည်း ရန်ရှာဖို့ရည်ရွယ်ချက်မရှိပါဘူး၊ လမ်းမှန်ကိုသာ ပြပေးပါ"





"ကောင်းပါပြီ၊ အခု ခင်ဗျားရပ်နေတဲ့ မျက်နှာတည့်တည့်ညာဘက်မှာ ကညင်ပင်ကြီးတစ်ပင်ရှိတယ်၊ အဲဒီအပင်ကြီးရဲ့ အောက်ကုန်းလျှောလေးအတိုင်းဆင်းသွား၊ အောက်မှာလမ်းတစ်လမ်း ထပ်တွေ့လိမ့်မယ်၊ ဘယ်ဘက်ကိုချိုးပြီး ဆက်လျှောက်သွား၊ လိုရာခရီးကို ရောက်သွားလိမ့်မယ်"

"ကျေးဇူးပါပဲ၊ ဒါနဲ့ ခုလိုကူညီတဲ့အတွက် ကျုပ်က ခင်ဗျားတို့အတွက် ဘာအကူအညီပြန်ပေးရမလဲ. . မိတ်ဆွေ"

"တတ်နိုင်ရင် ဖိုးနီတို့မိသားစုအတွက် ရွာဦးစေတီမှာ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးသုံးရက်တိတိ ကပ်လှူပေးပါ"

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ ဒီကိစ္စကို ကျုပ်တာဝန်ယူပါတယ်"

"မမေ့နဲ့နော်"

"စိတ်ချပါ၊ မမေ့ပါဘူး"

ရာဟုသည် ချေသံတ္တဝါကိုထမ်းကာ ထိုနေရာမှ ခပ်သုတ်သုတ်ပင် ထွက်လာခဲ့လေသည်။ မိမိကိုသိသော ရွာသားတစ်ယောက်ယောက်၊ သို့မဟုတ် လူစိမ်းတစ်ယောက်ယောက်က တမင်နောက်ပြောင်လိုက်သော စကားဟုထင်နေမိဆဲ။ ထို့ကြောင့် မသိမသာပင် ပြုံးမိလိုက်လေသည်။

ခပ်လှမ်းလှမ်းသို့အရောက်. . .။



www.burmeseclassi.com

www.burmeseclassi.com

ကျောဘက်ကို ပြန်ပြီးတော့ လှည့်ကြည့်လိုက်သော အခါ ဆိုခြုံပုတ်ကြီးထဲမှ ယုန်ဖြူလေးတွေတစ်အုပ်စု ပြေးထွက်သွားကြသည်ကို အမှတ်မထင် တွေ့လိုက်ရလေသည်။ အရွယ်ရောက်နေကြသော ယုန်ကြီးများအပါအဝင် ယုန်ငယ်လေးသုံးကောင်လည်း ပါဝင်ကြသည်။

ရာဟုသည် မည်သို့မှ မတွေးတတ်အောင် ဖြစ်သွားခဲ့ရလေသည်။ ကညင်ပင်ကြီးဆီသို့အရောက် အောက်ကိုဆင်းသွားသည်။ လမ်းတစ်လမ်းကို တွေ့လိုက်ရသည်။ ဘယ်ဘက်ကို ချိုးပြီးဆက်လျှောက်သွားသည်။ သိပ်မလျှောက်လိုက်ရပါ။ မိမိ လျှောက်လာခဲ့သော နတ်စက်ရောင်တောလမ်းလေးကို တွေ့လိုက်ရပါလေတော့၏။

ရွာကို ပြန်ရောက်သောအခါ ရာဟုသည် သူတော့ထဲမှာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို အဖွားဖြစ်သူနှင့် မိဘနှစ်ပါးအား ပြန်ပြီးတော့ ပြောသင့်၊ မပြောသင့် စဉ်းစားချင့်ချိန်နေမိလေသည်။

နောက်တော့မှ ပြောပြသင့်သည်ဟုထင်ကာ ကြုံတွေ့ခဲ့ရသမျှအလုံးစုံကို ပြန်ပြီးတော့ ပြောပြလိုက်လေသည်။ ထိုအခါ ဒေါ်ပိုက်ရော၊ ဒေါ်ရင်ပိုပါ အံ့အားသင့်သွားခဲ့ရသည်။

"အလိုတော်. . ငါ့မြေးရဲ့ အဖိုးတဲ့၊ ဦးတက်ခေါင်တဲ့၊





ဟုတ်လား၊ နေစမ်းပါဦး၊ သူ့ရဲ့ ပုံပန်းသဏ္ဌာန်က ဘယ်လိုလဲ"

"ဒီလို. . . အဖွားရဲ့"

ရာဟုက သူသတိလစ်သွားစဉ်မှာ အိပ်မက်လိုလို မြင်မက်ခဲ့သော ဦးတက်ခေါင်၏ ပုံပန်းသဏ္ဌာန်ကို ပြောပြလိုက်လေသည်။

"အင်း. . ဟုတ်တယ်၊ ကိုတက်ခေါင်က မင်းပြောတဲ့ ပုံပန်းသဏ္ဌာန်ပဲ၊ မင်းအမေလည်း ဒီလိုပဲ သူမျှောသွားတုန်းက အိပ်မက်လိုလိုနဲ့ တွေ့ခဲ့တာပဲ၊ သူက ဆေးဆရာကြီးဖြစ်နေပြီဆိုပြီး မင်းအမေကို ဆေးတိုက်ခဲ့တာပဲ"

"ဟုတ်တယ်. . အမေရဲ့၊ သမီးလည်း အဖေ့ကို ဒီလိုပဲ အိပ်မက်ထဲမှာ တွေ့ခဲ့တာပဲ၊ သားတွေ့ခဲ့တာနဲ့ တစ်ပုံစံတည်းပါပဲ"

မရင်ပိုလည်း အံ့အားသင့်စွာဖြင့် ဝင်ပြီးတော့ပြောသည်။

"အံ့မယ်. . သင်းက ဘဝတစ်ခုမှာ အိမ်ထောင်ကျနေပြီလား၊ သားသမီးတွေ ဝေဝေဆာဆာနဲ့ပေါ့လေ၊ မင်းအဖိုးက မင်းအဖွားနေကောင်းရဲ့လားတောင် တစ်ခွန်းမမေးလိုက်ဘူး တော်တော်နေစိမ့်တဲ့ဟာကြီး"

ဒေါ်နှင့်မောနဲ့ပြောလိုက်သော ဒေါ်ပိုက်၏ ဟန်မူသော


www.burmeseclassi.com

www.burmeseclassi.com



ကြောင့် သားအမိနှစ်ယောက်စလုံးမှာ ပြုံးမိလိုက်ကြလေ၏။

"သြော်. . အဖွားရယ်၊ ဒါကတော့ အမေက ကျွန်တော့်ကို ဒီအကြောင်း ပြောပြထားဖူးတယ်လေ၊ ဒါကို ကျွန်တော်က မှတ်သားထားမိတော့ အဖိုးရဲ့ ပုံပန်းသဏ္ဌာန်က ခေါင်းထဲမှာစွဲနေပြီး ပြန်ပြောပြနိုင်တာပေါ့"

"မဟုတ်သေးပါဘူး. . ငါ့မြေးရယ်၊ ဒီအိပ်မက်တွေက မရိုးသားပါဘူး၊ ဒါ. . နိမိတ်ပြနေတာပဲ"

ဟုဒေါ်ပိုက်က မကျေမနပ်နဲ့ ပြောလိုက်လေတော့သည်။

× × ×

ရာဟုတွင် ခင်မင်ရင်းနှီးသော သူငယ်ချင်းတစ်ဦးရှိလေသည်။ မိုးလုံးဟုခေါ်လေသည်။ ရာဟုသည် မိုးလုံးတစ်ယောက်တည်းကိုသာ စွဲစွဲမြဲမြဲပေါင်းလေသည်။ ရာဟုက အသောက်အစားမရှိပေမယ့် မိုးလုံးက အသောက်အစားရှိလေသည်။

သို့သော် မူးယစ်ရမ်းကားမှုတော့ မရှိ။ ဗိုက်ထဲ သေရည်ဝင်လာခဲ့လျှင် အာဝဇ္ဇန်းရွှင်သည်။ စကားပြောကောင်းသူတစ်ဦးပင်။ တစ်ရက်တွင် ရာဟုက မိုးလုံးကို ထန်းရည်တိုက်ရင်း သူကြုံတွေ့ခဲ့ရသည့် တောထဲက အတွေ့အကြုံကို ပြော





ပြလိုက်လေသည်။

"ငါ. . ကြုံတွေ့ခဲ့ရတာ အဲဒါပဲကွ၊ ခြုံထဲက ထွက်လာတဲ့အသံက ဖိုးနီတို့ မိသားစုအတွက် အဲသလို အလှူအတန်း လုပ်ပေးပါလို့ ပြောတယ်၊ ဖိုးနီဆိုတာ ဘယ်သူမှန်းလည်း မသိဘူး"

"မင်းကို တစ်ယောက်ယောက်က နောက်လိုက်တာလားကွာ၊ ငါလည်း အဲဒီနာမည်ကို ဘယ်ကြားဖူးပါ့မလဲကွာ၊ အေး. . မင်း သံသယမကင်းဘူးဆိုရင်တော့ ရွာပြင်က ဦးမုတ်ဆိတ်ကြီးကို သွားမေးကြည့်ကြမယ်လေ၊ သူက ရှေ့မှီနောက်မှီပုဂ္ဂိုလ်ကြီးကွ"

"ဟာကွာ. . မိုးလုံးရာ၊ ဖိုးနီဆိုတာ ဒီရွာမှာ နေဖူးခဲ့တဲ့ သူလား၊ တခြားရွာကလား၊ ပြီးတော့ တောထဲမှာ ဒီနာမည်တစ်လုံးကို ငါရခဲ့တာနဲ့ လျှောက်ပြီးမေးနေရင် ကောင်းပါ့မလား၊ ငါတို့ကို အူကြောင်ကြောင်ကောင်တွေလို့ ထင်နေပါဦးမယ်ကွာ"

"ငါတို့က အဖြေရှာမရတဲ့ ကိစ္စကို လူကြီးတစ်ယောက်ဆီမှာ အဖြေရှာခိုင်းတာကွ၊ ပြီးတော့ မင်းရဲ့ကိစ္စက ဘာလိုလို၊ ညာလိုလို၊ ထူးဆန်းနေတယ်၊ သဲလွန်စလေးဘာလေး ရလိုရငြားပေါ့ကွာ၊ မေးကြည့်တာတော့ မမှားပါဘူးကွ"



www.burmeseclassi.com

www.burmeseclassi.com



"ကဲ. . . ဒါဖြင့်ရင်လည်း သွားကြစို့ကွာ"

နှစ်ယောက်စလုံး စိတ်မြန်လက်မြန် ရှိကြသူများပီပီ ချက်ချင်းလိုလိုပင် နေရာမှ ထွက်လာခဲ့ကြလေသည်။

× × ×

ဦးမုတ်ဆိတ်ကြီးသည် အသက်ရှစ်ဆယ်ကျော်ပြီဖြစ်သည်။ ထူးထူးခြားခြားဆိုသလို သူ၏ မုတ်ဆိတ်မွေးများသည် နီမြန်းလျက်ရှိကြသည်။ ရင်ညွန့်အထိ ရောက်အောင်ရှည်လျား နေကြသည်။

သျှောင်ထုံးနှင့်ဖြစ်ပြီး အချို့ ဆံပင်များသည် အနည်း ငယ်သာ ဖြူနေကြသေးသည်။ အိမ်ထောင်မရှိ။ လူပျိုကြီးဘဝ နဲ့ အရိုးထုတ်တော့မည့်သူပင်။ သို့သော် အသက်ရှည်သော မျိုးရိုးဖြစ်ပြီး သူ့ထက်အသက်ကြီးသော အစ်ကိုကြီးသည် အ သက်ကိုးဆယ်နားကပ်ကာ တစ်နယ်တစ်ကျေးတွင် ကျောင်း ထိုင်ဘုန်းကြီးဖြစ်နေသည်။ ညီအစ်မနှစ်ယောက်နှင့်ညီတစ် ယောက်ကလည်း ရွာမှာ ရှိနေကြသေးသည်။

ဦးမုတ်ဆိတ်သည် မူရင်းအမည်က ဦးကြာညွန့်ဖြစ် သည်။ မုတ်ဆိတ်နီကြီးကို အစွဲပြုပြီး ကွယ်ရာမှာ မုတ်ဆိတ်နီ ကြီးဟု ခေါ်နေကြခြင်းဖြစ်သည်။

ခြံဝန်းကျယ်ကြီးနှင့်နေထိုင်ပြီး ခြံထဲမှာ သီးပင်စားပင်





များကို စိုက်ပျိုးထားသည်။ နှစ်စဉ် ဒညင်းသီးများ၊ သရက်သီး နှင့်အုန်းသီး၊ ငှက်ပျောသီးများကို ရောင်းချကာ တစ်ဝမ်းတစ် ခါးအတွက် အထောက်အပံ့ကို ခံယူလျက်ရှိသည်။

ညီ၊ ညီမများနှင့်တူ၊ တူမများကလည်း ဦးကြာညွန့် ကို ထောက်ပံ့ကြလေသည်။ ရွာစွန်မှာ တစ်ကိုယ်တည်း အေး ဆေးစွာပင် နေထိုင်လျက်ရှိသည်။

ထိုနေ့ နေ့လည်က အိမ်ပေါ်မှာ ထိုင်နေစဉ် ရာဟုနှင့် မိုးလုံးတို့က ခြံထဲကို ဝင်လာခဲ့ကြလေရာ. . .။

"ဟ. . . မင်စာလေးတွေပါလားကွယ့်၊ မင်းတို့က ငါ့ ဆီကို မျက်စိလည်ပြီးတော့ ရောက်လာခဲ့ကြတာပေါ့လေ"

"မဟုတ်ပါဘူး. . အဘရယ်၊ တမင်ကို လာခဲ့တာပါ"

"အေးပါကွာ၊ ဧည့်သည်ရောက်လာတော့လည်း ငါ စကားပြောဖော်ရတာပေါ့ကွာ"

ဦးမုတ်ဆိတ်ကြီးကပင်လျှင် ရာဟုနှင့်မိုးလုံးတို့ကို ခြံ ထွက်သီးနှံများဖြင့် ကျွေးမွေးကာ ဧည့်ခံသည်။ စကားပြော ဖော်ရှိသည်ဆိုလျှင် ဝမ်းသာနေတတ်လေသည်။

ရောက်တတ်ရာရာစကားများကို ပြောဆိုနေကြရင်း နတ်စက်ရောင်တောကြီးဆီကို ရောက်သွားခဲ့ကြသည်။ (ရာဟု သည် သူဖြစ်ပျက်ခဲ့သည်များကို ဦးမုတ်ဆိတ်ကြီးအား ပြော



www.burmeseclassi.com

www.burmeseclassi.com



ပြပါ။)

"ဒါနဲ့. . . အဘ၊ နတ်စက်ရောင်တောကြီးနှင့်ပတ်သက်ပြီး အဘ. . ဘာတွေသိထားတာရှိသလဲ"

"ဘာကွယ့်၊ နတ်စက်ရောင်တော. . ဟုတ်လား၊ မင်းက ဒီတောအကြောင်းကို ဘာဖြစ်လို့ သိချင်ရတာလဲ၊ ကြောတော့ မင်းရောက်ဖူးခဲ့ပြီထင်တယ်၊ မင်းထူးခြားမှုတစ်ခုခုတွေလာခဲ့လို့ ဒီမေးခွန်းမျိုး မေးလာခဲ့တာပဲဖြစ်ရမယ်"

ဦးမုတ်ဆိတ်ကြီးကလည်း အကင်းပါးသည်။

"ဟုတ်ပါတယ်. . အဘ၊ ကျွန်တော်. . တောထဲကို အမဲပစ်သွားတာ ဘယ်လိုပဲစဉ်းစား၊ စဉ်းစား၊ အဖြေမပေါ်တဲ့ ပြဿနာတစ်ခုနဲ့ ကြုံခဲ့လို့ပါ"

"မင်းက ဒီအမဲလိုက်တဲ့အလုပ်ကို မစွန့်လွှတ်နိုင်သေးပဲကိုး. . ရာဟု၊ အေးလေ. . တစ်နေ့ကျရင်တော့ မင်းစွန့်လွှတ်ရမှာပါ၊ မင်းရဲ့ အင်္ဂါရုပ်က အကျွတ်တရားရမယ့်ရုပ်မျိုး၊ ကဲပါလေ. . မင်းက နတ်ရဲတောအကြောင်းကို မေးတယ်ဆိုတော့ ငါဖြစ်ပျက်ခဲ့တဲ့ ကိုယ်တွေ့တစ်ခုကို သွားပြီးသတိရလို့ပါကွာ"

"ဘယ်လိုကိုယ်တွေ့လဲ. . . အဘ"

နတ်ရဲတောနှင့်ပတ်သက်သော ကိုယ်တွေ့ဟု ဆို၍ စိတ်ဝင်စားသွားခဲ့လေသည်။





"ကဲပါကွာ၊ ငါ့ခြံထွက်သီးနှံလေးတွေကိုလည်း စားကြပါဦး၊ စကားလည်း ပြောကြတာပေါ့ကွာ"

"ကျွန်တော်တို့က အဘအတွက် ဘာမှယူမလာပဲ လူကြီးကျွေးတာကို စားရတာ လိပ်ပြာမသန့်ဘူး"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ၊ ငါက မင်းတို့ဆီက မျှော်လင့်ချက်မထားပါဘူး၊ ငါ့ဘက်ကလည်း ကြုံတုန်းကျွေးရတာပါ"

ထိုနောက် ဦးမုတ်ဆိတ်ကြီးသည် သူ၏ မုတ်ဆိတ်မွေးနီနီကြီးကို လက်ဖြင့်သပ်ကာ. . .။

"နတ်စက်ရောင်တောကြီးဟာ တောကြမ်းတယ်၊ တွေ့စ ချက်အမှားမခံဘူး၊ ဒါကလည်း နေရာတိုင်းမဟုတ်ပါဘူး၊ သူ့နေရာနှင့်သူပါ၊ တချို့လည်း တောထဲကို ဝင်သွားကြပြီး ပြန်ထွက်မလာကြဘူး၊ အရေးကြီးတာက ဝသီပဲ၊ နှုတ်ဆိုးတတ်တဲ့ သူတွေက ထိတာများတယ်"

တစ်ရက်မှာ. . ငါနှင့်ငါ့သူငယ်ချင်းတစ်ယောက်ဟာ တောထဲ ထင်းခုတ်သွားဖို့ တိုင်ပင်ကြတယ်၊ အဲဒီအချိန်တုန်းက မင်းတို့အရွယ်ပေါ့ကွယ်၊ နတ်စက်ရောင်တောကြီးက သစ်ကောင်းတွေ.ပေါတယ်၊ ရွာသား တော်တော်များများကတော့ နတ်စက်ရောင်တောကို ကြောက်ပြီးတော့ ရှောင်ကြ



www.burmeseclassi.com

www.burmeseclassi.com



တယ်၊ ဒါပေမယ့် ငါတို့နှစ်ယောက်ကတော့ ဘာကိုမှမကြောက်ပဲ ရွာက ထွက်လာခဲ့ကြတယ်”





အခန်း– ၅

ထူးဆန်းစွာပျောက်သွားသူ

တစ်တောလုံး တစ်တောင်လုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။ ကျေးငှက်သံများကိုပင် မကြားကြရ။ မိမိတို့၏ အဝတ်လှုပ်ခတ်သံ၊ တဖျတ်ဖျတ်နဲ့ နင်းနေကြသော ခြေသံများကိုသာ ကြားနေကြရလေသည်။

“ဟေ့ကောင်. . ကြာည္သန့်၊ ဒီနတ်စက်ရောင်တောကြီးက ဘိတ်ဆိတ်လှချည်လားကွ၊ ငါ့စိတ်ထဲမှာ အသက်မဲ့နေသလိုပဲကွာ၊ သတ္တဝါတွေ၊ အကောင်တွေ၊ ဘယ်ကိုရောက်ကုန်ကြပြီလဲ”



www.burmeseclassi.com

www.burmeseclassi.com



"တောပဲကွာ၊ သူ့သဘာဝနဲ့သူ ဒီလိုပဲ ရှိမှာပေါ့. . . ဖိုးနီ၊ မင်းတောင်ပြော၊ မြောက်ပြောနဲ့ လျှောက်ပြောမနေနဲ့၊ ဒီတောထဲကို မဝင်မီက ငါ. . မင်းကို ဘာမှာထားသလဲ၊ အကောင်းဆုံးကတော့ နှုတ်မကျွံဖို့ပဲ ဆိုတာလေ"

"ငါ. . ဒါလေးပြောတာနဲ့ကွာ၊ ဘာမှားသွားလို့လဲ"

"မှားတော့ မမှားဘူးပေါ့ကွာ၊ ဒါပေမယ့် မင်းက စိတ်ထဲရှိရင်ရှိသလို ပြောတတ်ဆိုတတ်လို့ မတော်တဆ အမှားပါသွားမှာ စိုးလို့ပါ. . ဖိုးနီရာ"

"မင်း. . တော်တော်ရိုးတာပဲ ကြာညွန့်၊ နေရာတကာတိုင်း ကြောက်တတ်တာ မကောင်းဘူးကွ၊ လူဖြစ်ရှုံးတယ်"

"ဖိုးနီ. . မင်းဘာမှ ထပ်ပြီးမပြောရင်ကောင်းလိမ့်မယ်၊ တောပိုင်၊ တောင်ပိုင်တွေက မကြိုက်ဘူးနော်၊ မင်း. . ငါ့စကားကို နားမထောင်ရင် ချက်ချင်းလှည့်ပြန်မယ်"

ကြာညွန့်က လေသံကင်းသွားသည်။ ဖိုးနီဆက်မပြောတော့။ သို့သော် ရှေ့ကသွားနေသော ကြာညွန့်ကို မကျေမနပ်နဲ့ ကြည့်လိုက်မိသည်။ တစ်နေရာကို ရောက်သောအခါ ကြာညွန့်က သစ်ပင်ကြီးတစ်ပင်ဆီကို လျှောက်သွားသည်။

မလှမ်းမကမ်းရှိ ငှက်ပျောပင်တစ်ပင်မှ ငှက်ပျောဖတ်





သန့်သန့်တစ်ရွက်ကို ဆွတ်ခူးသည်။ အဝတ်ဟောင်းစဖြင့် ပွတ်တိုက်လိုက်သည်။ ထိုနောက် ပါလာသော မုန့်ဆီကြော်ကို ငှက်ပျောဖတ်ပိုင်းပေါ် ဖဲ့ကာ သစ်ပင်ကြီး၏ ခွကြားပေါ်မှာ တင်လိုက်သည်။

"တောပိုင်၊ တောင်ပိုင်ကြီးများခင်ဗျာ. . ကျွန်တော်တို့ နတ်စက်ရောင်တောထဲကိုဝင်ပြီး သစ်အနည်းငယ်ခုတ်လိုပါတယ်၊ ခွင့်ပြုပါ၊ ဘေးအန္တရာယ်များ ရှိလျှင်လည်း ဖယ်ရှားပေးတော်မူပါ"

ဟုတိုင်တည်သည်။ တောင်းဆိုသည်။

တဖန်. . .။

"မုန့်ဆီကြော်နဲ့လည်း တင်မြှောက်ပါတယ်၊ စားသုံးတော်မူကြပါခင်ဗျာ"

ဟုတတ်သ၍ နှုးလည်သရွေ့ ပူဇော်ပသလိုက်ပြန်သည်။ ကြာညွန့်လုပ်သမျှ မလှမ်းမကမ်းမှာနေ၍ မျက်နှာကြီးရှုံ့မဲ့ကာကြည့်နေသော ဖိုးနီ။ ဘာမှတော့မပြော။ ကြာညွန့်၏ စိတ်ထဲမှာ ရှင်းသွားကာ ထိုနေရာမှ ထွက်လာခဲ့ကြလေသည်။ အတော်ကလေး လျှောက်လာပြီးတော့မှ ဖိုးနီက မအောင့်အီးနိုင်တော့ပဲ. . .။



www.burmeseclassi.com

www.burmeseclassi.com



"မင်းကွာ၊ ဒီတောကြီးကို ဘယ်သူမှမပိုင်ဘူး၊ အများပိုင်ပဲ၊ သစ်၊ ဝါးကို ဘယ်သူမဆို ခုတ်လို့ရတယ်၊ မင်းမမြင်ရတဲ့ သူတွေကို ခွင့်တောင်းစရာ မလိုပါဘူးကွ"

"ဖိုးနီ . . မင်းက ပြောလေကဲလေပါလားကွ၊ ဒီလိုသာဆိုရင် ငါ . . မင်းနဲ့ဆက်ပြီးတော့ မလိုက်တော့ဘူး၊ မင်းတစ်ယောက်တည်းပဲသွားတော့"

ကြာညွန့်က စိတ်တိုလာခဲ့ပြီဖြစ်သည်။ ချက်ချင်းပင်နောက်ကြောင်းကို လှည့်ပြန်သည်။ ဖိုးနီက ကြာညွန့်၏လက်ကို ဖမ်းဆွဲထားလိုက်ပြီး. . .။

"အေးပါကွာ၊ ငါမပြောတော့ပါဘူး၊ မင်းကလည်း စိတ်ချည်းပဲ"

"ကောင်းပြီ၊ ငါ မင်းနှင့်ဆက်ပြီးတော့ လိုက်မယ်၊ မင်းဆိုင်ရာပိုင်ရာတွေကို တောင်းပန်လိုက်"

"ဟာကွာ၊ ငါ . . ဝါသနာမပါဘူး"

ကြာညွန့်သည် ဖိုးနီအပေါ်မှာ အတော့်ကို စိတ်ပျက်လာခဲ့ပြီဖြစ်သည်။ ထိုနောက် ခေါင်ကို တစ်ချက်ခါရမ်းကာ ရှေ့ကထွက်သွားခဲ့လေသည်။ ကြာညွန့်၏ စိတ်ထဲမှာတော့။

"တောပိုင်တောင်ပိုင်ကြီးများခင်ဗျာ၊ လူတစ်ယောက်





ရဲ့ အမိုက်အမဲအတွက် ဝွေမယူပါနဲ့၊ မလိမ်မိုးမလိမ္မာမို့လို့ ခွင့်လွှတ်ပေးပါခင်ဗျာ"

ဟုကြိတ်ကာ တောင်းပန်လိုက်လေသည်။

✕ ✕ ✕

နတ်စက်ရောင်တောကြီးထဲကို တော်တော်လေးရောက်လာခဲ့ကြပြီဖြစ်သည်။ သည့်ထက်ပိုပြီးတော့ ဆက်၍သွားလျှင် အပြန်မျက်စိလည်မှာကို ကြောက်ရသည်။ ဤတောကြီးထဲကို ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းပင်ဖြစ်သည်။ လိုချင်သောသစ်များကို ခုတ်ပြီးတော့ ထားခဲ့ရမှာဖြစ်သည်။ နောက်တစ်နေ့ကျမှ လှည်းနဲ့ လာတိုက်မည်။

"တော်ပြီကွာ၊ ဒီနေရာပဲ၊ ငါတို့လိုချင်တဲ့ သစ်အမျိုးအစားက ဒီမှာရှိနေတယ်၊ ဆက်မသွားနဲ့တော့"

အင်းကညင် အပင်ပေါက်လေးတွေက ပေါများလှသည်။ ဖိုးနီကလည်း သဘောတူလေသည်။

"ငါ . . ဟိုဘက်အခြမ်းက အပင်တွေကို ခုတ်မယ်ကွာ၊ မင်းက မင်းကြိုက်တဲ့ အပင်တွေကို ရှာပြီးတော့ခုတ်"

"ဟေ့ကောင် . . ဖိုးနီ၊ ဒီဘက်ပိုင်းက အပင်တွေကလည်း ကောင်းပါတယ်ကွ၊ လုံးချောတွေချည်းပဲ၊ အပင်ကို



www.burmeseclassi.com

www.burmeseclassi.com



ဖြောင့်နေတာပဲ၊ မင်းက ဘာဖြစ်လို့ ဟိုဘက်ကို သွားချင်ရတာလဲ"

"မင်းနှင့်ငါနဲ့ ဝေးဝေးနေတာ ကောင်းပါတယ်ကွာ၊ အပင်ချင်းနီးနေရင် အန္တရာယ်ရှိတယ်၊ လဲပြိုပြီးကျရင် မလွတ်မကင်းနဲ့၊ ဒုက္ခရောက်သွားနိုင်တယ်. . . ကြာညွန့်"

"မင်းကလည်းကွာ၊ ရှောင်တိမ်းလို့ရပါတယ်၊ ဒီလိုပဲ နှုတ်လာခဲ့ကြတာပဲမဟုတ်လား၊ အေးလေ. . မင်းသဘောပဲ၊ ဒါပေမယ့် ဝေးဝေးတော့ မသွားနဲ့ဟေ့၊ တစ်ယောက်နှင့်တစ်ယောက် မကြာခဏ အချက်ပေးပြီးတော့ ခေါ်ကြမယ်၊ နာမည်ကိုတော့ မခေါ်နဲ့တော့နော်"

"အေးပါကွာ၊ ငါသဘောပေါက်ပါတယ်"

ဖိုးနီကား ထင်းခုတ်ဓားနဲ့ ရဲဒင်းကို ကိုင်ဆောင်ကာ တစ်ဖက်ကို ထွက်သွားခဲ့သည်။ ကြာညွန့်သည် ဖိုးနီး၏ မျက်နှာ ဖြူဖတ်ဖြူရော်ဖြစ်နေသလားဟု သတိထားလိုက်မိသည်။ လူသေကောင်မျက်နှာကြီးနဲ့ တူနေသည်။ ထိုမျက်နှာကိုကြည့်ပြီး မိမိ၏ ကျောထဲမှာ စိမ့်ကနဲဖြစ်သွားခဲ့ရလေသည်။ စိတ်ထဲမှာလည်း အလိုလိုနေရင်း လေးလံသွားခဲ့ရသည်။ ထို့ကြောင့် သက်ဆိုင်ရာပုဂ္ဂိုလ်များကို မေတ္တာပို့လိုက်သည်။ နှုတ်ကလည်း





ပရိတ်တရားတော်များကို ရွတ်ဖတ်နေလေသည်။

x x x

ဖိုးနီသည် သစ်ပင်ကောင်းဖြောင့်ဖြောင့်ကို ရွေးရင်း ကြာညွန့်နှင့်တဖြည်းဖြည်းဝေးသွားခဲ့လေသည်။ အင်ပင်တစ်ပင်ကို စိတ်ကြိုက်တွေ့သွားသည်။ ထို့ကြောင့် ဓားမကြီးကို ဘေးမှာချကာ ရဲဒင်းနှင့်အားစိုက်ကာ ခုတ်နေလေသည်။

ကြာညွန့်သည် ဖိုးနီ၏ သစ်ခုတ်သံကို နားထောင်နေရင်း ဝေးဝေးရောက်မသွားသည့်အတွက် စိတ်ချစွာပင် ရှိနေမိသည်။

သို့သော် ဖိုးနီထံမှ အသံပြတ်သွားတိုင်းမှာ အသံပေးရသည်။

"အူး. . . အူး"

ဖိုးနီထံက ပြန်ပြီးတော့ ထူးသံကို ကြားရသည်။ ဤသို့ဖြင့် ကြာညွန့်သည်လည်း မိမိအလိုရှိသော သစ်ပင်ကိုရွေးပြီးတော့ ခုတ်နေလေသည်။ ဇောနှင့်မို့ ဖိုးနီရှိနေသည်ကိုပင် တစ်ခါတစ်ရံမှာ သတိမထားမိအောင် ရှိလာခဲ့ရလေသည်။ တစ်ချက်တစ်ချက် သတိရမိတိုင်းမှာ အသံပေးရသည်။

"အူး. . . အူး. . ."



www.burmeseclassi.com

www.burmeseclassi.com



"အူး. . . အူး. . ."

ဖိုးနီကလည်း ပြန်ပြီးတော့ ထူးသည်။ သို့သော် အတန်ငယ်လှမ်းနေလေပြီ။ ပြန်ထူးသံက ဝေးသွားသည်။

× × ×

ဖိုးနီသည် သစ်ပင်တစ်ပင်ကို လှဲချပြီးသွားခဲ့လေပြီ။ နောက်ထပ်တစ်ပင်ကို ခုတ်ယူရန် အပင်ကောင်းကောင်းနှင့် ဖြောင့်ဖြောင့်တစ်ပင်ကို ရှာရပြန်သည်။ ထို့ကြောင့် ရှေ့သို့ တိုးပြီးတော့သာ သွားသည်။ နောက်ထပ်တစ်ပင်ကို ရှာတွေ့ပြန်သည်။ စိတ်ကြိုက်ဖြစ်သည်နှင့် ခုတ်ရန် ရဲဒင်းကို ပြင်လိုက်သည်နှင့်။

နားထဲမှာ သီချင်းသံလိုလို ကြားလာခဲ့ရလေသည်။ သေသေချာချာ နားစိုက်ကြည့်သောအခါ မိန်းကလေးတစ်ဦး၏ အသံပင်။ သီချင်းက လွန်စွာမှ ဆွေးမြည့်ဖွယ်ကောင်းလှပေသည်။ ခံစားချက်အပြည့်နဲ့ သီဆိုနေသည်။ ဖိုးနီစိတ်ဝင်စားသွားသည်။

"တောထဲမှာ သီချင်းဆိုနေတဲ့ မိန်းကလေးတစ်ဦးပါလား၊ ဘယ်လိုအကြောင်းကိစ္စနဲ့ ဒီတောထဲရောက်နေပါလိမ့်"

ဆွဲဆောင်မှုကောင်းသော အသံက ဖိုးနီ၏ နှလုံးသား





ကို ရိုက်ခတ်သွားခဲ့ရလေသည်။ ထို့ကြောင့် ရဲဒင်းကြီးကို ပစ်ချလိုက်ပြီး အသံထွက်ပေါ်လာရာဆီသို့ မှန်းဆပြီးတော့ ထွက်လာခဲ့လေသည်။

တခဏအကြာတွင်. . .။

ခြုံဘုတ်ကြီးတစ်ခု၏ဘေး သစ်ပင်ကြီးတစ်ပင်အောက်၌ လွန်စွာမှ ချောမောလှပသော မိန်းကလေးတစ်ယောက်ကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။

"ဟင်. . . မိန်းကလေးတစ်ယောက်ပါလား"

မိန်းကလေးသည် ရှည်လျားနက်မှောင်သော ဆံကေသာမျှင်များကို ကျောပြင်ထက်မှာ ဖြန့်ဝဲပြီးတော့ ချထားသည်။ နှာတံပေါ်ပေါ် ပါးမို့မို့နဲ့ အသားလေးက ဝင်းအိလျက်ရှိသည်။ ပါးလွှာသော အကျီလက်ပြတ်လေးကို ဝတ်ဆင်ထားသည်။ ထဘီကလည်း ပိုးသားပြောင်ထဘီ အပြာနုရောင်လေးဖြစ်သည်။ ဖိုးနီက မိန်းကလေးကို ဘေးတိုက်အနေအထားနဲ့ မြင်တွေ့နေရသည်။

သူမသည် ဖိုးနီကို မြင်တွေ့လိုက်ရသောအခါ ရှက်ရွံ့ဟန်လေးနဲ့ ကြည့်နေမိသည်။ နေရာက ထွက်သွားခြင်းကိုတော့ မပြုပါပေ။



www.burmeseclassi.com

www.burmeseclassi.com



"မင်းတစ်ယောက်တည်းလား၊ ဘာလုပ်နေတာလဲ"

"တစ်ယောက်တည်းပဲမြင်တယ်မဟုတ်လား၊ အဖော်မရှိလို့ပေါ့၊ ထိုင်နေတာလေ"

မိန်းကလေးက ပြုံးစစနဲ့ ပြန်ပြီးတော့ ပြောလိုက်လေသည်။

"အဖော်မရှိတာ မကြောက်ဘူးလား၊ မင်းကို တစ်ယောက်ယောက်က မတော်မတရား စော်ကားသွားရင် မင်းကိုယ်မင်း ဘယ်လိုကာကွယ်နိုင်မှာလဲ"

"ကျွန်မကို စော်ကားနိုင်တဲ့သူ မရှိပါဘူး၊ ပြီးတော့ ရှင်ရှိနေတာပဲ၊ ဘာကို ကြောက်ရမှာလဲ"

မိန်းကလေးက မျက်လုံးလေးဝင့်ကာ အမူအရာပါပါနဲ့ ပြောလိုက်လေသည်။ စကားမဆန်းပဲဟု ဖိုးနီက တွေးလိုက်လေသည်။ ဖိုးနီသည် မိန်းကလေး၏ အလှကိုကြည့်ပြီးတော့ ဖောက်ပြန်လာခဲ့လေသည်။ အနားကို တိုးကပ်သွားခဲ့သည်။ ထိုနောက် ဆတ်ကနဲဆို မိန်းကလေး၏ အနားကို ပူးပူးကပ်ကပ်နဲ့ ထိုင်လိုက်ပြီး ကျောဘက်မှ သိုင်း၍ဖက်ထားလိုက်ကာ။

"ငါ. . မင်းကို မြင်မြင်ချင်းပဲ ချစ်မိတယ်၊ ရွာကို ခေါ်သွားမယ်၊ လိုက်ခဲ့ပါလား၊ မင်္ဂလာဆောင်ပြီး သားမှတ်မှတ်





မယားမှတ်မှတ် ပေါင်းပါ့မယ်"

"အို. . . ဘယ်လိုလဲ၊ မိန်းကလေးတစ်ယောက်ကို ဒီလိုပဲ ရမ်းရမ်းကားကားနဲ့ ဆက်ဆံရသလား၊ သွားပါ၊ သွားပါ"

မိန်းကလေးက ဖိုးနီ၏ ရင်ဘတ်ကို တွန်းလွှတ်သည်။ ဖိုးနီကလည်း ဇောကပ်နေပြီဖြစ်၍ မိန်းကလေးကို လက်လွှတ်မခံတော့ပဲ ဇွတ်အတင်းပင် ဗလက်ကာယပြုနေလေတော့၏။

"ရှင်နော်. . ရှင်. . ရှင် ဒီလိုမကြံစည်ပါနဲ့၊ မကောင်းပါဘူး၊ ငရဲကြီးလိမ့်မယ်"

ရုန်းကန်နေသော်လည်း ဟန်ဆောင်ရုန်းကလေးမျှသာ။

ထိုစဉ်. . . ။

"ဟီး. . ဟီး. . ဟီး. . ဟီး"

မိန်းကလေးထံမှ တဟီးဟီးနဲ့ ညည်းသံကြီးက ရင်ခေါင်းထဲက နှစ်ပြီးတော့ ထွက်ပေါ်လာခဲ့လေရာ ဖိုးနီသည် ထူးခြားထိတ်လန့်ဖွယ်ရာကောင်းသော အသံကြီးကြောင့် မိန်းကလေးကို ယောင်ယမ်းပြီးတော့ လွှတ်လိုက်လေသည်။ သို့သော် သူမက ဖိုးနီကို ပြန်လည်၍ ဖက်တွယ်ထားလေသည်။ မလွှတ်တော့ပါ။ ဖိုးနီသည် ပိုပြီးတော့ ကြောက်လန့်သွားပြီး



www.burmeseclassi.com

www.burmeseclassi.com



မိန်းကလေး၏ လက်ချောင်းတွေကို ဖယ်ပစ်သည်။ မရပါ။ ပို၍ သတိထားမိသည်က မိန်းကလေး၏ လက်ချောင်းများသည် ရှုံ့တွမည်းခြောက်နေကြကာ သူအိုမကြီးတစ်ယောက်၏ လက်ချောင်းများနှင့်တူနေကြသောကြောင့်ပင်တည်း။

"ဟာ"

ထိုအခါ ဖိုးနီသည် မယုံသင်္ကာစိတ်နဲ့ မိန်းကလေး၏ မျက်နှာကို ကြည့်လိုက်လေရာ ဆံပင်တွေက မျက်နှာကို ဖုံးအုပ်လျက် ရှိနေကြပြီး ထိုမျက်နှာကြီးသည်ကား. . .။

"အောင်မယ်လေးဗျ"

ဖိုးနီသည် ငယ်သံပါအောင် အော်လိုက်ပါတော့သည်။

✘ ✘ ✘

ကြာညွန့်သည် လူတစ်ယောက်အသံနက်ကြီးနှင့်အော်လိုက်သံကို ကြားလိုက်ရလေသည်။

"ဟင်"

ခုတ်ပြီးသား သစ်ပင်တစ်ပင်၏ အကိုင်းအခက်များကို ဓားဖြင့် ရှင်းလင်းခုတ်ထွင်နေရာက ရပ်လိုက်လေသည်။

"ဖိုးနီ. . ဖိုးနီ. . ဒီကောင်. . ."

ဖိုးနီအတွက် စိုးရိမ်ပူပန်သွားမိခဲ့ရလေသည်။





ထိုနောက်. . .။

အသံပေးကာ ခေါ်လိုက်မိသည်။

"အူး"

"အူး"

ပြန်ထူးသံကား ထွက်ပေါ်မလာ။ နောက်ထပ် ထပ်ခါထပ်ခါပင် တအူးအူးနဲ့ အော်ကာအသံပေးလိုက်လေသည်။ ဖိုးနီထံက မည်သည့်အသံမှ ထွက်မလာပါ။

ကြာညွန့်စိတ်ပူလာခဲ့လေ၏။ ထို့ကြောင့် ပုဆိန်နှင့်ဓားကို လက်ထဲမှာ တစ်လှည့်စီကိုင်ကာ ဖိုးနီရှိမည့်နေရာကို မှန်းဆပြီးတော့ ထွက်လာခဲ့လေသည်။ လမ်းမှာလည်း တအူးအူးနဲ့ အသံပေးပြီးတော့ ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ်အကဲခတ်လာခဲ့သည်။ မကြာမီ သစ်ပင်ကြီးတစ်ပင်နှင့်ခြုံပုတ်ကြီးတစ်ခု၏ အနားကို ရောက်လာခဲ့လေသည်။

ခြုံပုတ်ပေါ်တွင် ဖိုးနီပေါင်းထားသော ခေါင်းပေါင်းကို ပြေလျက်သား တွေ့နေရသည်။ ထို့အပြင် ဖိုးနီ၏ ရဲဒင်းနှင့်ဓားကိုလည်း သစ်ပင်ကြီး၏ အောက်မှာ တွေ့လိုက်ရသည်။ ဖိုးနီကိုကား မတွေ့ရ။

"ဒီကောင် ဘယ်များရောက်သွားပါလိမ့်"



www.burmeseclassi.com

www.burmeseclassi.com



ကြာညွန့်သည် ဖိုးနီကို ပတ်ဝန်းကျင်မှာ တွေ့လိုတွေ့ငြား လိုက်ပြီးတော့ ရှာကြည့်ပါသေးသည်။ မည်သည့်နေရာမှမတွေ့ရတော့ပါ။ ထိုအချိန်ကစပြီး ဖိုးနီကို မည်သို့မှ ရှာမတွေ့ကြတော့ပါ။ ဖိုးနီကား ထူးဆန်းစွာပင် ပျောက်ဆုံးသွားခဲ့လေပြီတည်း။





## အခန်း – ၆

### ဇရပ်ပျက်ကြီးပေါ်က ပရလောကသားများ

မုတ်ဆိတ်နီကြီးအမည်ခံ ဦးကြာညွန့်သည် သူငယ်ချင်းဖိုးနီနှင့်ပတ်သက်သည့် ဇာတ်လမ်းကို အဆုံးသတ်လိုက်လေသည်။

"အဲဒါပဲ၊ ဖိုးနီဟာ ငါနှင့်အတူ နတ်စက်ရောင်တောထဲကို သစ်ခုတ်သွားရင်း ပျောက်ခြင်းမလှ ပျောက်သွားခဲ့တာပါပဲကွယ်"

ဟုပြောကာ ယခုထက်တိုင် စိတ်မကောင်းဖြစ်ဟန် မျက်နှာအမူအရာက ဖြစ်ပေါ်နေဆဲရှိလေသည်။ ရာဟုနှင့်မိုး



www.burmeseclassi.com

www.burmeseclassi.com



လုံးတို့သည် အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။

"အဘပြောခဲ့တဲ့ ဖိုးနီဆိုတဲ့လူကို ကျွန်တော်စိတ်ဝင်စားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တလောတုန်းက နတ်စက်ရောင်တောထဲကို သွားခဲ့ပါတယ်၊ ကြုံခဲ့တာကတော့"

ရာဟုသည် မိမိ၏ အဖိုးဦးတက်ခေါင်နှင့်ပတ်သက်သည့် ဇာတ်လမ်းကို ချန်လှပ်၍ သူကြားဖူးလိုက်သော ဖိုးနီဆိုသော လူတစ်ယောက်၏ အကြောင်းကို ပြောပြလိုက်လေသည်။ ထိုအခါ ဦးမုတ်ဆိတ်နီကြီး၏ မျက်နှာအမူအရာမှာ တစ်မျိုးပြောင်းလဲသွားခဲ့လေသည်။

"ဖိုးနီ. . ဟုတ်လား၊ မင်းက ဖိုးနီလို့ အမည်ဖော်ပြီး ပြောတဲ့ အသံကို လူမမြင်ရပဲ ကြားခဲ့ရတယ်. . ဟုတ်လား"

"ဟုတ်တယ်. . အဘ၊ စောစောကပြောခဲ့သလို ခြုံပုတ်ထဲက ထွက်လာတဲ့အသံလေ၊ သူက ကျွန်တော့်ကို လမ်းပြပေးလိုက်တာ၊ ဒါပေမယ့် အဲဒီခြုံထဲက ထွက်လာခဲ့ကြတာကတော့ ယုန်ကလေးတွေပဲ၊ ယုန်အကောင်ကြီးက နှစ်ကောင်၊ ယုန်သေးသေးတွေက သုံးကောင်တောင်မှ၊ စောစောပိုင်းက ခြုံထဲကလိုလို ထွက်လာခဲ့တဲ့ အသံဟာ တစ်ယောက်ယောက်ကများ နောက်နေတာလားလို့ပါ"





မုတ်ဆိတ်နီကြီးသည် သူ၏မေးစေ့မှ မုတ်ဆိတ်မွေးနီနီများကို လက်ဖြင့် ပွတ်သပ်နေရင်းက ခေါင်းကို ယမ်းခါလိုက်လေသည်။

"လူတွေဟာ အကြောင်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးနဲ့ သေဆုံးကြတယ်၊ အဲဒီ သေခြင်းတွေထဲမှာ ဒေါသနဲ့သေရင် ငရဲဘုံကိုရောက်တယ်၊ ဒေါသအကျိုးကြောင့် ငရဲဘုံအကျိုးကို ရရှိတယ်၊ အကြောင်းတရားဖြစ်တဲ့ ဒေါသကို ပယ်သတ်နိုင်ရင် ငရဲဘုံကို မရောက်နိုင်ဘူး"

"ဒီလိုပဲ လောကသားတွေ မောဟနှင့်သေရင် တိရစ္ဆာန်ဘုံကို ရောက်ကြတယ်၊ လောဘကြောင့်သေရင် ပြိတ္တာဘုံကို ရောက်ကြမယ်၊ ပြိတ္တာဘုံကို ရောက်ရခြင်းဟာ လောဘကြောင့်ဖြစ်တယ်၊ လောဘအကြောင်းကြောင့် ပြိတ္တာဘုံအကျိုးကိုရရှိတယ်၊ အကြောင်းတရားကြောင့်ဖြစ်တဲ့ လောဘကို ပယ်သတ်နိုင်ခဲ့ရင် အကျိုးတရားဖြစ်တဲ့ ပြိတ္တာဘုံကို မရောက်နိုင်ဘူး"

"အဲဒီလိုပဲ မာနနဲ့သေရင် အသူရကာယ်ဘုံကိုရောက်တယ်တဲ့၊ အကျိုးဆက်ကိုတော့ မင်းတို့ပဲ ဆက်ပြီးတော့ တွေးကြပေတော့"

"ငါ့အထင်ကတော့ ဖိုးနီလို့ မင်းသိခဲ့တဲ့သူဟာ ငါ့သူငယ်ချင်းဖိုးနီပဲ ဖြစ်မှာပဲ၊ သူဟာ တပ်မက်ခြင်းတဏှာလောဘကို မပယ်သတ်နိုင်လို့ ပြိတ္တာဘုံကို ရောက်သွားခဲ့တယ်လို့ ငါ



www.burmeseclassi.com

www.burmeseclassi.com



ထင်တယ်လေ၊ ဒါကြောင့်မို့ အဲဒီဘဝမှာလည်း ပြိတ္တာသူတစ်ဦးနဲ့ အိမ်ထောင်ကျပြီး သားသမီးတွေ ရလာကြတာဖြစ်မှာပါ”

“ပြိတ္တာဘဝမှာ အိမ်ထောင်ကျတာတွေဘာတွေ ရှိသလား. . . အဘ”

“ရှိတာပေါ့. . ဖိုးလုံး၊ မြတ်စွာဘုရားက ဒီအကြောင်းတွေကို တိုက်ဆိုင်မှုရှိတိုင်းမှာ ဟောလေ့ရှိပါတယ်၊ ရဟန်းတော်အရှင်သူမြတ်တွေလည်း ဆွမ်းခံကြွတိုင်း၊ ခရီးသွားရင်း လမ်းမှာ တားဆီးအကူအညီတောင်းတဲ့ ပြိတ္တာတွေကို တွေ့ရှိခဲ့ကြတာပဲ”

“ဒါကြောင့်မို့ မြတ်စွာဘုရားက အပယ်လေးပါးက လွတ်မြောက်လိုရင် ဆုတောင်းရုံနဲ့ မရနိုင်ဘူးတဲ့၊ အပယ်လေးပါးကို ကျရောက်စေတဲ့ တရားဖြစ်တဲ့ လောဘ၊ မောဟ၊ ဒေါသ မာနတရားများကို သီလ၊ သမာဓိ၊ ပညာနဲ့ ပယ်သတ်ရမယ်လို့ မှာကြားတော်မူခဲ့ပါတယ်”

“အဲဒီတော့ ငါ့သူငယ်ချင်းဖိုးနီဟာ မကောင်းတဲ့ပြိတ္တာဘုံဘဝကို ရောက်နေပါတယ်၊ လူ့သက်တမ်းနဲ့ တွက်ရင်တော့ နှစ်ပေါင်းခြောက်ဆယ်နီးပါး ရှိပြီပေါ့၊ တော်တော်ကြောက်စရာကောင်းပါလား”

ဖိုးနီ၏ မိဘများက မရှိကြတော့။ ကွယ်လွန်ခဲ့ကြလေပြီ။ သူ၏ ညီမကား သက်ရှိထင်ရှားရှိနေသေးသည်။ မုတ်ဆိတ်





နီကြီးနှင့်အသက်မတိမ်းမယိမ်းပင်။ မြေး၊ မြစ်တွေပင် ရနေလေပြီ။

မုတ်ဆိတ်နီကြီး ဦးကြာညွန့်က ဖိုးနီ၏ ညီမကို အကျိုးအကြောင်းပြောပြသည်။ ဖိုးနီ၏ ဆန္ဒအတိုင်းပင် ရွာဦးစေတီတော်၌ ဖိုးနီနှင့်မိသားစုအတွက် ဆွမ်း၊ သောက်တော်ရေချမ်း၊ ပန်း၊ ဆီမီးများ ကပ်လှူပေးသည်။ ရဟန်းသံဃာတော်အရှင်သူမြတ်တို့ကိုလည်း ပင့်ဖိတ်ကာ ဆွမ်းကပ်သည်။ သင်္ကန်း၊ ဖိနပ်၊ ထီးကမှအစ ကပ်လှူပေးသည်။ အလှူအတွက် အမျှအတန်းပေးဝေသည်။ သာဓုခေါ်သည်။

(တစ်ညတွင် ဖိုးနီ၏ညီမ ဒေါ်ရီသည် အိပ်မက်မြင်မက်လေသည်။ ဖိုးနီနှင့်အတူ ဇနီးသားသမီးများကို ပြုံးပြုံးရွှင်ရွှင်နဲ့ ဝတ်ကောင်းစားလှနဲ့ တွေ့ရသည်။ ဖိုးနီက သူမကောင်းသည့်ဘဝမှ လွတ်မြောက်သွားခဲ့ပြီဖြစ်ကြောင်း၊ အားလုံး. . . ကောင်းရာမွန်ရာ ဘုံဘဝကို ရောက်ကြရတော့မည်ဖြစ်ကြောင်း၊ သူ. . မည်သည့် အကြောင်းကြောင့် မကောင်းသည့်ဘဝကို ရောက်သွားခဲ့ရကြောင်းကိုလည်း ပြောပြသည်။)

ထို့ကြောင့် ဖိုးနီ ပြိတ္တာဘုံဘဝသို့ ရောက်သွားရခြင်း အကြောင်းရင်းကို နှစ်ပေါင်းခြောက်ဆယ်ကျော်မှ သိရှိခဲ့ရလေသည်။ ဖိုးနီသည် အလားတူပင် ရဟုနှင့်သူငယ်ချင်းဦး ကြာညွန့်ကိုပါ အိပ်မက်ပေးသည်။ ထိုနောက် အားလုံးပြုံးပျော်



www.burmeseclassi.com

www.burmeseclassi.com



စွာနဲ့ပင် ထိုနေရာမှ ထွက်သွားခဲ့ကြလေသည်။

ရာဟုကား ပရလောက၏ ဆန်းကြယ်ပုံကို ပြောမဆုံး ကြုံဖူးမှပဲ သိလိုက်ရလေတော့သည်။

× × ×

လေးမြားတကိုင်ကိုင်၊ ဒူးလေးတကိုင်ကိုင်နဲ့ရှိနေသော ရာဟုကို တချို့က မနှစ်သက်ကြပေ။ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အကုသိုလ်အလုပ်ကို လုပ်သောသူဟု ကွယ်ရာမှာ ကဲ့ရဲ့ကြလေသည်။

"ရာဟု. . နင် မုဆိုးအလုပ်ကို မလုပ်ပဲမနေနိုင်ဘူးလား၊ နင်နှင့်ငါ့အကြောင်းကို သိတဲ့လူတွေကလည်း ငါ့ကိုပါ ဝေဖန်နေကြပြီဟ"

"ငါ့ကို ဘယ်သူတွေက ဘယ်လိုဝေဖန်နေကြလို့လဲ သီသီ"

"နင်က ရုပ်ရည်ကလေးရှိပေမယ့် တောထဲဝင်ပြီး သားကောင်တွေပစ်၊ ဖမ်းလိုဖမ်းနဲ့၊ အကျည်းတန်တဲ့ အလုပ်တွေကို လုပ်နေတယ်တဲ့၊ ငါ့လို ကွမ်းတောင်ကိုင်မိန်းကလေးတစ်ဦးက နင့်လိုလူမျိုးကို ဘာများ မက်စရာရှိလို့ ကြိုက်နေရတာလဲလို့ တဲ့လေ"

"ဒါလည်း ဟုတ်တာပဲ၊ နင်ကကော ငါ့ကို ဘာဖြစ်လို့ ကြိုက်ရတာလဲ"





"အံမယ်. . နင့်ကို ဘာဖြစ်လို့ ကြိုက်ရတာလဲ၊ ဟုတ်လား၊ နင်က အရင် ငါ့ကို ရည်းစားစကား ပြောတာပဲမဟုတ်လား. . . ရာဟု"

"ဟုတ်တယ်လေ၊ ငါက နင့်ကို ချစ်လို့ပြောတာ၊ နင်က ငါ့ကိုပြန်ပြီးတော့ မကြိုက်ရင်လည်း ရတာပဲမဟုတ်လား"

"ဩ. . နင်က ငါ့ကို အခုကျတော့မှ ဒီလို စကားမျိုး ပြောပြီပေါ့. . ဟုတ်လား၊ နင်က ဒီမုဆိုးအလုပ်ကို လုပ်နေပေမယ့် နင်စိတ်ဓာတ်ကို သဘောကျလို့ ငါက ပြန်ပြီးချစ်ရတာ ပေါ့ဟဲ့၊ ကဲဟယ်. . . ပြောဦး"

"အား"

မြသီက ရာဟု၏ဗိုက်ကို ဆွဲလိမ်လိုက်လေသည်။ သူတို့နှစ်ယောက်သည် ငယ်သူငယ်ချင်းများဘဝမှ သမီးရည်းစားဘဝသို့ ကူးပြောင်းလာကြသူများဖြစ်ကြသည်။ မြသီ၏ မိဘတွေကလည်း ရာဟုနှင့်သဘောမတူကြပေ။

ထို့ကြောင့် သမီးရည်းစားနှစ်ယောက်သည် ခိုးကြောင်ခိုးဝှက်နဲ့ တွေ့ကြရသည်။

"ရာဟု. . နင် ငါ့ကို ခိုးပြေးဟာ"

မြသီ၏ စကားကြောင့် ရာဟုမှာ အံ့အားသင့်သွားခဲ့ရလေသည်။

"ငါက နင့်ကို ခိုးပြေးရမယ် ဟုတ်လား၊ ချက်ချင်းကြီး



www.burmeseclassi.com

www.burmeseclassi.com



ပါလား. . မြသီ၊ ဘယ်လိုဖြစ်တာလဲ”

“ဘယ်လိုဖြစ်ရမှာလဲ၊ ငါ့မိဘတွေက နင်နှင့်သဘော မတူဘူးဆိုတာ နင်လည်း သိသားပဲဟာ”

ရာဟုသည် တစ်ချက်တော့ တွေဝေသွားခဲ့ရလေ၏။ မြသီ၏ မိဘများက ရွာတွင် သူကြွယ်အဆင့်ရှိကြလေသည်။ သူတို့၏ သမီးမြသီနှင့်ရာဟုတို့ ရည်ငံနေကြသည်ကို သိထားကြသော်လည်း သမီးဖြစ်သူကို မတားဆီးရဲကြပေ။ မြသီက စိတ်ဆတ်သည်။ တားဆီးလိုက်ပါက လျှင်မြန်စွာပင် ခိုးရာလိုက်ပြေးသွားမည်ကို စိုးသောကြောင့်ပင်။

ရာဟုကလည်း မြသီနှင့်သူ့ကို ရွာသားတချို့ကလည်း သဘောမတူ၍ မလိုတမာပြောနေကြသည်ကို သိသည်။

“ငါ့ကို နင်နဲ့ သဘောမတူတာ၊ နင့်မိဘတင်မဟုတ်ဘူး။ ဒီတစ်ရွာလုံးပဲ၊ ငါ့ကို မလိုတမာ ဖြစ်နေကြတာ”

“ရာဟုရယ်. . ငါ့ကို တစ်ခြားတစ်ယောက်ယောက်နဲ့ ပေးစားမယ်ဆိုရင် ဘယ်လိုလုပ်ကြမလဲ”

“မီးစင်ကြည့်ကကြတာပေါ့လေ၊ ငါ့မှာကလည်း စုမိဆောင်းပြီးသား မရှိသေးဘူးဟ၊ ငါက နင်နှင့်ယူပြီးရင် မိဘအရိပ်ကို ခိုမယ့်လူ မဟုတ်ဘူး၊ တစ်အိုးတစ်အိမ်ထောင် ထူထောင်မှာ”

“ပြည့်စုံမှသာဆိုရင် တစ်သက်လုံး ယူဖြစ်ကြတော့မှာ





မဟုတ်ဘူး. . ရာဟု၊ ဒီလိုပဲ အတူတူနေကြရင်း ကြိုးစားကြရင် အသင့်အသင့်တော့ ဖြစ်သွားကြတာပဲမဟုတ်လား၊ ငါ့ကို အိမ်က တစ်ယောက်ယောက်နဲ့ ပေးစားလိုက်ရင် ဘယ့်နှယ်လုပ်ကြမလဲ”

“ငါ့ထက်သာတယ်ဆိုရင် ယူလိုက်ပေါ့ဟာ”

“နင်နော်. . နင်. . ကဲဟယ်”

“အား”

ရာဟု၏ ဗိုက်ခေါက်ကို ဆွဲလိမ်လိုက်ပြန်သည်။

“အော်. . အော်ဦးလေ၊ ငါက ပြတ်သွားအောင်ကို လိမ်ဆွဲပစ်မှာ”

ရာဟုသည် မြသီ၏လက်ကို ဆွဲဖယ်လိုက်သည်။ ထိုနောက် သူမ၏ တစ်ကိုယ်လုံးကို သိမ်းကြုံးကာ ဖက်ထားလိုက်လေသည်။

“ရာဟု၊ နင်နော်. . နင်. . ”

အသံတွေက တိတ်ဆိတ်သွားခဲ့ကြသည်။ ရာဟုသည် မြသီ၏ ကိုယ်ပေါ်မှကျော်ကာ တစ်နေရာကို လှမ်းကြည့်လိုက်သည်။ တိတ်ဆိတ်နေသော ညတွင် မြေပိုးကောင်လေးများ၏ စီးစီးစီစီနဲ့ အော်မြည်သံလေးများကိုသာ ကြားနေကြရလေသည်။ သူတို့နှစ်ယောက် ချိန်းပြီးတော့ တွေ့ကြသည့်နေရာကား မြသီတို့အိမ်ခြံ အနောက်ဘက်ရှိ ကောက်ရိုးပုံကြီးမှာဖြစ်



www.burmeseclassi.com

www.burmeseclassi.com



သည်။ ယင်းကောက်ရိုးပုံကြီးသည် ခြံအပြင်ဘက်တွင် ရှိလေသည်။

ရာဟုသည် နတ်စက်ရောင်တောကြီးထဲမှ ပြန်ရောက်လာပြီးကတည်းက ထူးခြားသော အဖြစ်မျိုးကို ရလာခဲ့သည်။ နေ့ပဲဖြစ်ဖြစ်၊ ညပဲဖြစ်ဖြစ်၊ သူတစ်ပါးမမြင်သည့် အရာများကို မြင်နေမိတတ်လေသည်။ ယခုလည်း မလင်းတစ်ဖုံ၊ လင်းတစ်ဖုံနဲ့ ကြယ်ရောင်အောက်မှာ မထင်မရှားသဏ္ဌာန်များကို ရိုးတိုးရိပ်တိတ်ပင် မြင်တွေ့နေရလေသည်။

သဏ္ဌာန်နှစ်ခုသည့် သူတို့ဆီကို လျှောက်လာနေကြသည်။ သို့သော် မလှမ်းမကမ်းကို ရောက်တော့မှ သဏ္ဌာန်က သုံးခုဖြစ်နေလေသည်။ ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်နှင့် သုံးနှစ်မပြည့်တစ်ပြည့် ကလေးငယ်တစ်ယောက်ပင်။ ကလေးငယ်ကိုတော့ လက်ဆွဲပြီး ခေါ်လာခဲ့ကြသည်။

ယောကျ်ားနှင့်မိန်းမသည် ကိုယ်အထက်ပိုင်းမှာ အဝတ်မပါ။ ကိုယ်ထီးတည်း။ ကလေးငယ်ကတော့ အဝတ်အစားလုံးဝမကပ်ပါ။ သုံးယောက်စလုံး၏ မျက်နှာတွေက ချောင်ကျနေကြသည်။ သူတို့ကို ကြည့်ရသည်မှာ အစားအစာကိုကောင်းစွာ ဝလင်စွာ စားသောက်ကြရဟန်မတူကြ။ အငတ်ငတ်၊ အပြတ်ပြတ်နဲ့ ရှိနေကြဟန်တူသည်။

ရာဟုသည် မြသီနှင့်ကိုယ်ချင်းခွာလိုက်လေသည်။





"နင်. . ဘယ်သွားမလို့လဲ. . ရာဟု"

မြသီက ရာဟုကို ဖက်တွယ်ထားကာ မေးလိုက်မိလေသည်။

"နေဦး. . . မြသီ၊ ခဏ"

ရာဟု နေရာက ထွက်လာခဲ့သည်။ မြသီမှာ ရာဟု၏ ကျောပြင်ကို နားမလည်နိုင်စွာဖြင့် ငေးရီကာ ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ ရာဟု၏ လက်ထဲမှာ ငှက်ပျောဖတ်နှင့်ထုပ်ထားသော မုန့်ဆီကြော်ထုပ်တစ်ထုပ် ပါသွားသည်။ မြသီက သူတို့နှစ်ယောက်အတွက် ယူလာခဲ့ခြင်းပင်။

မိသားစုသုံးယောက်သည် နေရာမှာ ရပ်တန့်ကာ ရာဟုကို ကြည့်နေကြသည်။ ရာဟုသည် သူတို့အနားကိုရောက်သောအခါ လက်ထဲက အထုပ်ကို ပေးလိုက်လေတော့သည်။ ယောကျ်ားကြီးက လှမ်းယူလိုက်သည်။ ဇနီးနှင့်ကလေးလည်း အစားအစာမှန်းသိသောအခါ အာသာငမ်းငမ်းနဲ့ လက်လှမ်းနေကြလေသည်။

ထိုနောက် ရာဟုကို ပြုံးပြောင်သော မျက်လုံးတွေဖြင့် ကျေးဇူးတင်ကာ ကြည့်လိုက်ကြသည်။ အထုပ်ကို ရင်မှာပိုက်ကာ ထိုနေရာမှ တရွေ့ရွေ့နဲ့ ထွက်သွားခဲ့ကြလေသည်။ ရာဟုသည် မြသီဆီကို ပြန်၍လျှောက်လာခဲ့သည်။

"နင် ဘယ်ကိုသွားတာလဲ. . . ရာဟု"



www.burmeseclassi.com

www.burmeseclassi.com



"လူလားလို့ပါဟာ၊ ငါတို့ကို တစ်ယောက်ယောက်က များ ချောင်းနေသလားလို့ပါ"

"ဟင်. . . ဟုတ်လား၊ နင် ဘာတွေလိုက်သလဲ"

"မတွေ့ပါဘူး၊ ငါအမြင်မှားတာပါ"

"တော်ပါသေးရဲ့ ဟယ်"

မြသီသည် ရင်ကို လက်ဖဝါးလေးနဲ့ ဖိထားလိုက်လေသည်။ ရာဟုက မြသီ၏ အနားတွင် ထိုင်လိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် ဖက်တွယ်မိလိုက်ကြပြန်သည်။

အတန်ကြာမှ. . .။

"ငါပြန်တော့မယ်. . ရာဟု၊ တော်ကြာ အဖေနှင့်အမေနိုးရင် ငါ့ကိုမတွေ့လို့ ပြဿနာတက်နေပါဦးမယ်"

မြသီသည် ရာဟု၏ ပါးကို တစ်ချက်နမ်းရှုံ့ လိုက်ပြီး နေရာက ထွက်သွားခဲ့လေတော့သည်။ ခြံထဲကို ပြန်ဝင်သွားခဲ့လေ၏။

× × ×

ရာဟုသည် တစ်ပါးသူတွေ မမြင်နိုင်သည့် အရာများကို မြင်နိုင်သည့် စက္ခုစွမ်းအင်ကို ရရှိနေခဲ့သည်။ နတ်စက်ရောင်တောထဲမှ ပြန်လာပြီးကတည်းကဖြစ်သည်။

မိမိတောထဲမှာ ချေနောက်ကိုလိုက်ရင်း မတော်တဆဖြစ်ကာ သတိလစ်သွားခဲ့ရသည်။ တမလွန်မှ အဖိုးဖြစ်သူဦး





တက်ခေါင်နှင့်သတိလစ်နေစဉ်အတွင်း အိပ်မက်ထဲမှာ တွေ့သည်။ မိမိကို အမြင်ပေါက်ဆေးလုံးဟုဆိုကာ တိုက်ကျွေးခဲ့လေသည်။ ယင်းဆေးလုံးသည် အာနိသင်ရှိသလော။ အိပ်မက်ထဲက ကိစ္စသည် အမှန်လား။ မိမိတကယ်ပဲ သောက်သုံးမိခဲ့လေသလား။ နားမလည်နိုင်ပါ။

ဤကိစ္စကို မည်သူ့ကိုမှ မပြောပြပဲ လျှို့ဝှက်ထားမိသည်။ မိမိတိုယ်တိုင်ပဲ အာရုံထဲ ထင်မြင်မိမှားခဲ့သည်လား။ ခေါင်းကို ထိခိုက်မှုဖြစ်သွားခဲ့ရ၍ စိတ်ထွေပြားမှုအမြင်လွဲသွေမှုရောဂါမျိုးရရှိလေခဲ့သလား မပြောတတ်ပါ။

တစ်ရက်တွင် ရာဟုသည် မိုးလုံးနှင့်အတူ ရွာပြင်ရှိ ဇရပ်ပျက်ကြီးတစ်ခု၏အနီးမှ ဖြတ်လျှောက်လာသည်။ တစ်ဝက်လခြမ်းကလည်း သာနေလျက်ရှိသည်။ ယင်းဇရပ်ပျက်ကြီးသည် ယခင်က သုဿာန်ဟောင်းနေရာဖြစ်သည်။ ရွာက တဖြည်းဖြည်းနဲ့ အိမ်ခြေတိုးလာသောအခါ သုဿာန်နဲ့ နီးလာသည်။ ထို့ကြောင့် သုဿာန်ကို ဝေးသောနေရာသို့ ရွှေ့ရလေတော့သည်။

ဇရပ်ကြီးကား ထီးတည်းပင်ကျန်ရစ်ခဲ့သည်။ လရောင်အောက်တွင် ဇရပ်ကြီးကား မည်းမည်းငုတ်တုတ်သဏ္ဍာန်ရှိနေလေသည်။ အလေ့ကျသစ်ပင်တွေကလည်း ဘေးမှာ ဝန်းရံပြီးတော့ ပေါက်နေကြသည်။ ခြုံပိတ်ပေါင်းတွေကား [illegible]နေရာ



www.burmeseclassi.com

www.burmeseclassi.com



တစ်စု၊ ဒီနေရာတစ်စုနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေလေတော့သည်။

နောက်တစ်နှစ်ခန့်ကြာလျှင် ဤနေရာ၌ လူနေအိမ်များ ရှိလာပေရော့မည်။ လူကြီးတွေက လူအားဖြင့် ရှင်းလင်းကာ ခြံကွက်ရိုက်၍ မရှိဆင်းရဲသားများကို ဝေငှပေးပေလိမ့်မည်။ ကွင်းပြင်ထဲမှာမို့ လေက တဟူးဟူးဖြင့် တိုက်ခတ်လျက်ရှိသည်။

တစ်ဖက်ရွာတွင် လူမမာသွားမေးရင်း အပြန်မှာ ဖြတ်လမ်းကို အသုံးပြုလာခဲ့ကြခြင်းပင်။

"လေက တအားတိုက်နေတာပဲ. . . ရာဟု"

"ကွင်းထဲမှာမို့ တိုက်ကောင်းနေတာပေါ့ကွာ"

"ဖြောင်း. . . ဖြောင်း"

ဇရပ်ကို မိုးထားသော သွပ်တွေကို လေပင့်ရိုက်သဖြင့် တဖြောင်းဖြောင်းဖြင့် မြည်နေကြသည်။

"ဟာကွာ၊ တော်တော်နားမခံနိုင်စရာပဲကွာ"

မိုးလုံးက ကြောက်တတ်သည်။ ဇရပ်ပျက်ကြီးကို ခပ်လှမ်းလှမ်းကနေကြည့်ရင်း ကျောထဲမှာ စိမ့်တက်သွားခဲ့သည်။ ရာဟုနှင့်ယှဉ်ပြီးတော့ လျှောက်လာခဲ့လေ၏။

ဇရပ်ကြီးအနားကို ရောက်သောအခါ ရာဟုစိတ်ထဲမှာ အလိုလိုနေရင်း လေးလံလာခဲ့သည်။ ထူးခြားချက်တစ်ခုခုကို တွေ့ရတော့မည်ဟု သိလာရတိုင်းမှာ ဤကဲ့သို့ ဖြစ်တတ်





လေသည်။ သို့ကြောင့် ဇရပ်ပျက်ကြီးပေါ်ကို မသိမသာဖြင့် လှမ်းပြီးတော့ ကြည့်လိုက်မိသည်။ တွေ့လိုက်ရသည်က ဖြူဖြူသဏ္ဌာန်များပင်။

အချို့သည် ကြီးမားသော ခန္ဓာကိုယ်ကြီးရှိပြီး ခေါင်းက သေးသေး၊ ခြေတံလက်တံတိုကာ အဝတ်ဗလာနတ္ထိ၊ အချို့ကတော့ ကမ္ဗလာန်းရုပ်ပေါက်နေကြပြီး အရိုးပေါ်အရေတင်ကာ နေရာမှမထနိုင်ကြ။ ကြမ်းပြင်ပေါ်မှာ လဲလျောင်းနေကြလေသည်။

အချို့ကား တစ်ကိုယ်လုံး အမွေးများထူထပ်စွာ ရှိနေကြကာ ခေါင်းသည် လူခေါင်းနှင့်မတူပဲ ခွေးခေါင်းကို တပ်ထားသလိုပင်။ သူတို့သည် ဆင်းရဲဒုက္ခခံစားနေကြရသည်။ လက်တဖြန့်ဖြန့်နဲ့ အစာတောင်းနေကြသည်။ ဝမ်းဝကြဟန်မတူ။ ကျွေးမွေးကြမည့် သူများကင်းမဲ့လျက်ရှိနေကြသည်။ အပါယ်လေးဘုံသားများလားမသိပါ။ ရာဟုသည် မိမိကိုယ်မိမိ မယုံကြည်နိုင်သေး။ ညအမှောင်မှာ မလင်းတဖုံ၊ လင်းတဖုံနှင့်ရှိနေသော လရောင်။ ပတ်ဝန်းကျင်မြင်ကွင်း မသဲကွဲမှုကြောင့် မိမိ၏ မျက်လုံးတွေ လှည့်စားခံရသည်လား။

"ဟော့ကောင် . . မိုးလုံး၊ မင်း ဇရပ်ပေါ်ကို လှမ်းကြည့်လိုက်စမ်း၊ ဘာမြင်ရသလဲ"

မိုးလုံးက ဆတ်ကနဲဆို ဖြစ်သွားပြီး ဇရပ်ဆီကို မျှော်



www.burmeseclassi.com

www.burmeseclassi.com



ရဲန့် လှမ်းပြီးတော့ ကြည့်လိုက်လေသည်။

"ဘာကို မြင်ရမှာလဲကွ၊ ဇရပ်ကြီးအတိုင်းပဲ၊ ဘာမှမမြင်ရဘူး၊ မင်းကလည်းကွာ၊ အလန့်တကြားနဲ့၊ ငါကြောက်တတ်မှန်း မင်းသိလျက်သားနဲ့၊ နေပါဦး၊ မင်းကကော ဘာမြင်လို့လဲ"

"မြင်ရတယ်ကွ"

"မြင်ရတယ် . . ဟုတ်လား၊ ဘာလဲ . . ဘာကိုမြင်ရတာလဲ"

မိုးလုံး အထိတ်တလန့်နဲ့ မေးလိုက်လေသည်။ ရာဟုက မိုးလုံးဖြစ်သွားပုံကို သဘောကျသွားကာ တဟားဟားနဲ့ ရယ်လိုက်ကာ . . .။

"ငါလည်း မင်းလိုပါပဲကွာ၊ ဘာမှ မမြင်ရပါဘူး"

"ဟာကွာ၊ မင်းကလည်း . . ."

မိုးလုံးက ကြောက်လည်းကြောက်၊ စိတ်လည်းထွက်သွားခဲ့ရသည်။ ခြေလှမ်းတွေက ခပ်သွက်သွက်။





## အခန်း – ၇

### ရသေ့ကြီးနှင့်ရာဟု

ရာဟုသည် တစ်ကိုယ်တည်းပင် တောထဲကို ဝင်လာခဲ့သည်။ ဒူးလေးနှင့်မြားကို ကိုယ်နှင့်မကွာပင် ယူဆောင်လာခဲ့သည်။

သူဝင်လာခဲ့သည့် တောက . . နတ်စက်ရောင်တောကြီး။ တောထဲကို တော်တော်ကလေး ဝင်ရောက်လာမိခဲ့သည်နှင့် မြေပြင်ပေါ်မှာ ထင်ရှားသော ခြေရာများကို တွေ့လိုက်ရသည်။ ကျားခြေရာများပင်တည်း။ ရင်ထဲမှာ ထိတ်ကနဲ့သို့ဖြစ်



www.burmeseclassi.com

www.burmeseclassi.com

သွားခဲ့ရလေသည်။ ထို့ကြောင့် သတိထားပြီးတော့ လိုက်သွားခဲ့သည်။

ခြေရာများက ပျောက်မသွားကြ။ လမ်းတလျှောက်လုံး ထင်းထင်းကြီး ပေါ်နေလျက်ရှိသည်။ တစ်နေရာရောက်သောအခါ ခြုံကွယ်တစ်ခုတွင်း ကျားခြေရာများက ပျောက်သွားခဲ့သည်။ ရာဟုအံ့အားသင့်သွားခဲ့ရလေ၏။

"ဟင်. . ကျားခြေရာက ဒီနေရာမှာ အလိုလိုပျောက်သွားပါလား"

ရာဟုသည် ခေတ္တရပ်လိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်မိလိုက်သည်။

"ဟင်"

သူတွေ့လိုက်ရသည်ကား ခြေရာများ။

ကျားခြေရာတော့မဟုတ်။ လူတစ်ယောက်၏ခြေရာ။ ဖိနပ်မပါ။ ဖဝါးပြင်သက်သက်။

"လူခြေရာတွေက ဘယ်လိုရောက်လာခဲ့တာလဲ"

စိတ်ဝင်စားသွားသည်။ ထိုသူသည် မိမိလိုပဲ မုဆိုးတစ်ဦးပဲလား။ ထင်းခုတ်သမားပဲလား။ တော်ရုံလူက နတ်စက်ရောင်တောကြီးထဲကို မလာနိုင်ပါ။ ဤသို့ဖြင့် လိုက်သွားရင်း





တောကျွံလာခဲ့သည်ကိုပင် မသိလိုက်။ ခြေရာရှင်ကို နောက်ကနေ အမီလိုက်သည်။ ကျားက မိမိကို ရှေ့ကနေကြိုပြီးတော့ စောင့်နေပြီး ချောင်းမြောင်းနေမည်လားတုပင် သတိထားနေရသေးသည်။

ခပ်လှမ်းလှမ်းတွင် တရွေ့ရွေ့ဖြင့်သွားနေလေသော သဏ္ဍာန်တစ်ခု။ ရာဟုလှမ်းမြင်မိလိုက်သည်။ သေသေချာချာ ကြည့်လိုက်သောအခါ သားကောင်မဟုတ်။ ရသေ့တစ်ပါးဖြစ်နေသည်။ သပိတ်တစ်လုံးကို ပိုက်ကာ ဣန္ဒြေရသော ခြေလှမ်းများဖြင့် သွားနေသည်။

"ရသေ့တစ်ပါးပါလား၊ ဒီတောကြီးထဲမှာလည်း ရသေ့က ရှိသကိုး"

စိတ်ဝင်စားသွားမိသည်။ ခြေလှမ်းတွေသည် ရသေ့ကြီးနောက်မှ လိုက်နေမိသည်။ ဘာကြောင့် ဤသို့လိုက်နေမိသည်ကိုလည်း မိမိကိုယ်မိမိ နားမလည်မိ။ နောက်ကနေ အပြေးတစ်ပိုင်း လိုက်နေမိသည်။ သို့သော် ရသေ့ကြီးကို မမီ။ ဒေါက်ချာကြီးကို ဆောင်းမထား။ ဆံကျစ်ရသေ့ကြီးဖြစ်သည်။ ထိပ်မှာ စုပြီးတော့ ထုံးထားသည်။

ရာဟုသည် တောနက်ကြီးထဲကို ရောက်မှန်းမသိပဲ


www.burmeseclassi.com

www.burmeseclassi.com



ရောက်လာခဲ့သည်။ ဘေးမှာ ရေတံခွန်ကြီးတစ်ခုက ဘွားကနဲ ဆို ပေါ်လာခဲ့လေသည်။ လွန်စွာမှ မြင့်မားလှသည်။ ရေများ က အမြင့်မှအောက်သို့ အရှိန်ဖြင့် ကျဆင်းလျက်ရှိနေကြလေ သည်။ လွန်စွာမှ သာယာသော နေရာကလေးဖြစ်သည်။ ရင် ထဲမှာလည်း အေးချမ်းသွားခဲ့သည်။

ရာဟုသည် ရေတံခွန်ကြီးကို အံ့အားသင့်စွာဖြင့် ငေး ကြည့်နေမိသည်။ မည်မျှကြာသွားသလဲမသိပါ။ တစ်ဖန် သတိ ပြန်ရသွားပြီး ရသေ့ကြီးဆီကို အာရုံကရောက်သွားသည်။ မ တွေ့တော့ပါ။

"ရသေ့ကြီး. . ဘယ်ရောက်သွားသလဲ"

သူ. . ရေတံခွန်ကြီးဆီကို အာရုံက ရောက်သွားခဲ့၍ ရသေ့ကြီး မည်သည့်နေရာကို ထွက်သွားမှန်းမသိလိုက်။ ဤ သို့ သတိကင်းမဲ့ရမည်လောဟု မိမိကိုယ်မိမိ အပြစ်တင်လိုက် မိလေသည်။ ရသေ့ကြီးကို နောက်ဆုံးတွေ့လိုက်ရသောနေရာ အထိ လျှောက်သွားမိသည်။

ယင်းနေရာကို ရောက်သွားမိသည်နှင့် ရာဟုတွေ့လိုက် ရသည်ကား ကျောက်ဂူကြီးတစ်လုံးပင်။

"ကျောက်ဂူကြီးပါလား၊ တော်တော့်ကို ကြီးတာပဲ"





ရာဟုစိတ်ဝင်စားသွားခဲ့ရသည်။ ခြေလှမ်းတွေကဖြင့် ကျောက်ဂူကြီးဆီကို ရောက်သွားခဲ့သည်။

ထိုစဉ် တစ်ကိုယ်လုံး ဝတ်ဖြူစင်ကြယ်နဲ့ လူကြီးတစ် ဦးက ညောင်ဗုဒ္ဓပင်ကြီးတစ်ပင်အောက်မှ ထွက်လာသည်။

"သူငယ်. . မင်းဒီကိုရောက်လာတာ သိပ်ပြီးတော့ ကံ ကောင်းတယ်၊ သွား. . သွား. . ဂူထဲကို"

ဂူကို လက်ညှိုးထိုးကာ ညွှန်ပြသည်။

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

ရာဟုသည် ဂူဆီကို လျှောက်သွားသည်။ အနီးကို ရောက်ကာမှ ဂူကြီးက ပိုပြီးတော့ ကြီးလာသည်ကို အံ့အား သင့်ဖွယ်ရာ တွေ့လိုက်ရလေတော့သည်။ ဒူးလေးနှင့်မြားကျည် တောက်ကို ဂူအပြင်မှာ ထားခဲ့သည်။ ဂူထဲကို ဝင်လိုက်သည် နှင့် တစ်ကိုယ်လုံး အေးစိမ့်သွားခဲ့ရသည်။

"ချလွမ်. . ချလွမ်. . ချလွမ်"

ဂူမျက်နှာကြက်မှာ ဆွဲထားသော ခေါင်းလောင်းလေး တွေက တချွင်ချွင်ဖြင့် လှုပ်ခတ်သွားခဲ့ကြသည်။ လေမတိုက် ပါပဲနဲ့ အလိုလိုပင် လှုပ်ခတ်သွားကြသည်။ ဂူထဲမှာ တင်ပြင် ခွေ စလင်းကျောက်ဖြူ ဆင်းတုတော်တစ်ဆူကို ဖူးမြင်လိုက်ရ



www.burmeseclassi.com

www.burmeseclassi.com



သည်။ နဂါးလေးကောင်ခံကာ ကျောက်ပလ္လင်ထက်မှာ စံပယ်လျက်ရှိနေလေသည်။

နဂါးတစ်ကောင်သည် ပါးပျဉ်းကြီးကို ဖြန့်ကာ ဆင်းတုတော်ကို အပေါ်ကနေ မိုးထားသည်။ နဂါးလေးကောင်ခံထားသော ပလ္လင်မှာလည်း အရုပ်များမဟုတ်ကြ။ တကယ့်နဂါးအရှင်များ ဖြစ်နေကြသည်ကို တွေ့လိုက်ရလေသည်။

ဆင်းတုတော်၏ရှေ့မှာ ကြေးလင်ပန်း၊ ကြေးသောက်တော်ရေခွက်များမှာ လဲကျနေကြသည်။ ဆွမ်းတော်ပန်းကန်၊ သောက်တော်ရေခွက်ချည်း သက်သက်သာ။ ဖုန်များလိမ်းကျံလျက်ရှိနေကြပြီး ခြောက်သွေ့နေကြသည်။ ကြေးပန်းအိုးနှစ်ခုသည်လည်း ထိုနည်းလည်းကောင်းပင်။

ရာဟုသည် မနေနိုင်တော့ပဲ ယင်းပစ္စည်းများကို ယူဆောင်ကာ ဂူအပြင်ကို ယူဆောင်သွားသည်။ ရေတံခွန်မှကျ၍ စမ်းအိုင်ကြီးဖြစ်နေသော နေရာဆီကို ယူသွားပြီး ဆေးကြောသည်။ သန့်စင်သည်။

ကျောက်တုံးကြီးတစ်တုံးပေါ်ကနေ၍ လှမ်းပြီးကြည့်သောအခါ သရက်ပင်ကြီးတစ်ပင်ကို လှမ်းပြီးတော့ တွေ့လိုက်ရသည်။ သရက်သီးများက ဝင်းမှည့်နေလျက်ရှိကြသည်။ သ





ရက်သီးမှည့်ငါးလုံးကို ဆွတ်ခူးသည်။ ထိုနောက် တောပန်းကလေးများကို တွေ့ရသည်။ သစ်ပင်ထက်က ဆင်းလာပြီး ရောင်စုံတောပန်းလေးတွေကို စိတ်ပါစွာပင် ခူးယူသည်။

ရေဖြင့်လည်း သန့်စင်စွာ ဆေးကြောလေသည်။ ထိုနောက် ဂူဆီကို ပြန်လာပြီး သောက်တော်ရေ၊ သစ်သီးဆွမ်း၊ ပန်းများကို ဆက်ကပ်လေသည်။ ထိုသို့ ကိုယ်တိုင်ဆက်ကပ်လှူဒါန်းရသောကြောင့် ရင်ထဲမှာ များစွာပင် ပီတိဖြစ်မိရလေသည်။ ထိုနောက် ဆင်းတုတော်ကို ဦးချပြီး ဂူအပြင်ကို ထွက်လာခဲ့လေသည်။

ရင်ထဲမှာ များစွာပင် ပီတိဖြစ်လာခဲ့ရသည်။ ဂူအပြင်မှာ ထားခဲ့သည့် ဒူးလေးနှင့်မြားကျည်တောက်ကို မမေ့မလျော့ပဲ ပြန်ပြီးတော့ ယူလာခဲ့သည်။ လာရာလမ်းအတိုင်း ပြန်လာခဲ့ရာ ခပ်လှမ်းလှမ်းတွင် ရွှေသမင်ကြီးတစ်ကောင်ကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။ ကြော့ရှင်းသော ကိုယ်ဟန်နှင့် လှပသော ချိုကြီးများသည် ကားနေလျက်။

ရာဟုသည် ဂူထဲမှာ ဆင်းတုတော်အား ကုသိုလ်ပြုခဲ့သည်ကို ချက်ချင်းပင် မေ့လျော့သွားခဲ့သည်။ မြားတံကို ညှို့မှာတင်လိုက်ပြီး ပစ်ထည့်လိုက်လေတော့သည်။



www.burmeseclassi.com

www.burmeseclassi.com



ဒေါင်. . .။

အဆိပ်လူးမြားကား သမင်ဖိုကြီး၏ လက်ယာနံပါးကို ထိမှန်သွားခဲ့လေပြီ။ ရာဟုဝမ်းသာအားရဖြစ်သွားခဲ့ရလေ၏။ မလှုပ်မယှက်နဲ့ ရှိနေသော သမင်ဖိုကြီးဆီကို ရောက်အောင် ပြေးသွားခဲ့သည်။ အနားကို ရောက်သောအခါ. . .။

"ဟင်"

ရာဟု တုန်လှုပ်ချောက်ချားစွာပင် ခံစားလိုက်ရသည်။ လဲကျနေသောသူကား ရွှေသမင်ဖိုကြီးမဟုတ်ပါ။ ရသေ့ကြီး တစ်ဦးပင်တည်း။ ရသေ့ကြီးသည် ရင်ဝမှာ မြားတန်းလန်းဖြင့် ရှိနေကာ သေငယ်ဇောဖြင့် မျောနေလေသည်။ ထိုမြင်ကွင်းကို မြင်လိုက်ရသော ရာဟုသည် လွန်စွာမှ ထိတ်လန့်သွားခဲ့ရပြီး အလန့်တကြားဖြင့် အော်မိလိုက်လေတော့သည်။

"အား. . ."

× × ×

ရာဟုတစ်ကိုယ်လုံး ချွေးစေးများ ပြန်လျက်ရှိသည်။ ရင်ထဲမှာ ပူလောင်နေသည်။ တစ်ကိုယ်လုံးလည်း မီးမြိုက်ခံထားရသလိုပင်။ အိပ်ပျော်နေရာမှ လန့်ပြီးတော့ နိုးလာသည်။ အိပ်မက်ဆိုသည်ကိုတော့ သိလိုက်သည်။ သို့သော် မယုံရဲသေး





မျက်လုံးတွေထဲမှာ မြားဒဏ်ရာနဲ့ လဲကျနေသော ရသေ့ကြီးကိုပင် မြင်ယောင်နေမိသည်။

"ဟား. . ငါ့အိပ်မက်က ကြောက်စရာကောင်းလိုက်တာ၊ သူတော်ကောင်းကိုမှ ပစ်မှားမိတယ်၊ ဒါအကုသိုလ်ပဲ၊ ငါ့ရည်ရွယ်ပြီးတော့ ပစ်တာက သားကောင်ကိုပါ၊ ဘယ်လိုကြောင့် ရသေ့ကြီးဖြစ်သွားရတာလဲ"

မိမိကိုယ်မိမိ ခွင့်မလွှတ်နိုင်အောင် ဖြစ်သွားခဲ့ရလေသည်။ ဤအဖြစ်ကို မေ့ပျောက်ပြီး ပြန်အိပ်ရန် ကြိုးစားသေးသည်။ အိပ်၍မပျော်။ ကြောက်စိတ်ကသာ ကြီးစိုးနေလျက်ရှိလေသည်။

"ငါများ အိပ်မက်မဟုတ်ပဲ အပြင်မှာ မှားပြီးတော့ ပစ်မိလိုက်ရင်. . ."

တွေးရင်းက ပိုပြီးတော့ ထိတ်လန့်လာမိလေသည်။

"တော်ပါသေးရဲ့၊ အပြင်မှာ ငါမှားပြီးတော့ ပစ်မိတာမဟုတ်လို့"

စိတ်သောကတစ်ဝက်က ပြေလျော့သွားခဲ့ရသည်။ မိုးလင်းကာနီးမှပင် အိပ်ပျော်သွားခဲ့လေသည်။

× × ×



www.burmeseclassi.com

www.burmeseclassi.com



ခြံအနောက်ဘက်မှာ မီးခိုးတွေက တလူလူဖြင့် အူပြီးတော့ ထွက်နေကြသည်။ ဒေါ်ရင်ပိုက သစ်ရွက်ခြောက်များကို စုပြီးတော့ မီးရှို့နေခြင်းပင်။ ရာဟုသည် ရေတွင်းထဲက ရေကိုင်နေရင်းက မီးတောက်တွေကို လှမ်းပြီးတော့ ကြည့်လိုက်သည်။

ဒရယ်သေတစ်ကောင်သည် မီးတောက်တွေထဲမှာ လွန့်လူးနေလျက်။ မိမိသတ်ဖြတ်ထား၍ အရေခွံဆုတ်ထားသော ဒရယ်သေသည် တံစို့ထိုးခံထားရကာ မီးကင်ခံရလျက်ရှိနေသည်။ သို့သော် ဒရယ်သေကောင်သည် သေသေးဟန်မတူ။ ခြေလက်တွေ လှုပ်ရမ်းနေကြလျက် ပါးစပ်ကြီးကိုဟကာ နာကျင်စွာ အော်မြည်နေလျက်ရှိသည်။ ရာဟုသည် ရင်ထဲမှာ ပူလောင်လျက်ရှိကာ ချက်ချင်းပင် မျက်နှာကို လွှဲပစ်လိုက်လေတော့သည်။

တဖန်ပြန်၍ မရဲတရဲနဲ့ ကြည့်မိလိုက်သောအခါ မီးတောက်ထဲမှာ ဘာမှမရှိ။ မီးခိုးတွေက တလူလူနဲ့သာ တွေမြင်လိုက်ရသည်။

"မရှိတော့ဘူး၊ မရှိတော့ဘူး"

နှုတ်မှ လွှတ်ကနဲဆို ထွက်သွားခဲ့လေရာ. . .။





"ဘာမရှိတာလဲ. . . သား"

ဒေါ်ရင်ပိုက ရာဟုပြောလိုက်သည်ကို နားစွန်နားဖျားကြားလိုက်ရ၍ မေးလိုက်လေရာ. . .။

"ဘာ. . ဘာမှမဟုတ်ပါဘူး အမေ"

ရာဟုက ခေါင်းရှို တစ်ချက်ခါရမ်းကာ ပြောလိုက်သည်။ ဒေါ်ရင်ပိုလည်း သားဖြစ်သူကို ဘယ်လိုနားလည်ရမှန်းမသိအောင်ပင် ဖြစ်သွားခဲ့ရလေသည်။ ခါတိုင်းဆိုလျှင် ထူးခြားသော အဖြစ်အပျက် အိပ်မက်များနှင့်ပတ်သက်ခဲ့လျှင် မိဘနှစ်ပါးနှင့်ဘွားအေဖြစ်သူ ဒေါ်ပိုက်ကို ပြောပြတတ်သော်လည်း ဤလိုအိပ်မက်မျိုးကို မည်သူ့ကိုမှ မပြောပြဖြစ်တော့။ မိမိဘာသာမိမိ ရင်ထဲမှာပဲ ထားထားလေသည်။

ကြာသော်. . .။

အိပ်မက်နှင့်ပတ်သက်သည့် ခံစားချက်က တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားခဲ့လေသည်။ မိမိ၏ ဦးနှောက်ထဲနှလုံးသားထဲမှာ ကျန်ရစ်ခဲ့သည်ကား မုဆိုးအလုပ်ကို စွန့်လွှတ်လိုက်ဖို့ပင်။ သားကောင်တွေကို မပစ်ခတ်တော့ဟု ဆုံးဖြတ်လိုက်လေသည်။

သို့သော်. . .။



www.burmeseclassi.com

www.burmeseclassi.com



ရာဟုမပြတ်နိုင်သည်ကား မိမိလက်စွဲတော် ဒူးလေးနှင့်မြားကိုပင်။

"ငါ. . သတ္တဝါတွေရဲ့ အသက်ကို မသတ်ဖြတ်ရင်ပြီးတာပဲ၊ တောထဲသွားပြီး ထင်းခုတ်ရင် ကိုယ့်အသက်ကို ကာကွယ်ဖို့အတွက်ကတော့ ဆောင်ထားရမယ်"

ရာဟုသည် အရင်ဘဝတွေက မုဆိုးနှင့်ပတ်သက်သည့် အထုံရေစက်သည် မည်မျှကြီးမားခဲ့လေသလဲမသိ။ မုဆိုးလက်နက်ကို မစွန့်လွှတ်နိုင်သေးပါတကား။





## အခန်း – ၈

## ကျော့ပြင်ပေါ်က လက်ဝါးရာကြီး

တစ်ရက်တွင်. . .။

ပိန်ညင်းရွာမှ ရွာသူရွာသားများသည် ရွာဦးကျောင်းတော်ကြီး၏ ဆွမ်းစားဆောင်တစ်ဆောင် ဆောက်လုပ်ရန်အတွက် တိုင်ပင်ကြသည်။ ရွာမှ လူကြီးတစ်ဦးက. . .။

"နတ်စက်ရောင်တောကြီးထဲမှာ သစ်ဝါးတွေကောင်းကောင်းရှိတယ်၊ ငါတို့လိုချင်တဲ့ သစ်အမျိုးအစားကို ဒီတောကြီးထဲမှာလွဲပြီး ဘယ်မှာမှ မရနိုင်ဘူး"

ဟုအစပျိုးလိုက်သည်။ နတ်စက်ရောင်တောကြီးသူ၍



www.burmeseclassi.com

www.burmeseclassi.com



လူတစ်ဝက်လောက်မှာ တွန့်သွားခဲ့ကြလေသည်။

"ဟာ. . ဒီတောကြီးထဲကိုဝင်ပြီး သစ်ခုတ်ကြမလို့လား မဖြစ်ပါဘူးဗျာ၊ တစ်ခြားတောကိုပဲ သွားကြမယ်လေ၊ မကောင်းဘူးလား"

"တစ်ခြားတောထဲမှာ ဒီလို သစ်ဝါးကောင်းကောင်း မရှိဘူးလို့ ကျုပ်ပြောပြီးပြီပဲ"

ဟုတ်တော့လည်း ဟုတ်သည်။ နတ်စက်ရောင်တောကြီးထဲမှာသာ အဖိုးတန်ခိုင်မာသော သစ်ကောင်းကို ရရှိနိုင်ပေမည်။

ဤသို့ တစ်ယောက်တစ်မျိုးနှင့် ဆွေးနွေးနေကြပြီးတဲ့နောက်. .။

"ကောင်းပြီလေ၊ နတ်စက်ရောင်တောကြီးထဲကို သွားကြမယ်၊ သွားလမ်းလာလမ်း၊ ဝင်လမ်းထွက်လမ်း ကျွမ်းတဲ့သူ ဘယ်သူရှိသလဲ"

"ဒီတောထဲကို မကြာခဏ သွားလာနေတတ်တဲ့ ထင်၊ သမားဖိုးကြဲလည်း မနှစ်ကသေသွားပြီ၊ အဲ. . အခုတော့ တစ်ယောက်ရှိတယ်"

"သူက ဘယ်သူလဲ"

"ရာဟုပါ"





"ရာဟု ဟုတ်လား၊ အင်း. . ဒီကောင်လေးလည်း နတ်စက်ရောင်တောထဲကို မကြာခဏ သွားလာနေတတ်တယ်လို့ သတင်းရတယ်၊ ကောင်းတယ်၊ ခေါ်ကြည့်လေ လိုက်မလားလို့"

"လိုက်မှာပါဗျာ၊ ဒီကောင်လေးက ဒါလောက်မရိုင်းပါဘူး၊ ရွာအကျိုးအတွက် အကူအညီလို့ရင် ဘယ်တော့မှ မငြင်းတတ်ပါဘူး"

အားလုံး ရာဟုကို အကူအညီတောင်းရန် ဆုံးဖြတ်လိုက်ကြလေသည်။

x x x

နတ်စက်ရောင်တောကြီးထဲသို့ တရွေ့ရွေ့နှင့် ဝင်လာခဲ့ကြသူတစ်စု။ ရှေ့ဆုံးက. . ရာဟု။ နောက်မှာ ရွာသားငါးယောက်။ ယိုငါးယောက်ထဲမှ တစ်ယောက်က လူကြီးမို့ လှည်းပေါ်ကနေ လိုက်ပါလာခဲ့လေသည်။ တောလမ်းမို့ လှည်းလမ်းရယ်ဟုမရှိ။ လမ်းသည် မည်ကာမတ္တမျှသာ။

မညီမညာ ခနော်ခနဲ့ လမ်းပေမို့ လှည်းကခေါင့်ပါ၊ လမ်းလျှောက်ရသည်က ပို၍ကောင်းသည်။ သက်သာသည်ဟု လက်ခံထားကြသည်။ နောက်မှ လိုက်ပါလာသော လှည်းတစ်စီးကလည်း လှည်းမောင်းသူမှအပ အလွတ်ချည်းသာ။

"နတ်စက်ရောင်တောကြီးထဲကို တော်တော်လေး



www.burmeseclassi.com

www.burmeseclassi.com



ပြီလားဟေ့. . ရာဟု”

လူရွှယ်တစ်ယောက်က ရှေ့ဆုံးက သွားနေကြသော ရာဟုကို မေးလိုက်သည်။

“အခုမှ အစရှိသေးတယ်. . ကိုကြက်တော၊ ခင်ဗျားကို ကျွန်တော်သတိပေးထားပြီးပြီနော်၊ တောထဲမှာ စကားပြောဆင်ခြင်ပါ”

ရာဟုက ကြက်တော၏ အကြောင်းကိုသိ၍ ရှူးသလိုလို၊ ကြောင်သလိုလိုနဲ့ နေရာမရွေး စကားကိုမဆင်မခြင် ပြောတတ်သူ။

“ရာဟု. . မင်းရဲ့လေသံက မာလှချည်လားကွ၊ မင်းကိုယ်မင်း မုဆိုးဆိုပြီး မထီလေးစားနဲ့ ပြောလိုက်တာလား”

“ဘာမှမဆိုင်ဘူး၊ တောထဲကို ဝင်ရင်တော့ စည်းကမ်းရှိတယ်၊ မလိုက်နာနိုင်ရင် ဒီနေရာက လှည့်ပြန်. . ဒါပဲ၊ ပြီးတော့ ကျွန်တော့ကို မုဆိုးလို့ မခေါ်နဲ့”

“မင်းရဲ့ကိုယ်ပေါ်မှာ ဒူးလေးနှင့်မြားစူးတွေ ပါလာတာအားလုံးအမြင်ပဲ. . ရာဟု၊ မင်းက မုဆိုးမဟုတ်ဘူးလို့ ပြောရသေးသလားကွ”

“အိုဗျာ. . ခင်ဗျား မသိပါဘူး”

ရာဟုက စကားကို ပြီးပြီးပြတ်ပြတ်ပင် ပြောလိုက်လေ





သည်။ သူ့အကြောင်းနှင့်သူပင် မဟုတ်ပါလား။

ရာဟု. . ဤလက်နက်များကို ယူဆောင်လာခဲ့ရခြင်းသည် သားကောင်ပစ်ရန် သက်သက်မဟုတ်တော့။ မိမိတို့ကို ရန်ပြုလာကြမည့် ကျား၊ ကျားသစ်၊ ဝံလိုကောင်မျိုးနှင့်ပက်ပင်းတိုးကာ ရင်ဆိုင်မိပါက ကာကွယ်နိုင်အောင်လို့ပင်။

ကိုကြက်တောသည် ရာဟုက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သောကြောင့် ငြိမ်ကျသွားခဲ့ရလေသည်။ နောက်မှ လိုက်ပါလာကြသော သူများသည် နတ်စက်ရောင်တောကြီး၏ အကြောင်းကို ကြားဖူးနားဝ ရှိထားကြသည်။ အဖြစ်ဆိုးနှင့်ကြုံတွေ့ခဲ့ကြသူများလည်း ရှိထားကြ၍ ငြိမ်သက်စွာဖြင့် လိုက်ပါလာခဲ့ကြလေသည်။

တောအဝင်တွင် ရာဟုသည် လမိုင်းနတ်များကို တင်ကာ ပသခဲ့သေးသည်။

“ကြံကြောက် လှည်းအောက်မနေနဲ့တဲ့၊ မမြင်ရတဲ့ နတ်တွေကို အကြောက်ကြီးကြောက်ပြီး ပူဇော်တာတွေ ဘာတွေ လုပ်နေသေးတယ်”

ကိုကြက်တောက မကြားတကြား ပြောလိုက်သည်ကို ရာဟုနှင့်တကွ အားလုံးက ကြားလိုက်ကြရသည်။

“ဟော့ကောင်ကြက်တော. . မင်းကအသုံးတည့်လို့ ဒါတို့ ခေါ်လာခဲ့တာ၊ ဒီလို ပါးစပ်စည်းကမ်းမဲ့ လျှောက်ပြီးပြော



www.burmeseclassi.com

www.burmeseclassi.com



မပြောပါနဲ့ကွယ့်၊ ဖိုးနီ ဘယ်လိုဖြစ်သွားတယ်ဆိုတာ မင်းသိတယ် မဟုတ်လား"

လှည်းပေါ်မှာ ပါလာသော လူကြီးက လှမ်းပြီးတော့ သတိပေးလိုက်ရာ. .။

"ကျုပ်မမွေးခင်ကတည်းက ဖြစ်လာခဲ့တဲ့ကိစ္စ၊ အလကား လုပ်ဇာတ်တွေပါဗျာ"

ကိုကြက်တောက မလျှော့သေး။ ပြောချင်ရာကို ပြောလိုက်ပြန်သည်။ ထပ်ပြောလေ ပိုဆိုးလေဖြစ်မည်စိုး၍ မပြောဝံ့ကြတော့။ သူသည် သစ်အရွေးကောင်းသူတစ်ဦးမို့ အသုံးတည့်၍ ခေါ်လာခဲ့ခြင်းပင်ဖြစ်သည်။ နည်းနည်းသောက်စားထားသည်ဟု ထင်မိသည်။ အတူပါလာသူတွေက ကိုကြက်တောအတွက် စိတ်အနှောင့်အယှက် ဖြစ်နေကြလေသည်။

"အင်း. . အဖျက်ကတော့ ပေါ်ပြီ"

ရာဟု၏စိတ်ထဲမှာ လေးလံလျက် ရှိနေလေသည်။ ကိုကြက်တောအတွက် အန္တရာယ်တစ်ခုခု ကပ်ငြိလာနိုင်သည်ဟု အလိုလိုပင် ထင်နေမိလေသည်။ မကြာမီ သစ်ကောင်းများပေါများသော နေရာသို့ ရောက်လာခဲ့လေ၏။

"ကဲ. . ဒီနေရာမှာ လိုက်ချင်တဲ့ သစ်အမျိုးအစားတွေရှိတယ်၊ ကိုယ်နှစ်သက်ရာကိုသာ ရွေးကြပေတော့"

ရာဟုက လက်ညှိုးထိုးပြီးတော့ ပြောလိုက်လေသည်။





အတူ လိုက်ပါလာကြသူများသည်လည်း သစ်ပင်ကြီးများကို ကြည့်ပြီး သဘောကျသွားခဲ့ကြလေသည်။ တကယ်တော့ ကိုကြက်တောပင် မလိုပါ။ မည်သည့်သစ်ပင်က သစ်အမျိုးအစားကောင်းမကောင်းကို တောသူတောင်သားများ အနေဖြင့် တော်ရုံလူလောက်ကတော့ နားလည်ကြသည်။

ထိုအခါ ကြက်တောက သူ့ကိုဆရာတင်ကာ ခေါ်လာသည်ဟု ဘဝင်နားထင်ရောက်ကာ. .။

"ဟောဒီ သစ်ပင်တွေကိုခုတ်၊ ဟောဒီအပင်တွေကို မခုတ်ကြနဲ့၊ ကျွန်တော်ပြောသလိုသာ လုပ်ကြ"

ဟု သူ့သဘောနှင့်သူ စေခိုင်းပါလေတော့သည်။ ကိုကြက်တောသည် အပင်လုံးလှကာ ဖြောင့်မတ်လျက်ရှိသော အပင်ကြီးတစ်ပင်ကို လက်ညှိုးထိုးပြကာ. .။

"ဟောဒီအပင်ကြီးကို အရင်ခုတ်ကြကွာ"

ဟုပြောလိုက်သည်။ ရာဟုက ကြားသွားပြီး ကိုကြက်တော ညွှန်ပြသော အပင်ကြီးကို ကြည့်လိုက်ရာ တစ်စုံတစ်ရာကို မြင်တွေ့လိုက်ရသည့်အလား မျက်လုံးပြူးသွားခဲ့ရလေ၏။

"ဒီအပင်ကို မခုတ်နဲ့"

ဟုချက်ချင်းပင် တားမြစ်လိုက်လေသည်။

"ဟေ့ကောင်. . . ရာဟု၊ မင်းက ဘာဖြစ်လို့ ဒီလိုတား



www.burmeseclassi.com

www.burmeseclassi.com



ရတာလဲကွ၊ ငါ့ကို ပြောပြစမ်းပါဦး"

"ကိုကြက်တော. . ခင်ဗျားကို ဆရာလုပ်တာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်က မခုတ်သင့်ဘူးထင်လို့ တားမြစ်လိုက်တာပါဗျာ"

"ဟ. . မင်းက အကျိုးအကြောင်း မခိုင်မာပဲနဲ့ ငါ့ကို ဒီလိုတားမြစ်လို့ ဘယ်ရမှာလဲကွ၊ မင်းက ငါ့ကို ဒီလိုဆရာလုပလို့ ရမယ်တဲ့လား၊ ဟေ့. . ကြက်တောတဲ့ကွ၊ ဒီအပင်ကြီးကို မလှဲခင် အကိုင်းအခက်တွေကို အပိုင်းပိုင်းဖြစ်အောင် လုပ်ပစ်လိုက်ဦးမယ်၊ ကြက်တောတဲ့ဟေ့. . ကြက်တောကွ. . ဟား ဟား. . ဟား. . ဟား"

ကိုကြက်တောသည် ရုတ်တရက် ရှုံးသွပ်သွားသည့် အလား သစ်ပင်ကြီးပေါ်ကို ကျွမ်းကျင်စွာဖြင့် ဖက်တွယ်ကာ ပြေးတက်သွားခဲ့လေသည်။

"ဟာ. . ဟေ့. . ကြက်တော၊ မင်းက ဘာလုပ်မလို့လဲကွ၊ ပြန်ဆင်းခဲ့၊ ပြန်ဆင်းခဲ့"

အတူပါလာသော လူကြီးက ကိုကြက်တောကို အော်ပြီးတော့ တားဆီးသည်။ ကိုကြက်တောကလည်း မည်သူ့စကားမှ ဂရုမစိုက်ပါ။ သစ်ပင်ထိပ်ဖျားသို့ ရောက်လုနီးပါး တက်သွားခဲ့လေသည်။ ထိုနောက် ပါလာသော ဓားဖြင့် သစ်ကိုင်းများကို ခုတ်ချနေလေသည်။





"ဟာ. . ကိုကြက်တော၊ ဒီလူတော့ ခက်ကုန်တော့မှာပဲ"

ရာဟုသည် သစ်ပင်ထက်က ကိုကြက်တောကိုကြည့်ပြီးတော့ စိတ်မသက်မသာဖြစ်ကာ ခံစားနေရလေသည်။

"ငါ့ကိုတားရင် ကြက်တောကလည်း ဒီလိုရွဲ့တတ်တယ်ကွ၊ ကဲကွာ. . . ကဲကွာ"

အောက်ကလူတွေက တားဆီးကြလေ၊ ကြက်တောကရွဲ့လေဖြစ်သည်။ လူတွေအားလုံးမှာ ကြက်တောကြောင့် အခက်တွေ့နေကြရလေသည်။

ထိုစဉ် မည်သူ့ကမှ မထင်မှတ်ကြသော အခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။ ရာဟုသည် သစ်ပင်ထက်မှာ အခြေအနေတစ်ခုကို လှမ်းပြီးတော့ မြင်မိလိုက်သလို မျက်လုံးပြူးသွားခဲ့ရပြီ။

"ဗျို့. . ကိုကြက်တော၊ ကိုကြက်တော. . ခင်ဗျား. ."

ရာဟု၏စကား မဆုံးလိုက်ပါ။

ဗျန်း. . . ။

"အား"

ဗျန်းကနဲဆို အသံကြီးတစ်ခုက မမျှော်လင့်ပဲ ထွက်ပေါ်လာခဲ့ပြီး ကိုကြက်တောလည်း အားကနဲဆို အော်လိုက်ကာ သစ်ပင်ထက်မှ အောက်ကို တရှိန်ထိုးပင် ပြုတ်ကျလာခဲ့



www.burmeseclassi.com

www.burmeseclassi.com



လေတော့သည်။ ကိုကြက်တော၏ ကိုယ်လုံးကြီးသည် သစ်ရွက်များ၊ သစ်ကိုင်းများပေါ်သို့ တဖြောင်းဖြောင်းနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ပစ်ကျလာခဲ့လေသည်။

"ဟာ"

လူတွေက ကိုကြက်တောအတွက် စိုးရိမ်တကြီး ဖြစ်သွားခဲ့ကြသည်။ အထိတ်တလန့် ဖြစ်သွားခဲ့ကြလေသည်။

ဘုန်း. . .။

ပြင်းထန်သော အရှိန်ဖြင့် မြေပြင်ပေါ်သို့ မှောက်လျက်အနေအထား ရိုက်ခတ်မိသွားသည်။ လူတွေက ကိုကြက်တောကို မင်တက်မိပြီးတော့ ငေးကြည့်နေမိစဉ်မှာ အကြောတစ်ချက်၊ နှစ်ချက်ဆွဲပြီး ငြိမ်သက်သွားခဲ့လေသည်။

"ဟာ. . . သေပြီ၊ ဒီကောင်သေပြီ"





နတ်စက်ရောင်တောကြီးထဲမှာ မြူလိုလို၊ မီးခိုးလိုလိုနဲ့ မှိုင်းဝေလျက်ရှိနေလေသည်။ သစ်ပင်ကြီးငယ်တို့သည်လည်း မပီမသ ဝိုးတဝါးနဲ့ ပြတ်သားစွာမရှိ။

ရာဟုသည် တော၏ အလယ်ကို ရောက်နေလျက် လူကြီးတစ်ယောက်သည် အပင်ကြီးတစ်ပင်၏ရှေ့မှာ ကျောပေးကာရပ်နေသည်။ ရာဟုက ထိုလူကြီးကို ကျောဖက်ကသာ မြင်တွေ့နေရသည်။ မည်သူမှန်းမသိ။ အနားကိုရောက်သွားသည်။ ထိုလူကြီးက ရာဟုကို လှည့်ကြည့်လိုက်လေရာ. . .။

"ဟင်. . . အဖိုး"



www.burmeseclassi.com

www.burmeseclassi.com



အခြားသူမဟုတ်။ သူ၏အဖိုး ဦးတက်ခေါင်ပင်တည်း။

"လူလေး. . မင်းလာမယ်ထင်လို့ ငါလာစောင့်နေတာ"

"ကျွန်တော်လာမယ်ဆိုတာ အဖိုးက ဘယ်လိုသိနေတာလဲ"

"အဖိုးပဲလေ၊ တစ်ခြားသူမှ မဟုတ်တာ၊ သိတာပေါ့၊ ကဲ. . လာ. . အဖိုး မင်းကို ပြစရာရှိတယ်"

ဦးတက်ခေါင်သည် အချိန်မရသလိုပင်။ ရှေ့ကနေ

သုတ်သုတ်နဲ့ထွက်သွားခဲ့လေ၏။ ရာဟုလည်း နောက်ကနေလိုက်သွားခဲ့လေသည်။ ရှေ့မှာ မြင်နေရသော လမ်းသည် တောလမ်းဖြစ်သော်လည်း လူတို့ ပြုပြင်ဖန်တီးထားသလိုပင်။ ကွေ့ကွေ့ကောက်ကောက်နဲ့ ရှိနေသည်။ ယင်းလမ်းပေါ်ကို ခြေချမိလိုက်သည်နှင့် မိမိနှင့်မသက်ဆိုင်သော နေရာတစ်ခုကို ရောက်သွားသလိုပင် ခံစားလိုက်ရသည်။





ဦးတက်ခေါင်က နောက်ထပ် ဘာစကားမှ မပြောတော့ပါ။ မြွေလိမ်မြွေကောက် လမ်းကလေးမဆုံးမီမှာပင်။

"လူလေး. . . ဟိုးကို လှမ်းကြည့်လိုက်စမ်း"

တစ်နေရာကို လက်ညှိုးထိုးပြလိုက်လေသည်။ အပေါ်စီးမှ ဆီးပြီးတော့ မြင်နေရသည့် နေရာသည် တောင်ကုန်းများ ထူထပ်နေသည်။ ထို့ကြောင့် လမ်းတစ်ဖက်ကို ဘာမှမမြင်နိုင်ပေ။ ရာဟုကလည်း လှမ်းပြီးတော့ ကြည့်လိုက်လေ၏။

"အဲဒီနေရာမှာ လူလေးရဲ့ ဖူးစာရှင်ရှိတယ်၊ အဖိုးရှာထားပေးတာ"

"ဟာ. . အဖိုးကလည်း ကျွန်တော့်မှာ ချစ်သူရှိပြီးသားပါ၊ နောက်ထပ်တစ်ယောက်ကို မမှန်းပါဘူး"

"အဖိုးက သင့်တော်သလို စီစဉ်တာကို လူလေးက



www.burmeseclassi.com

www.burmeseclassi.com



နာခံရမှာပေါ့၊ လူလေးက လက်မခံဘူးဆိုရင်လည်း တစ်နေ့ကျ ဒီနေရာကို ရောက်လာရမှာပဲ၊ အဖိုးက လူလေးကိုမရောက်ရောက်အောင် ခေါ်ရမှာပဲ"

"ဟာ. . အဖိုးကလည်း မဖြစ်နိုင်တာကို ပြောနေတာကိုး"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲကွယ့်၊ အဖိုးရဲ့ တိုက်တွန်းမှုမကို လက်မခံဘူးဆိုတာ ရှိကိုမရှိစေရဘူး"

"ဟာ. . . အဖိုး၊ မဖြစ်နိုင်ဘူးဗျာ၊ မဖြစ်နိုင်ဘူး"

x x x

"မဖြစ်နိုင်ဘူး. . အဖိုး၊ လုံးဝလက်မခံဘူး"

ရာဟုသည် ခေါင်းကို ဘယ်ညာခါရမ်းကာ ငြင်းနေလျှက်ရှိသည်။

"ဟေ့ကောင်. . ရာဟု၊ မင်းဘာဖြစ်နေတာလဲ"

ရာဟု၏ လက်မောင်းကို တစ်ယောက်က လာပုတ်သည်။ ထိုအခါ ရာဟုသည် ဖျတ်ကနဲဆို လန့်သွားပြီးတော့နိုးသွားခဲ့ရသည်။ မျက်လုံးကို ဖွင့်ကြည့်လိုက်မိသည်။ နေရာမှာပင် ထထိုင်လိုက်သည်။ ပြီးတော့ ဟိုဟိုဒီဒီ လိုက်ပြီးတော့ကြည့်နေမိလိုက်လေသည်။





ထိုနောက် တဟားဟားနဲ့ ရယ်မောပစ်လိုက်လေ၏။ မိုးလုံးသည် ရာဟုကို ကြည့်ပြီးတော့ မျက်လုံးပြူးသွားခဲ့ရလေတော့သည်။

"ဟေ့ကောင်. . . ရာဟု၊ မင်းဘာတွေဖြစ်နေတာလဲ၊ တဲထဲမှာ တစ်ယောက်တည်း ငိုဟယ်ရယ်ဟယ်နဲ့၊ ဒီကောင်ရူးများနေပြီလား"

ထိုအခါကျမှ ရာဟုသည် အရယ်ရပ်လိုက်ပြီး. . .။

"ငါ. . မင်းရောက်နေတာကိုလည်းသိတယ်၊ မရူးဘူးကွ"

"ဒါဆို တဲထဲမှာ မင်းတစ်ယောက်တည်း အိပ်ပျော်သွားပြီး အိပ်မက်မက်နေတာပဲ ဖြစ်ရမယ်"

"မှန်သပေါ့ကွာ၊ အိပ်မက်ထဲမှာ ငါ့အဖိုးက ငါ့ကို ဖူးစာရှင် ရှာပေးမတဲ့ကွာ၊ မိန်းမပေးစားမလို့တဲ့၊ အဲဒါကို ငါကလက်မခံပဲ ငြင်းနေမိတာကွ"

"မင်းအဖိုးက ဟုတ်လား၊ သူက လောကကြီးထဲမှာ ရှိမှမရှိတော့တာ၊ မင်းကို မမွေးခင်ကတည်းက သေသွားတာဆို"

"ဟုတ်တယ်၊ ဒါကိုလည်း ငါသိတယ်၊ အဖိုးက ရှင်



www.burmeseclassi.com

www.burmeseclassi.com



ကြီးတိုက်တွန်းနေတော့ ငါလည်း ရယ်မိတာပေါ့ကွာ"

"တဲထဲမှာ မင်းက တစ်ယောက်တည်းဆိုတော့ တစ်ခုခုများဖြစ်သလားဆိုပြီး စိုးရိမ်သွားမိတာကွ"

"ငါမြေပဲပင်တွေကို စောင့်ရင်း အိပ်ပျော်သွားခဲ့တာကွ၊ မင်းသိတဲ့အတိုင်းပဲလေ၊ နေ့ခင်းကြောင်တောင်ကြီးတောင် အပင်တွေ လာခိုးနှုတ်ကြတာဆိုတော့ ဒီလိုမှ မစောင့်ရင် မဖြစ်ဘူးကွ"

"မင်းကွာ. . ငါ့ကိုလည်း ပြောပါ၊ ငါလည်းစောင့်အိပ်ပေးနိုင်ပါတယ်ကွ"

"မပြောမိတော့ဘူးကွာ၊ မင်းလည်း ဘယ်ကိုရောက်နေမှန်းမသိတော့၊ အဲ. . ဒါလည်း ပါတာပေါ့ကွာ"

"ကွင်းတဲမှာ တစ်ယောက်တည်း အိပ်တာလည်း အိပ်တာပေါ့ကွာ၊ တော်ကြာ. . ဖုးစာရှင်က မင်းနောက်ကို လိုက်လာဦးမယ်"

"လိုက်လာလည်း ငါက လံက်ခံဦးမှကိုးကွာ၊ ဟား. . ဟား. . ဟား"

ရာဟုက သူ့စကားသူ သဘောကျသွားပြီး ဟားတိုက်ကာ ရယ်ပစ်လိုက်မိပြန်သည်။





(သာမန်ဟုယူဆထားသော ကိစ္စလေးသည် နောင်အခါ စကားနောက် တရားပါခဲ့ရလေသတည်း. . .။)

x x x

တစ်လခန့်အကြာတွင်. . .။

"သားရေ. . . ရာဟု"

"ဗျာ. . . အဖေ"

"နွယ်ချိုလိုချင်တယ်. . သားရယ်၊ အဖေရင်ကြပ်ဆေးဖော်ချင်လို့၊ အဲဒါမှ နွယ်ချိုစစ်စစ်ကိုရမှာ"

"သား. . သွားရှာပေးမယ်လေ. . အဖေ၊ ရမှာပါ"

ရာဟုက ဖခင်ကို ခပ်ပေါ့ပေါ့ပင် ပြောလိုက်လေ၏။

"အေး. . အေး. . မနက်ဖြန်မနက်ကို သွားရှာ၊ ဒီနေ့တော့ အချိန်မရှိတော့ဘူး"

ရာဟုက မိဘအတွက်ဆို အလေးထားသည်။ နောက်တစ်နေ့ နံနက်တွင် လက်စွဲတော်ဒူးလေးနှင့်ဓားမတိုတစ်ချောင်းကိုယူကာ အိမ်မှထွက်လာခဲ့လေသည်။

ဖခင်ဦးလွန်းတင်ကလည်း ရာဟုမည်သည့်တောမှာ သွားရှာလဲဟု မမေးမိလိုက်။ အကြာကြီးနေမှ. . .။

"ဟင်. . သားက ဘယ်တောကို သွားမှာပါလိမ့်



www.burmeseclassi.com

www.burmeseclassi.com



စိတ်ထဲမှာ နည်းနည်းတော့ ထင့်သွားမိခဲ့ရလေသည်။

x x x





## အခန်း – ၁၁

## အရိုးလက်ချောင်းများ

ရာဟုသည် ရွာမှ ထွက်လာကာစက. . .။

"အရှေ့ဘက်တောကို သွားမယ်၊ အဲဒီမှာ နွယ်ချိုပင်တွေ ရှိတဲ့နေရာကို ငါတွေ့ထားတယ်"

ဟုစိတ်ထဲမှာ ရည်ရွယ်ရင်း လာခဲ့လေသည်။ သို့သော် ရွာအပြင်ကိုရောက်သည်နှင့် စိတ်က အလိုလိုနေရင်း ပြောင်းသွားခဲ့လေသည်။

"နတ်စက်ရောင်တော. . ဟုတ်ပြီ၊ အဲဒီတောကို ငါသွားမယ်၊ နွယ်ချိုပင်တွေဟာ အဲဒီတောထဲမှာလည်း ရှိနိုင်



www.burmeseclassi.com

www.burmeseclassi.com



တယ်"

ခြေလှမ်းတွေက အလိုလိုပင် ပြောင်းသွားခဲ့လေသည်။ မျက်လုံးထဲမှာ နွယ်ပင်တွေ တရမ်းရမ်းနဲ့ ရှိနေသော နွယ်ချုံတောကြီးကို မြင်ယောင်လာခဲ့လေသည်။ နတ်စက်ရောင်တောကြီးထဲကို မသွားပဲနဲ့ မနေနိုင်အောင်ပင် ရှိလာခဲ့ရသည်။ တစ်ယောက်ယောက်က စေစားနေသလိုပင်။ အမိန့်ပေးနေသလိုပင်။ စိတ်ထဲမှာ ဘာလိုလို ဖြစ်နေမှန်းမသိ။ နတ်စက်ရောင်တောကြီးက ရာဟုကို အလိုလိုနေရင်း ညို့နေလျက်ရှိသည်။

သတိရလာသောအခါ မိမိသည် နတ်စက်ရောင်တောကြီးထဲကို ရောက်နေလေပြီ။

"ငါ. . နတ်စက်ရောင်တောကြီးထဲကို ရောက်နေပါပကော"

တောသည် သေနေသလို လှုပ်ရှားမှုမရှိပဲ ခြောက်သွေ့နေလျက်ရှိသည်။ တောထဲကိုရောက်ကာမှ အတွေးက အလိုလိုနေရင်း ဝင်လာခဲ့လေသည်။

"ဒီတောထဲကို ငါရောက်မယ့်သာ ရောက်ခဲ့တယ်၊ နွယ်ချုံပင်တွေ ရှိမယ့်နေရာကို ငါသိသလိုလိုနဲ့ တကယ်စဉ်းစားကြည့်တော့ မရေမရာ၊ ဝါးတားတားပါလား"

အရပ်ရှစ်မျက်နှာကို ပတ်ချာလှည့်ပြီးတော့ကြည့်၏။





ဟိုနေရာမှာ တွေ့ခဲ့သလို၊ ဒီနေရာမှာ ရှိနေသလိုလိုနဲ့ ထင်ယောင်ထင်မှားများ ဖြစ်လာခဲ့ရပြန်သည်။

ထိုစဉ်. . .။

"ဦးက နွယ်ချုံပင်တွေကို လိုက်ရှာနေတာလားဗျ"

အသံတစ်သံက တစ်နေရာဆီမှ ထွက်လာခဲ့လေ၍ ရာလှည့်ကြည့်မိလိုက်လေသည်။

"ဟင်"

ရာဟု. . အံ့အားသင့်သွားခဲ့ရလေသည်။ ဖိုးသူတော်လေးတစ်ပါးပင်။ သို့သော် လေးနှစ်သာသာလောက်ပဲ ရှိဦးမည်။ အဖြူရောင်ဝတ်စုံလေးနဲ့ ကြည့်လို့တော့ ကောင်းနေသေးတော့။

"ဟုတ်တယ်. . ဖိုးသူတော်လေး၊ ဒီမှာ နွယ်ချုံပင်တွေရှိသလား၊ ရှိရင် လမ်းညွှန်ပေးစမ်းပါ"

"ရှိတာပေါ့ဗျာ၊ ဟိုးဘက်မှာ. . ."

ဖိုးသူတော်လေးက သွက်လက်စွာဖြင့် တစ်နေရာကို လက်ညှိုးထိုးကာ ညွှန်ပြလိုက်လေသည်။

ထိုနောက် ဖိုးသူတော်လေးသည် လက်မှာကိုင်ထားသည့် ပုတီးကို တချောက်ချောက်နဲ့ ဟန်ရပန်ရစိတ်ကာ နေရာမှ ထွက်သွားခဲ့လေ၏။ ရာဟုသည် ဖိုးသူတော်လေးကိုကြည့်



www.burmeseclassi.com

www.burmeseclassi.com



ကောင်းကောင်းနဲ့ပင် ကြည့်နေမိသည်။ တော်တော်ဝေးဝေးကို ရောက်သွားခဲ့သည်အထိပင်။ ဖိုးသူတော်လေးသည် ဂမူလေးတစ်ခု၏ အကွယ်ကိုရောက်သော် ပျောက်သွားခဲ့လေ၏။

ရာဟုသည် အံ့အားတသင့်နဲ့ ရှိနေရင်းက လေးနှစ်သားအရွယ် ဖိုးသူတော်လေး ညွှန်ပြလိုက်သော နေရာဆီကို လျှောက်လာခဲ့လေသည်။ တိကျသော နေရာမဟုတ်ပေမယ့် စိတ်မှန်းနဲ့ ရှာရမည်ပင်။ ရာဟုသည် နတ်စက်ရောင်တောကြီး၏ ဤနေရာကို တစ်ကြိမ်တစ်ခါမှ မရောက်ဖူးပေ။ အလောတကြီးမဟုတ်ပဲ ဖြည်းဖြည်းပင် လျှောက်လာခဲ့သည်။

ထိုသို့ လျှောက်နေရင်းကပင် သစ်ပင်ကြီးတစ်ပင်ကို အဝေးကနေ လှမ်းမြင်မိလိုက်သည်။ လွန်စွာမှ ကြီးမားသော အပင်ကြီးပင်။ အရွက်တွေကလည်း ထူထပ်နေကြကာ တစ်ပင်လုံး ပိတ်သိပ်နေကြသည်။ ထူးခြားချက်မှာ အပင်ကြီးပေါ်မှ အောက်ကိုတန်းပြီးတော့ ကျနေကြသည့် နွယ်များပင်။

“ဒါ. . နွယ်ချိုပင်တွေလား၊ ငါကောင်းကောင်းမမှတ်မိတော့ဘူး”

စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားခဲ့ရလေသည်။ တကယ်တော့ သူသည် နွယ်ချိုပင်ကို ကောင်းကောင်းမြင်ဖူးသူမဟုတ်ပါ။ ဝမ်းသာအားရနဲ့ နွယ်ချိုပင်ကြီးဆီကို လျှောက်သွားသည်။





ထိုစဉ်. . . လေပြင်းက ကျလာခဲ့လေသည်။

× × ×

လေက ပြင်းထန်သောကြောင့် သစ်ပင်ကြီးတွေလည်း လှုပ်ရမ်းကာ ခါသွားခဲ့ကြသည်။ ဖုန်တွေတသောသောနဲ့ ထသွားခဲ့ကြသည်။ သစ်ကိုင်းတွေ ကျိုးပဲ့ပြီး လေနဲ့အတူ လွင့်ပါသွားခဲ့ကြ၏။ အချို့ ပင်ခြေအောက်ကို ပစ်ကျလာခဲ့ကြသည်။

မိုးကောင်းကင်ကြီးသည်လည်း ပုဇွန်ဆီရောင်အသွေးသို့ ပြောင်းလဲသွားခဲ့လေ၏။ ရာဟုသည် လေနှင့်အတူ တရွေ့ရွေ့ လိုက်ပါသွားခဲ့သည်။ တစ်ဦးဦးက သူ့ကို ဆောင့်ဆွဲပြီးတော့ ခေါ်သွားသလိုပင်။ တော်တော်ဝေးဝေးကို ရောက်သွားသည်အထိပင်။

သည့်ထက်ပိုပြီးတော့ ရောက်မသွားစေရန်အတွက် အပင်တစ်ပင်ကို ဖက်တွယ်ထားလိုက်ရသည်။ မိမိဖက်တွယ်ထားသော သစ်ပင်ကို အမှတ်မထင် ကြည့်လိုက်မိသည်။ အရိုးခြောက်ကြီးတစ်ခုနဲ့ တူနေသည်။ အကိုင်းအခက်တွေက လက်တံခြေသံတွေပမာပင်။ နွယ်ချိုပင်ကြီးကိုလည်း မတွေ့ရတော့ပေ။

“ဟင်. . . ဘယ်လိုလဲဟ”



www.burmeseclassi.com

www.burmeseclassi.com



အခြားသော အပင်များကိုလည်း မသက်ာ၍ လိုက်ပြီးတော့ ကြည့်လိုက်မိသည်။ ပုံပန်းမကျတွေပင်။ ငယ်သောအပင်များသည်လည်း အရိုးခြောက်အပင်လေးတွေနှင့်တူနေကြသည်။ လေက ငြိမ်သက်သွားသလိုလိုနဲ့ ပြန်ပြီးတော့ တိုက်ခတ်လာပြန်သည်။

ဝေါ. . ဝေါ. . ဝေါ. . ဝေါ. . .။

ဒီဇက်ခါ လေးဘက်လေးတန်မှ တိုက်ခတ်လာသလိုပင်။ ရာဟုနင်းထားသော မြေပြင်သည် အချို့နေရာများမှာ မို့နေသယောင်နေကြသည်။ အချို့နေရာများကား ချိုင့်ဝင်နေကြသည်။ ဤနေရာသည် သုသာန်ဟောင်းကြီးများလားဟု သံသယဝင်သွားခဲ့ရလေသည်။ လေတိုက်ခတ်နေသည့်ကြားမှပင် ရာဟုသည် ထိုနေရာမှ ထွက်လာခဲ့လေသည်။ နောက်ကြောင်းကို လှည့်ပြန်ရန်ဖြစ်သည်။

ချက်ချင်းမှာပင် လေက ငြိမ်သက်သွားပြန်သည်။ တိတ်ဆိတ်သွားပြန်တော့သည်း ဘာသံမှ မကြားနိုင်ရတော့လောက်အောင်ပင်။ ရာဟုသည် ပင်ပျိုလေးတစ်ပင်အနားမှာ ရပ်နေမိသည်။ ယင်းအပင်လေးသည် စောစောက မြင်တွေ့ခဲ့ရသည့် အပင်များနှင့်မတူ။ မိန်းမပျိုလေးတစ်ယောက် ယိမ်းနွဲ့ကာ ရပ်နေသည်နှင့်တူနေသည်။





ထိုစဉ် လင်းတကြီးတစ်ကောင်မှာ ကောင်းကင်ထက်မှာ ပျံဝဲလျက်ရှိနေလေသည်။ မြေပြင်ပေါ်မှာ အစာကို တွေ့ထားသလိုပင်။ ယင်းပင်ပျိုလေး၏ အမြစ်များသည် အပေါ်သို့ မြစ်ပွားသဏ္ဌာန် ဖြာပြီးတော့ ထွက်နေကြသည်။ သေသေချာချာကြည့်လျှင် အရိုးခြောက်လက်ချောင်း၊ ခြေချောင်းလေးတွေနဲ့ပင် တူနေလေသည်။

ရာဟု၏ မျက်လုံးထဲမှာ ယင်းအမြစ်ပွားလေးများမှာ အလိုလိုပင် လှုပ်ရှားလာသည်ဟု ထင်နေမိသည်။

"ငါ့စိတ်ထဲကများ ထင်နေမိတာလား၊ လက်ချောင်းခြေချောင်းလေးတွေနဲ့ တူနေကြတဲ့ အမြစ်လေးတွေက လှုပ်ရှားလာသလိုပဲ"

ထို့အပြင် မိမိရပ်နေသော နေရာသည်လည်း တသိမ့်သိမ့်နဲ့ လှုပ်ရှားလာသည်ဟု ထင်မိလိုက်သည်။ မသက်ာ၍ငုံ့ကြည့်မိလိုက်ရာ မိမိခြေချထားသော နေရာသည် အနည်းငယ်မို့မောက်လျက်ရှိနေသည်။ မြေပုံတစ်ခုနှင့်သဏ္ဌာန်တူနေ၏။

"ဟင်"

ထိုစဉ်မှာပင် ကောင်းကင်ထက်မှ လင်းတကြီးသည် ကြီးမားသော အတောင်ကြီးနှစ်ခုကို ဖြန့်ကာ အောက်သို့တရှိန်ထိုးပင် ဆင်းလာခဲ့သည်။ ရာဟုကို တိုက်ခိုက်ရန်ပင်တည်း။



www.burmeseclassi.com

www.burmeseclassi.com



ရာဟုလည်း သူရပ်နေသည့် မြေသားမို့မို့ပေါ်ကဆင်းရန် ပြုလိုက်သည်နှင့် ထူးခြားသော အခြေအနေတစ်ခုက ဖြစ်လာခဲ့လေသည်။ စောစောက အရိုးခြောက်လက်ချောင်းများသဏ္ဍာန်ဖြစ်နေသော အမြစ်မွေးများသည် အသက်ဝင်ကာလှုပ်ရှားလာသလို ထင်လိုက်ရပြီး ရာဟု၏ ခြေကျင်းဝတ်နှစ်ဖက်ကို တပြိုင်တည်းပင် ဆုပ်ကိုင်လိုက်ကြလေတော့သည်။

မမျှော်လင့်မိသော အခြေအနေကြောင့် ရာဟုသည် လန့်သွားခဲ့ရသည်။ ခြေထောက်တွေကို ရုန်းမိသည်။ မရပါ။ မြစ်မွေးများသည် တင်းကြပ်စွာပင် ရစ်ပတ်ထားကြလေသောကြောင့်ပင်။ ရုန်းလေ တင်းကြပ်လေဖြစ်သည်။

ထိုစဉ် သူ့ကို အောက်သို့ ရုတ်တရက် ဆွဲချလိုက်သလို ဖြစ်သွားခဲ့ရသည်။

"အား"

ရာဟုရပ်နေသော နေရာမှာ အောက်သို့ ရုတ်တရက် ကျွံဝင်သွားခဲ့သည်။ တွင်းပေါက်ကြီးဖြစ်သွားကာ တစ်ကိုယ်လုံး အောက်သို့ ကျွံသွားခဲ့လေတော့သည်။

× × ×

တွင်းကြီးထဲကို တရှိန်ထိုးပင် ကျသွားခဲ့ရလေ၏။ ရုတ်တရက် အမှောင်ကျသွားခဲ့ရသည်။ မျက်လုံးတွေက ဘာဆို





ဘာမှ မမြင်နိုင်တော့။ သူ့ကို အမှောင်ထုကြီးက ဝါးမြိုသွားခဲ့လေသည်။

အောက်ကို ကျဆင်းနေစဉ်မှာ ဘေးဘီကို လက်နှစ်ဖက်ဖြင့် ရမ်းမိသည်။ မည်သည့်အထိအတွေ့ကိုမှ မရ။ မည်မျှအထိ နက်ရှိုင်းသလဲမသိ။ မိမိကို မြေမျိုသွားပြီလားဟုပင် ထင်မိသွားခဲ့ရလေသည်။

"ဘုတ်"

ပျော့အိနူးညံ့သော အရာတစ်ခုပေါ်ကို ကျောဖြင့် ပစ်ကျသွားခဲ့ရလေ၏။

"အင့်"

မှောင်ထဲမှာ ဘာမှမမြင်ရ။ လက်ကလည်း ထိုအရာပေါ်ကို ရောက်သွားခဲ့လေရာ ပူနွေးချောမွတ်လျက် ရှိသည်။ ထို့ကြောင့် လက်ကို ဆတ်ကနဲဆို ပြန်ပြီးတော့ ရုတ်မိလိုက်လေသည်။ ခန္ဓာကိုယ်သည်လည်း ဘေးကို လိမ့်ကျသွားခဲ့ရသည်။ လက်ထဲမှာတော့ ဒူးလေးကို ဆုပ်ကိုင်မိလျက်သားပင်။ ဓားကတော့ ဓားအိမ်ထဲမှာ ထည့်ထား၍ ခါးမှာ ကြိုးတစ်ချောင်းနဲ့ ချည်နှောင်ထားသည်။ ဓားကို စမ်းမိပြန်တော့လည်း ရှိနေသည်ကို သိလိုက်ရသည်။

မိမိကျခဲ့သော နေရာသည် သတ္တဝါတစ်ကောင်ဖြစ်



www.burmeseclassi.com

www.burmeseclassi.com



နိုင်သည်။ ဘာကောင်မှန်းတော့မသိ။ မမြင်ရတာက ပိုဆိုးသည်။ မိမိကို အန္တရာယ်မပေး၍သာ။ သူ့ကိုယ်ပေါ်ကို အကျမှာ ချက်ချင်းပြန်ပြီး တုန့်ပြန်တိုက်ခိုက်ပါက ဒုက္ခရောက်သွားနိုင်သည်။

ထိုစဉ် အလင်းရောင်တစ်ခုက အဝေးတစ်နေရာမှ ရောက်လာခဲ့သည်။ တဖြည်းဖြည်းနဲ့ လင်းလာခဲ့ခြင်းပင် ဖြစ်သည်။ ထိုအခါ ပတ်ဝန်းကျင်သည်လည်း တဖြည်းဖြည်းနဲ့ပင် ထင်သာမြင်သာ ရှိလာခဲ့ရလေသည်။ မိမိရောက်နေသောနေရာသည် ဂူလှိုဏ်ကြီးတစ်ခုပမာ ရှိနေသည်။ သို့သော်လည်း အဆောင်ဆောင်၊ အခန်းခန်းများနဲ့ ဖွဲ့စည်းထားသည်။

ဂူမျက်နှာကြက်များသည် အထွတ်အထွတ်များနဲ့ရှိနေကြသည်။ မြေပြင်သည် တမင်ပြုပြင်ထားသည်ပဲလား။ သဘာဝအတိုင်းပဲလား။ မာကျစ်ကာ ချောမွေ့ညီညာလျက်ရှိသည်။

“ငါ. . ဘယ်ကိုရောက်နေတာလဲ၊ ဒီလိုနေရာမျိုးကို တစ်ခါမှ မတွေ့ကြုံဖူးပါလား”

တအံ့တသြကြီး ဖြစ်နေမိသည်။ ရုတ်တရက် မိမိအပေါ်က ကျလာ၍ အောက်ကခံနေသော အရာကို သတိရမိသွားသည်။ အလျင်စလိုပင် လှည့်ကြည့်လိုက်မိလေရာ. . .။

“ဟင်”





ရှည်လျားသော ကိုယ်ထည်ရှိသည့် တစ်ကိုယ်လုံးနက်မှောင်နေသော မြွေကြီးတစ်ကောင်ပင်။ ထူးခြားသည်က ထိုမြွေကြီးသည် ခေါင်းနှစ်လုံးပါရှိနေသောကြောင့်ပင်တည်း။ တစ်ကိုယ်လုံး ခွေရစ်ထားပြီး အခွေပုံပေါ်မှာ ခေါင်းတွေကို တင်ထားသည်။ မလှုပ်မယှက်နဲ့ ငြိမ်သက်လျက်ရှိလေသည်။

“နည်းတဲ့မြွေကြီးမဟုတ်ပါလား၊ တော်ပါသေးရဲ့၊ သူ့ကိုယ်ပေါ်ကို ပစ်ကျတာတောင် ငါ့ကို ဘာမှမလုပ်လိုက်ဘူး”

မလှုပ်မယှက်နဲ့ ရှိနေသော မြွေကြီးကို ကြည့်ရင်းမှာ သံသယဝင်လာခဲ့လေသည်။

“ငါ. . အမြင့်ကနေ သူ့ကိုယ်ပေါ်ကို အရှိန်နဲ့ ပစ်ကျခဲ့လို့ သေများသေသွားပြီလား မပြောတတ်ဘူး”

ထို့ကြောင့် မြွေကြီး၏ အနားကို တိုးကပ်သွားပြီး ကိုယ်ကိုလက်နဲ့ထပ်ပြီး ထိကိုင်မည်ပြုလိုကရာ တစ်ကောင်က ခေါင်းကို ထောင်လိုက်လေသည်။ နောက်ထပ် တစ်ခေါင်းကတော့ အိပ်နေဆဲ။ လုံးဝမလှုပ်။ ရာဟုသည် ခါးမှ ဓားကို ချက်ချင်းပင် ဆွဲထုတ်လိုက်လေသည်။

“သူ့ကို ဘာမှမလုပ်ပါနဲ့၊ သူက ရှင့်ကို ရန်ရှာမှာ မဟုတ်ပါဘူး”

အသံတစ်သံက မမျှော်လင့်ပဲ ထွက်ပေါ်လာခဲ့သည်။



www.burmeseclassi.com

www.burmeseclassi.com



"ဟင်"

ရာဟုသည် မည်သည့်နေရာမှ ထွက်ပေါ်လာမှန်းမသိသော အသံရှင်ကို လိုက်လံပြီးတော့ ရှာနေမိစဉ်မှာပင်. . ။





## အခန်း- ၁၂

### ဥပေက္ခာဘုံ

ရှည်လျားသော အရိပ်တစ်ခုသည် သူ့ဘေးနားကို တဖြည်းဖြည်းနဲ့ ကျရောက်လာခဲ့လေသည်။ ရာဟုသည် ထိုအရိပ်ထွက်ပေါ်လာရာဆီကို လှမ်းပြီးတော့ ကြည့်နေမိလိုက်၏။

မျက်နှာမူရာ အရပ်ဆီတွင် အဖြူရောင်သဏ္ဍာန်တစ်ခုကို မြင်တွေ့လိုက်ရသည်။ တရွေ့ရွေ့နဲ့ပင် သူ့ဆီကို လျှောက်လှမ်းလာလျက်ရှိသည်။ မျက်နှာကို မမြင်ရ။ ခြေထောက်တွေကို မမြင်ရ။ ပါးလှပ်ဖြူဆွတ်သော အဝတ်စကြီးတစ်စ လွင့်ပါးလာသလိုပင်။ လေမတိုက်ပါပဲနဲ့ အဝတ်စသည် တလှုပ်



www.burmeseclassi.com

www.burmeseclassi.com

လှပ်ဖြင့် လှုပ်ခတ်လျက်ရှိသည်။

ဖျော့တော့သော အလင်းရောင်က ထိုသဏ္ဍာန်က ထင်သာမြင်သာစေသေးသည်။ အလင်းရောင်မရှိသည်နှင့် လျှင် တော်ပေသေးသည်။

ကောင်းစွာမြင်နိုင်သော အခြေအနေကို ရောက်ရှိလ သောအခါ မိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို သိလိုက် ရလေသည်။ မိန်းကလေးသည် ပါးလွှာသော ဝတ်ရုံကြီးအ ခြုံထားသည်။ ဖွံ့ဖြိုးသော ခန္ဓာကိုယ်အစိတ်အပိုင်းတို့ကို ရေးယောင်ယောင်ပင် မြင်နေရသည်။ ဖြူဝင်းသော မျက်နှ လေးက ထာဝရအပြုံးကို ဆောင်ထားသောကြောင့် တင်းရှ လှပလျက်ရှိနေလေသည်။ ရှည်လျားသော ဆံကေသာမျှင်မျ ကို ထုံးနှောင်မဖွဲ့ပဲ ကျောပြင်ထက်မှာ ဖြန့်ချထားသည်။

ရာဟုသည် ထိုမိန်းကလေးကို အံ့အားတသင့်နဲ့ ကြ နေမိသည်။ မိန်းကလေးက ရာဟုကို သိသာသော အပြုံးပ လေးတစ်ပွင့် မွေးဖွားပေးလိုက်လေသည်။

"ဒီမြေကြီးဟာ ကျွန်မရဲ့ အစောင့်ပါ၊ သူက ခေါင်းနှ လုံးရှိလို့ တစ်ယောက်တစ်လှည့်စီ အနားယူကြပါတယ်၊ ဒါ ကြပါတယ်၊ သူက အကြောင်းမဲ့ ရန်မမူတတ်ပါဘူး ကိုရာဟု

"ဟင်. . ခင်ဗျားက ကျုပ်နာမည်ကို သိနေတယ်. .





ဟုတ်လား"

"ဟုတ်ကဲ့၊ သိထားနှင့်တာ ကြာပါပြီရှင့်"

"ဘာ. . ဘာယ်လို၊ သိထားနှင့်တာ ကြာပါပြီဟုတ်လား ဒါက. . ."

"ကဲပါလေ၊ လျှောက်တွေးမနေပါနဲ့တော့၊ ဒါတွေဟာ အဖိုးဦးတက်ခေါင်ရဲ့ စီစဉ်ပေးမှုကြောင့်ပါလေ"

"ဟာ. . အဖိုးဦးတက်ခေါင်ဟုတ်လား၊ လက်စသတ် တော့ အဖိုးက ဒီကိစ္စကို တကယ်ပဲ ပြောပြီးစီစဉ်ခဲ့တာကိုး၊ ဒါနဲ့ ခင်ဗျားက ဘယ်သူလဲ"

"ကျွန်မလား. . ဘုံတဲ့၊ အဟင်း. . ဟင်း"

"ဘာ. . ဘုံဟုတ်လား၊ နာမည်က တစ်မျိုးပဲ၊ ဒါ. . ဒါ နဲ့ ကျုပ်အခု ဘယ်ကိုရောက်နေတာလဲ"

"ရှင်ရောက်နေတဲ့ နေရာလား၊ ဥပေက္ခာဘုံလေ"

"ဥပေက္ခာဘုံ. . ဟုတ်လား၊ ဥပေက္ခာဘုံ၊ ဥပေက္ခာဘုံ"

ကြားလိုက်ရသမျှ အဆန်းတကြယ်ပင်။ မိန်းကလေး ၏ နာမည်ကော၊ နေရာကိုပါ သူတစ်ကြိမ်တစ်ခါမှ မကြားဖူး ခဲ့ပါ။

"ကဲပါလေ. . . အေးအေးဆေးဆေး ထိုင်လိုက်ပါဦး၊ ရှင်. . ဘာမှမသိသေးဘူး၊ နားမလည်သေးဘူးဆိုတာ ကျွန်မ


www.burmeseclassi.com

www.burmeseclassi.com



သိပါတယ်၊ ပြောပြမှာပေါ့၊ ပြောပြရမှာပေါ့”

“ဒီမှာနေရတာ မွန်းကြပ်တယ်၊ ကျုပ်မနေနိုင်ဘူး၊ ပြန်မယ်၊ ပြန်မှဖြစ်မယ်”

“ရှင်. . ဒီကနေ ပြန်ဖို့ဆိုတာ သိပ်မလွယ်ဘူး၊ ဒီနေရာကို ရောက်လာကြပြီးတဲ့ လူတွေမှန်သမျှ အပြင်ပြန်ရောက်သွားကြတဲ့ သူတွေက နည်းပါးလှပါတယ်၊ အို. . မရှိကြသလောက်ပါပဲလေ”

“မင်း. . ဘာတွေပြောနေတာလဲ၊ ဘာဖြစ်လို့ ငါ. . ပြန်ပြီးမသွားနိုင်ရမှာလဲ၊ ဒါ. . ငါ့သဘောပါ”

ရာဟုက ဒေါသနဲ့ ပြောလိုက်သည်။ အမှန်တကယ်လည်း မနေချင်။ ဘုံက ရာဟု၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

“ကဲပါ. . ရှင်ရယ်၊ သိပ်လည်း ဆန္ဒစောမနေပါနဲ့၊ အေးအေးဆေးဆေးပေါ့. . ဟုတ်ဖူးလား”

ရာဟုသည် အကျဉ်းထဲအကျပ်ထဲ ရောက်နေပြီဟု သိနားလည်စပြုလာသည်။

“အင်း. . ငါသိပ်ပြီးငြင်းနေလို့မဖြစ်ဘူး၊ အကြောက်အကန်လုပ်လို့ မဖြစ်ဘူး၊ အခြေအနေကို သုံးသပ်ပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ဆုံးဖြတ်ရမယ်”





ခေါင်းနှစ်လုံးနှင့်မြွေကြီးကလည်း ခေါင်းတွေထောင်ကာ ရာဟုကို သေးငယ်သော မျက်လုံးတွေနဲ့ စိုက်ပြီးတော့ ကြည့်နေလေသည်။

“ဒီမြွေကြီးက ခေါင်းနှစ်လုံးရှိလို့ တစ်လှည့်စီ အိပ်ကြတယ်လေ၊ ကျွန်မကလွဲလို့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ အမိန့်ပေးရင် ပေးသလို နာခံပြီး လျှောက်လုပ်တတ်တယ်၊ ရှင်. . သူ့အပေါ်ကို ကျလာခဲ့တာမဟုတ်လား၊ သူ. . ဘာမှမဖြစ်ဘူးလေ၊ အဲဒါကလည်း သူ့ရဲ့ အစွမ်းသတ္တိတစ်ခုပဲပေါ့”

ဘုံက ရာဟုကို မြွေကြီးနှင့်ခြိမ်းခြောက်နေပြန်လေသည်။ ရာဟုကတော့ သူ၏ ထက်လှစွာသော ဓားမကြီးနှင့် မြွေကြီး၏ ခေါင်းနှစ်ခေါင်းလုံး ပြတ်ကျသွားအောင် တိကနဲ ဖြတ်ချနိုင်သည်ဟု ယုံကြည်မိသည်။

“ရှင့်မျက်လုံးတွေက ထူးခြားလို့ ကျွန်မကအစ ဟောဒီနေရာက အရာတွေအားလုံးကို မြင်နိုင်တာ၊ တခြား ဘယ်သူကမှ မြင်နိုင်ကြတာမဟုတ်ဘူး”

“ဒီနေရာကို လူတစ်ယောက် ရောက်နိုင်ဖို့ဆိုတာ မလွယ်ဘူး၊ ရောက်လည်း ပြန်သွားဖို့မလွယ်ဘူး၊ ငါကလည်း မင်းတို့ကို မြင်နိုင်စွမ်းရှိတယ်၊ တခြားသူတွေက မင်းတို့ကို မြင်နိုင်စွမ်းမရှိဘူး၊ မင်း. . အဲဒါတွေကိုပြောတာ ငါ့အတွက်ဟာ



www.burmeseclassi.com

www.burmeseclassi.com



မှ မထူးခြားဘူး"

သူမက ပြုံးမိလိုက်သည်။ ထိုအပြုံးကို ရာဟုမြင်တွေ့လိုက်ရသောအခါ တစ်ကိုယ်လုံး ဖျင်းဖျင်းထသွားခဲ့ရသည်။ အကြောပေါင်းတစ်ထောင် စိမ့်ပြီးတော့ တက်သွားသည်။ ဘုံ၏ အပြုံးက အဓိပ္ပါယ်များစွာရှိသည်။ ရာဟုကို လုံးဝမလွတ်နိုင်ဟူသော အပိုင်ချည်ထားလိုက်သည့် အပြုံးမျိုးပင်။

"ငါက ဒီကိုရောက်လာတော့ ဘာလုပ်ရမှာလဲ"

"ရှင်. . ကျွန်မကို လက်ထပ်ရမှာပေါ့၊ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရမှာပေါ့"

"ငါမှ မင်းကိုမချစ်တာ"

"ကျွန်မ. . အဲလေ ဘုံက ရှင့်ကို ချစ်တယ်၊ ဒီလို အခွင့်အရေးမျိုးဆိုတာ ရဖို့မလွယ်ဘူးလေ၊ ပြီးတော့ ရှင်က သိပ်ပြီးယောကျ်ားပီသတယ်၊ အဟင်း. . ဟင်း"

ဘုံသည် ရာဟု၏အနားကို ပိုပြီးတော့ တိုးကပ်လာသည်။ ရာဟုက နောက်ကိုဆုတ်သွားသည်။ မျက်နှာကို လွှဲထားလိုက်မိသည်။

"အစ်ကို. . ဘုံ့မျက်နှာကို သေသေချာချာကြည့်လိုက်စမ်းပါ"

ဘုံက ရာဟု၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ကာ





ကိုယ်ကိုဆွဲလှည့်လိုက်သည်။ ရာဟုလည်း ဘုံ၏စကားကြောင့် အမှတ်တမဲ့ပင် ခေါင်းကို လှည့်မိလိုက်သည်။ ဘုံနှင့်မျက်နှာချင်းဆိုင်မိသွားခဲ့ရလေသည်။

ရာဟု၏ မျက်လုံးတွေက သူမ၏ မျက်လုံးတွေနှင့်မဆုံမိစေရန် ကြိုးစားလိုက်သော်လည်း မရ။ မျက်လုံးချင်း ကပ်ငြိသွားကြသည်။ ဘုံ၏ မျက်ဝန်းတွေထဲက စူးလက်သော အလင်းရောင်တစ်ခုသည် ရာဟု၏ မျက်လုံးတွေထဲကို တန်းပြီးတော့ ဝင်ရောက်လာသည်ဟု ထင်မိလိုက်လေသည်။ ရင်ထဲအထိ ဖောက်ထွင်းကာ ဝင်သွားပြီး တစ်ကိုယ်လုံး မလှုပ်ရှားနိုင်တော့သည်အထိ ဖြစ်သွားခဲ့ရလေသည်။

မည်မျှကြာအောင် မိန်းမောတွေဝေသွားသလဲမသိပါ။ ရာဟုပြန်ပြီးတော့ သတိရလာသောအခါ ကောင်းမွန်သန့်ပြန့်သော အိပ်ယာတစ်ခုပေါ်မှာ ရောက်နေလေသည်။ ကိုယ့်ကိုကိုယ်ပင် ဘာဖြစ်လို့ဖြစ်မှန်းလည်း မသိခဲ့။ စိတ်ထဲမှာ ပျော်သလိုလို၊ ရွှင်သလိုလို၊ ကျေနပ်နေမိသလိုလို ခံစားမိရသည်တော့ အမှန်ပင်။

"ငါ. . ဘယ်လိုဖြစ်သွားတာလဲမသိဘူး၊ ဟီး. . ငါ. . ဟိုအမျိုးသမီးရဲ့ ညို့ချက်ထဲကို ရောက်သွားမိတယ်၊ နောက်တော့ ငါ. . ဘာဆက်ဖြစ်ခဲ့သလဲ. . ငါ. . ငါ. . ."



www.burmeseclassi.com

www.burmeseclassi.com



ရာဟုသည် မည်သို့မှ တွေး၍ မရနိုင်တော့ပေ။ မိမိကိုယ်ပေါ်မှာ အနံ့အသက်လေးတစ်ခုက စွဲပြီးတော့ ကျန်ရစ်ခဲ့သည်။ ကိုယ်သင်းနံ့ နှစ်သက်ဖွယ်ကောင်းသော ချိုမြိန်သော ကိုယ်သင်းနံ့လေးက သူ့ကို ယိမ်းမူးဆွတ်ကျင်ဖွယ်ရာကောင်းအောင် ဖမ်းစားနေဆဲ။

မိမိ၏ ဘေးမှာလည်း ခေါင်းအုံးတစ်လုံးက ရှိနေ၏။ ခေါင်းအုံး၏ အလယ်က ချိုင့်ပြီးတော့ဝင်နေသည်။ တစ်ဦးဦးက အိပ်သွားသည်။ ခေါင်းချသွားသည့် လက္ခဏာပင်။

အဲသည်တစ်ယောက်က. . ။ အဲသည်သူက. . ။ စဉ်းစားမိလိုက်တော့. . . ။

"ဟင်"

ရာဟု၏ ရင်ထဲမှာ နွေးထွေးသွားခဲ့ရလေသည်။ ဘုံ၊ ဘုံ. . ဘုံမှလွဲ၍ မည်သူမှမဖြစ်နိုင်။ ဒါဆိုရင်. . ဒါဆိုရင်. . ။

ရာဟုသည် ခေါင်းကို ဖြည်းညင်းစွာပင် ခါရမ်းပစ်မိလိုက်သည်။

"ဥပေက္ခာဘုံ. . ဥပေက္ခာဘုံ. . ဘယ်လိုနေရာမျိုးလဲ၊ ဘုံဆိုတဲ့ အမျိုးသမီးကကော ဒီနေရာမှာ ဘာလဲ၊ ဘယ်သူလဲ"

ရာဟုသည် ကုတင်ထက်က အောက်သို့ဆင်းလိုက်လေသည်။ ထိုနောက် မတ်တတ်ရပ်ကာ ကုတင်ကို ပြန်ပြီး





တော့ ကြည့်လိုက်မိသည်။ မျက်စိထဲမှာ တစ်ခုခုကို မြင်လာမိသလိုပင်။

"ဒါ. . . ဒါဟာ သေဆုံးသွားခဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ကုတင်ပဲ၊ အဲသည်လူဟာ. . သူဟာ. . ဘယ်သူများဖြစ်နိုင်မလဲ"

စဉ်းစားရင်း မျက်လုံးတွေထဲမှာ မိန်းကလေးတစ်ဦး၏ သဏ္ဌာန်က ပေါ်လာခဲ့သည်။ သို့သော် မပီပြင်သော မျက်နှာ။ ဝိုးတဝါးဆန်နေသည်။ မည်သူမှန်းမသိ။ ထိုနောက် တရေးရေးနဲ့ ပျောက်ကွယ်သွားခဲ့လေသည်။

ရာဟုသည် မိမိရောက်နေသော အခန်းကို လေ့လာမိလိုက်သည်။ မိန်းကလေးတစ်ယောက်နေသော အခန်းမျိုးပင်။ မှန်တင်ခုံ၊ ကျောက်ပြင်၊ သနပ်ခါးတုံး၊ ဆီမွှေးပုလင်း၊ အမွှေးနံ့သာဗူးစသည်. . စသည်တို့ကို အခန်းထောင့်မှာ တွေ့လိုက်ရသည်။ အဝတ်အစားများ ထည့်သော မှန်ဘီဒိုကြီးကလည်း တစ်လုံးပင်။ အထဲက အဝတ်အစားများကို မှန်ချပ်ကြည်ကြည်တွေနောက်မှာ မြင်တွေ့နေရသည်။

ယင်းအဝတ်အစားများသည် လတ်ဆတ်သစ်လွင်ခြင်းမရှိ။ သိပ်ပြီးတော့ ဟောင်းနွမ်းနေခြင်းလည်းမမည်။ အနေတော်မျိုးမှာ ရှိနေသည်။



www.burmeseclassi.com

www.burmeseclassi.com



ဘုံကို မတွေ့ရတော့ပေ။ သူမသည် ဤကုတင်ပေါ်မှာပဲ အိပ်စက်ခဲ့ဟန်တူသည်။ ယခုလည်း မိမိနှင့်အတူ အိပ်စက်ခဲ့သည်ပဲဖြစ်ရမည်။ မိမိသည် သူမအပေါ်မှာ ဘာတွေများ ဘယ်လိုပြုမှားမိခဲ့လေသလဲ။

ကျယ်ဝန်းသော အခန်း၏ အပြင်ကို ထွက်လိုက်၏။ ချက်ချင်းပင် နောက်ကို ဆုတ်သွားမိသည်။ စောစောက မြွေကြီးက အခန်းအပြင်ဘက်မှာ ရှိနေသောကြောင့်ပင်။

ရာဟုက အပြင်ကို ထွက်လာခဲ့သည်နှင့်ခေါင်းနှစ်လုံးနှင့်မြွေကြီးက ချက်ချင်းပင် ခေါင်းထောင်ပြီးတော့ ကြည့်လိုက်လေသည်။ သည်တစ်ခါတော့ နှစ်ခေါင်းစလုံးပင် လှုပ်ရှားလာသည်။ လျှာလေးတွေ တစ်လစ်တစ်လစ်နဲ့ ရှိနေကြလေသည်။

"လက်စသတ်တော့ ဒီကောင်ကြီးတွေက ငါအသွားအလာကို စောင့်ကြည့်နေတာကိုး"

အခန်းအပြင်ကို ခြေတစ်လှမ်း ကျူးလိုက်သည်နှင့်။

ဗြိုး. . .။

ဖြိုး. . .။

ချက်ချင်းပင် ပါးပျဉ်းကြီးတွေ ထောင်တက်လာကြသည်။ ပါးစပ်ထဲကသော်လည်းကောင်း၊ နှာခေါင်းပေါက်များထဲက သော်လည်းကောင်း၊ တရှူးရှူး၊ တဖြိုးဖြိုးနဲ့ အသံတွေက





ထွက်နေလေသည်။

ရာဟုသည် မိမိကိုယ်ပေါ်မှာ စမ်းကြည့်လိုက်ရာ မည်သည့်လက်နက်မှ မရှိတော့။ ဓားမတိုတစ်ချောင်းနဲ့ ဒူးလေးကို မည်သည့်နေရာမှာ ထားခဲ့မိမှန်း မသိလိုက်။

"ငါ. . ဒီနေရာကနေ ရအောင်ထွက်ရမယ်"

အရဲစွန့်လိုစိတ်က ဖြစ်ပေါ်လာခဲ့လေ၏။ ထို့ကြောင့် ခေါင်းနှစ်လုံးမြွေကြီးအလစ်မှာ ဖျတ်ကနဲ၊ လွှားကနဲဆို ခုန်ကာ ထွက်သွားခဲ့လေသည်။

ရှိုး. . . ရှိုး. . .။

မြွေကြီးက ပါးစပ်ကြီးတွေကိုဖြကာ ဒေါသတကြီးနဲ့ အော်လိုက်ပြီး ရာဟုကို တပြိုင်တည်းပင် ပေါက်ချလိုက်လေတော့သည်။

ရာဟုသည် ပါးနပ်စွာပင် ခုန်ရှောင်ကာ ထွက်သွား၍ မြွေကြီးက မမိလိုက်။ ကြမ်းပြင်ကိုသာ ပေါက်မိသွားခဲ့လေ၏။

သို့သော် မြွေကြီး၏ ကိုယ်ထည်အခွေကြီးက ရုတ်တရက် ပြေလျော့သွားကာ. . .။

ဝှီး. . .။

ဖြန်း. . .။

"အား"



www.burmeseclassi.com

www.burmeseclassi.com



ရာဟုကို အမြီးဖျားနဲ့ခတ်ပြီး ရိုက်မိသွားခဲ့လေသည်။ ရာဟု မှောက်လျက် ကျသွားခဲ့လေသည်။ ရာဟုဒေါသထွက်သွားခဲ့ရသည်။ ထို့ကြောင့် မြွေကြီးကို တိုက်ခိုက်ရန် လက်နက်တစ်ခုခုကို ရလိုရငြား ရှာဖွေလိုက်မိ၏။ အခန်းထောင့်တစ်နေရာတွင် ဖြူဖွေးချွန်ထက်သော အရာတစ်ခုကို မမျှော်လင့်ပဲ တွေ့သွားခဲ့ရလေ၏။ အရှည်ကတော့ တစ်တောင်သာသာလောက်ပဲ ရှိလိမ့်မည်။

ထိုအရာကြီးကို ကိုယ်တစ်ပတ်လှိမ့်ကာ ကောက်ယူလိုက်လေ၏။ မြွေကြီးကလည်း ရာဟုဆီကို လျှောကနဲဆိုဝင်လာခဲ့လေသည်။ ရာဟုသည် မြွေကြီး၏ ခေါင်းပိုင်းဆီကို လက်ထဲက အရာကြီးနဲ့ ထိုးထည့်လိုက်လေသည်။

သို့သော် မြွေကြီး၏ ခေါင်းနှစ်ခေါင်းစလုံး သွက်လက်စွာပင် ရှောင်တိမ်းကာ ထွက်သွားလေ၏။

ထိုစဉ်. . .။

"ဟိတ်. . . မဟူရာကြီး၊ တော်ပြီ၊ ကိုယ့်နေရာကိုယ်သွားစမ်း"

အသံတစ်သံက မမျှော်လင့်ပဲ ထွက်ပေါ်လာခဲ့လေ၏။ မဟူရာကြီးဟုဆိုသည့် မြွေနက်ကြီးသည် တိုက်ခိုက်မှုကို ရပ်တန့်သွားကာ နောက်ကြောင်းကို တစ်ချိုးတည်းပင် ပြန်လှည့်



BURMESE CLASSIC .com



ပြီးတော့ ထွက်သွားခဲ့လေသည်။

တောက်ပနေသော အလင်းရောင်တစ်ခု၏အောက်မှာ ရာဟုဆီကို တရွေ့ရွေ့နဲ့ လှမ်းလာနေသော ဘုံကို တွေ့လိုက်ရသည်။ သူမသည် မည်သည့်နေရာက ထွက်လာမှန်းမသိလိုက်ပေ။

ရာဟုသည် သူမအနားကို ရောက်မလာမီ လက်မှာကိုင်ထားသည့် အချွန်လက်နက်ကို သက်ာမကောင်း ဖြစ်လာမိသည်နှင့်ကြည့်မိလိုက်ရာ. . .။

"ဟင်"

သူကိုင်ထားသော ပစ္စည်းသည် ပေါင်ရိုးခြောက်ကြီးတစ်ခုဖြစ်နေသည်။ ထို့ကြောင့် မသဒိလာသည်နှင့်ချက်ချင်းပင် လွှင့်ပစ်လိုက်လေသည်။

ဘုံသည် ရာဟု၏အနားကို ရောက်လာခဲ့သည်။

"နိုးလာပြီလား. . . ကိုရာဟု"

သိမ်မွေ့နူးညံ့သော အသံဖြင့် မေးလိုက်လေသည်။

"အင်း. . ငါ. . သူ့ကို အလိုက်အထိုက်နဲ့ ဆက်ဆံမှဖြစ်မယ်"

"ဟုတ်တယ်၊ မင်းက ငါ့ကို ထားပစ်ခဲ့ပြီး ဘယ်ကိုထွက်သွားတာလဲ. . ဘုံ၊ ဒီမြွေကြီးက ငါ့ကို တိုက်ခိုက်နေတာ



www.burmeseclassi.com

www.burmeseclassi.com

ကံကောင်းလို့ ကိစ္စမချောတယ်"

"ဘုံ. . သတိလစ်သွားလို့ပါရှင်၊ စိတ်မရှိပါနဲ့နော်. . ကိုရာဟု၊ ကိုရာဟုနှစ်နှစ်ခြိုက်ခြိုက်နဲ့ အိပ်ပါစေတော့ဆိုပြီး ဘုံက ထားခဲ့တာပါ"

"မင်း. . အခုလို လုပ်ခဲ့တာ မကောင်းဘူးနဲ့တူတယ်၊ ငါ့မှာ ချစ်သူရှိတယ်၊ လက်ထပ်ယူရမယ့် မိန်းကလေးတစ်ဦးပဲ၊ ငါစည်းမဖောက်ချင်ဘူး"

ရာဟုက ထိုသို့ပြောလိုက်သော်လည်း ဘုံ၏ အမူအရာက ပြောင်းလဲမသွားပေ။ ရာဟုကို မထီတရီအကြည့်လေးနဲ့ ကြည့်နေလေတော့သည်။

"အဟင်း. . ဟင်း၊ ချစ်သူရည်းစားဆိုတာ ဘယ်သူမဆို ရှိကြတာပဲလေ၊ ဒါက မဆန်းပါဘူး၊ ဘုံ. . ဒါတွေကို မသိဘူး၊ နားမလည်ဘူး၊ ဘုံသိတာက ရှင်နဲ့ လက်ထပ်ဖြစ်ဖို့ပဲ၊ ရှင်သိထားဖို့က ရှင်နှင့်ကျွန်မဟာ သာမာန်အခြေအနေမျိုးမဟုတ်တော့ဘူး၊ စောစောကလေးတင်ပဲ အတူတူ နေဖြစ်ခဲ့ကြပြီးပြီ၊ ညားပြီးခဲ့ကြပြီးပြီ"

ရာဟုသည် ထိုစကားကြောင့် ဆတ်ကနဲဆို ဖြစ်သွားခဲ့ရလေသည်။

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ မင်းပြောသလို ငါတို့ဟာ"





ရာဟုသည် စကားကို မဆက်နိုင်တော့။ ခေါင်းကိုသာ ယမ်းခါမိလိုက်သည်။ ကိုယ်တိုင်လည်း သံသယဝင်လာခဲ့လေပြီ။ မိမိသတိလစ်သလို ဖြစ်သွားခဲ့သည်မှာ မည်မျှကြာသွားခဲ့သည်မသိ။ ထိုအချိန်အတောအတွင်း ကာယကံမြောက်ကျူးလွန်ခဲ့ကြခြင်းရှိ၊ မရှိ။ ဘယ်လိုမှမသိနိုင်။

"မင်းက ငါ့ကို လက်ထပ်မယ်ဆိုတော့ ဘယ်လိုအကြောင်းကြောင့် ငါနဲ့လာပြီး ပတ်သက်နေရတာလဲ၊ ငါတစ်ယောက်တည်းကိုမှ ရွေးပြီးတော့ လက်ထပ်ချင်တယ်ဆိုတာ ဘာကြောင့်လဲ၊ သဘာဝမကျဘူးထင်တယ်"

"ရှင်. . အခုနေ ဒါတွေကို သိရင်လည်း ယုံမှာမဟုတ်ဘူး၊ ဘုံက ပြောပြချင်တာ"

ရာဟုသည် ဘုံ၏ စကားအသွားအလာကြောင့် နားမလည်နိုင်အောင် ဖြစ်သွားခဲ့ရလေသည်။

"မင်းက ဘာကို ဆိုလိုတာလဲ. . ဘုံ"

"အို. . မသိချင်ပါနဲ့ဦးလေ၊ ရှင့်. . ဘုံ့ကို အလိုလိုနားလည်လာတော့မှ ပြောပြမယ်၊ အခုတော့. . ."

ဘုံသည် ရာဟုကို ဖက်တွယ်ထားလိုက်ပြန်သည်။ ရာဟုရုတ်တရက် လန့်သွားသည်။ ဘုံ့လက်များသည် အေးစက်စက်ဖြစ်နေသည်။ မနိုင်းကောင်းနိုင်းကောင်း လူသေလက်များ


www.burmeseclassi.com

www.burmeseclassi.com



လိုပင်။ ရင်ချင်းအပ်မိစဉ်မှာ ဘုံ့ဆီက ရင်ခုန်သံကို မထိတွေ့မိ။

သင်္ကာမကင်းဖြစ်လာခဲ့ရာ ဘုံ၏ ဘယ်ဘက်ရင်ပြင်ဆီကို နားနဲ့ ကပ်ထားလိုက်မိသည်။ ရင်ခုန်သံကို မကြားရ။ ဘုံသည် ရာဟုကို အံ့အားတသင့်နဲ့ ကြည့်နေမိလေသည်။

၀၀



BURMESE CLASSIC .com



## အခန်း — ၁၃

## ဘုံဆိုသည့် မိန်းကလေး

ဘုံသည် မိမိ၏ ရင်ခွင်ထဲသို့ရောက်နေသော ရာဟုကို မြန်လည်၍ ဖက်တွယ်ထားလိုက်မိသည်။ ရာဟုကတော့ အကြဲ့နှင့်ထူပိုင်။ ဘုံ၏ ရင်ပြင်ကို နားနှင့်အသေအချာ ကပ်၍ စူးစမ်းသော့လာနေမိသည်။

"နှလုံးသားမရှိရဲ့လား၊ နှလုံးခုန်သံမကြားရဘူး။ ဘယ်လိုမိန်းကလေးလဲ"

ဘုံကတော့ ရာဟုသည် သူမ၏ မာယာကွန်ရက်ထဲ



www.burmeseclassi.com

www.burmeseclassi.com



က ရှန်းမထွက်နိုင်တော့ဟု ယုံကြည်လိုက်မိသည်။ တကယ်ဆို ပါလျှင်လည်း သူမ၏ တစ်ကိုယ်လုံး အတွေ့အထိသည် တိမ်း မှူးဆွတ်ကျင်ဖွယ်ရာအတိပင်။

"ကိုရာဟု. . ဒီမှာ နေသာသလိုနေပါ၊ လက်ထပ်ဖို့ ကိစ္စကိုတော့ တဖြည်းဖြည်းပဲ စီစဉ်တော့မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဘုံ့ကို ကိုရာဟုနှစ်နှစ်ကာကာချစ်ပြီး လက်ခံနိုင်ပြီလို့ ပြောတဲ့ အချိန်ကျမှပဲ၊ ဘုံ အဲဒီလိုအချိန်မျိုးကို စောင့်နေမယ်"

"ဘုံ. . မင်းအတွက် အဲဒီလိုအချိန်မျိုးတွေ ဖြစ်လာမှာ မဟုတ်ဘူး၊ သိပ်ပြီးတော့ မျှော်လင့်ချက်မထားပါနဲ့"

"ဒီမှာ. . ကိုရာဟု၊ ဒီလို မျက်စိလည်လမ်းမှားပြီးတော့ ရောက်လာကြတဲ့ ယောကျ်ားတွေကို ကြုံဖူးလျက်နဲ့ လက်မခံ ခဲ့ဘူး၊ သူတို့က ဘုံရဲ့ အချစ်ကို လိုချင်လိုက်ကြတာမှ တချို့ ဆို အသက်တောင် ပေးခဲ့ကြတယ်၊ ဒါပေမယ့် ဘုံဘယ်သူ့ကို မှ လက်မခံခဲ့ဘူး၊ ရှင့်ကိုပဲ လက်ခံခဲ့တယ်၊ ရှင်သိထားဖို့က ကျွန်မရဲ့ ဆန္ဒ၊ အာသီသ၊ မွတ်သိပ်မှုတွေကို ရှင်နဲ့ပဲ ပွဲသိမ်း လိုက်ချင်တယ်၊ ရှင့်ဆီက အချစ်ကိုရဖို့ ဘုံဘယ်ဘဝအထိ စောင့်မလဲ၊ စောင့်မယ်၊ 'စောင့်နိုင်တယ်"

ဘုံက ပြတ်သားစွာပင် ပြောလိုက်လေသည်။ ရာဟု သည် သက်ပြင်းငွေ့ငွေ့တစ်ချက် ချလိုက်မိသည်။ မိမိသည်





ဤမိန်းကလေး၏ ပြင်းပျသော ဆန္ဒကို ကျော်လွန်ပြီး မလုပ် နိုင်သည်က သေချာသည်။ ဘုံသည် လှသလောက် လွန်စွာမှ ရက်စက်တတ်မည့် မိန်းကလေးတစ်ယောက်ပင်။ မျက်နှာပြင် ပေါ်က အရည်ပြားတစ်ထောင့်စာအလှနဲ့ ရင်ထဲကအတ္တကြီး မားမှုသည် တစ်ခြားစီ။

"ဒီမိန်းကလေးက ငါ့ကို ကိုင်တွယ်နေတာပဲ၊ ဒီနေရာ ဟာ ဘယ်လိုနေရာမှန်း မသိတာက ခက်တယ်၊ ငါ သူ့ကို ဆန့် ကျင်လို့မဖြစ်ဘူး၊ လောလောဆယ်မှာတော့ အလိုက်သင့်သ ဘောမျိုးနဲ့ ဆက်ဆံကြရမှာပဲလေ"

ရာဟုသည် ဘုံ့ကို စိတ်ထဲကျဉ်းကျပ်နေသော အမူအ ရာမျိုးမပြတော့။ မသိလိုက်ဖာသာပင် နေလိုက်လေသည်။

"ဪ. . ရှင်လည်း ဆာနေမှာပဲ၊ ကြည့်စမ်း. . ဟုတ် ပါရဲ့၊ ဘုံသတိမေ့လိုက်တာ၊ ကဲ. . ကဲ. . လာလေ၊ ဘုံကျွေး ရမှာပေါ့"

ဘုံသည် ရာဟုကို ဖက်တွယ်ကာ တစ်နေရာကို ခေါ် သွားခဲ့လေသည်။

အခန်းတစ်ခုပင်။ မီးတိုင်၊ မီးခွက်များကို မတွေ့ရပဲ သင့်တင့်သော အလင်းရောင်က ရှိနေသည့် အခန်းကလေး။ ယင်းအခန်းထဲကို ဝင်ပေါက်သည်နှင့်အမွှေးတိုင်နံ့



www.burmeseclassi.com

www.burmeseclassi.com



[illegible] ခေါင်း [illegible] ပြီးတော့ [illegible]

[illegible]

[illegible] နေလေသည်။ [illegible]

[illegible]

လူသေကောင်၏ ခေါင်းတလားထဲမှာ။ [illegible]

[illegible]

[illegible]

[illegible]

ထားလေသည်။ အငွေများ [illegible]

[illegible]

[illegible]

[illegible] သတ် [illegible] နှင်းလေးပ [illegible]

[illegible] . . [illegible] . . [illegible]

"ခဏာနေဦးနော်၊ ဘုံ . . ထမင်းသွားထည့်လိုက်ဦးမယ်"

[illegible]

ကြာတွင် ထမင်းတစ်ပန်းကန်ကို ယူလာခဲ့သည်။ [illegible]

[illegible]

[illegible]

[illegible] ထမင်းပန်း [illegible]



[illegible] ဖြစ်

သည်။ [illegible]

[illegible] တည်

[illegible] စုံကျကျ

[illegible]

မှန်းမသိ။ [illegible]

[illegible] ဇွန်းကို

[illegible] ပင် [illegible] စားမိလိုက် [illegible] သည်။

ရေကိုလည်း တစ်ဝကြီးသော် [illegible]

[illegible] သုံးသည်။ ဆေး

[illegible] စိုက်ကြည့် [illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible] လုံးက

တားကြည့်မိလိုက်သည်။ [illegible]

[illegible]

www.burmeseclassi.com

www.burmeseclassi.com



တချို့ နှင့်ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်များပင်။ ရင်ထဲမှာတော့ အောင့်သက်သက်ဝေဒနာမျိုး ခံစားလိုက်ရသည်။

"ဒါတွေက ဘာတွေလဲ၊ ဘယ်က ရောက်လာတာလဲ"

စိတ်ထဲက မေးလိုက်မိခြင်းသာ။ မတွေးကောင်းတွေး ကောင်း တွေးလိုက်မိသည်နှင့်စားပြီးသား ထမင်းများပင် ပြန်ပြီးတော့ အံထုတ်ပစ်ချင်စိတ် ဖြစ်သွားခဲ့ရလေ၏။

"ကိုရာဟု ပျင်းနေမယ်ဆိုရင် သွားစရာ၊ လာစရာနေရာလေးတွေ ရှိပါတယ်၊ လာပါ. . ဘုံလိုက်ပို့ပေးမှာပေါ့၊ ကိုရာဟုကိုကြည့်ရတာ စိတ်ရှုပ်နေပုံပဲ"

ဘုံက ရာဟုကို မျက်ခြည်ပြတ်မခံ။ တစ်နေရာကိုခေါ်သွားသည်။ အတူတူလျှောက်သွားကြသည်။ ကျယ်ဝန်းသော မြေအောက်ဥမင်လှိုဏ်လမ်းကြောင်းကြီး၏ အပြင်ဘက်ကိုဖြစ်သည်။ သွားရင်းမှ သတိထားမိသည်။ သက်ရှိသတ္တဝါဟူ၍ တစ်ဦးတစ်လေသော်မှ မတွေ့ရပေ။ ဤဥပေက္ခာဘုံဆိုသည့် နေရာကြီးသည် သေသေချာချာ စဉ်းစားကြည့်တော့ ချောက်ချားစရာကောင်းလှသလို ပျင်းစရာလည်း ကောင်းသည်။

(မကြာမီမှာပင်လျှင် သူ၏ အထင်နှင့်အမြင် မှားယွင်းနေကြောင်းကို သိလိုက်ရလေသည်။)

လှိုဏ်ခေါင်းရှည်ကြီး၏ အဆုံးတွင် ဝိုင်းစက်သော





အလင်းပေါက်ကြီးတစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ရသည်။ ရင်ထဲမှာ ထိတ်ကနဲဖြစ်သွားသည်။ ထွက်ပေါက်များလေလား။

အမှန်တကယ်ပင် အလင်းဝိုင်းကြီးက ထွက်ပေါက်ဖြစ်နေသည်။ သို့သော် အလင်းရောင်က သိပ်ပြီးပြည့်ဝခြင်းမရှိ။ အားလုံးသော အရာများကို မြင်သာထင်သာရှိသာ။ မီးခိုးရောင် မြူများက ပါးပါးလွှာလွှာလေးဆိုင်းနေလျက်ရှိသည်။

"ကဲ. . . ကိုရာဟုဘာသာ လွတ်လွတ်လပ်လပ်နဲ့သွားပေါ့၊ စိတ်ပြေလက်ပျောက်ပေါ့လေ"

ဘုံက ရာဟု၏ ကျောပြင်ကို တွန်းလွှတ်လိုက်သည်။ ရာဟုလည်း ထိုနေရာမှ ထွက်လာခဲ့လေ၏။ တစ်ဖန် နောက်ကို လှည့်ကြည့်လိုက်သောအခါ ဘုံကို ရပ်နေလျက်သားပင် တွေ့လိုက်ရသည်။ ဖြူဆွတ်ပါးလွှာသော အဝတ်များကို ဝတ်ဆင်ထားသည်။ ဘုံသည် အဝေးက ကြည့်လျှင်ပင် ကျော့ရှင်းလှပလျက်ရှိနေသည်။

× × ×

တကယ်တော့ ဘုံကလည်း ရာဟုကို အခွင့်အရေးပေးသလို ထွက်လာခဲ့ခြင်းသည် လွတ်မြောက်ရန် လမ်းစကိုရှာဖို့ပင်။ သူတွေ့လိုက်ရသည့် သစ်ပင်ကြီးငယ်တို့သည် ပုံမကျ ပန်းမကျပင်။ များသောအားဖြင့် အရွက်များ ကင်းမဲ့နေကြ



www.burmeseclassi.com

www.burmeseclassi.com



သည်။ ရိုးတံရှည်ကြီးတွေကို ကမ္ဘာ့ဒွန်းအရိုးကြီးတွေနှင့်တူနေကြသည်။

အချို့သစ်ပင်ကြီးများသည် အောက်ကို ကိုင်နေကြကုန်၏ ရှည်လျားသော လက်တံကြီးများဖြင့် တစ်ယောက်ယောက်ကို ဆွဲရမ်းကာ တိုက်ခိုက်ကြတော့မည်လိုပင်။

ထိုစဉ် ညည်းညူသံလိုလို၊ စကားတီးတိုးပြောသံများလိုလို နံဝံထဲမှ ကြားလာခဲ့ရသည်။

"လူသံတွေပဲ၊ လူတွေ ရှိနေကြတယ်၊ အဲဒီက ထွက်လာတဲ့ အသံများပါလိမ့်"

ရာဟုစိတ်ဝင်စားသွားခဲ့ရသည်။ တစ်ချက်တစ်ချက်မှာ ထွက်ပေါ်လာသော အသံများဆီကို မှန်းဆပြီး ထွက်လာခဲ့ရသည်။ မှဆိုးနားက ဒီလောက်တော့ ပါးရမည်သာ။

အသံများက တဖြည်းဖြည်းနဲ့ နီးကပ်လာလေသည်။ ရာဟု လှမ်းပြီးတော့ မြင်လိုက်ရလေပြီ။ သစ်ပင်ကြီးတစ်ပင်အောက်မှာ လူတစ်စု ထိုင်နေကြသည်။ တစ်ယောက်က လက်ထဲရှိ မစ္စည်းကိုကိုင်ကာ မြှောက်ချီချချည်နဲ့ မြူလုပ်နေသည်။ ယင်းမစ္စည်းမှာ ဒူးလေးတစ်လက်ပင်ဖြစ်သည်။

"ဟင်း. . ဒါ. . ဒါဟာ ငါ့ရဲ့ဒူးလေးပါလား၊ ဒီလူမိုက်တွေ ဘာတွေများလုပ်မလို့ပါလိမ့်"





ထိုသူများသည် ရာဟုကိုး တွေ့သွားခဲ့ကြသည်။

"နေဟာ. . ရှောက်လာပြန်ပြီတစ်ယောက်၊ ဒါပါနဲ့ဆို ဒီကနေ့ရောက်လာခဲ့တာ နှစ်ယောက်တွေ့ရှိသွားပြီ"

တစ်ယောက်က ရာဟုကိုကြည့်ပြီးတော့ ပြောလိုက်လေ၏။ ဒူးလေးကိုင်ထားသောလူက. .

"ဒါ. . မင်းရဲ့ ပစ္စည်းလား၊ မင်းရဲ့မိတ်ဆွေတွေက ဒါကို မင်းနှင့်အတူ ထည့်ပေးလိုက်ကြတယ်မဟုတ်လား၊ ဒါ. . မင်းအနှစ်သက်ဆုံး ပစ္စည်းလား"

"ဒီလူတွေ ငါ့ကို ဘာတွေများ လျှောက်ပြောနေကြတာပါလိမ့်"

ရာဟုသည် ထိုသူများကို နားမလည်နိုင်တော့။ ပေါက်တတ်ကရစကားတွေ လျှောက်ပြောနေသည်ဟုသာ ထင်မိလိုက်၏။

"ဟုတ်တယ်၊ ဒါ. . ကျုပ်ရဲ့ပစ္စည်းပဲ၊ ပေးပါ"

"မင်းက ကိုယ့်ပစ္စည်းကို သူများကိုင်တာ မကြိုက်ဘူးပဲ ကိုး၊ အင်း. . အစွဲအလန်းပဲ၊ အဲဒီအစွဲအလန်းဟာ ဒီနေရာအထိ ယူလာလို့ မကောင်းဘူးကွ၊ မင်းက ဒီလက်နက်ကို ကိုင်တာ ကျွမ်းကျင်သလား"

"ဒါပေါ့ဗျ"

"ငါတို့က ဒါကြီးကို ကိုင်ပြီးတော့ ဘာလုပ်ရမှန်းမသိ



www.burmeseclassi.com

www.burmeseclassi.com



ကြဘူးလေ၊ မင်းသုံးပြစမ်းပါ"

မျက်တွင်းချောင်ကြီးနဲ့ မျက်နှာဖြူဖတ်ဖြူရော်ရှိသော သူက ပြောလိုက်လေ၏။

"ကျုပ် . . မြားကျည်တောက်ပေး"

တစ်ယောက်က အပင်ကြီး၏ ခြေရင်းက မြားကျည် တောက်ကို ယူပေးလိုက်သည်။ ရာဟုသည် မြားတံတစ်ချောင်း ကို ထုတ်ယူလိုက်ပြီး ညှို့မှာတင်လိုက်လေ၏။

"ကဲ . . . ပြော၊ ဘာလုပ်ပြရမလဲ"

"ပစ်ချင်ရာသာ ပစ်ကွာ၊ မြားသွားတာကို မြင်ရရင် ပြီးရော"

ရာဟုသည် အောက်ကိုပစ်လျှင် အခြားသူများကို ထိသွားမည်စိုးရိမ်မိသည်။ ထို့ကြောင့် ရိုးတံတွေ ကြိုးတိုးကျဲ တဲ အရွက်အနည်းငယ်သာရှိသော သစ်ပင်ကြီးတစ်ပင်ပေါ်ကို ပစ်ထည့်လိုက်လေသည်။

BURMESE CLASSIC .com

ဒေါင် . . . ။

"အား"

အော်သံတစ်သံ ထွက်ပေါ်လာသည်။ တစ်စုံတစ်ခု သည် သစ်ပင်ထက်မှ အောက်ကို ပြုတ်ကျလာခဲ့လေ၏။

ဘုတ် . . . ။





"ဟာ"

ရာဟု၏ ခြေထောက်နားကို ကျလာသည်ဖြစ်၍ အ လန့်တကြားပင် ခုန်ရှောင်လိုက်လေ၏။ သူတွေ့လိုက်ရသည် က အရိုးခေါင်းကြီးတစ်လုံး။ မြားက မျက်လုံးဟောက်ပက်ကြီး ထဲကို ဖောက်ပြီးတော့ ဝင်နေသည်။

"ဟား . . ဟား . . ဟား . . ဟား"

ထိုသူများဆီက ရယ်သံများက ထွက်ပေါ်လာကြပြန် သည်။

"ဟာ . . ဒီလူတွေ တော်တော်နောက်ကြတာပဲ"

ရွှယ်နေကြသော သူများက ဆက်တိုက်ပင် ရယ်နေ ကြသည်။ နားသွားသည်ဟူ၍ မရှိ။ တစ်ယောတ်မျက်နှာတစ် ယောက်ကြည့်ကာ ရယ်ကောင်းနေကြလေလေ၊ ရာဟုသည် ထိုလူတွေ၏ အနားမှာ သူ့ဓားမကြီးကိုလည်း တွေ့လိုက်ရ၍ ယူပြီး ထွက်လာခဲ့လေသည်။ ရယ်သံတွေက ဆက်လက်ပြီး တော့ ထွက်ပေါ်လာခဲ့ကြဆဲ။ ဘယ်လိုလူတွေပါလိမ့်။

x x x

ရာဟုသည် လျှင်မြန်သွက်လက်သော ခြေလှမ်းတွေ ဖြင့် တစ်နေရာပြီးတစ်နေရာ ကျော်ဖြတ်လာခဲ့သည်။ မည် သည့်နေရာကိုပဲရောက်ရောက် မြူတို့က ပါးပါးလေး ကျဆင်း



www.burmeseclassi.com

www.burmeseclassi.com



လျက်ရှိနေဆဲ။ နားထဲမှာ တဝေါဝေါနဲ့ စီးဆင်းနေသော ရေသံကို ကြားနေရသည်။

"ရေစီးသံပါလား၊ စမ်းချောင်းလား၊ ချောင်းလားပဲ"

ရေသံများ ထွက်ပေါ်လာရာဆီကို မှန်းပြီး လျှောက်လာခဲ့လေသည်။ တကယ်ပင် စမ်းချောင်းကြီးတစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။ အမြင့်မှ အနိမ့်ဆီသို့ စီးဆင်းနေသည့်အတွက် ရေစီးနှုန်းက လျှင်မြန်နေလျက်ရှိသည်။

ကမ်းစပ်ကျောက်ဆောင်ထက်မှာ ထိုင်နေသော မိန်းကလေးတစ်ယောက်ကို အမှတ်မထင် တွေ့လိုက်ရလေသည်။ ထိုမိန်းကလေးသည် မျက်နှာကို လက်ဖဝါးဖြင့်အုပ်ကာ တရှုံ့ရှုံ့ဖြင့် ငိုကြွေးလျက်ရှိနေလေသည်။

ငိုကြွေးပုံက လွန်စွာမှ ဝမ်းပန်းတနည်းရှိလှ၏။ ရှိုက်ကြီးတငင်နဲ့မို့ အလိုလိုနေရင်း ရာဟုက သနားသွားခဲ့ရလေသည်။ ထို့နောက် မိန်းကလေးရှိရာကို လျှောက်သွားခဲ့လေသည်။

"ဒီကနေ့မှာ ဘာဖြစ်လို့ ငိုနေတာလဲ၊ ဘာများဝမ်းနည်းစရာရှိလို့လဲ၊ ကူညီနိုင်မယ်ဆိုရင် ကူညီပါရစေ"

မိန်းကလေးသည် ရာဟု၏ အသံကြောင့် မျက်နှာပေါ်မှ အုပ်ထားသော လက်ဖဝါးနှစ်ဖက်ကို ဖယ်ရှားပစ်လိုက်လေသည်။



"ရှင်လည်း ကျွန်မလိုပဲ မဟုတ်လား၊ ဒီနေရာရောက်လာပြီးရင် ကိုယ့်ရဲ့ မူလနေရာကို ပြန်ချင်တောင် ပြန်လို့မရအားနဲ့လား"

"မင်း ... အဲဒါကို သိထားလျက်နဲ့ ဘာဖြစ်လို့ ငိုရတာလဲ၊ ဖြေပါ၊ တရားနဲ့ဖြေပေါ့"

"ကျွန်မ ဘာဥာဏ်ရှိလို့ တရားနဲ့ ဖြေရမယ်... ဟုတ်လား၊ ကျွန်မလို ငယ်ရွယ်တဲ့သူက ကိုယ့်မှာ တရားဆိုတာ ဥာဏ်ရှိနိုင်ပါဦးမလဲ၊ ပျော်လို့ပွဲလို့ အကောင်းဆုံးအချိန်မှာ မိဘတွေက မညှာမတာ ဒီနေရာကို ပို့လိုက်တာပဲ"

"မင်းရဲ့ မိဘတွေက ဒီနေရာကို ဘာဖြစ်လို့ ပို့လိုက်တာလဲ၊ အိမ်မှာ ဘာဖြစ်လို့ မထားတာလဲ"

"မသိပါဘူးရှင်၊ ထားနိုင်မှ မရှိလို့ နေမှာပေါ့၊ သဘောအမျိုးကြလို့ပေါ့၊ ဒီလိုပဲဖြစ်မှာပါပဲလေ... အဲဒါကြောင့်မို့ ကျွန်မလည်း စိတ်ညစ်ညစ်နဲ့ ရေထဲခုန်ချပြီး သတ်သေမလို့၊ ဒါပေမယ့် နှစ်ချပြန်နေသလို ဖြစ်နေဦးမှာမို့"

"ဘာရယ်... နှစ်ချပြန်သေသလို ဟုတ်လား"

သူမ ပြောသည့် စကားကို ရာဟုက နားမလည်ခဲ့၍ တွေးသွားခဲ့သည်။

"ဟဲ့ပါလေ.. ရောက်တဲ့အရပ်မှာ ပျော်ပျော်နေပေး

www.burmeseclassi.com

www.burmeseclassi.com



ပါ၊ ဒီနေရာမှာ အဆင်မပြေရင်လည်း ပိုပြီး အဆင်ပြေမယ့် နေရာကို ရောက်အောင်ကြိုးစားပေါ့၊ အားမလျှော့ပါနဲ့"

"ဟုတ်တယ်၊ ရှင်ပြောတာ မှန်တယ်၊ ကျွန်မက ဒီက နေ့မှ ဒီနေရာကို ရောက်လာခဲ့တာ၊ ကိုယ်မရောက်ဖူးတဲ့နေရာ ပေမယ့် အားလုံးနဲ့ အဆင်ပြေအောင် လိုက်လျောညီထွေနေ ရမှာပဲ၊ ဒီနေရာကဘာ. . သူတို့ ပြောပြောနေကြတာ"

"ဥပေက္ခာဘုံတဲ့"

"ဟုတ်ပြီ. . ဟုတ်ပြီ၊ ဥပေက္ခာဘုံ၊ ဥပေက္ခာဘုံ"

မိန်းကလေးက ခေါင်းတညိတ်ညိတ်နဲ့ ရှိနေဆဲမှာပင် နောက်ထပ် မိန်းကလေးတစ်စုက ရောက်လာခဲ့သည်။

"လာ. . လာ. . ညီမ၊ ဒီမှာ တစ်ယောက်တည်းနေနေ တာကိုး၊ တစ်ယောက်တည်းဆိုရင် အားငယ်တတ်တယ်၊ လာ လာ. . ညီမ၊ တို့ရဲ့ နောက်ကိုလိုက်ခဲ့"

ခေါင်းဆောင်နှင့်တူသူ မိန်းကလေးက ထိုမိန်းကလေး ကို အားပေးလိုက်သည်။ ကျန်အဖော်များကလည်း ဝိုင်းပြီး တော့ ခေါ်ကြရာ မိန်းကလေးလည်း မျက်ရည်သုတ်ပြီးတော့ မျက်နှာလေးရှုံ့မဲ့မဲ့နဲ့ လိုက်ပါသွားခဲ့လေသည်။ ရာဟုသည် အံ့အားသင့်ပြီးတော့ ကျန်ရစ်ခဲ့လေ၏။

၀၀၀





# အခန်း– ၁၄

## ရှာန်လိုဗူဗျား

ရာဟုသည် မူလနေရာမှ တဖြည်းဖြည်းနဲ့ ဝေးလာခဲ့ လေပြီ။ ပိုပြီးတော့ အားတက်လာခဲ့သည်။ မိမိလွတ်မြောက် ရာ လမ်းကို ကောင်းစွာရှာဖွေနိုင်ခဲ့ပြီဖြစ်သည်။ ဘုံဆိုသည့် မိန်းကလေးနဲ့လည်း ပြန်ပြီးမဆုံလိုတော့။ ထို့ကြောင့် မိမိတိတ် တဆိတ်ထွက်သွားနိုင်မည့် လမ်းကြောင်းကို လိုက်ရှာနေမိ လေသည်။

မြင်မိသမျှ၊ ကြည့်မိသမျှ ပတ်ဝန်းကျင်သည် အလိုမ ကျနိုင်စရာချည်းပင်။ သစ်ပင်ကြီးငယ်တွေကလည်း အထီးကျန်



www.burmeseclassi.com

www.burmeseclassi.com



ဆန်လွန်းလှသည်။ တစ်ပင်နှင့်တစ်ပင် ဝေးကွာနေကြသည်။ မိစ္ဆာများသဏ္ဌာန်၊ ပင်စည်အပွေးအခေါက်များက ရှုံ့တွနေကြကာ နာနာဘာဝဆန်နေကြသလို။

ထိုစဉ်. . . .။

"ဟော့ကောင်. . မင်းက ဒီနေရာကို ဘယ်လိုကြောင့် ရောက်လာရတာလဲ"

အသံတစ်သံက မမျှော်လင့်ပဲ ထွက်လာခဲ့လေသည်။ ရာဟုက အသံလာရာဆီသို့ လှမ်းပြီးတော့ ကြည့်လိုက်ရာ။

နှာခေါင်းကောက်ကောက်၊ နဖူးက မောက်မောက်၊ ထူထဲသော နှုတ်ခမ်းကတွဲတွဲ၊ ပါးစပ်ကပြဲပြဲ၊ သွားတွေက ကျိုးတို့ကျဲ့တဲ့နဲ့ လူတစ်ယောက်။

ခန္ဓာကိုယ်ကလည်း ပိန်တိုတို မုက္ခကျ အိုသွားက လှည်း မှည်းမည်း။ အဲဒီလိုပဲ ကြည့်ကြည့် အဆင်မပြေနိုင်စရာ မမြင်ဖူးသော လူထူးတစ်ယောက်။ လူသူ သည် ထွက် မှန်းမကျ သိ ကောင်ပဲ အမည် ရမည် ပေါ်လိမ့်မည်။

ရာဟုလို ကြံ့ခိုင်သော စိတ်ဓာတ်ရှိသူသည်ပင် ထိုသူကို မြင်လိုက်ရသောအခါ အံ့ဩလို့နေရင်း ပြောပယ်သွားသလိုမျိုး ခံစားလိုက်ရသည်။ နာနာဘာဝသာ တကယ်ရှိသည်





ဟု ဆိုကြပါလျှင် ထိုသူသည် နာနာဘာဝတစ်ကောင်သာဖြစ်ပေလိမ့်မည်။

"ကျုပ်လား. . ရောက်ချင်လို့ ရောက်လာခဲ့တာပေါ့ဗျာ၊ မင်းက ငါ့ကို ဘယ်လိုထင်လို့လဲ"

ရောင်းသူဝယ်သူ အသံတူဆိုသည့်အတိုင်း ခပ်ပြတ်ပြတ်ပင် ပြန်ပြီးတော့ ပြောလိုက်သည်။

"အံမယ်. . မင်းက အလာသားပါလားကွ၊ ဒီနေရာကို ရောက်လာတဲ့ လူသစ်တွေဆိုရင် ငါ့ကို ဆရာတင်ရတယ်ကွ၊ ငါ့နာမည်. . . ဩဇာ၊ မြေကြီးဩဇာ ဖြစ်သွားတဲ့သူ မှန်သမျှ ဩဇာရဲ့ အမိန့်ကို နာခံကြရတယ်၊ အေး. . မင်းလည်း ငါ့ကို ကြောရင် မောသွားလိမ့်မယ်"

ဒီလူ. . ဘာစကားတွေ ပြောနေပါလိမ့်ဟု ရာဟုနားမလည်လိုက်။ မြေကြီးဩဇာဆိုတာ ဘာလဲ။ တရားပြစကားတွေ လာပြီးပြောနေပြန်ပြီဟု ချဉ်တင်တင်ဖြစ်သွားခဲ့ရလေ၏။

"ကျုပ်က ဘယ်သူ့အမိန့်နဲ့မှ လာတာမဟုတ်ဘူး၊ ဘယ်သူခေါ်လို့မှလည်း လာတာမဟုတ်ဘူး၊ ကျုပ်ဘာသာကျုပ်လာခဲ့တာ"

"ဘာ. . မင်းဘာသာမင်း လာခဲ့တာ၊ မဖြစ်နိုင်ဘူး၊



www.burmeseclassi.com

www.burmeseclassi.com



မဖြစ်နိုင်ဘူး၊ ဒီလိုနေရာမျိုးကို လာနိုင်ဖို့ခေါ်တဲ့သူ ရှိရတယ်၊ အချိန်တန်ရင် ရောက်လာကြတဲ့သူချည်းပဲ၊ မလာချင်လည်း လာရတယ်၊ ဘယ်သူမှ ငြင်းလို့မရဘူး၊ မင်းရဲ့ စကားက ငါ့ကို သက်သက်မဲ့ ခွတိုက်တာပဲ၊ အဲဒီတော့ သြဇာအကြောင်း မင်း မသိသေးလို့၊ သူ့သာန်မှာ လူသေချင်းစကားပြော၊ တသော သောလုပ်မနေနဲ့၊ အပြောကြီးတဲ့ကောင် ဗျောကြီးတီးပြီး ချပစ် လိုက်မယ်၊ နှစ်ခါပြန်သေလိုက်စမ်း"

သြဇာက ဇာတ်သံ၊ နတ်သံနှောပြီးတော့ ခုန်ဝင်လာ ခဲ့သည်။ လက်ထဲမှာ ကိုင်ထားသည်က ပေါက်ပြားကြီးတစ် လက်။ မြေကြီးတူးရာတွင် အသုံးပြုသည့် ပေါက်ပြားကြီး။ သြ ဇာသည် ပေါက်ပြားကြီးကို လက်စုံဆုပ်ကိုင်ပြီး ခေါင်းပေါ်တ အားမြှောက်ကာ ပေါက်ချလိုက်လေသည်။

ဝှီး. . .။

မည်သည့်အကြောင်းကြောင့်လည်းမသိ။ ပေါက်တူး ကို ခုတ်ချရာတွင် အသံက ဝှီးကနဲဆို မြည်သွားခဲ့လေသည်။ သတိထားနေသော ရာဟုက ခေါင်းကို ငုံ့ပြီးတော့ ရှောင်လိုက် သည်။ ကိုယ်ကိုလည်း တိမ်းလိုက်သည်။ ပေါက်တူးသည် ရာ ဟု၏ ပခုံးဘေးမှ ပွတ်ပြီးတော့ ကျသွားခဲ့လေသည်။ သြဇာက





ပေါက်တူးကို ဆုပ်ကိုင်ပြီးတော့ ပေါက်ချလိုက်ရာတွင် ခါးက ကိုင်းသွားသည်။ မျက်နှာကြီးကလည်း မသတိစရာ။ ရာဟုနှင့် နီးကပ်သွားသည်။ ကိုယ်အနေအထားကလည်း မကောင်း။ ရာ ဟုသည် သြဇာ၏ မျက်နှာကြီးကို ဒူးနှင့်တိုက်ပစ်လိုက်သည်။

ဒုတ်. . .။

"အား"

သြဇာ၏ နာကျင်စွာအော်လိုက်သံက ထွက်ပေါ်လာ ခဲ့သည်။ ပေါက်တူးလည်း လွှတ်ကျသွားခဲ့သည်။ သြဇာသည် ပေါက်တူးကို ငုံ့ပြီးအကောက်မှာ ရာဟု၏ ညာခြေများက မျက် နှာကို ပတ်ပြီးတော့ ရိုက်ထည့်လိုက်သည်။

ဖြောင်း. . .။

"အား"

မျက်လုံးတွေထဲမှာ သြဇာ၏ခေါင်းသည် တစ်ပတ်လန် ထွက်သွားသည်ဟု ထင်မိလိုက်သည်။ ရာဟုမျက်လုံးပြူးသွား ခဲ့ရသည်။ မဖြစ်နိုင်။ မဖြစ်နိုင်။ သူ့အမြင်မှားတာပဲဖြစ်မည်။ သြဇာသည် အရှိန်ကို မသတ်နိုင်ပဲ မြေပြင်ပေါ်သို့ ဘိုင်းကနဲ ပစ်ပြီးတော့ လဲကျသွားခဲ့ရလေသည်။

"သြဇာ. . မြေကြီးသြဇာကောင်၊ အဲဒီမြေကြီးတွေကို



www.burmeseclassi.com

www.burmeseclassi.com



ကုန်းပြီးစားလိုက်စမ်း"

ရာဟုက သြဇာ၏ နောက်စေ့မှ ဆံပင်ရှည်ကြီးများကို အုပ်ဆွဲကာ ကိုင်လိုက်ပြီး မျက်နှာနှင့်မြေကြီးကို အပ်ထားလိုက်လေသည်။ သြဇာက ခေါင်းကိုမထူနိုင်ပဲ တအီးအီးနှင့် ညည်းညူနေလေသည်။

"ဟေ့ကောင် . . . ကြောက်ပြီလား၊ ကြောက်ပြီလား၊ ခြိမ်းခြောက်ဦးလေကွာ . . ငါ့ကို၊ ငါက လူမြင်တိုင်း ကြောက်တတ်တဲ့ကောင်မဟုတ်ဘူးကွ၊ နားလည်လား"

"ဟေ့ကောင် . . ငါက လူမှမဟုတ်တာ"

သြဇာက ခေါင်းကို ထူမ၍ မရနိုင်သည့် ကြားထဲက ပြောဖြစ်အောင် ပြောလိုက်သေးသည်။ ရာဟုက သြဇာ၏ ခေါင်းကို ဆောင့်ချလိုက်ရာ လက်ထဲမှာ ဆံပင်တွေက တစ်ဆုပ်ကြီးပင် ပါလာခဲ့လေသည်။ ကျွတ်၍ပါလာသော ဆံပင်များ။

"ဟင်"

ဆံပင်များကို လက်ကလွှတ်ချပြီး လက်ဝါးချင်းရိုက်ကာ ခါချ၊ ပွတ်ချေပစ်လိုက်လေသည်။ သြဇာသည် လဲကျနေရာမှ လူးလဲပြီးထကာ တစ်ချိုးတည်းပင် ထွက်ပြေးသွားခဲ့လေ





တော့သည်။

"ဟောက် . . . ဘယ်လိုဟာတွေနဲ့ လာတွေ့နေရတာလဲမသိပါဘူး၊ မြင်လိုက်ရသမျှ ဘဝင်မကျစရာချည်းပါပဲလား"

ရာဟုသည် ဒူးလေးကို ပခုံးထက်မှာ လွယ်ထားလျက်က လွတ်မြောက်မည့်လမ်းကို တွေ့လိုတွေ့ငြား လိုက်ပြီးတော့ ရှာနေမိသည်။ တစ်နေရာတွင် ကြီးမားသော တောင်ပို့ကြီးတစ်ခုကို တွေ့လိုက်ရသည်။ တောင်ပို့ကြီး၏သဏ္ဍာန်မှာ ရာဝင်အိုးကြီးတစ်လုံးနဲ့ တူနေသည်။ ထောင်ထားသည့် သဏ္ဍာန်ပင်။ အရောင်ကလည်း စဉ့်ရောင်ပေါက်နေသည်။

"ဒီတောင်ပို့ကြီးဟာ ဘာဖြစ်လို့ စဉ့်ရောင်ပေါက်နေတာလဲ၊ အထဲမှာ ဘာကောင်များ ရှိနိုင်မလဲမသိဘူး၊ ဖွတ်လားမြွေကြီးတစ်ကောင်ပဲလား"

ရာဟုစိတ်ဝင်စားသွားခဲ့ရလေသည်။ ထို့ကြောင့်လည်း တောင်ပို့ကြီး၏ အနားကို တဖြည်းဖြည်းနဲ့ တိုးကပ်သွားသည်။ မှိုးညဉ့်က မပျောက်။

"ဟာ . . . မဟုတ်သေးပါဘူး၊ ငါ . . ဒီအလုပ်တွေကို နှံ့လွှတ်ခဲ့ပြီးပြီပဲ၊ ဒီလက်နက်တွေကို အသက်ကာကွယ်ဖို့အတွက် ဆောင်ထားတာပါလို့ ငါခံယူထားတာပဲ"



www.burmeseclassi.com

www.burmeseclassi.com



သတိလစ်ဟင်းသွားသည့်အတွက် ကိုယ့်ကိုယ်ကို မ
ကျေမနပ်ဖြစ်သွားမိခဲ့ရလေသည်။ သို့သော် တောင်ပို့ကြီးထဲ
က တဟားဟားနဲ့ ရယ်မောသံများကို ကြားလိုက်ရသလိုပင်။

"ဟား. . ဟား. . ဟား"

"ရယ်သံတွေပါလား၊ ဒီအထဲက ထွက်လာတာလား"

မသေချာ၍ နားစွင့်လိုက်ပြန်ရာ ရယ်သံများ၊ စကား
ပြောသံများကို ကြားမိလိုက်ရလေသည်။

"ဟုတ်တယ်. . သေချာတယ်၊ ဒီရာဝင်အိုးပုံ တောင်
ပို့ကြီးထဲက ထွက်လာကြတဲ့ အသံတွေပဲ"

မိမိနှင့်မဆိုင်ဟုပင် သဘောထားလိုက်ကာ နောက်
ကြောင်းကို ပြန်လှည့်ရန် ကြိုးစားလိုက်ပြန်သည်။ စိတ်က ပြ
ပြီးတော့ လည်သွားခဲ့ပြန်သည်။ ဤအထဲမှာ မည်သူတွေမျာ
ရှိနိုင်ကြသလဲဟူ၍ စိတ်ဝင်စားသွားမိလေသည်။

ထို့ကြောင့် တောင်ပို့ကြီး၏အနားကို တဖြည်းဖြည်း
တိုးကပ်လာခဲ့လေရာ အောက်ခြေမှာ တံခါးလိုလို နေရာကို
တွေ့လိုက်ရလေသည်။ သို့သော် တံခါးရွက်များကို ပိတ်ထာ
လေသည်။

"ဪ. . တံခါးနဲ့ဘာနဲ့ကိုး"





တံခါးမှာ နားကိုကပ်ကာ နားထောင်ကြည့်လိုက်ရာ
အသံဗလံများကို ကြားလိုက်ရလေသည်။ သို့သော် ဗလုံးဗထွေး
နဲ့ ဖြစ်သည်။ ဘာတွေပြောလို့ ပြောနေမှန်းမသိရ။ မည်သူတွေ
ရှိနေကြမှန်းလည်းမသိရ။

ထိုစဉ်. . .။

တံခါးရွက်နှစ်ချပ်က အမှတ်မထင် ရုတ်တရက် ပွင့်
သွားခဲ့ကြလေသည်။ ရာဟုကိုလည်း တစ်ယောက်ယောက်က
ဆောင့်ဆွဲပြီးတော့ ခေါ်သွားခဲ့သည်။ ရာဟုသည် အတွင်း
ဘက်ကို ချက်ချင်းပင် ရောက်သွားခဲ့လေသည်။

"ဟား. . ဟား. . . ဟား. . . ငါတို့ စကားပြောနေကြ
တာကို ချောင်းကြည့်နေတဲ့အကောင်၊ ပြောစမ်း. . . မင်းဘယ်
သူလဲ"

ထိုသူသည် မြင့်မားသော အရပ်အမောင်း ရှိသည်။
ခန္ဓာကိုယ်ကား တုတ်ခိုင်သည်။ မျက်နှာကြီးကလည်း ရှည်
လျားလှသည်။ မေးကလည်း ကြီးပြီးချွန်သည်။ မျက်လုံးနှစ်လုံး
က လောက်စာလုံးလောက်ရှိသည်။ ပါးစပ်က ပြဲသည်။ နှုတ်
ခမ်းတွဲပြီး ထူသည်။ သွားတွေကတော့ ကျိုးတို့ကျဲတဲ။ လည်
တစ်ဖက်မရှိပေ။ ညာလက်ဖြင့် ရာဟု၏ လည်ပင်းကို ဆုပ်ကိုင်



www.burmeseclassi.com

www.burmeseclassi.com



ထားသည်။

ရာဟုမှာ လည်ပင်းအစ်လှုပြီဖြစ်၍ မျက်လုံးမျက်ဆန် ပြူးနေရသည်။ ထိုသူမေးသည်ကို ပြန်ပြီးတော့ မပြောနိုင်။

"ဟေ့ကောင် . . ငါမေးတာကို ဖြေလေ၊ မင်းဘယ်သူ လဲဆိုတာ"

ရာဟုဖြေလို့မရမှန်းသိလျက်နဲ့ တမင်မေးနေသည်။

"ဟား . . ဟား . . ဟား . . . ဒီကောင်တော့ တာတေ လက်ချက်မိနေပြီဟေ့၊ မျက်လုံးမျက်ဆံပြူးနေပြီ၊ လျှာတောင် ထွက်တော့မယ်၊ ထွက်လာလိုက်စမ်းပါကွာ၊ တတောင်လောက်' မည်သူတွေက ပြောနေကြမှန်းပင် မသိပေ။ ရာဟုသတိလစ် ချင်လာပြီ။ နားထဲမှာပင် တစီစီနဲ့ မြည်လာခဲ့လေပြီ။ တစ်ခုခု တော့ လုပ်မှဖြစ်တော့မည်။ သည်အတိုင်း အသေမခံနိုင်ပါ။ မိမိခါးကြားမှ ဓားကို အားစိုက်ကာ တဖြည်းဖြည်းနဲ့ ယူလိုက် ရသည်။

လက်ထဲမှာ ဓားရိုးကို ဆုပ်ကိုင်လိုက်မိသည်နှင့်သွက် လက်စွာပင် လှူပ်ရှားလိုက်လေတော့သည်။

"အား"

တာတေက ငယ်သံပါအောင် အော်လိုက်လေသည်။





ရာဟု၏ လည်ပင်းကို ဆုပ်ထားသော ညာလက်သည်လည်း လွတ်ထွက်သွားခဲ့ရသည်။ ကိုယ့်အသားနာလျှင် မခံတတ်သော ရာဟုသည် တာတေ၏ ပေါင်ရင်းခွဆုံကို ခြေဖျားနဲ့ ပစ်ခတ် ထည့်လိုက်သည်။

"အူး"

တာတေ့မျက်လုံးတွေ ပြူးထွက်သွားခဲ့ရလေသည်။ ခါး လည်းကိုင်းသွားသည်။ ရာဟုသည် ဩဇာလိုပင် သန်မာသော တာတေကို အပြတ်ကိုင်မှဖြစ်မည်။ ကိုယ်က လက်ဦးမှဖြစ်မည် ကို သိနားလည်သွားလေရာ ရာဟုသည် တာတေက သူ့ကို ပြန်ပြီး မတိုက်ခိုက်နိုင်ရန် မနေမနား တရစပ်ပင် တိုက်ခိုက် နေလေတော့သည်။

တာတေမှာ အကောင်ကြီးသလောက် သွက်လက်မှု မရှိပဲ ရာဟုပြုသမျှ နုနေရလေသည်။ နောက်ဆုံးမှာတော့ ရာဟု၏ ပွဲသိမ်းတတောင်တိုက်ကွက်က တာတေ့ကို အောက် သို့ ဘုံးဘုံးလဲကျသွားရစေသည်အထိပင်။

"ဟာ . . ကျွတ် . . ကျွတ် . . ကျွတ်၊ ဒီကောင်က ပိုပြီး တော့ အစွမ်းထက်တာပဲ၊ တာတေ်လိုကောင်မျိုးကိုတောင် မြေ ပြင်ပေါ်မှာ လှဲပြီးတော့ သိပ်နိုင်တယ်ဟေ့"



www.burmeseclassi.com

www.burmeseclassi.com



အသံတွေက ထွက်ပေါ်လာခဲ့ကြပြန်သည်။ ရာဟုက
လှမ်းပြီးတော့ ကြည့်လိုက်လေရာ ပါးစပ်အဟောင်းသားနဲ့ဖြစ်
သွားခဲ့ရလေသည်။ အကြောင်းမှာ သူမြင်လိုက်ရသော သူများ
သည် အရပ်တစ်တောင်လောက်ပဲ ရှိကြသည်။ ခြေတံလက်တံ
တိုတိုနဲ့ ခေါင်းကြီးက ကြီးမားလှသည်။ မျက်နှာတွေက လူကြီး
မျက်နှာလိုလို၊ ကလေးမျက်နှာလိုလိုနဲ့ နားရွက်နှစ်ဖက်ကလည်း
ဆင်နားရွက်များလိုလို (ဆင်နားရွက်လောက်တော့ မကြီးမား)
တဖျတ်ဖျတ်နဲ့ လှုပ်ခတ်နိုင်ကြလေသည်။

ရာဟုက ထိုပုကွကွကောင်လေးတွေကို လှမ်းပြီးတော့
ကြည့်လိုက်တော့ သူ့ကို ပါးစပ်တွေဖြဲပြကြသည်။ ကျိုးတို့ကျ
တဲသွားတွေကို မြင်လိုက်ရလေသည်။

“ကိုယ့်လူက ဘယ်ဆိုးလို့လဲ၊ တာတေက ကျုပ်တို့ကို
ခိုင်းစားနေတာဗျ၊ အားလုံးကို ဗိုလ်ကျနေတာ၊ ကိုယ့်လူရောက်
လာတော့မှပဲ ဦးကျိုးသွားတော့တယ်”

“သူက ဘယ်ကရောက်လာတာလဲ”

“ဒီလိုပဲလေ၊ ရောက်လာလိုက်၊ ပျောက်သွားလိုက်ကြ
ဘယ်ကလာကြသလဲဆိုတာကိုတော့ တစ်ဦးနှင့်တစ်ဦး မစပ်
စုကြဘူး၊ အင်း. . တာတေကတော့ အရင်က လူမိုက်တစ်ဦး





နဲ့ တူပါတယ်၊ ဒီနေရာကို သူရောက်လာတော့ လက်တစ်ဖက်
ပါမလာဘူး၊ ဩဇာနှင့်သူက မြင်သမျှကို ဗိုလ်ကျနေတော့တာ
ပဲ၊ ကိုယ့်လူက ဩဇာကိုပါ ဆုံးမခဲ့တယ်ဆိုတော့ ဘယ်ဆိုးလို့
လဲ၊ ဒီမှာ ဗိုလ်လုပ်ပါလားဗျ”

“ဟာ. . ကျုပ်လည်း ကိုယ့်အရေးကြောင်းနဲ့ကိုယ်ပါ၊ ဒီမှာ
ကြာကြာနေမယ့်ကောင် မဟုတ်ပါဘူး”

ထိုပုကွကွအကောင်များက ရာဟုကို ရယ်ကျဲကျဲမျက်
နှာများဖြင့် ကြည့်နေကြလေသည်။

ထိုစဉ် တာတေသည် လဲကျနေရာမှ ကုန်းထလာ၏။
နံရံမှာ ထောင်ထားသော သံတူရွင်းကြီးတစ်ခုကို ပြေးကောက်
ယူလိုက်ပြီး ရာဟု၏ ခေါင်းပေါ်ကို တအားမြှောက်ကာ ရိုက်
ချလိုက်လေတော့သည်။

“ကိုယ့်လူ. . နောက်မှာ”

တစ်ဦးက အလန့်တကြားနဲ့ အော်လိုက်လေသည်။
ရာဟုကလည်း မုဆိုးနားမို့ ပါးလှပ်သည်။

ရုတ်တရက် နောက်ကိုလှည့်ပြီး ခုန်ကုန်ထည့်လိုက်၏။

“ဖြောင်း”

“အား”



www.burmeseclassi.com

www.burmeseclassi.com



တူရွင်းကိုင်ထားသော လက်ကို ကန်မိသွားလေသည်။ ကန်ချက်က ထိမိသွားသည်။ လက်မောင်းကိုပါ ပြုတ်ထွက်သွားခဲ့လေသည်။

"ဟာ"

ရာဟုသည်ပင် အံ့အားသင့်သွားခဲ့ရလေသည်။ ထိတ်လန့် ထိတ်သွားမိသည်။ တာတေ၏ တစ်ဖက်တည်းသော ညာလက်သည် တူရွင်းကို ဆုပ်ကိုင်လိုက်သည်နှင့်ပခုံးရင်းက ကျွတ်ထွက်သွားသောကြောင့်ပင်။ လေထဲမှာ မြောက်တက်သွားခဲ့သည်။

ထိုအခါ ရာဟုလည်း အထိတ်တလန့်နဲ့ အပြင်ဘက်ကို ပြေးထွက်လာခဲ့လေတော့သည်။

"ဟား. . ဟား. . ဟား. . "

ရယ်သံတွေက နောက်မှာ ကျန်ရစ်ခဲ့ကြသည်။ ရယ်ကြသော သူတွေအထဲတွင် တာတေလည်းပါဝင်လေသတည်း။

× × ×

ရာဟုသည် စဥ့်အိုးပုံ တောင်ပို့ကြီးထဲမှ ပြေးထွက်လာခဲ့သည်။ အတော်ခပ်ဝေးဝေးကို ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်အောက်မှာ မောမောနဲ့ပင် လှဲချလိုက်မိသည်။





"ဘုရား. . ဘုရား. . ငါ့အိပ်မက်မက်တာပဲ ဖြစ်ပါစေ၊ ဘယ်လိုဟာတွေနဲ့ လာတွေ့နေရမှန်း မသိပါဘူးဗျာ"

ပခုံးထက်က ဒူးလေးရော၊ မြားကျည်တောက်ရော၊ ပစ်ချကာ ခြေပစ်လက်ပစ် ဖြစ်သွားခဲ့ရလေ၏။ မည်သည့်နေရာကိုပဲကြည့်ကြည့်၊ တောင်ကုန်းတွေ၊ ဂမူဂလစ်တွေ၊ သစ်ပင်ကြီးတွေက ပတ်ချာလှည့်ကာ ကာဆီးနေလျက် ရှိနေလေ၏။ မြူလိုလို အရာတွေကလည်း စိုးတဝါးဆိုင်းနေလျက်ရှိကြလေရာ မည်သည့်အရာကိုမှ မသဲကွဲ။ အထူးသဖြင့် သစ်ပင်ကြီးတွေ၏ ပုံပန်းသဏ္ဍာန်များက အပင်မဆန်ကြပေ။ ရုက္ခတစ္ဆေများဖြစ်နေကြသည်။

တိုက်ခတ်နေသည့် လေကလည်း အေးမြခြင်းအလျှင်းရှိ။ ခြောက်ခြောက်သွေ့သွေ့ပင်ဖြစ်သည်။ မိမိကျနေရာမှ ထွက်သွားနိုင်ရန် လမ်းစကို ရှာမတွေ့။ လမ်းမှာ မမြင်နိုင်သော အန္တရာယ်များက စောင့်နေသည်ဟုလည်း အလိုလိုနေရင်းမှပင် မြင်ယောင်လာခဲ့လေသည်။

မိမိအကျဥ်းထဲ၊ အကျပ်ထဲရောက်နေခြင်းသည် **အိပ်**မက်ပဲဖြစ်ပါစေ။ တကယ်မဟုတ်ပါစေနဲ့ဟု ဆုတောင်းမိရသည်အထိ ရှိလာခဲ့ရလေသည်။ စိတ်မောလူမောနဲ့ အိပ်ပျော်သွား



www.burmeseclassi.com

www.burmeseclassi.com



ခဲ့လေသည်။

မည်မျှကြာသွားခဲ့သလဲမသိ။ လွန်စွာမှ သင်းပျံ့သော ရနံ့တစ်ခုက မိမိ၏ နှာခေါင်းထဲကို တိုးဝင်လာခဲ့လေသည်။ မျက်လုံးကို ဖွင့်ကြည့်မိလိုက်ရာ. . .။

"ဟင်. . . ဘုံ"

ဘုံဖြစ်နေလေသည်။ သူမသည် ရာဟုကို ပြုံးပြုံးလေး ပင် စိုက်ပြီးတော့ ကြည့်နေလေသည်။

"ကိုရာဟု. . စိတ်ပင်ပန်းနေပြီမဟုတ်လား၊ လာပါ. . ပြန်ပြီး အနားယူပါတော့"

ရာဟု၏ လက်မောင်းကို ဆုပ်ကိုင်ကာ လေသံအေး အေးလေးဖြင့် ပြောလိုက်လေတော့သည်။





## အခန်း- ၁၅

### ဘဝတစ်ခုက ရာဟု

ဘုံသည် ရာဟု၌နေရာက လွတ်မြောက်နိုင်ခြင်းမရှိ ဟု ယုံကြည်ထားသောကြောင့် သွားချင်ရာသွားဟု တမင်ပင် လွှတ်ထားလေသလားမသိ။ နောက်ဆုံးမှာတော့ ရာဟုသည် ဘုံလက်ထဲသို့ပင် ပြန်ပြီးတော့ ရောက်လာခဲ့ရလေသည်။

"ဘုံ. . မင်းက ငါ့ကို ကြောင်က ကြွက်ကို ကစားသ လို တမင်ကစားနေတာလား"

"ကိုရာဟုက ဘာကို ဆိုလိုပြီးတော့ ပြောလိုက်တာ



www.burmeseclassi.com

www.burmeseclassi.com



လဲဟင်"

ဘုံသည် သူ့မျက်နှာလေးကို ရာဟု၏မျက်နှာနှင့်ပိုပြီး နီးကပ်စေရန် ရှေ့ကို ထိုးပေးပြီးတော့ ပြန်မေးလိုက်လေ၏။ ရာဟုသည် ဘုံ၏ မျက်လုံးလေးများနှင့်မဆုံမိနိုင်စေရန် ရှောင် လွှဲလိုက်ပြီး. . .။

"မင်းက မသိချင်ယောင်ဆောင်နေပြန်ပြီ. . ဘုံ၊ ငါ ဒီနေရာကနေ ထွက်သွားလို့မရအောင် ပရိယာယ်အမျိုးမျိုးနဲ့ တားဆီးနေတာလား"

"ဒီလို သဘောမထားပါနဲ့. . . ကိုရာဟုရယ်၊ ဘုံက တမင်တားဆီးတာ မဟုတ်ပါဘူး၊ ဘုံရဲ့ အချစ်က ကိုရာဟုရဲ့ နှလုံးသားကို ရစ်ပတ်နှောင်ဖွဲ့ထားတာပါ၊ အဲဒါကြောင့် ရုန်း မထွက်နိုင်ပဲ ရှိနေရတာပါ"

"ငါ့ရဲ့ နှလုံးသားက တစ်ခြားတစ်ယောက်ကို ပေးပြီး သားပါ၊ မင်းကိုပေးလို့ မရတော့ပါဘူး၊ ငါ. . မင်းကို အဲသည် လိုပြောထားပြီးပြီပဲ၊ မင်းက ဘာဖြစ်လို့ ငါ့ကို နားမလည်ပေး တာလဲ. . . ဘုံ"

ဘုံသည် ဆတ်ကနဲဆို နေရာက ထလိုက်ပြီး. . .။

"ထပ်မပြောနဲ့တော့၊ ကျွန်မ. . မကြားချင်တော့ဘူး၊ ဒီလိုစကားမျိုးပြောချင်ရင် ရှင်တစ်ယောက်တည်းပဲပြော၊ ကျွန်မ





ရှေ့မှာ လာမပြောနဲ့"

တင်းမာသော မျက်နှာထားသို့ ပြောင်းလဲသွားခဲ့သည်။ လေသံကလည်း ခက်ထန်သွားခဲ့ရလေသည်။ ရာဟုသည်ပင် ဘုံ၏ အမူအရာကို ကြည့်ပြီးတော့ အံ့အားသင့်သွားမိခဲ့ရ၏။ ချော့တစ်ခါ၊ ခြောက်တစ်လှည့်၊ ကောင်းတစ်ခါ၊ ဆိုးတစ်လှည့် နဲ့ အပြောင်းအလဲမြန်တတ်သော ဘုံပါ။

သူမသည် ဤနေရာတွင် မည်သည့်အဆင့်ရှိသူပါလဲ။ မည်သူနဲ့မှလည်း မဆက်ဆံ။ အားလုံးနဲ့မရောပဲ တစ်သီးတစ် ခြား ဖြစ်နေသည်။

"ရှင့်ကို ကျွန်မထပ်ပြောမယ်၊ ဘုံလက်ထပ်ရမယ့်သူ ဟာ ကိုရာဟုဆိုတဲ့သူပဲ၊ ကိုရာဟုယူရမယ့်သူကလည်း ဘုံပဲ၊ ဒါကိုတော့ မမေ့နဲ့၊ ခေါင်းထဲမှာ တစ်သက်လုံး စွဲစွဲမြဲမြဲမှတ် ထားပါ"

"မင်းက ငါ့ကို ဘာဖြစ်လို့ ဒီလိုအမိန့်ပေးနိုင်ရတာလဲ၊ အတင်းအကျပ် စီစဉ်ရတာလဲ၊ ငါ. . မင်းပြောတာကို လက်မ ခံဘူး၊ ငါလက်မခံရင် ဘာမှလုပ်လို့မရဘူး"

ဘုံ၏ မျက်နှာအမူအရာသည် ချက်ချင်းပင် ပြောင်း လဲသွားခဲ့ရပြန်လေသည်။

"ကိုရာဟုကလည်း ကျွန်မက ရှင့်ကို ဒီလောက်ချစ်



www.burmeseclassi.com

www.burmeseclassi.com



နေတာတောင် စိမ်းကားရက်စက်တဲ့ စကားတွေနဲ့ မညှာမတာ ပြောရသလားဟင်၊ ဘုံရဲ့ အချစ်ကို နည်းနည်းလေးမှ နားလည် မပေးနိုင်ဘူးလား”

“ငါ. . နားလည်မပေးနိုင်ဘူး၊ မင်းက ငါ့ကို မာယာနဲ့ သိမ်းသွင်းလည်း ငါ့အချစ်ကို မရဘူး. . မှတ်”

“ဘာ. . ရှင်က ဘုံရဲ့ မာယာအကြည့်ကို ဂရုမစိုက်ဘူး. . ဟုတ်လား၊ ပြန်ပြီးတော့ စဉ်းစားပါဦးရှင်၊ ဘုံဆိုတဲ့ မိန်းကလေးရဲ့ မာယာကွန်ရက်ထဲမှာ ရှင်အမိခံခဲ့ရတာကိုတောင် သိမှမသိလိုက်ပဲကိုး၊ ဒါမှမဟုတ် တမင်ကိုပဲ မသိချင်ယောင်ဆောင်နေတာလား၊ ဘုံရဲ့ ခန္ဓာကိုယ်ကို ရယူပြီးရင် လူကိုပါ ယူရမယ်၊ ကျွန်မကို ရှင့်. . လက်ထပ်ရမယ်”

ဘုံက စူးလက်သော အကြည့်ဖြင့် ကြည့်ကာ ပြောလိုက်သည်။ ရာဟုသည် သူမ၏စကားကြောင့် တုန်လှုပ်သွားခဲ့ရလေသည်။

“မင်း. . မင်း. . ငါ့ကို အပိုင်ချည်လိုက်တာပါလား။ ဒီလိုနည်းနဲ့ ငါ့ကို မင်းက သိမ်းပိုက်ဖို့ ကြိုးစားနေတယ်ပေါ့ ဟုတ်လား”

“ဘုံက သိမ်းပိုက်တာ မဟုတ်ပါဘူး. . ရှင်ရယ်၊





သိမ်းပိုက်ခံချင်တာပါ၊ ကိုရာဟုရဲ့ ကြင်ယာတော်အဖြစ် တင်မြှောက်ခံချင်တာပါ၊ အဟင်း. . . ဟင်း”

အငွေ့အသက်များပါသော အကြည့်ကို ရာဟုအဖမ်းစားခံလိုက်ရပြန်သည်။ ရာဟုတစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ကျောက်ရုပ်တစ်ရုပ်အလား ဖြစ်သွားခဲ့ရလေသည်။

“တကယ်တော့ ဘုံရဲ့ ဆုံးဖြတ်ချက်ကို ကိုရာဟုလွန်ဆန်နိုင်ခဲ့လို့လားကွယ်”

ရာဟု၏ နားဝမှာ ကပ်ပြီးတော့ တိုးတိုးလေး ပြောလိုက်လေသည်။

“ဟုတ်တယ်၊ မင်းဟာ ငါ့ကို တစ္ဆေမလေးလို ဖမ်းစားနိုင်စွမ်းရှိတယ်၊ ငါ့အသည်းနှလုံးတွေကိုလည်း ကစားပစ်နိုင်တဲ့ ကြောက်စရာမိန်းကလေးတစ်ဦးပါပဲ. . ဘုံ”

နောက်ဆုံးမှာတော့ ရာဟုပဲ အရှုံးပေးလိုက်ရသလိုပင်. . .။

× × ×

ဘုံသည် အိပ်ပျော်နေသော ရာဟုကို လှုပ်ကာနှိုးလိုက်လေသည်။

“ကိုရာဟု. . ထ၊ ဘုံ့နောက်ကို လိုက်ခဲ့ပါ”



www.burmeseclassi.com

www.burmeseclassi.com



"ဟင်"

ရာဟုလည်း အိပ်ပျော်နေရာက လူးလဲပြီးတော့ ထ လိုက်လေသည်။ ဘုံသည် မိမိနှင့်အတူ အိပ်ခဲ့ပါလားဟူသော အသိကို ရရှိလိုက်လေသည်။ ထို့ကြောင့် စိတ်ထဲမှာ တစ်မျိုး တစ်မည် ခံစားလိုက်ရလေသည်။

ထို့ကြောင့် ဘုံခေါ်သွားသည့် နေရာကို လိုက်သွားခဲ့ ရလေသည်။ လမ်းကျမှ စဉ်းစားမိသည်။

"ငါ့ကို ဘယ်ခေါ်သွားမှာပါလိမ့်"

အခန်းမှ ထွက်လာကတည်းက လှိုဏ်လမ်းကြောင်း တစ်လျှောက် ဖြတ်သန်းလာခဲ့သည်။ မီးရောင်မရှိပါပဲလျက် အလင်းဓာတ်က ရှိနေလေသည်။ မည်သည့်နေရာက ထွက် ပေါ်လာမှန်းမသိသော အလင်းရောင်က အပြည့်အဝတော့ မ ဟုတ်။ ဘုံသည် ဖြူဆွတ်သော အဝတ်အစားများကို ဝတ်ဆင် ထားသည်။ သူမသည် အဝတ်ကို တစ်ထည်ပြီးတစ်ထည်ဖြင့် ပြောင်းပြီးဝတ်သော်လည်း အဖြူရောင်မှလွဲ၍ အခြားသော အရောင်ကို မဝတ်။

သို့သော် ပိတ်ဖြူပါးပါး တစ်စကိုသာ တစ်ကိုယ်လုံး ရစ်ပတ်ထားခြင်းပင် ဖြစ်သည်။ ဤသို့ ထူးခြားစွာ ဝတ်ဆင်





ထားသောကြောင့် အံ့အားသင့်မိရခြင်း ဖြစ်သည်။ ဘုံသည် ရာဟု၏ ရှေ့မှမလျှောက်ပဲ အတူတူ ယှဉ်ပြီးတော့ လျှောက် နေသည်။

တစ်ခါတစ်ရံမှာ ရာဟု၏ လက်ကို ဆုပ်ကိုင်ထားလေ သည်။ အသားချင်းထိသော အတွေ့အထိက ကြက်သီးမြမြထ အောင်ပင် ခံစားမိရသည်။ အမှန်အတိုင်း ပြောရလျှင်-ဘုံ၏ တိမ်းမူးဆွတ်ကျင်ဖွယ်ရာကောင်းသော အလှအပေါ်မှာ သာ ယာမိခြင်းလည်း ဖြစ်မိလေသည်။

ဂူလှိုဏ်လမ်းကြောင်း၏ ဝဲယာဘက်များတွင် လမ်းခွဲ များရှိနေကြသည်။ ဘုံသည် လက်ဝဲဘက်လမ်းခွဲအတိုင်း ဝင် သွားခဲ့လေသည်။ အလုံပိတ်ထားသော အခန်းကြီးတစ်ခုကို ရာဟုတွေ့လိုက်ရသည်။ ဘုံသည် အခန်း၏ရှေ့မှာ ရပ်လိုက် ပြီး စိုက်ကြည့်နေမိသည်။ တခဏအကြာတွင် လေးထောင့်စပ် စပ် အရာတစ်ခုက အပေါ်ကို တက်သွားသည်။ တံခါးပွင့်သွား ခြင်းပင်။ ရာဟုလည်း ဘုံ၏ အပြုအမူကိုကြည့်ပြီးတော့ အံ့ အားသင့်သွားမိသည်။

(တံခါးကို ဖွင့်နိုင်၊ပိတ်နိုင်သည့် ယန္တယားခလုတ်မျိုး တစ်နေရာမှာ လျှို့ဝှက်စွာရှိနေသလား၊ သို့မဟုတ် စိတ်ဓာတ်



www.burmeseclassi.com

www.burmeseclassi.com



ခိုးကြောင့် အမိန့်ပေးနိုင်သည်ပဲလားဟု မယုံကြည်နိုင်စွာပင် တွေးနေမိလေသည်။)

"လာ. . . ကိုရာဟု၊ ရဲရဲသာဝင်ပါ၊ ဒီအခန်းထဲကို ဝင်လိုက်လို့ ဘာမှမဖြစ်နိုင်ပါဘူး၊ ဒီလို အကြံအစည်မျိုး ဘုံ့မှာရှိခဲ့ရင် ဘယ်တော့မှ လူပြန်မဖြစ်ရပါစေနဲ့"

ဘုံ၏ ကျိန်စာက ကြက်သီးထစရာ ကောင်းလှပေသည်။ ယင်းကျိန်စာကို ရာဟုနားမလည်။

ဘုံက ရာဟုကို လက်ဆွဲပြီးတော့ခေါ်သွားသည်။ ဂူလိုလို၊ အခန်းလိုလိုနဲ့ အထဲမှာ ကျယ်ဝန်းလှသည်။ မည်သည့်နေရာက ထွက်ပေါ်နေမှန်းမသိသော အလင်းရောင်ကလည်း အခန်းထဲမှာ လင်းလင်းချင်းချင်းပင် ရှိနေသည်။ (အပြင်မှာထက် ပိုပြီးတော့ လင်းနေသည်။)

ရာဟုက မျက်လုံးတွေကို ကစားကြည့်လိုက်သောအခါ ကြည်လင်သော အလင်းရောင်များသည် မြေပြင်အောက်မှ ထိုးထွက်နေသည်ကို သိလိုက်ရသည်။ သေသေချာချာကြည့်က ပါးလှပ်သော အလင်းရောင်များကို သိသာစွာ မြင်တွေ့နိုင်လေသည်။

အပေါ်ကိုတက်သွားသော တံခါးသည် အလိုလိုပင်





အောက်သို့ပြန်ပြီးတော့ ကျလာသည်။ တံခါးပိတ်သွား၍ ရာဟုနောက်သို့ ပြန်လှည့်ကြည့်လိုက်ရာ. . .။

"မစိုးရိမ်ပါနဲ့၊ ဘုံတို့ ဒီတံခါးကနေပဲ ပြန်ပြီးတော့ ထွက်ကြရမှာပါ"

ဘုံက ရာဟုကို နှစ်သိမ့်လိုက်သည်။

"ဘုံ. . မင်း ငါ့ကိုခေါ်လာတာ အကြောင်းရှိလား"

"ရှိလို့ပေါ့၊ ကိုရာဟုကို ဘုံက မတော်မတရားကြံပါ့မလား၊ အဖြစ်သည်းနေလိုက်တာ၊ ကဲ. . အချိန်မကုန်စေရပဲ ကိစ္စမြန်မြန်လေး ပြီးလိုက်ကြရအောင်"

ကိစ္စမြန်မြန်ပြီးလိုက်ရအောင်ဟု ဘုံပြောလိုက်သည့် စကားကြောင့် ရာဟု၏ မျက်လုံးတွေ ဝိုင်းစက်သွားခဲ့ရလေသည်။ ဘုံကတော့ ရာဟု၏ အမူအယာကိုကြည့်ပြီးတော့. . ။

"ရှင်ကလေ. . နေရာတိုင်းမှာ အတွေးကနက်တယ်၊ ဘုံဆိုလိုတာက တစ်မျိုးပါရှင်"

ဘုံသည် ဟက်ပက်စွာပင် ရယ်မောပစ်လိုက်သည်။ ခုလို ပွင့်လင်းစွာ ရယ်လိုက်ပြန်တော့လည်း မျက်နှာလေးက ချစ်စရာကောင်းနေသည်။ သို့သော် ရာဟုသည် ဘုံ့ကိုကြည့်ပြီးတော့ ကြာရှည်စွ မသာယာမိပါ။



www.burmeseclassi.com

www.burmeseclassi.com



အခန်း၏ အလယ်မှာ ကျောက်ဖြူသားလေးထောင့် စပ်စပ်ခုံကြီးတစ်လုံးရှိသည်။ စားပွဲတစ်လုံးပင်ဖြစ်သည်။ စားပွဲထက်မှာ ဝိုင်းစက်သော မှန်တစ်ချပ်ကို ထောင်ထားလေ၏။ မှန်ရှေ့မှာ ကြေးဇလုံကြီးတစ်လုံးရှိ၏။ အထဲမှာ ရေအပြည့် ထည့်ထားသည်။

"ကိုရာဟု. . ကြေးမုံပြင်ထဲကို သေသေချာချာကြည့်ပါ၊ စိတ်ကို တင်းမထားပါနဲ့၊ လျှော့ထားပါ"





ဘုံက ရာဟု၏ ကျောဘက်ကနေပြီး သတိပေးသလို ပြောသည်။ သို့သော် ရာဟုမှာ ကြေးမုံပြင်ပေါ်က အကြည့်ကို လုံးဝဖယ်ရှား၍ မရနိုင်တော့လောက်အောင် ဖြစ်လာခဲ့ရလေတော့သည်။

အကြောင်းမှာ သဏ္ဌာန်များသည် တဖြည်းဖြည်းနဲ့ ထင်ရှားလာကြသောကြောင့်ပင်တည်း။ ရှေးဦးစွာ ရာဟုတွေ့လိုက်ရသည်မှာ. . . .။

× × ×

ရှေးဦးစွာ တောတောင်သဘာဝရှုခင်းများက တဖြည်းဖြည်းနဲ့ ပေါ်လာခဲ့ကြလေသည်။ တောင်ခြေတစ်နေရာတွင် ရွာကလေးတစ်ရွာကိုလည်း တွေ့လိုက်ရသည်။ ရွာသူရွာသားများသည် ကွန္ဒြေမပျက်ပင် သွားလာလျက်ရှိနေကြသည်။

သူတို့ ဝတ်ဆင်ထားသော အဝတ်အစားများမှာ အနည်းငယ်ရှေးဆန်သည်ဟု ထင်မိသည်။

မြင်ကွင်းသည် ဖျတ်ကနဲဆို ပြောင်းလဲသွားခဲ့သည်။ တောင်ခြေနှင့်မနီးမဝေးတွင် အိမ်မြင့်ကလေးတစ်လုံးကို တွေ့လိုက်ရသည်။ အမျိုးသားတစ်ယောက်နှင့်မိန်းကလေးတစ်ယောက်က အိမ်ထဲက ထွက်လာခဲ့ကြသည်။ သူတို့နှစ်ယောက်



www.burmeseclassi.com

www.burmeseclassi.com



၏ မျက်နှာကို ထင်ထင်ရှားရှား မြင်လာရသောအခါ ရာဟုအံ့အားသင့်သွားခဲ့ရလေသည်။

တစ်ယောက်သည် ရာဟုနှင့်မျက်နှာဆင်တူလျက် ရှိပြီး နောက်တစ်ယောက်ကား ဘုံနှင့်ရုပ်ချင်းခွဲ၍မရအောင် တူနေသောကြောင့်ပင်တည်း။ တစ်ယောက်နှင့်တစ်ယောက် လွန်စွာမှ ချစ်ခင်ယုယကြသော အမူအရာမျိုး ရှိကြလေသည်။

"ကိုရာဟု. . သတိနှင့်သွားလာနော်၊ အတင့်မရဲပါနဲ့၊

"စိတ်ချပါ. . မိန်းမရယ်၊ ဒီတောကို ငါက ကျွမ်းပြီးသားပါ၊ ငါက အမြဲတမ်း သတိရှိတဲ့လူပါ၊ ငါ့အတွက် မကြောင့်ကျပါနဲ့ကွယ်"

ရာဟုဆိုသည့်လူက လေးမြားကို အိမ်တိုင်မှာ ချိတ်ထားရာက ဆွဲယူရင်း ပြောလိုက်လေသည်။

"ဒါတော့ ဒါပေါ့. . ကိုရာဟုရယ်၊ သတိပေးတာကတော့ ပိုတယ်မရှိဘူးလေ"

မိန်းကလေးက ရာဟု၏ ကျောပြင်နောက်မှ သိုင်းဖက်ကာ ပြန်ပြီးတော့ ပြောလိုက်လေ၏။

မြင်ကွင်းက ဖျတ်ကနဲဆို ပြောင်းလဲသွားခဲ့ပြန်သည်။ လူတစ်ယောက်သည် တောထဲကို ရောက်နေသည်။ အစား





နေသော သမင်တစ်ကောင်ကို တွေ့လိုက်သည်။ ချက်ချင်းမှာပင် လေးညှို့မှာ မြားကိုတင်ကာ ပစ်လွှတ်လိုက်လေ၏။

ဝှစ်. . . ။

မြားက သမင်ကို သွားမှန်သည်။ လဲကျသွားသည်။ ရာဟု. . သမင်ဆီကို အားရဝမ်းသာစွာနဲ့ ပြေးသွားခဲ့သည်။ မကြာမီ သမင်သေကိုထမ်းကာ တောလမ်းအတိုင်း ပြန်လာခဲ့လေသော. . ရာဟု။

နောက်မြင်ကွင်းတစ်ခုကတော့ သမင်သေကို ဖျက်နေသော ရာဟု။ ဇနီးဖြစ်သူက ဘေးမှာထိုင်ကာ အသားတွဲများ ပြုလုပ်ကာ နီးစဖြင့် ချည်နှောင်လျက်ရှိသည်။ ထိုနောက် ရွာထဲလှည့်ကာ အသားတွဲများကို တောင်းထဲမှာထည့်ကာရွက်ပြီး ရောင်းချလေသည်။

မြင်ကွင်းများက ဖျတ်ကနဲ၊ ဖျတ်ကနဲနဲ့ ပြောင်းသွားကြသည်မှာ မြန်ဆန်လှသည်။ ဇနီးဖြစ်သူနှင့်ရာဟုတို့၏ ပုံရိပ်များလည်း ပေါ်လာခဲ့ပြန်သည်။ အိမ်ရှေ့ခန်းမှာ နှစ်ယောက်အတူ ထိုင်နေကြသည်။ မိန်းကလေးက ဝမ်းတွင်းသား ကလီစာအကြော်များကို ပန်းကန်ထဲက နှိုက်ယူပြီး ရာဟု၏ ပါးစပ်ထဲကို ထည့်ပေးသည်။ ရာဟုက သေရည်ခွက်ကိုယူ၍သောက်



www.burmeseclassi.com

www.burmeseclassi.com



သည်။ ထိုနောက် ဇနီး၏ခါးကို ဖက်ကာ တစ်ယောက်နှင့်တစ်ယောက် ကလူကျီစယ်နေကြသည်။

နောက်တစ်ခန်းကတော့ ရာဟုသည် တောထဲမှာပင် တောဝက်တစ်ကောင်၏နောက်ကို လိုက်နေလျက်ရှိသည်။ မီလုမီခင်ဖြစ်ကာနီးမှာ မြားတစ်စင်းကို ကျွမ်းကျင်စွာဖြင့် ပစ်လွှတ်လိုက်လေသည်။

ဝှစ်. . .။

မြားက ချိန်သားကိုက်ကာ တောဝက်၏ လက်ယာနံပါးကို သွား၍မှန်သည်။ သို့သော် တောဝက်သည် ခြုံတစ်ခုထဲကို တောက်လျှောက်ပင် ပြေးဝင်သွားခဲ့လေသည်။ ရာဟုက ညို့တွင် မြားကိုတင်ကာ သတိဖြင့် ခြုံနားကို ချဉ်းကပ်သွားသည်။

ထိုစဉ် မမျှော်လင့်သော အခြေအနေတစ်ခုက ရုတ်တရက် ဖြစ်ပေါ်လာခဲ့သည်။ တောဝက်သည် ခြုံထဲက ထွက်လာပြီး ရာဟုကို ပြေးပက်လိုက်လေတော့သည်။

"အား"

ရာဟုဗိုက်ပွင့်ကာ လဲကျသွားသည်။ အစွယ်ကြီးသော တောဝက်ကြီးသည် ရာဟုကို ဆက်ကာဆက်ကာ ဒေါသတ





ကြီးနဲ့ တိုက်ခိုက်လေတော့သည်။

ကြေးမုံပြင်ထက်မှာပေါ်နေသော အရိပ်သဏ္ဍာန်များသည် တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားခဲ့ကြလေသည်။ သွေးနီရောင်များက မှန်သားပြင်ထက်မှာ ပြန့်ကျဲနေရာမှ ပျောက်ကွယ်သွားခဲ့ကြလေသည်။

ထိုအခါကျမှ ရာဟုလည်း သက်ပြင်းချဖို့ သတိရသွားခဲ့လေတော့သည်။ အတန်ကြာအောင်ပင် စကားမပြောနိုင်။

"ဘယ်လိုလဲ. . ကိုရာဟု၊ ရှင်. . အားလုံးမြင်လိုက်ရပြီမဟုတ်လား၊ ဘဝတစ်ခုမှာ ရှင်နဲ့ဘုံ ဘယ်လိုတော်စပ်ခဲ့ကြတယ်ဆိုတာ သိလိုက်ရပြီဆိုတော့. . .။

"ဘုံ. . ဒါတွေဟာ ငါ့ကိုလှည့်စားတဲ့ ပြကွက်တွေမဟုတ်လား"

"ရှင်က မျက်ဝါးထင်ထင် မြင်ခဲ့ရတာတောင် လှည့်စားတယ်လို့ ထင်နေဆဲပဲလား၊ ဘုံက ရှင်သေသွားပြီးခဲ့တဲ့တိုင် ဘဝတစ်ခုမှာ ပြန်ပြီးတွေ့ရပါစေလို့ ဆုတောင်းခဲ့တာ၊ ဘဝအဆက်ဆက်ခြားပြီးမှ ဆုံခွင့်ရခဲ့တာ၊ အခုမှပဲ ဆုတောင်းပြည့်တော့တယ်"

ရာဟုသည် ဘုံ၏စကားကို မကြားတစ်ချက်၊ ကြား



www.burmeseclassi.com

www.burmeseclassi.com



တစ်ချက်။ နားထဲသို့ ဝင်ချေမဝင်ချေရှိနေသည်။

အကြောင်းမှာ စောစောက ကြေးမုံပြင်ထက်မှာ မြင်တွေ့ခဲ့ရသည်များကို ယုံမှားသံသယမရှိဟု စိတ်ထဲမှာ အလိုလို ထင်လာသောကြောင့်ပင်ဖြစ်တည်း။

◎





## အခန်း - ၁၆

## နှင်တံနှင့်ကြာပွတ်

ဘုံသည် မည်သို့သော အတတ်ပညာနှင့်ရာဟုကို ရှေးဟောင်းနှောင်းဖြစ်ကိစ္စများ မြင်စေခဲ့သလဲမသိပါ။

မိမိဖြစ်ချင်သည်များကို ရာဟု၏ မနောထဲသို့ ညှို့သွင်းကာ အာရုံထဲမှာ ပေါ်လာစေခဲ့လေသလား။ ဘဝဟောင်းတစ်ခုက ခင်ပွန်းကို သံယောဇဉ်ကြီးမားစွာဖြင့် တွယ်တာနေသူတစ်ဦးမို့ ယခုလို ပြန်ပြီးတွေ့ခိုက်မှာ ပြန်၍ မလွှတ်တော့သည်ပဲလား။

"ကိုရာဟုဟာ လှည့်စားမှုတွေလို့ပဲ ယုံကြည်နေသယ်၊



www.burmeseclassi.com

www.burmeseclassi.com



ဒါမှမဟုတ် သိလျက်နဲ့ တမင် မယုံချင်ယောင်ဆောင်နေတာလား၊ ဘာပဲဖြစ်ဖြစ် တစ်ချိန်မှာ သူ. . ငါ့ကို လက်ခံလာရမယ်၊ ငါ. . စိတ်ရှည်ရမယ်"

နေ့မရှိ ညမသိ ကမ္ဘာတစ်ခုထဲမှာ ဘုံနေနေရသည်မှာ မပျော်ပိုက်နိုင်။ သူနှစ်ရှည်လများ မျှော်လင့်စောင့်စားခဲ့ရသော ချစ်သူကို တွေ့ခဲ့ပါသော်လည်း နီးစပ်ခွင့်မရသေး။ ရာဟုကား အတွေ့အထိကို သာယာခံစားတတ်ပေမယ့် သူ့နှလုံးသားကိုတော့ ဘုံ့ကို မပေးသေး။

"သူ့ဆီမှာ ချစ်သူရှိတယ်လို့ ပြောတယ်၊ အဲဒါကြောင့် ငါ့ကို ငြင်းနေတာများလား၊ သူ့ချစ်သူဟာ ဘယ်သူလဲ၊ ဘယ်မှာနေသလဲ"

ဘုံသည် ရာဟု၏ ချစ်သူဆိုသည်ကို လွန်မင်းစွာပင် သိချင်လာမိသည်။

"သင်းက ငါ့ထက်ပိုပြီးတော့ ချောလို့လား၊ စွဲမက်စရာကောင်းလို့လား၊ အဟင်း. . ဟင်း၊ ဘုံထက်တော့ ဘယ်သူမှ မသာနိုင်ပါဘူးလေ"

ဘုံက တဟင်းဟင်းနဲ့ ကြိမ်းဝါးလိုက်လေသလား။ ပမာမခန့်လေး လုပ်ပြလိုက်သည်ပဲလား။ မထီတရီနှင့်မျက်နှာသာပေးလေးက အဓိပ္ပါယ်တစ်မျိုးရှိနေလေသည်။





ဘုံနှင့်မလှမ်းမကမ်းမှာ ခေါင်းနှစ်လုံးမြွေကြီးက ငြိမ်သက်စွာပင် ရှိနေသည်။

"ဟဲ့. . မဟူရာကြီး၊ ငါ. . နင့်ကို သေသေချာချာမှာထားခဲ့မယ်၊ နားထောင်စမ်း"

မဟူရာကြီးသည် ဆတ်ကနဲဆို ခေါင်းထောင်ထလာခဲ့လေသည်။ ခေါင်းနှစ်လုံးမှ သေးနက်သေး[illegible] မျက်လုံးတွေက ဘုံ၏ မျက်နှာကို သေချာစွာစိုက်ပြီးတော့ ကြည့်နေကြသည်။

"ငါမရှိတဲ့အချိန်မှာ ကိုရာဟုကို သေသေချာချာဂရုစိုက်၊ ဘယ်မှမသွားစေနဲ့၊ ဒါပေမယ့် နင်. . သူ့ကို သေအောင် မတိုက်ခိုက်ရဘူး၊ သူ့သဘောနဲ့သူ ဘာမှ လုပ်လို့မရအောင် တားဆီးရုံလေးပဲ၊ ဟုတ်လား. . ."

မဟူရာကြီး၏ခေါင်းက လှုပ်ခါသွားခဲ့သည်။

"အေး. . အေး. . ငါမှာတာကို သေသေချာချာဂရုစိုက်၊ သိပ်မကြာဘူး၊ ငါပြန်လာခဲ့မယ်"



www.burmeseclassi.com

www.burmeseclassi.com



ဤအရပ်သည် မြူများက အမြဲတမ်းပင် ကျဆင်းလျက်ရှိသည်။

တစ်ချိန်လုံး မြူတွေဆိုင်းနေသည်တော့ မဟုတ်ပါ။ တစ်ချိန်ချိန်မှာတော့ ကျလာတတ်စမြဲ။ ရာဟုက အပင်ကြီးတစ်ပင်၏ အကွယ်မှာ နေနေလိုက်သည်။

လူတစ်စုသည် တလှုပ်လှုပ်နဲ့ အနားကို ရောက်လာကြသည်။ ရှေ့ဆုံးကလူသည် မျက်နှာလေးထောင့်စပ်စပ်နှင့်ရှိပြီး ရှည်လျားသော ဆံပင်များက ကျောပြင်အထိ ကျဆင်းလျက်ရှိနေကြလေသည်။ ကြမ်းတမ်းသော မျက်နှာကြီးနှင့်ဘုံ့ကို ကြည့်နေသည်။ သူ၏ မျက်လုံးတစ်လုံးက တိမ်စွဲနေသည်။ ထူးခြားချက်မှာ ရှည်လျားသော လက်သည်းများကို ပိုင်ဆိုင်ထားခြင်းပင်။ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများကလည်း မည်းနက်လျက်ရှိနေလေသည်။





ဘုံမသိသည့် အကြောင်းက ဘုံ့နောက်က လူတစ်ယောက်က မသိမသာလိုက်နေသည်။ အခြားသူမဟုတ်။ ရာဟုပင်။

“ဘုံက ဘယ်ကိုများ သွားနေတာပါလိမ့်”

ရာဟုစိတ်ဝင်စားနေမိသည်။ ဘုံသည် လေထဲမှာပင် ပဲမှိုလေး လွင့်ပါးနေသလို တရွေ့ရွေ့နဲ့ လျှောက်နေဆဲ။

“ဟိတ်. . . ဘုံ”

ဘုံ့ကို ခေါ်လိုက်သံက တစ်နေရာက ထွက်ပေါ်လာခဲ့သည်။ ဘုံက ရောက်သည့်နေရာမှာ ရပ်တန့်လိုက်သည်။



www.burmeseclassi.com

www.burmeseclassi.com



"နင်. . ဘယ်ကိုသွားမလို့လဲ"

မာကြောသော လေသံက အသည်းငယ်တတ်သူတစ်ယောက်၏ စိတ်ကို ညှိုးနွမ်းသွားလောက်အောင်ပင်။

"ငါ့ဘာသာငါ ဘယ်ကိုပဲသွားသွား နင်မေးစရာမလိုပါဘူး. . ဂီရိ"

ဘုံကလည်း လေသံခပ်ပြတ်ပြတ်နဲ့ ပြန်ပြီးတော့ ပြောလိုက်သည်။ ဂီရိဆိုသည့်လူက ဟက်ကနဲဆို ရယ်လိုက်သည်။ သူရယ်ပုံက မထီလေးစားဟန်။ တစ်လုံးတည်းသော မျက်လုံးက ဘုံ့တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံးပင် ကြည့်လိုက်သည်။

"ဘုံ. . နင်က ပိုပြီးတော့ လှလာသလိုပဲ၊ ငါပြောထားတဲ့ စကားကို နင်မှတ်မိပါသေးတယ်နော်၊ ငါ့ကို အဖြေမပေးသေးဘူး"

"နင့်ကို ငါက တစ်သက်လုံး မစဉ်းစားဘူး၊ ငါ့ကို စိတ်အနှောင့်အယှက်လာမပေးနဲ့၊ ငါသွားမယ့်လမ်းက အခုချက်ချင်း ဖယ်ပေးစမ်း"





ဘုံက ပြတ်သားသည်။ တင်းမာသော လေသံဖြင့်ပြောလိုက်သည်။ ဂီရိ၏ ခေါင်းက တောင်ကြီးတစ်တောင်လို ကြီးမားသည်။ သူက တဟက်ဟက်နဲ့ ရယ်လိုက်လေရာ ခေါင်းကြီးကလည်း တလှုပ်လှုပ်နဲ့ ရှိနေလေသည်။

"ဘုံ. . ဒီစကားကို နင်ခဏခဏပြောတယ်၊ ငါသည်းခံနေလို့ နင်က အကောင်းမှတ်နေတယ်၊ ဒီတစ်ခါတော့ နင်ဘာပဲပြောပြော ဂရုမစိုက်နိုင်တော့ဘူး"

"ဂရုမစိုက်ဘူးဆိုတော့ နင်က ငါ့ကို ဘာလုပ်ချင်လို့လဲ"

"နင့်ကို ငါသိမ်းပိုက်ရမယ်လေ၊ နင်. . ငါ့မယားဖြစ်ရတော့မှာပေါ့"

"အံမယ်. . . ဂီရိ၊ နင့်ခေါင်းက တောင်လိုကြီးမားသလောက် ခေါင်းထဲမှာ မစင်တွေပဲရှိတယ်၊ နင့်အစွမ်းအစနဲ့ ငါ့



www.burmeseclassi.com

www.burmeseclassi.com



ကိုရအောင် ယူနိုင်မယ်ဆိုရင် ယူလေ၊ အဟင်း. . ဟင်း”

“နင့်ကို ငါကိုယ်တိုင်ဖမ်းဖို့ မလိုဘူး၊ ငါ့တပည့်တွေ တင် ကိစ္စပြီးစေရမယ်၊ ငါ့နောက်ကို နင်လိုက်ခဲ့ရမယ်၊ ဟေ့ကောင်တွေ. . သင်းကို အမိအရဖမ်းပြီး ခေါ်လာခဲ့စမ်း”

တကယ်ဆို ဂီရိသည် ဘုံ၏ အစွမ်းအစကို သိထား ပြီးဖြစ်သည်။ စကားပြောရာတွင် အနားကို မကပ်ရဲ။ ခပ်လှမ်း လှမ်းက ပြောနေရသည်။

ချက်ချင်းလိုလိုပင် တငွေ့ငွေ့၊ တလူလူနဲ့ ထွက်နေ သော မြူတွေကြားထဲက လူတစ်စုက ထွက်လာခဲ့ကြလေသည်။ ရာဟုသည် ထိုသူများကို မြင်လိုက်ရသောအခါ ကြက်သေသေ သွားခဲ့သည်။ မျက်နှာအသီးသီးသည် ဖြူဖျော့နေကြသည်။ သွေးမရှိကြသည့် မျက်နှာထားမျိုးပင်။ ပုံပန်းသဏ္ဌာန်တွေက လည်း အချိုးအစားမကျကြ။

အချို့ သူများက မျက်တွင်းနက်နက်ကြီးတွေနဲ့၊ မျက် လုံးတွေက အထဲကို ချိုင့်ဝင်နေကြသည်။ ပါးရိုးကြီးတွေ ထွက် နေကြသည်။ အချို့ကတော့ ပါးစပ်တွေဟနေကြကာ သွားရေ တွေက ပါးစောင်နှစ်ဖက်မှ စီးကျနေကြလျက်. . .။

“နင့်တပည့် ချိုကျိုးနားရွက်ပဲ့တွေနဲ့ ငါ့ကို ရင်ဆိုင်ခိုင်း တာလား၊ ကဲ. . လာကြစမ်း၊ ဘုံနဲ့တွေ့ရင် ဘာဖြစ်သွားကြမယ် ထင်သလဲ”





ဂီရိ၏ တပည့်များသည် ဘုံ့ကိုရင်ဆိုင်ရန် တွန့်ဆုတ် ဆုတ်နဲ့ ရှိနေကြသည်။

“ဟေ့ကောင်တွေ. . မင်းတို့က ဒီလောက်တောင်သရဲ ဘောနည်းကြသလားကွ၊ မိန်းကလေးတစ်ယောက်ကိုတောင် ဝင်ပြီး မဖမ်းရဲကြဘူးလားကွ၊ တယ်လေ. . ငါလုပ်လိုက်ရရင် တော့ကွာ”

ဂီရိက ကြိမ်းမောင်းလိုက်ရာ မနေနိုင်ကြတော့ပဲ တုတ် ဓား၊ သံကြိုးစသည့် ရရာလက်နက်များကို ဆွဲကိုင်ကာ ဘုံ့ဆီ ကို ပြေးဝင်လာခဲ့ကြလေတော့သည်။

“ဟာ. . သူတို့က ဘုံ့ကို တိုက်ခိုက်ကြတော့မယ်”

သစ်ပင်အကွယ်မှ ချောင်းကြည့်နေကြသော ရာဟု သည် ဘုံ့အတွက် စိုးရိမ်မိသွားခဲ့ရလေသည်။ ထို့ကြောင့် ဘုံ့ ဘက်မှ ဝင်ရောက်ကူညီရန် ဆုံးဖြတ်လိုက်သည်။

သို့သော် ဘုံသည် ပြေးဝင်လာခဲ့ကြသော သူများကို မလှုပ်မယှက်ရပ်လျက် ကြည့်နေသော်လည်း ထိုသူများကား အနားကို ရောက်လာခဲ့ကြသည်နှင့် လက်ထဲရှိ နှင်တံဖြင့် တစ် ယောက်ပြီးတစ်ယောက် ရိုက်ထည့်လိုက်ကြလေတော့သည်။

ဖျန်း. . . ။

ဖျန်း. . . ။

“အား”



www.burmeseclassi.com

www.burmeseclassi.com



"အူး"

ကြိမ်လုံးဖြင့် အရိုက်ခံလိုက်ရသလို ခံစားသွားခဲ့ကြသလားမသိ။ အော်ထွက်သွားစဲ့ကြလေတော့သည်။ သူတို့၏ အော်လိုက်ကြသံများက လွန်စွာမှ နာကျင်မှုဝေဒနာကို ခံစားလိုက်ကြရသလိုပင်တည်း။ တစ်ကိုယ်လုံး မိုးကြိုးစက်ကွင်းမိသလိုလည်း တွန့်လိမ်ကောက်ကွေးသွားခဲ့ကြလေတော့သည်။

သွေးမရှိသလို ဖြူဖွေးနေကြသော မျက်နှာကြီးများသည် ပို၍ပင် ဆွတ်ဆွတ်ဖြူသွားခဲ့ကြသည်။ ခရုသင်းစွဲသည့် မျက်နှာမျိုးဖြစ်သွားခဲ့ကြလေသည်။ အချို့သည် မြေပြင်ပေါ်သို့ တဘိုင်းဘိုင်းနဲ့ ပစ်လဲပြီးတော့ ငြိမ်ကျသွားခဲ့ကြသည်။

ယင်းနှင်ဟံသည် မိုးကြိုးသွားနှင့်များ လုပ်ထားသလား မပြောတတ်ပါ။ ဂီရိသည် သူ့လူတွေ အခြေမလှဖြစ်သွားခဲ့ကြရသည့်အတွက် မီးပုံပေါ်ယမ်းကျသည့်ပမာ ဒေါသမီးဟုန်းဟုန်းတောက်လောင်သွားခဲ့ရလေသည်။

"တောက်. . . နင်က ငါ့တပည့်တွေကိုသာ ဒီလို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်လို့ရမယ်၊ ငါ့ကိုတော့ မရဘူးဟေ့"

ဂီရိ၏ မျက်လုံးတစ်လုံးတည်းက အရောင်ထွက်မတတ်ဖြစ်လာပြီး လက်ထဲက ကြာပွတ်နဲ့ ဘုံ့ကို လှမ်းပြီးတော့ ရိုက်ထည့်လိုက်တော့သည်။





ရွှမ်း. . . ရွှမ်း. . . ။

ဘုံက ဘေးကို လှမ်းရှောင်ကာ ခုန်ထွက်သွားခဲ့သည်။ ုံရှောင်ထွက်သွားသည်မှာ လျှင်မြန်ဖျတ်လတ်လွန်းလှ၍ ရာဟုသည်ပင် အံ့အားသင့်သွားခဲ့ရလေသည်။

ဂီရိက မကျေနပ်သေးပဲ ဘုံ့ဆီကို တစ်ချက်တည်းနဲ့ င်သွားခဲ့လေ၏။ အားကောင်းမောင်းသန်သောယောကျ်ား င့်မာကြီးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ကြမ်း မ်းစွာ တိုက်ခိုက်တော့မည်မို့ ရာဟုဘဝင်မကျ ဖြစ်သွားခဲ့ရ လသည်။

သို့သော် စိတ်ထင်တိုင်း ဖြစ်လာမလာကတော့. . . ။

ဘုံသည် ပြေးဝင်လာသော ဂီရိကို အလစ်မပေးပဲနဲ့ ကြာပွတ်စာမမိစေရန်သာ ရှောင်တိမ်းနေရသည်။

ရွှမ်း. . . ရွှမ်း. . . ။

တစ်ကြိမ်တွင် ကြာပွတ်က ဘုံ၏ လည်တိုင်ကျော့ ျော့လေးကို ရစ်ပတ်မိတော့မလို ဖြစ်သွားခဲ့ရလေသည်။ ဂီရိ လိုက်သော ကြာပွတ်သည် ဘုံ့ကိုမမိပဲ ရုက္ခပင်ကြီးတစ်ပင် ရစ်တပ်သွားခဲ့လေရာ. . . ။

ရွှမ်း. . . ။

"အူး"

အောသံကြီးတစ်သံက မည်သည့်နေရာက ထွက်လာ



www.burmeseclassi.com

www.burmeseclassi.com



ခဲ့သလဲမသိ။ သစ်ပင်ကြီးကို ရစ်ပတ်ထားသော ကြာပွတ်
ဆွဲနှုတ်လိုက်သည်နှင့် အရည်များက ထွ
ကျလာခဲ့လေသည်။

"နင်က အရှောင်အတိမ်း သိပ်ကောင်းတယ်ပေါ့
ဟုတ်လား၊ အေး. . ဒီတစ်ခါ ရှောင်နိုင်ရင်ရှောင်စမ်း၊ နင့်
ကော့သွားအောင် ငါလုပ်ပြမယ်"

ဂီရိ၏ ကြာပွတ်ကြီးသည် မြွေတစ်ကောင်ပမာ
လိမ်ကာ လေထဲမှာ ကောက်ကွေးပြီးတော့ ထွက်သွားခဲ့သ
ဘုံ့ဆီကို ချက်ချင်းလိုလိုပင် ရောက်သွားခဲ့သည်။ ဘုံက
တိမ်းလိုက်သော်လည်း ကြာပွတ်အဖျားက ဘုံ့အဝတ်စကို
ပတ်မိသွားသည်။ ဆောင့်ဆွဲလိုက်ရာ. . .။

"အို"

ဘုံ့ထံမှ အော်သံထွက်ပေါ်လာခဲ့သည်။ ကိုယ်အ
ပိုင်းသည် လေသလပ်ခံလိုက်ရသလို ဖြစ်သွားခဲ့ရသည်။
လက်တစ်ဖက်ဖြင့် ပါသွားသော အဝတ်ဖြူစကို ပြန်ပြီး
ဆောင့်ဆွဲလိုက်လေ၏။ ထိုနောက် ကိုယ်မှာ လျှင်မြန်စွာ
ရစ်ပတ်လိုက်သည်။

ဂီရိက ဘုံ့ကို အံ့အားသင့်ကာ ငေးရီပြီးတော့
နေလိုက်မိသည်။ ဘုံ၏ လှစ်တပြူအလှကို မထင်မှတ်ပဲ
လိုက်ရသည်မဟုတ်ပါလား။ ထိုသို့ မှင်တက်မိနေစဉ်မှာ





ဘုံက ဂီရိ၏ ကြာပွတ်ကို လက်မှာ ရစ်ပတ်ကာ ဆောင့်ဆွဲ
လိုက်သည်။ ဂီရိလေထဲမှာ မြောက်ပြီးတော့ ပါလာခဲ့သည်။

ဘုံသည် ဂီရိ၏ မျက်နှာကို နှင်တံဖြင့် ဆီးပြီးတော့
ရိုက်ချလိုက်လေသည်။

"ဖျန်း"

"အား"

ဂီရိအော်ထွက်သွားသည်။ ကြာပွတ်လက်ကိုင်အား
လွှတ်မိလိုက်ပြီး အောက်ကို ပြုတ်ကျသွားခဲ့သည်။

"ဘုတ်"

"အား"

ဂီရိ၏ မျက်နှာသည် ချက်ချင်းမှာပင် ကန့်လန့်ဖြတ်
အနီအစင်းကြောင်းကြီးတစ်ခု ဖြစ်သွားခဲ့ရသည်။ မျက်နှာပြင်
က မီးတောက်နေသလိုပင်။ ဘုံသည် ဂီရိအလူးအလဲနဲ့ ခံစား
နေရစဉ်မှာ ပြေးဝင်သွားသည်။ ဂီရိ၏ လည်ပင်းကို နှင်တံဖြင့်
အဆက်မပြတ်ပင် ရိုက်ထည့်လိုက်လေတော့သည်။

"အား"

"အား"

ဂီရိလန့်ဖြန့်ပြီးတော့ မတိုက်ခိုက်နိုင်တော့။ လည်ပင်း
မှာလည်း ဒဏ်ရာဗလပွနဲ့ ပြုတ်ကျတော့မတတ်ပင် ခံစားနေရ
သည်။



www.burmeseclassi.com

www.burmeseclassi.com



ထိုနောက် နေရာမှ တစ်ချိုးတည်းပင် ထပြေးလေတော့သည်။ သူတပည့်များသည်လည်း ပြေးနိုင်ကြသူများက ပြေး၊ မပြေးနိုင်ကြသည့် သူတွေကတော့ ဒဏ်ရာနဲ့အော်ဟစ်ကာ ညည်းတွားနေကြသည်။

"ဟား . ဟား . ဟား . . . ဘုံကို ဒီလိုလာပြီးတော့ စမ်းလို့ဘယ်ရမှာလဲ . . ဂီရီ၊ နောက်တစ်ခါဆိုရင်တော့ နင့်ရဲ့ ပုတ်ဆိုးနေတဲ့ ဝိညာဉ်ကို နင့်ခန္ဓာကိုယ်ထဲက ဆွဲထုတ်ပစ်မယ် ဟေ့ . . . ဘုံတဲ့"

ဘုံ၏ ကြိမ်းဝါးလိုက်သံက ပတ်ဝန်းကျင်ကိုပင် ရိုက်ခတ်သွားပါလေတော့သည်။ ဘုံသည် မြူတောထဲမှ တရွေ့ရွေ့နဲ့ လျှောက်သွားနေသည်။ ရာဟုသည် ဘုံ့နောက်ကလိုက်သွားရန် မဝံ့မရဲနဲ့ ရှိနေသည်။ သို့သော် ရာဟုကို ခပ်လှမ်းလှမ်းက စောင့်ပြီးကြည့်နေသူကား မဟူရာကြီးပင်တည်း . . .။





အခန်း – ၁၇

အဗည်ဗသိ မိန်းကလေး

လဆုတ်ရက်လသည် မိုးအောက်မြေပြင်တစ်ခုလုံးကို အင်အားနည်းစွာဖြင့် ပက်ဖြန်းထားလေသည်။

အူး . . ဝူး . . . ဝူး။

ခွေးအူသံများက အမှတ်မထင် ထွက်ပေါ်လာခဲ့ကြလေသည်။ အနီးပတ်ဝန်းကျင်တစ်ခုလုံးကို ကြက်သီးမြမြထစရာ ကောင်းလောက်အောင် ရိုက်ခတ်သွားခဲ့ကြလေသည်။ သုသာန်ခွေးများ၏ အူသံကို အဝေးရှိ ရွာများဆီက သဲ့သဲ့မျှပင် ကြားနိုင်ကြသည်။ အကာလအချိန်ပေမို့ ညဘက်[illegible]



www.burmeseclassi.com

www.burmeseclassi.com



ဤမျှလောက်အသံကို ကြားနိုင်ရခြင်းပင်။

သစ်ပင်ကြီးများပေါ်မှာ လင်းနို့ကြီးများက ပျံ့ဝဲလျှက် ရှိနေကြသည်။ အစာငတ်မွတ်နေကြသော ခွေးများသည် အမြင့်မှာ ပျံသန်းနေကြသော လင်းနို့ကြီးများကို တမော့မော့နှဲ့ ရှိနေကြသည်။ အောက်ကို ပြုတ်ကျလာနိုးနိုးဖြင့် မျှော်နေကြခြင်းပင်။

ထိုစဉ် . . ။

ဝူး . . ဝေါ . . . ဝေါ . . . ။

လေတိုက်ခတ်သံလိုလို ငလျှင်တော်လဲသံလိုလို ထွက်ပေါ်လာသော အသံများ။ တစ်တောလုံးလည်း သွက်သွက်ခါ ထွက်သွားခဲ့ရလေသည်။

ဖရဲ့ . ဖရဲ့ . ရှဲ့ . . . ရှဲ့ . . . ။

သစ်ပင်ကြီးများ၊ သစ်ပင်ငယ်များသည် ယိမ်းထိုးကာ လှုပ်ခတ်သွားခဲ့ကြသည်။ ပင်ကိုင်းချင်း အရွက်ချင်းရိုက်ခတ်သွားခဲ့ကြလေသည်။

ဖျောင်း . . . ဖျောင်း . . . ။

ဤလိုနေရာမျိုးတွင် ထူးခြားချက် တစ်ခုရှိတိုင်း ဖြစ်ပေါ်လာတတ်သည်။ သို့သော် သက်ရှိလူသားတစ်ဦးဦးသာရှိခဲ့လျှင် ကြောက်လန့်နိုင်မည်။ ခြောက်ချားနိုင်မည်ဖြစ်သည်။





ခုတော့ သူ့ဘာသာသူ ဖြစ်ချင်ရာဖြစ်နေသည်ဟုပဲ ထင်မှတ်ပေမည်။

ထိုစဉ် မြူလိုလို၊ မီးခိုးငွေ့လိုလို တစ်နေရာက အူပြီးတော့ တက်လာခဲ့သည်။ တောမီးလောင်ပြီး မီးကြွင်းမီးကျန်းက အငွေ့တတ်နေသလားမပြောတတ်။

ဂီး . . . ။

ငှက်ဆိုးတစ်ကောင်က သုသာန်မြေပေါ်မှ အော်ပြီးတော့ ပျံပြေးသွားသည်။ မရှေးမနှောင်းမှာပင်လျှင် သင်္ချိုင်းခုက အခိုးအငွေ့များကြားမှ လွန့်လူးပြီးတော့ တက်လာလိုပင်။ အငြိမ်မနေ။ လှုပ်ခါနေသော အခိုးအငွေ့များကြောင့် သင်္ချိုင်းသည်လည်း လိုက်ပြီးလှုပ်ခါနေသလို ထင်နေရခြင်း ။

တရွေ့ရွေ့နဲ့ လျှောက်လှမ်းလာနေသော သင်္ချိုင်း အဖြူရောင်သင်္ချိုင်းဖြစ်သည်။ တကယ်တော့ တဖြည်းနဲ့ ထင်ရှားလာသောအခါ နွဲ့နှောင်းသော ကိုယ်ဟန်ရှိ မိန်းကလေးတစ်ယောက်ပင် ဖြစ်နေလေသည်။ ထိုမိန်းလေးကို ဟောင်နေသော ခွေးများသည်ပင် မဟောင်ဝံ့ကြ အမြီးကုပ်ကာ ထွက်ပြေးသွားခဲ့ကြလေသည်။

ကောင်းကင်ထက်မှာ ပျံသန်းနေကြသော လင်းနို့ကြီး



www.burmeseclassi.com

www.burmeseclassi.com



များသည်လည်း တစ်ကောင်ပြီးတစ်ကောင် တိုးပွားလာခဲ့ကြ
ကာ အောက်ကို တဖြည်းဖြည်းနဲ့ ဆင်းလာခဲ့ကြလေသည်။ ထို
နောက် မိန်းကလေး၏ ခေါင်းထက်မှာ ဘေးဘီဝဲယာမှာ ပတ်
ချာလှည့်ပြီးတော့ ပျံသန်းနေကြလေတော့သည်။

ထိုနောက် လင်းနို့ကြီးများသည် မိန်းကလေးသွားရာ
တစ်လျှောက်ကို လိုက်ပါသွားခဲ့ကြလေ၏။ လင်းနို့ကြီးများမှ
ရံကာ လျှောက်သွားသော မိန်းကလေးသည် သုသာန်ထဲ
အဝေးကို ထွက်သွားခဲ့လေသည်။

× × ×

လူတစ်စု. . . ။

အားလုံး လေးယောက်တိတိ။

ရှေ့ဆုံးကလူသည် အညိုရောင်ခေါင်းပေါင်းတစ်ခု
ပေါင်းထားသည်။ ပခုံးထက်မှာ လွယ်အိတ်တစ်လုံးကိုလည်း
လွယ်ထားသည်။ လက်ထဲမှာ အနီရောင်ကြိမ်လုံးတစ်လုံးလည်း
ကိုင်ထားသည်။

သူတို့၏ ခြေလှမ်းများသည် တောတွင်းတစ်နေရာ
ဘုရားပြို၊ ဘုရားပျက်၊ ဘုရားငုတ်တိုများကြားမှာ လျှောက်
တော့ သွားနေကြသည်။ သို့သော် အကြောင်းမဲ့သွားနေခြ





တော့ မဟုတ်တန်ရာ။ ရှေ့ဆုံးက ဆရာနှင့်တူသော လူ၏
မျက်လုံးများသည် ပတ်ဝန်းကျင်ကို မပြတ်လေ့လာလျက်ရှိနေ
လေသည်။

"ဒီနေရာကို ရောက်လာနိုင်တယ်ဆိုတာ ကျိန်းသေသ
လောက်ပဲကွ၊ မင်းတို့လည်း မျက်စိလျင်လျင်နဲ့ ကြည့်ထားကြ"

ထိုသူက လေသံခပ်တိုးတိုးဖြင့် ပြောလိုက်လေသည်။
မည်သူ့ကို ရည်စူးပြီးတော့ ပြောနေမှန်းမသိ။

"သင်း. . ငါ့လက်ထဲရောက်ရင် ငါရော၊ မင်းတို့အား
လုံးပါ ချမ်းသာပြီလို့ မှတ်ကြ၊ ပြီးတော့ သူ့ကိုလည်း ငါတို့က
ခိုင်းစားလို့ ရသေးတယ်"

"တကယ်ပြောတာလား. . ဆရာကြီး၊ အဲသလိုမှ အ
ဆင်ပြေပြေ ဖြစ်မလာခဲ့ရင် ကျွန်တော်တို့ ထွက်ပေါက်မှားနေ
ကြပါဦးမယ်"

"ဟေ့ကောင်. . . ဆရာပြူးတဲ့၊ နာမည်တစ်လုံးနဲ့နေ
တာ၊ အပွဲပွဲလည်း နွှဲလာခဲ့ပြီးပြီ၊ မဖြစ်ဘူးဆိုတာ မရှိခဲ့ဘူး၊ ငါ
မှားရင် နဖူးမှာ ဆေးမှင်ထိုးထားလိုက်မယ်၊ ငတုံးလို့၊ မင်းတို့
ကို ပြောရတာ တော်တော်လက်ဝင်တယ်. . တောက်"

ဆရာပြူးက စိတ်ဆိုးသွားသည်။ အဖော်ပါလာခြသူ



www.burmeseclassi.com

www.burmeseclassi.com



များသည် လက်ရင်းတပည့်များ မဟုတ်ကြသော်လည်း သတ္တိကတော့ ကောင်းကြသည်။ ဤလိုကိစ္စမျိုးနဲ့ ကြုံတွေ့ရလျှင် မည်သို့မည်ပုံ ကိုင်တွယ်လုပ်ဆောင်ကြဟု အထပ်ထပ် သွန်သင်ထားပြီးဖြစ်သည်။

"မင်းတို့ကို ငါအထပ်ထပ်မှာထားပြီးပြီနော်၊ တကယ့်အချိန်ကောင်းကျမှ လက်မတွန့်ကြစေနဲ့၊ ဟော. . ."

ဆရာပြူးက ဟောဟုဆိုလိုက်၍ အားလုံးငြိမ်သက်သွားခဲ့ကြသည်။

"မင်းတို့ ဘေးကပ်နေကြ၊ လာနေပြီထင်တယ်"

လေသံဖြင့် သတိပေးလိုက်၍ ကျန်သုံးယောက်သည် သစ်ပင်ကြီးတစ်ပင်ဆီမှာ ဝင်ကပ်လိုက်ကြသည်။

ထိုစဉ်. . .။

ဝေါ. . ဝရော. . ရော. .၊ ဝူး. . ဝူး. . .။

လေတိုက်လာသည်။ သစ်ပင်ကြီးများသည် လူးလွန့်လှုပ်ရှားသွားခဲ့ကြလေသည်။

ဖျောင်း. . . ဖျောင်း. . .။

ပင်ကိုင်းအချင်းချင်း တဖြောင်းဖြောင်းနဲ့ ရိုက်ခတ်သွားခဲ့ကြသည်။ ထူးထူးခြားခြား ရုတ်တရက် တိုက်ခတ်လာသော





လေ့ကြောင့် ဆရာပြူးမှလွဲ၍ အားလုံး ကြက်သီးမွေးညှင်းထသွားခဲ့ကြလေသည်။ ၎လတိုက်ပုံကြီးကိုက တစ်မျိုးကြီးဖြစ်သည်။ မည်သို့ မှတ်ချက်ချရမှန်းမသိ။ သဘာဝမကျသလိုပင်။

ဖုံတွေ၊ သစ်ရွက်တွေက တသောသောဖြင့် ထသွားခဲ့ကြသည်။ ဖုန်သွားရာလမ်းကြောင်းကို အဝေးကနေ လှမ်းပြီးတော့ မြင်နေကြရသည်။ ဖုန်များ လွင့်ပြယ်သွားကြသောအခါ မိန်းကလေးတစ်ယောက်ကို အားလုံးမြင်တွေ့လိုက်ကြရလေတော့သည်။ ထို့ကြောင့် အံ့အားသင့်သွားခဲ့ကြရလေ၏။

ဤတောလမ်းတလျှောက်မှာ လှပသော မိန်းကလေးတစ်ယောက် လျှောက်လှမ်းလာလိမ့်မည်ဟု မည်သူကမှ မထင်နိုင်ကြ။

"တွေ့လား. . လာပြီ၊ မင်းတို့ မိအောင်ဖမ်းကြ၊ တစ်[illegible]ာက်က ဟောဒီကြိုးကိုဆွဲ"

ဆရာပြူးသည် လွယ်အိတ်ထဲက ကြိုးနက်တစ်ခွေကို ထုတ်ပေးသည်။ အနက်ရောင်ကြိုးခွေကို တစ်ယောက်သောသူက မရဲတရဲနဲ့ လှမ်းယူလိုက်သည်။

"ကဲ. . ငါမှာထားတဲ့အတိုင်း ပိုင်အောင်လုပ်ကြ"

ထိုသူများသည် သစ်ပင်များ၊ ခြုံများကို ကွယ်ကာမိန်း



www.burmeseclassi.com

www.burmeseclassi.com



ကလေးနှင့်နီးကပ်နိုင်သမျှ နီးအောင် တရွေ့ ရွေ့ တိုးကပ်သွားခဲ့ကြလေသည်။ မိန်းကလေးသည် တစ်နေရာသို့ရောက်သော် ခြေလှမ်းတွေကို ရပ်တန့်ပစ်လိုက်လေသည်။ တစ်ခုခုကို ရှုံ့မကင်းသလို ခံစားလိုက်ရသည်။

ထိုစဉ်မှာပင် လူသုံးယောက်သည် သူမဆီကို တဟုန်ထိုးပင် ပြေးဝင်လာခဲ့ကြသည်။ တစ်ယောက်က နောက်ကနေ ခုန်အုပ်လိုက်သည်။ ကျန်တစ်ယောက်က ခြေထောက်ကို သိမ်းကျုံးပြီးတော့ လုံးဖက်ရန်ကြံသည်။ ကြိုးနက်ကိုင်ထားသူက မိန်းကလေး၏ တစ်ကိုယ်လုံးကို တုတ်ရန်ကြိုးစားသည်။

သို့သော် အားလုံးထင်သလို ဖြစ်မလာ။ မိန်းကလေးက အန္တရာယ်ဟု သိလိုက်ရသည်နှင့် ဖျတ်ကနဲဆို ခုန်ရှောင်ကာ ထွက်သွားသည်။ ကြိုးနက်ကိုင်ထားသူသည် ကြိုးကို မိန်းကလေး၏ ကိုယ်ပေါ်ကိုပစ်ပြီး လူပါ ဝင်၍လုံးရန် ကြိုးစားသည်။

မအောင်မြင်ပါ။ ကြိုးနက်က သူ့အလိုလိုပင် ထိုသူ၏ ကိုယ်ကို ရစ်ပတ်သွားခဲ့လေသည်။

"အား . . ပူတယ်၊ ပူတယ်"

ထိုသူသည် မည်သို့ဖြစ်သလဲ မသိ။ မြေပြင်ပေါ်ကို





ဘိုင်းကနဲ ပစ်လဲကျသွားပြီး လူးလှိမ့်နေလေတော့သည်။

"တောက် . . . တော်တော်လည်တဲ့ဟာမ"

ဆရာပြုံးက ဒေါသထွက်သွားသည်။ သူ၏ အင်္ကျီအိတ်ထောင်ထဲက ပုဝါလေးကို ထုတ်ယူလိုက်လေသည်။ ပုဝါခေါက်လေးကိုကြည့်ပြီး အထဲက ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်သည်။ သေးငယ်သော အပ်ကလေးတစ်ချောင်းပင်ဖြစ်သည်။ ယင်းအပ်ကလေးကို လက်မှာကိုင်ပြီး လက်ညှိုးဖြင့် တောက်လိုက်ရာ . . .။

"အား"

မိန်းကလေး၏ လည်ပင်းမှာ သွား၍စိုက်နေလေတော့သည်။ မည်သို့ခံစားသွားရသလဲမသိ။ ကိုယ်လုံးလေးသည် ဒယိမ်းဒယိုင်ဖြင့် ဖြစ်သွားသည်။

"ငါ့ကို ထပြီ"

ထို့ကြောင့် မနုဿမုဆိုးများ၏ လက်ထဲမှာ မမိစေရန်အတွက် ထိုနေရာမှ တဟုန်ထိုးပင် ပြေးထွက်သွားခဲ့လေတော့သည်။

"ဟာ . . ပြေးပြီ၊ ပြေးပြီ၊ လိုက်ကြဟေ့၊ မလွတ်စေနဲ့"

ဆရာပြုံးက အော်ပြီး သူပါပြေး၍လိုက်သည်။ အား

www.burmeseclassi.com



လုံးပြေးလိုက်ကြသည်။ ကြိုးနက် ကိုယ်မှာအပတ်ခံရသောသူကို ဆရာပြုံးက ကူညီပေးလိုက်ပြီး. . .။

"မင်း. . တော်တော်အသုံးမကျတဲ့ကောင်ပဲ"

ဟုမာန်မဲလိုက်လေသည်။ ရှေ့ကပြေးနေသော မိန်းကလေး၏နောက်မှ လိုက်နေရင်းက. . .။

"ဟာ. . ဘယ်ပျောက်သွားလဲမသိဘူး"

မိန်းကလေးကို မတွေ့ရတော့။

"လိုက်ကြစမ်း. . မြန်မြန်၊ လွတ်ထွက်သွားလို့ မဖြစ်ဘူးကွ၊ တောက်. . . လက်ထဲကို ရောက်ကာနီးမှကွာ"

ခြေဦးတည့်ရာကို ပြေးပြီးတော့ လိုက်ကြသည်။

"ဖရှူး. . . ဖရှူး"

ခြုံဘုတ်ထဲက ထွက်ပေါ်လာသောအသံ။ ယင်းနေရာကို ပစ်မှတ်ထားပြီးတော့ ပြေးသွားခဲ့ကြလေရာ. . .။

"ဟာ"

ယုန်ဖြူလေးတစ်ကောင် ဖြစ်နေသောကြောင့်ပင်။

"အရေးထဲမှာကွာ၊ ဒီယုန်ကလည်း ဟာ. . ဒီနေရာမှာ ယုန်ရှိတတ်လို့လား"

မည်သူကမှ အဖြေမပေးနိုင်ကြ။ ယုန်ကား သူတို့၏





ရှေ့မှောက်မှာပင် ပျောက်ကွယ်သွားခဲ့ပြန်ပြီတည်း။

× × ×

မြသီသည် တောထဲမှာ ဟင်းရွက်ခူးထွက်လာရင်းမှ အဖော်ကွဲသွားသည်။ တစ်ယောက်တည်းဖြစ်သွားသည်။ သို့သော် တောစပ်မှာမို့ အရေးမကြီး။ အပြန်လမ်းကို သိထားပြီးသား။ အေးဆေးစွာပင်။

"သင်းတို့ ပါလာကြရင် နားညည်းနေရဦးမယ်၊ ပြောလိုက်ကြတဲ့ စကားတွေ"

ထိုစဉ် သူမ၏ နားထဲမှာ ညည်းညူသံသဲ့သဲ့ကို ကြားမိလိုက်သည်။

"အင်း. . ဟင်း. . ဟင်း"

"ဟင်. . . ညည်းသံပါလား"

မကျိန်းသေ၍ ထပ်ပြီး နားစွင့်ထားမိသည်။

"အင်း. . အဟင်း. . ဟင်း"

ညည်းညူသံမှန်း ကျိန်းသေသွားသည်။ ကြက်သီးမြမြ ထသွားခဲ့သည်။ တစ္ဆေခြောက်တာလား။ ပြိတ္တာညည်းသံလား။ တောထဲမှာဆိုတော့ ဒါမျိုးတွေ တွေ့ကြုံရတတ်သည်ဟု လူကြီးသူမတွေ၏ စကားကို ကြားဖူးထားသည်။



www.burmeseclassi.com

www.burmeseclassi.com



"အို. . ငါ. . ဒါတွေ အယုံအကြည်မရှိပါဘူး"

ထို့ကြောင့် တစ်ချက်တစ်ချက်မှာ ထွက်ပေါ်လာသော ညည်းညူသံနောက်ကို မကြောက်မရွံ့ လိုက်သွားကြည့်မိသည်။

ဟင်"

တစ်နေရာတွင် သူမတွေ့လိုက်ရသည်ကား. . .။

ဂူငယ်လေးတစ်ခု။ ဂူနံရံကိုမှီကာ မိန်းမောနေသော အသွင်ရှိနေသည့် မိန်းကလေးတစ်ယောက်ပင်တည်း။

"ဟင်. . မိန်းကလေးတစ်ယောက်ပါလား၊ ဘာများ ဖြစ်နေတာပါလိမ့်"

မြသီသည် မိန်းကလေး၏ အနားကို တိုးကပ်သွားပြီး

"ဒီ. . ဒီမှာရှင့်၊ ရှင်က ဘယ်ကလဲ၊ ဘာဖြစ်နေတာလဲ ရှင့်၊ နေမကောင်းဖြစ်နေတာလား"

မြသီက ဂရုဏာအပြည့်ထားကာ မိန်းကလေးကို ရင်ခွင်ထဲ ပွေ့ထားလိုက်လေသည်။ ထိုအခါ ဝေဒနာခံစားနေရသော မိန်းကလေးသည် ဆတ်ကနဲဆို ဖြစ်သွားသည်။ မျက်ခွံတွေက ပွင့်လာခဲ့သည်။ ခန္ဓာကိုယ်ကတော့ အနည်းငယ်မျှလောက်သာပင် လှုပ်ရှား၍ရနိုင်တော့သည်။

"သူ. . သူတို့နောက်က လိုက်. . လိုက်လာကြပြီလား





ဟင်"

"သူတို့. . . ဟုတ်လား၊ ဘယ်သူမှ လိုက်မလာကြပါဘူး၊ ဘာမှမစိုးရိမ်ပါနဲ့၊ ကျွန်မ အနားမှာရှိနေပါတယ်"

"တော်. . တော်ပါသေးရဲ့၊ ဒါ. . ဒါဆိုရင် ကျွန်မကို တစ်ခုတော့ ကူညီပါ"

"ပြောပါ၊ ဘာကူညီရမလဲဆိုတာ. . ."

မိန်းကလေးသည် စကားကို အနိုင်နိုင်သာ ပြောနိုင်တော့သည်။ လေသံလောက်ပင်။ အသားအရေသည်လည်း အဖြူရောင်မှ ကူးပြောင်းကာ ပြာနှမ်းစပြုလာခဲ့လေပြီ။

"ကျွန်. . ကျွန်မလည်ပင်းမှာ ဆူးအပ်တစ်ချောင်းစိုက် စိုက်ဝင်နေတယ်၊ နှုတ်. . နှုတ်ပေးပါ"

"ဆူးအပ်. . ဟုတ်လား၊ အဆိပ်အပ်ထင်တယ်၊ ဘယ်လိုဖြစ်တာလဲ၊ အို. . နေ. . နေမပြောနဲ့တော့"

မိန်းကလေး၏ အခြေအနေမလှတော့သည်ကိုသိ၍ မြသီက လည်ပင်းကို လက်နှင့်စမ်းသပ်လိုက်သည်။ အပ်သေးသေးတစ်ချောင်းကို စမ်းမိလိုက်လေသည်။

"တွေ့ပြီ၊ တွေ့ပြီ. . ဒီမှာ"

လက်ညှိုး၊ လက်မနှင့်ဆွဲနှုတ်ရာ. . မရ။ ထို့ကြောင့်



www.burmeseclassi.com

www.burmeseclassi.com



မိန်းကလေး ဝေဒနာခံစားနေရသည်ကို မကြည့်ရက်တော့၍ ပြုမိပြုရာ ပြုမိလိုက်လေတော့သည်။ ခေါင်းကိုင့်ကာ ပါးစပ်နဲ့ ငုံသည်။ သွားနှင့်ကိုက်ကာ ဆွဲထုတ်လိုက်သည်။ အပ်က တဖြည်းဖြည်းနဲ့ ပါလာခဲ့သည်။ မိန်းကလေးသည် မြသီ၏ အပြုအမူအားလုံးကို သိနေလေသည်။ နောက်ဆုံး ဆူးအပ်က လည်ပင်းမှ ကျွတ်ထွက်သွားခဲ့လေသည်။

"ရပြီ၊ ရပြီ၊ ဟောဒီမှာ. . ."

မြသီက လက်နှင့်ကိုင်ပြီးတော့ ပြလိုက်သည်။ လည်ပင်းမှ အပ်ထွက်သွားသည်နှင့်မိန်းကလေးခံစားနေရသော ဝေဒနာများ ယူပစ်လိုက်သလို ပေါ့ပါးခံစားလိုက်ရသည်။ ပြာနှမ်းလာသော အသားသည်လည်း တဖြည်းဖြည်းပြောင်းလဲသွားသည်။ နဂိုအသားအရောင်အတိုင်း ဝင်းဝါလာသည်။ သို့သော် မိန်းကလေးမှာ ဆူးအပ်၏ အရှိန်ကိုတော့ အနည်းငယ် ခံစားနေရသေးသည်။ သို့သော် ပြောပလောက်သည်တော့မဟုတ်ပါ။ အနည်းငယ်မျှသာ။

တခဏအကြာတွင်. . . .။

"ကျေး. . ကျေးဇူးတင်လိုက်တာရှင်၊ ရှင်သာ ကျွန်မကို ဒီလိုမကူညီခဲ့ရင် သိပ်မကြာခင်မှာပဲ သေဆုံးသွားနိုင်တယ်၊





နာမည်လေးသိပါရစေ"

"ကျွန်မနာမည်က. . မြသီပါ၊ ရင်းနှီးတဲ့သူတွေတော့ သီသီလို့ ခေါ်ကြပါတယ်"

"မြသီ. . ဟုတ်လား၊ နာမည်လေးက တော်တော်လှတာပဲ၊ မင်းရဲ့ ရည်းစားက မင်းကို တော်တော်ချစ်မှာပဲနော်"

မြသီမျက်နှာ တစ်ချက်ပျက်သွားခဲ့ရသည်။

"ဟင်. . ဒါက ရည်းစားလို့ ပြောလိုက်တာနဲ့ မင်းဘာဖြစ်သွားတာလဲ"

"သူ. . သူပျောက်နေတာ သုံးရက်ရှိပြီ၊ နတ်စက်ရောင်တောထဲကို နွယ်ချိုရှာဖို့ ဝင်သွားတာ၊ အခုထက်ထိ သူ့သတင်းကို မကြားရတော့ဘူး"

"ဟင်. . ဟုတ်လား၊ သူတစ်ခုခုများဖြစ်. . ."

မိန်းကလေးသည် စကားမဆုံးလိုက်။ လူသံတစ်ချို့ကို အမှတ်မထင် ကြားလိုက်ရသောကြောင့်ပင်။ အတော်ခပ်လှမ်းလှမ်းဆီက တစ်ခုခုကို လိုက်ရှာနေကြဟန်တူသော လူလေးယောက်ကို တွေ့လိုက်ကြရလေသည်။

"သူတို့ ဒီဘက်ကို ရောက်မလာကြခင် ကျွန်မထွက်သွားတော့မယ်၊ ခုလို အသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူး



www.burmeseclassi.com

www.burmeseclassi.com



မမေ့ပါဘူး၊ တစ်ချိန်ချိန်မှာ ပြန်ပြီးတော့ ဆပ်ပါ့မယ်. . မြသီ"

မိန်းကလေးသည် မြသီ၏ပါးကို တစ်ချက်နမ်းရှုံ့ကာ ဂူအပြင်ကို ထွက်သွားလေတော့၏။ မြသီမှာ အံ့အားသင့်ကာ ကျန်ရစ်ခဲ့လေသည်။

၀၀၀





## အခန်း - ၁၈

## ဆရာပြူးရဲ့ ဒိုင်္ဂုံး

နတ်စက်ရောင်တောထဲမှာ မျက်စိလည်နေကြသူများ။ ပြေးနှင့်သူ့တပည့်များသည် မိန်းကလေးကို ရှာဖွေကြရင်း တဝဲလည်လည်နဲ့ ဖြစ်နေကြလေသည်။

"မင်းတို့ညံ့လို့ ဒီလိုဖြစ်ရတာကွ၊ ဒါမျိုးဆိုတာ ကြုံရခဲတယ်၊ အပိုင်ချည်ပြီးကာမှကွာ၊ ငါ့လက်ထဲကို ရောက်ကာနီးမှ"

ဆရာပြူးက မိန်းကလေးလွတ်မြောက်သွားသဖြင့် ဒေါသဖြစ်တောက်တောက်နဲ့ ဖြစ်နေလေသည်။ တပည့်သုံးယောက်



www.burmeseclassi.com

www.burmeseclassi.com



ကတော့ ဘာမှမပြောပဲ တောထဲက ထွက်နိုင်ရန် လမ်းစကိုသာ ရှာဖွေနေကြသည်။ ထွက်ပေါက်ပိတ်နေသဖြင့် စိတ်ကတထင့်ထင့်။ မိန်းကလေးကိုရှာဖွေရန်လည်း စိတ်မပါကြတော့။

"ဟေ့ကောင်တွေ. . မင်းတို့ကိုကြည့်ရတာ စိတ်မပါကြသလိုပဲ၊ ဘာဖြစ်နေကြတာလဲကွ"

"မိုးလည်းချုပ်ပြီ. . . ဆရာ၊ မိန်းကလေးကိုလည်း မတွေ့ရတော့ဘူး၊ လမ်းလည်းပျောက်နေကြပြီ၊ ဒီတောထဲမှာပဲ ညအိပ်ရလိမ့်မယ်ထင်တယ်"

"အိပ်ရတာ ဘာဖြစ်သလဲကွာ၊ သင်း. . ငါ့လက်ထဲက ပြေးမလွတ်ပါဘူးကွာ၊ အခုလောက်ဆို တစ်နေရာမှာ လဲနေလောက်ပြီ၊ မမှောင်သေးဘူး၊ ထပ်ရှာကြဦး၊ အချိန်မီပါသေးတယ်"

ဆရာပြုး၏စကားကြောင့် အားလုံးစိတ်ပျက်သွားလေသည်။ ဤနာမည်ကြီးလှသော နတ်စက်ရောင်တောကြီးထဲမှာ သူတို့ တာရှည်စွာ မနေရဲကြတာ အမှန်ပင်။

မိန်းကလေးကို လိုက်ရှာကြရင်း ထွက်ပေါက်ကို ရှာရင်း နေကဝင်လာခဲ့ပြီဖြစ်သည်။ ဆရာပြုးသည်ပင် မိန်းကလေးကို သံသယဝင်လာခဲ့ပြီဖြစ်သည်။

"ဒီလောက် သေချာခဲ့တာ၊ သူမပြေးနိုင်ပါဘူး၊ ငါတို့





ပဲ တလွဲရှာနေမိတာလား"

တွေး၍မှ မဆုံးမီ။

"ဗျောင်း"

"ဝုန်း"

ရုတ်တရက် ထွက်ပေါ်လာကြသော အသံများ။ တစ်တောလုံးကို ဝုန်းဒိုင်းကျဲသွားခဲ့လေသည်။ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သောကြောင့် ဆရာပြုးအပါအဝင် အားလုံးထိတ်သွားခဲ့ကြသည်။

"ဘာသံတွေလဲ၊ သစ်ပင်ကြီးတွေ အမြစ်ကကျွတ်ပြီးတော့ လဲကျတဲ့အသံတွေပဲ"

"တောထဲမှာ တစ်ခါတစ်လေ ဒီလိုပဲ ဖြစ်တတ်ပါတယ်ကွာ၊ မင်းတို့ကလည်း သွေးကြောင်မနေကြစမ်းပါနဲ့"

ဆရာပြုးက ပြောလိုက်သော်လည်း သူကိုယ်တိုင်ကပါ စိတ်မလုံမလဲ ဖြစ်သွားခဲ့ရသည်။

"ဆရာပြုး. . တော. . တောခြောက်တာများလားဗျ"

"ဟေ့ကောင်. . ပေါက်တတ်ကရတွေ လျှောက်ပြောမနေစမ်းနဲ့ကွာ၊ စကားနောက်တရားပါ၊ ဟိတ်. . အနှောင့်အယှက်မှန်သမျှ ဝေးရာကို ရှောင်ရှားကြစမ်း၊ ငါဆရာပြုးရဲ့အမိန့်"



www.burmeseclassi.com

www.burmeseclassi.com



ဆရာပြူးက မာန်ပါပါနဲ့ လက်ကို ဝှေ့ရမ်းလိုက်သည်။ ဤသို့ သုံးခါတိတိ ပြောဆိုပြီးသောအခါ. . . ။

"ပြောင်း. . ဒိုင်း"

"ဝုန်း"

စောစောကထက် ပိုပြီးကျယ်လောင်သော အသံကြီးများက ဆက်တိုက်ပင် ပေါ်ထွက်လာလေတော့သည်။ မြေပြင်သည်လည်း သိမ့်သိမ့်တုန်သွားခဲ့ရလေသည်။

"ငါ. . မပြောဘူးလား၊ မင်းတို့ ထင်ရာကို လျှောက်ပြီးတော့ မပြောကြပါနဲ့လို့၊ ဒါ. . တောခြောက်တာကွ၊ ဒါပေမယ့် ကြောက်ဖို့တော့မလိုဘူး၊ တောသဘာဝက ဒီအတိုင်းပဲ၊ တောကြီးရင် တောခြောက်တတ်တယ်"

"ဆရာ. . ကျွန်တော်တို့က ဒီလိုအတွေ့အကြုံမျိုးတွေ ရှိကြတာမဟုတ်ဘူး၊ ဘာတွေများ ဖြစ်လာမလဲ၊ အဆိုးတွေများ ဖြစ်လာနိုင်သလား"

အားလုံး ထိတ်လန့်နေကြသည်။ ဆရာပြူးသည်ပင် မျက်နှာပျက်ချင်ချင် ဖြစ်နေလေပြီ။ ဤနတ်စက်ရောင်တောကြီးသည် သူ၏ နေရာမဟုတ်။ သူနှင့်မဆိုင်။ ထို့ကြောင့် မည်သည့်အန္တရာယ်ပဲရောက်လာ၊ ရောက်လာ၊ သူကာကွယ်နိုင်ပါမည်လား။





လူတွေက အလိုလိုနေရင်း ချောက်ချောက်ချားချားများနဲ့ ရှိနေကြဆဲမှာပင် အမှောင်က ချက်ချင်းလိုလိုပင် ဝါးမြိုစပြုလာခဲ့လေပြီ။

ထိုစဉ်. . . ။

"အူး. . အူး"

"စီ. . စီ. . စီ. . စီ"

ထူးခြားသော အသံများက ထွက်ပေါ်လာခဲ့ကြသည်။ သတ္တဝါတစ်ကောင်ကောင်၏ အော်သံများလား။ ဤကဲ့သို့ အော်မြည်တတ်သည့် အကောင်မျိုးကိုလည်း တစ်ခါမှ မကြားဖူးကြပါ။ သို့ဆိုလျှင် မည်ကဲ့သို့သော အကောင်မျိုးဖြစ်နိုင်မည်လဲ။ ဆက်ကာဆက်ကာ ထွက်ပေါ်လာသော အသံများကို နားထောင်ရင်း ကျောချမ်းလာခဲ့ကြလေသည်။

"ဟာ. . . ဟိုမှာကြည့်စမ်း"

တစ်ယောက်က မိုးပေါ်ကို လက်ညှိုးထိုးပြလိုက်သည်။ များစွာသော လင်းနို့များ ပျံသန်းနေကြသည်ကို တွေ့လိုက်ကြရလေသည်။

"လင်းနို့တွေ. . . အဲဒါဆန်းသလားကွ၊ မင်းကတော့လေ. . လင်းနို့ကို မမြင်ဖူးတာကျနေတာပဲ"

ဆရာပြူးက ငေါက်ငမ်းလိုက်လေသည်။ သို့သော် သူ



www.burmeseclassi.com

www.burmeseclassi.com



လည်း များပြားလှသော လင်းနို့တွေကိုကြည့်ပြီးတော့ အံ့အားသင့်နေမိသလို။ မှောင်ရီသန်းစအချိန်မှာမို့ မည်းမည်းလှုပ်ကာ ပျံသန်းနေကြသော လင်းနို့များကိုကြည့်ပြီး စိတ်ထဲမှာ မတင်မကျဖြစ်နေမိသည်။

သစ်ပင်ကြီးများ၏ အမြင့်ထက်လောက်မှာ ပျံသန်းနေကြသော လင်းနို့ကြီးများသည် အောက်ကိုဆင်းသည့်အကောင်ကဆင်း၊ အထက်ကို ဆက်ပြီးပျံတက်သည့်အကောင်တွေက တက်သွားကြနဲ့ မည်းမည်းလှုပ်နေကြသည်။

ထိုစဉ် နောက်ထပ် ထူးခြားသော မြင်ကွင်းတစ်ခုကို မြင်လိုက်ကြရပြန်သည်။ အမှောင်ခံနေသည့် တောတန်းကလေး၏ နောက်မှာ လွင့်ကာနေသော ဖြူဖြူသဏ္ဌာန်တစ်ခု။

"ဆ. . ဆရာပြူး၊ ဟို. . ဟိုမှာ. . . ဘာလဲ"

တစ်ယောက်က အထစ်ထစ်အငေါ့ငေါ့ဖြင့် လက်ညှိုးထိုးပြလိုက်လေရာ အားလုံးက ထိုဖြူဖြူသဏ္ဌာန်ကို ဝိုင်းပြုံးပြီးတော့ ကြည့်နေကြသည်။ ဆရာပြူးသည်ပင် မျက်တောင်ခတ်ရန် မေ့နေသည်။

ထိုသဏ္ဌာန်သည် တဖြည်းဖြည်းနဲ့ နီးကပ်လာသောအခါ ဖြူဆွတ်သော အဝတ်ကို ဝတ်ထားသည့် မိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ကြရသည်။ ပို၍နီးလာ





သောအခါ အဝတ်အစားများ ဝတ်ဆင်ထားသည် မဟုတ်ပဲ အဝတ်ဖြူတစ်စကို ကိုယ်မှာ ရစ်ပတ်ထားသော မိန်းကလေးတစ်ယောက်ဟု သိလိုက်ရခြင်းပင်တည်း။

"ဟော့ကောင်တွေ. . ဟော့ကောင်တွေ. . သူ. . သူဟာ ငါတို့ရဲ့လက်က လွတ်သွားတဲ့ မိန်းကလေးပဲ၊ ဘယ်လိုကြောင့် ဒီကို ရောက်နေရတာလဲ၊ ဒီတစ်ခါတော့ မလွတ်ကြစေနဲ့ဟေ့"

ဆရာပြူးက အားရဝမ်းသာဖြင့် ပြောလိုက်လေသည်။

"ဆ. . ဆရာကြီး၊ သူ. . သူဆိုတာ ကျိန်းသေလို့လား"

"ဟ. . မင်းတို့က သူ့မျက်နှာကိုတောင် မမှတ်မိကြတော့ဘူးလားကွ၊ ပြောနေတာ ကြာတယ်။ မြန်မြန်ဝိုင်းဖမ်းကြစမ်းဟေ့"

ဆရာပြူးသည် လောဘဇောတက်လာပြန်ပြီထင်၏။ စောစောက ဝုန်းဒိုင်းကြသည်များကို သတိမရတော့။ မေ့သွားဟန်တူသည်။ သူ့တပည့်သုံးယောက်စလုံးကို စိတ်မချတော့။ ကိုယ်တိုင် ရှေ့ဆုံးကပြေးပြီးတော့ ဝင်သွားသည်။ ဆရာက ရှေ့ကဦးဆောင်ပြီးသွားတော့လည်း တပည့်တွေက မနေသာတော့။ မိန်းကလေးဆီကို ပြေးဝင်သွားခဲ့ကြလေတော့သည်။

မိန်းကလေး၏ အနားမှာ လင်းနို့များကလည်း ရံပြီးတော့ လိုက်ပါလာခဲ့ကြသည်။ မည်သည့်အကြောင်းကြောင့်



www.burmeseclassi.com

www.burmeseclassi.com



လဲတော့မသိ။ ထူးခြားသည်ဟု ဆိုရပေမည်လား။ ထိတ်စရာ မြင်ကွင်းလို့ပဲ ပြောရမည်လား။

သူတပည့်တစ်ယောက်က ကြိုးနက်ကို ကိုင်ထားလေသည်။ မိန်းကလေးကို အမိအရ တုတ်နှောင်ရန်ပင်ဖြစ်သည်။ မိန်းကလေးသည် သူတို့ပြေးလာနေသည်ကို အေးဆေးစွာပင် ကြည့်နေသည်။ လျှောက်လာနေသော ခြေလှမ်းတွေက ဟန်မပျက်။ ထိုသူတို့ အနားကိုရောက်လာကြသည်နှင့်။

ထိုစဉ်. . .။

“ဟိတ်. . . နင်တို့က ငါ့ကို အမိဖမ်းကြမလို့. . ဟုတ်လား၊ တစ်ခါပဲ ငါအမှားခံမယ်၊ နင်တို့ ဒီနေရာကို ရောက်လာတာ ကိုယ့်သေတွင်း ကိုယ်တူးတာပဲလို့ မှတ်လိုက်ကြ”

မိန်းကလေး၏ စူးအက်သော အသံက ကြက်သီးမြွ ထစရာကောင်းလောက်အောင်ပင် ထွက်လာခဲ့လေသည်။

“အေး. . နင်ဒီလောက်အပြောကြီးလှတာ၊ ငါ့လက်ထဲ ရောက်မှ သိမယ်”

ဆရာပြူးကလည်း ကြိမ်းဝါးလိုက်သည်။ ဆူးအပ်ကို လက်မှာကိုင်ကာ မိန်းကလေးဆီကို လက်ညှိုးနဲ့ တောက်တော့ မည်ပြုလိုက်သည်နှင့်. . .။

“ဝေါ. . . ဝေါ”





မြေပြင်သည် တစ်ချက်တည်း ဆွဲခါလှုပ်လိုက်သလို သိမ့်သိမ့်တုန်သွားခဲ့ရလေသည်။ သစ်ပင်ကြီးများသည်လည်း ယိမ်းထိုးကာ လှုပ်ခါသွားခဲ့ရသည်။

“ဖရော. . ဖရော. . ဖရော”

ပင်ကိုင်းတွေ။ အရွက်တွေ တစ်ပင်နှင့်တစ်ပင် ရိုက်ခတ်သွားခဲ့ကြလေသည်။ ထိုမျှနှင့်မပြီးသေးပါ။ လင်းနို့ကြီးများက တစ်ကောင်ပြီးတစ်ကောင် ပြေးဝင်လာခဲ့ကြပြီး ထိုသူတို့ကို အတင်းဝင်ကာ ကိုက်ခဲကြလေတော့သည်။

“အား”

“အား”

သစ်ပင်ကြီးများ၏ အကိုင်းအခက်များသည် ယမ်းခါသွားကြသည်။ ပင်ကိုင်းများသည် အောက်ကိုနိမ့်ဆင်းလာကာ။

ဖျန်း. . .။

“အား”

လူတွေကို ရိုက်ခတ်ကုန်လေတော့သည်။ သစ်ပင်ကြီးတွေက အသက်ဝင် လာကြလေသလားဟုပင် ထင်မိရလေတော့သည်။ သစ်ပင်အချို့၏ အမြစ်များသည် ကြွတက်လာခဲ့ကြကာ မြေပြင်ပေါ်မှာ ရွေ့လျားသွားလာလျက် ရှိနေကြ၏။ ဆရာပြူးနှင့်သူတပည့်များ၏ ခြေထောက်များကို ရစ်ပတ်ကြ



www.burmeseclassi.com

www.burmeseclassi.com



လေသည်။

"ဟာ. . ဒီ. . ဒီဟာတွေက ဘယ်လိုဖြစ်ကြတာလဲ"

ဆောင့်ပြီးတော့ ရှန်းကြသော်လည်း ခြေသလုံးနှင့် ခြေကျင်းဝတ်များကို တင်းကြပ်စွာ ရစ်ပတ်ထားကြသည့်အတွက် မရုန်းနိုင်ကြပါ။ ထို့ကြောင့် ပါလာသည့် ဓားများဖြင့် ခုတ်ထစ်ကာ ဖြတ်တောက်ကြရလေတော့သည်။

သစ်ပင်ကြီးများကိုလည်း ကြည့်ရင်းကြည့်ရင်းမှာပင် အရုပ်ဆိုးဆိုး မိစ္ဆာကောင်ကြီးများ၏ သဏ္ဍာန်သို့ ကူးပြောင်းသွားကြသည်ဟု ထင်လာမိခဲ့ကြရလေသည်။ စိတ်ချောက်ချားလွန်းကြ၍ ထိုသို့ဖြစ်ကြရလေသည်ပဲလား။ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်၊ မသိမ်းနိုင်ကြ၍ ထိုသို့ဖြစ်ကြရသည်ပဲလား။

"ဟော့ကောင်တွေ. . မင်းတို့ ဘာမှ မကြောက်ကြနဲ့၊ ဒါဟာ ဘာမှမဟုတ်ဘူး၊ သက်သက်မယ့် လှည့်စားနေတာကွ၊ မင်းတို့ရဲ့ စိတ်တွေကို တင်းထားကြစမ်း"

ဆရာပြူးက သူ့လူတွေကို အော်ဟစ်ပြီးတော့ သတိပေးလိုက်လေ၏။ တပည့်များသည် လင်းနို့များလည်း အကိုက်ခံကြရ။ သစ်ပင်ကြီးများ၏ အန္တရာယ်ကလည်း ကာကွယ်ကြရနဲ့ မအားလပ်နိုင်ကြတော့။ ကြောက်လန့်စိတ်က ပိုနေကြပြီး မိန်းကလေးကို ဖမ်းရန်လည်း သတိမရကြတော့ပါ။





ဆရာပြူးသည် ထိုသို့ဖြစ်နေသည့်အထဲက လက်ထဲက ဆူးအပ်နဲ့ မိန်းကလေးဆီကို တောက်ထည့်လိုက်လေ၏။ သို့သော် စိတ်လှုပ်ရှားနေ၍ မအောင်မြင်ခဲ့ပါ။ အပ်က ချော်ထွက်သွားသည်။

"နင်က ငါ့ကို ကြိုးစားတုန်းပဲလား"

မိန်းကလေးက ကြိမ်းဝါးလိုက်ပြီး ဆရာပြူးဆီကို ပြေးဝင်လာခဲ့သည်။ ဆရာပြူးက မင်တက်မိကာ ငေးကြည့်နေဆဲမှာပင် မိန်းကလေးက လက်ထဲမှာကိုင်ထားသော နှင်တံလိုလို အံရာလေးကို လေထဲသို့ မြှောက်ပြီးတော့ ရိုက်ထည့်လိုက်လေတော့၏။

"ဖျန်း"

"အား"

ဆရာပြူးထံမှ နက်ကျောသော အော်သံကြီး ထွက်ပေါ်လာကာ ကျောကော့ထွက်သွားသည်။ ဝတ်ထားသော အကျီလည်း မီးကျွမ်းရာကြီးကဲ့သို့ ဖြစ်သွားသည်။ ကျောပြင်အရေပြားသည်ပင်[illegible]ပြတ်ထွက်သွားသည်။ အထဲက အသားနီလန်သွားခဲ့သည်။ မိုးကြိုးသွားနှင်တံကြောင့် မရှုမလှပင် ခံသွားခဲ့ရလေသည်။

ဆရာပြူးသည် မြေပြင်ပေါ်ကို ဟပ်ထိုးလဲကျသွား၏။



www.burmeseclassi.com

www.burmeseclassi.com



ပြန်ထရန် ကြိုးစားသော်လည်း မထနိုင်တော့ပေ။

ကြိုးနက်ကို ကိုင်ထားသော တပည့်တစ်ယောက်သည် မိန်းကလေးကို ချည်နှောင်ရန် လူပါပြေးဝင်လာခဲ့သည်။ သို့သော် မြေကြီးထဲက ရှုန်းကန်၍ထွက်လာသော အမြစ်ပွေးများက သူ၏ ခြေထောက်ကို ရစ်ပတ်လိုက်သဖြင့် ဟပ်ထိုးလဲကျသွားခဲ့လေသည်။ ထိုအခါ လက်မှာကိုင်ထားသော ကြိုးနက်သည်လည်း လွတ်ကျသွားလေတော့သည်။

မိန်းကလေးသည် ယင်းကြိုးနက်ကို သူ၏လက်ထဲက နှင်တံနှင့်ရိုက်ထည့်လိုက်ရာ ဖျတ်ကနဲဆို မီးလောင်ကျွမ်းသွားလေသည်။ ချက်ချင်းမှာပင် ပြာဖြစ်သွားကာ လေထဲသို့ လွင့်ပါးသွားခဲ့ကြလေသည်။

မိန်းကလေးသည် သူမဆီကို ပြေးဝင်လာခဲ့ကြသော လူများကို လက်ထဲက နှင်တံနှင့်တဖျန်းဖျန်းနေအောင် ရိုက်ခတ်လိုက်လေရာ. . .။

"အား"

"အီး"

တစ်ယောက်ပြီးတစ်ယောက် အော်ထွက်သွားခဲ့ကြသည်။ မြေပြင်ပေါ်ကို ဘိုင်းကနဲ၊ ဘိုင်းကနဲ ပစ်လဲသွားခဲ့ကြသည်။ ရုတ်တရက်မို့ သွေးရူးသွေးတန်းနဲ့ လူးလဲပြီးတော့ ထ





လိုက်ကြသော်လည်း လုံးဝပြန်ပြီးတော့ မထနိုင်ကြတော့။

ဆရာပြူးသည်ကား မျက်လုံးကြီးအပြူးသားနဲ့ သေဆုံးလျက်ရှိနေလေပြီ။ အသားတွေလည်း တဖြည်းဖြည်းနဲ့ ညိုမည်းလာရာတ မီးသွေးကဲ့သို့ နက်မှောင်သွားခဲ့လေသည်။ သူ၏ တပည့်များသည်လည်း ထို့အတူပင် လုံးဝကို မထနိုင်ကြတော့ပေ။ ထိုစဉ်. . .။

ဝေါ. . .ဝေါ. . . ဝေါ. . .။

ညဥ့်အမှောင်သည် ဝန်းကျင်ကို တဖြည်းဖြည်းနဲ့ ဝါးမြိုစပြုလာခဲ့ပြီဖြစ်သည်။ ဆွတ်ဆွတ်ဖြူသော မြူနှင်းလိုလိုအရာများကလည်း ကျဆင်းလာကြပြီဖြစ်သည်။ မိန်းကလေးမှာ မြူနှင်းလွှာကြားထဲမှာ ကျောပေးကာ တရွေ့ရွေ့နဲ့ လျှောက်



www.burmeseclassi.com

www.burmeseclassi.com



သွားလျက်ရှိသည်။

သူမ၏ခေါင်းထက် ဘေးဘီဝဲယာမှာ လင်းနို့တွေက ဝန်းရံပြီးဖော့ လိုက်ပါသွားခဲ့ကြလေသည်။ တခဏအကြာတွင် အဖြူထည်စလေးတစ်ခုလောက်သာ မြင်တွေ့နိုင်လောက်ရလေတော့လေသည်။





## အခန်း - ၁၉

## ရှင်ရသေ့၏ အမြိုက်တရား

ဘုံ. . . ။

မိမိနေရပ်ကို ပြန်ပြီးတော့ ရောက်လာခဲ့သည်။ စိတ်ထဲမှာ ကြည်လင်ခြင်း အလျဉ်းမရှိ။ နောက်ကျနေသော ဝေဒနာကို ခံစားနေရသည်။

"ငါ. . မသူတော်တွေရဲ့ လက်ထဲကို ကျရောက်သွားတော့မလို့၊ သီသီလေးပဲ လိုပါတော့လား၊ ဟို. . မိန်းကလေးသာ ငါ့ကို မကယ်ခဲ့ရင် ငါဘဝကူးကောင်းနိုင်မှာ မဟုတ်တော့ဘူး၊ ဒီလူခိုင်းစေရာ အားလုံးကို ငါလုပ်ကိုင်ပေးရတော့မှာပဲ၊



www.burmeseclassi.com

www.burmeseclassi.com



သူတောင်းတာတွေအားလုံးကို ငါပေးရတော့မှာပဲ”

ဘုံလည်း ပြန်ပြီးစဉ်းစားမိတိုင်း ရင်တုန်မန်းလျသော ဝေဒနာကို ပြန်လည်ပြီးတော့ ခံစားနေမိရလေသည်။

“မြသီတဲ့၊ သူဟာ အဆိပ်အပ်ကို ပါးစပ်နဲ့စုပ်ထုတ်ပြီး တော့တောင် ဆွဲနှုတ်ပေးရှာတယ်၊ အခန့်မသင့်ရင် သူလည်း သေသွားနိုင်တယ်၊ တော်တော့်ကို စေတနာထက်သန်တဲ့ သူ လေးပါလား”

သူ့မှာ ချစ်သူရှိနေတယ်။ ပျောက်နေတာ သုံးရက်ရှိ ပြီတဲ့။ နတ်စက်ရောင်တောထဲကို နွယ်ချိုထွက်ရှာတာတဲ့။

မြသီပြောခဲ့သော စကားသည် ဘုံ၏ နားထဲမှ မထွက် နိုင်ခဲ့။ ချက်ချင်းမှာပင်လျှင် မိမိနှင့်ရာဟုတို့ တွေ့ဆုံခဲ့သည့် သီးသန့်ဂူလေးဆီကို အရင်လျှောက်သွားခဲ့လေသည်။ အနာ ဂတ်ကြေးမုံသည် သူမကို အဆင်သင့်ပင် စောင့်ကြိုနေလျက် ရှိသည်။

ဘုံ၏ လက်ဖဝါးထဲမှာ မြသီ၏ ဆံပင်လေးကို တင် ထားသည်။ ယင်းဆံပင်လေးသည် သူမ၏ ကိုယ်ပေါ်မှာ ကပ် ပြီးတော့ ပါလာခဲ့ခြင်းဖြစ်သည်။ ဘုံ၏ လည်တိုင်မှာ စိုက်ဝင် နေသော ဆူးအပ်ကို ပါးစပ်နဲ့ကိုက်၍ နှုတ်ပေးစဉ်က ကျွတ် ပြီးတော့ ကျန်ခဲ့သော ဆံရှည်လေးတမျှင်ပင်တည်း။





ထိုဆံမျှင်လေးကို ကြေးမုံရှေ့ရှိ ရေဇလုံလေးထဲသို့ ချလိုက်သည်။ ဆံပင်ရှည်လေးသည် ရေထဲမှာ တဖြည်းဖြည်း နဲ့ လည်လာသည်။ ဝဲလှည့်လာသလို လှည့်လာသည်။ မွတ်နေ အောင်လည်လာပြီးသောအခါ တဖြည်းဖြည်းနဲ့ ပျောက်ကွယ် သွားခဲ့လေသည်။

(ဤကား . . ဘုံ၏ ပဥ္စလက်အတတ်ပညာတစ်ခုပင် ဖြစ်ပါလေ၏။)

ကြေးမုံပြင်ပေါ်မှာ ပုံရိပ်များက ထင်ဟပ်လာခဲ့လေ သည်။ ပုံရိပ်များက ထင်ရှားလာကြသောအခါ လူနှစ်ယောက် ၏ သဏ္ဍာန်တွေက ပေါ်လာခဲ့ကြလေသည်။

ဘုံ့မျက်ဝန်းတွေ ဝိုင်းစက်သွားခဲ့ကြရသည်။ ရင်ထဲမှာ လည်း ထိတ်ကနဲဖြစ်သွားခဲ့ရလေ၏။ ထိုသူနှစ်ယောက်ကား ရာဟုနှင့်မြသီတို့ပင်တည်း။ သူတို့နှစ်ယောက်သည် ဆိတ်ကွယ် ရာနေရာတစ်ခုမှာ အတူတွေ့ဆုံလျက်ရှိနေကြသည်။ လွတ်လပ် ပွင့်လင်းစွာပင် ရှိနေကြသည်။ ချစ်သူတို့ဘဝ မိုးမမြင်၊ လေမ မြင် ချစ်ခြင်းငယ်ပြိုင်နေကြသည်။

တစ်ယောက်ကိုတစ်ယောက် ကယုကယင်ကျီစယ်နေ ကြသည်မှာ မမြင်ချင်မှအဆုံးမို့ ဘုံ့ရင်ထဲမှာ ပူလောင်သော ဝေဒနာကို ဖြစ်ပေါ်ခံစားနေစေလေသည်။



www.burmeseclassi.com

www.burmeseclassi.com



မောပန်းလှသော ဝေဒနာကို ခံစားလာမိသောကြောင့် ကုလားထိုင်မှာ အရုဗ်ကြိုးပြတ်ပင် ထိုင်ချလိုက်မိလေသည်။ မျက်ဝန်းတွေကိုလည်း ပိတ်ထားလိုက်မိသည်။ ဘုံ၏အာရုံက ကြေးမုံပြင်ပေါ်မှာ မရှိတော့သည်နှင့်ပုံရိပ်များက တဖြည်းဖြည်းနဲ့ ပါးလျားကာ ပျောက်ကွယ်သွားခဲ့ကြလေသည်။

"ငါ့အသက်ကို ကယ်ခဲ့တဲ့ မြသီဆိုတဲ့ မိန်းကလေးဟာ ကိုရာဟုရဲ့ ချစ်သူကိုး၊ ငါ . . ဘယ်လိုလုပ်ရပါ့မလဲ၊ ငါက ကိုရာဟုကို ယူတော့မှာ၊ လက်ထပ်တော့မှာ"

ဘုံသည် ဆောက်တည်ရာမရအောင် ခံစားနေရ၏။ ထိုင်နေရာမှထလိုက်၊ ပြန်ထိုင်လိုက်နဲ့ ဖြစ်နေသည်။

ဘုံသည် ပန္နလက်ကြေးမုံပြင်ရှေ့တွင်ရပ်ကာ ကြည့်လိုက်သည်။ သူမ၏ မျက်နှာဝင်းဝင်းလေးသည် အထင်းသား ပေါ်လွင်လျက်ရှိသည်။

"ငါဟာ လိုချင်တာကို ရအောင် ယူတတ်တယ်၊ ယူလည်းယူဖူးခဲ့တယ်၊ ငါက သူ့ရဲ့ ဇနီးဖြစ်ခဲ့ဖူးတယ်၊ ဒါကြောင့် သူနှင့်ငါဟာ ပိုင်ဆိုင်မှုတွေ ရှိခဲ့ကြပြီးသား၊ ငါ . . သူ့ကို လက်လွှတ်မခံနိုင်ဘူး၊ ပြန်ပြီးတော့ မစွန့်လွှတ်နိုင်ဘူး၊ သူ . . ငါနဲ့ပဲ လက်ထပ်ရမယ်၊ ငါ့ကိုပဲ ယူရမယ်၊ ငါ့ရဲ့ အချစ်ကို လုယူတဲ့





မိန်းကလေးဟာ လောကကြီးထဲမှာ မရှိသင့်ဘူး၊ ရှိမနေစေရဘူး"

ဘုံသည် မြသီကို ဒေါသထွက်လာသည်။ ဆောက်တည်ရာမရအောင်ပင် ခံစားလာခဲ့ရလေသည်။

"ငါ . . အခုချက်ချင်း သူ့ဆီကိုသွားပြီးတော့ ရှင်းပစ်ရမယ်၊ ဒီမိန်းကလေးဟာ ကိုရာဟုရဲ့ ချစ်သူမှန်း ငါသိခဲ့ရင် အဲဒီနေရာမှာပဲ ငါရှင်းပစ်ခဲ့တယ်၊ ငါ . . ငါ . . မသိခဲ့လို့"

စိတ်မြန်လှသော ဘုံတစ်ယောက် နေရာမှ ချက်ချင်းပင် ထွက်လာခဲ့လေရာ လမ်းမပေါ် တစ်နေရာကို ရောက်သွားခဲ့သည်နှင့်။

"သမီး . . ဒေါသတကြီးနဲ့ ဘယ်ကိုများ ထွက်သွားဦးမလို့လဲ"

အမှတ်မထင် ကြားလိုက်ရသော စကားသံတစ်သံ။ ဘုံသည် အသံထွက်ပေါ်လာရာဆီကို လှည့်ကြည့်လိုက်မိလေသည်။ ထူထူထဲထဲ ကျဆင်းလျက်ရှိသော နှင်းမြူထုကြီးထဲမှာ တလှုပ်လှုပ်နဲ့ လျှောက်လာနေသော သဏ္ဌာန်တစ်ခု။

ထိုသဏ္ဌာန်သည် တဖြည်းဖြည်းနဲ့ ထင်ရှားလာသော အဓိ ရသေ့ကြီးတစ်ပါး ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။



www.burmeseclassi.com

www.burmeseclassi.com



"ဟင်. . . ဘရသေ့"

ဘုံသည် အံ့အားသင့်သွားပြီးနောက် လက်အုပ်ချီမိလိုက်လေသည်။ ဒေါက်ချာကြီးကို ဆောင်းထားသော ရသေ့ကြီးသည် အနားကို ရောက်လာခဲ့သည်။

"သမီး. . ငါမေးနေတာကို ဖြေလေ၊ ဒေါသဆောင်ထားတဲ့ မျက်နှာနဲ့ ဘယ်ကိုသွားမလို့လဲဆိုတာ"

"ထ. . သမီး"

ဘုံသည် ဘရသေ့ကို မည်သို့ပြန်ပြီး ပြောရမည်ကို မသိအောင်ပင် နှုတ်က ဆွံ့အနေခဲ့သည်။

"မကြံစည်အပ်တာကို မကြံစည်ပါနဲ့လား. . သမီးရယ်၊ အတ္တကြီးတဲ့သူဟာ ဘဝချုပ်ငြိမ်းတဲ့အခါ လားရာမကောင်းပဲ နိမ့်ကျတဲ့ဘုံကို ရောက်တတ်တယ်၊ အဲသလိုမဟုတ်ရင်လည်း အပယ်လေးဘုံကို ကျတတ်တယ်"

"ငါ့သမီးဟာ အတိတ်ဘဝတွေက ကောင်းမှုလေးတွေ ရှိခဲ့လို့ ဒီလိုနေရာမျိုးမှာ မတောင့်မတ၊ မကြောင့်မကျနဲ့ လာပြီးနေနေရတာ၊ ဒါပေမယ့် အတ္တကြီးခဲ့တယ်၊ မေတ္တာတရားနဲ့ ပတ်သက်ပြီး ဝန်တိုစိတ်ရှိခဲ့တယ်၊ အဲဒါကြောင့် ဒီလိုဘဝမျိုးမှာ လာပြီးနေနေရတာပါ၊ ဒါ. . အထီးကျန်ဘဝရယ်လို့ ခေါ်





တယ်ကွယ့်"

"ဘရသေ့က သမီးရဲ့ ခံစားချက်နဲ့ ပတ်သက်ပြီးတော့ အားလုံးကို သိနေပါလား"

ရသေ့ကြီးက ခေါင်းတညိတ်ညိတ်နဲ့ ရှိနေကာ. . .။

"သိနေပြီလားကွယ်၊ သိလို့လည်း ဒီလိုစကားမျိုးကို ပြောနေရတာပေါ့၊ ဒါကြောင့် နောင်လာမယ့်ဘဝအကျိုးဆက်တွေမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေနိုင်ဖို့အတွက် မကောင်းတဲ့အကြံအစည်ကို လက်လျှော့လိုက်ပါ"

"သူတစ်ပါးရဲ့ ချစ်ခြင်းကို မခွဲပါနဲ့၊ ရှင်ခွဲရော၊ သေခွဲပါ မခွဲလိုက်ပါနဲ့၊ ဝဋ်ဆိုတာ ကိုယ့်နောက်ကနေ ချက်ချင်းပဲ ကျောပိုးပြီးတော့ လိုက်လာတတ်တယ်၊ အဲဒီ ဝဋ်ကြွေးသံသရာဟာ ဘယ်တော့မှ ဆုံးတော့မှာ မဟုတ်ဘူး. . . သမီး၊ ကိုယ်လည်း ဘယ်ဘဝကိုရောက်ရောက် အရာခပ်သိမ်းပြည့်စုံသည် ဟူ၍မရှိ။ ဘာမဆို အမြဲလိုအပ်နေတတ်တယ်၊ ဘဝမှာ ကွက်လပ်ချည်းပဲ ဖြစ်နေတတ်တယ်"

ဘုံသည် ဘရသေ့ပြောသည့်စကားများကို နားထောင်နေရင်း မျက်ရည်လည်လာမိလေသည်။

"သမီး. . ဆင်ခြင်ပါ့မယ်. . ဘရသေ့"



www.burmeseclassi.com

www.burmeseclassi.com



"ဆင်ခြင်ပါ့မယ်ဆိုတာထက် သမီးကျူးလွန်မယ့် မ ကောင်းမှုကို အသိတရားနဲ့ ပယ်ရှားပစ်လိုက်ပါ့မယ်လို့ ကတိ ပေးပါ"

ဘုံသည် ဘရသေ့ကြီးစကားတောင်းခံမှုကို မပေးသေး ပဲ အတန်ကြာပင် တွေဝေနေသေးသည်။ နောက်တော့မှ . . ။

"ပေး . . ပေးပါတယ် ဘရသေ့"

"သာဓု . . သာဓု . . သာဓု"

ဟုသာဓုသုံးကြိမ်ခေါ်လိုက်လေသည်။

"သည်လူငယ်ဟာ မင်းနဲ့ ဘဝချင်းလည်းမတူပါဘူး။ အတူနေလို့လည်း မရပါဘူး၊ ငါ့သမီးရဲ့ စိတ်ဆန္ဒဘယ်လိုရှိပေ မယ့်လည်း မဖြစ်နိုင်ပါဘူးလေ၊ စိတ်ထဲမှာ ဝေဒနာကို မွေးမ ထားပဲ အပြီးအပိုင် လျှော့ချလိုက်ပါတော့၊ ဒါဟာ အကောင်း ဆုံးသော အေးချမ်းမှုကို ရှာဖွေတာပဲ . . . သမီး"

"ကုသိုလ်ကံပေးလို့ ဒီဘဝမှာ ကိုယ့်ရဲ့ ချစ်သူနဲ့ လာ ပြီးဆုံဆည်းရပေမယ့် သမီးနဲ့ မထိုက်တန်ဘူး၊ မအပ်စပ်ဘူး ဆိုတာကို နည်းနည်းလေးမှ မတွေးခဲ့တာ သမီးရဲ့ အတ္တကြီးမာ မှုပါ၊ သည်အတ္တကို အတတ်နိုင်ဆုံး ချိုးနှိမ်ပစ်ပါ့မယ်၊ သူ့ကို လည်း နေရပ်ကို ပြန်ပို့ပေးပါ့မယ်"





ဘုံက ကတိပေးလိုက်လေသည်။ သို့သော် မပေးချင် သော ကတိစကားပါ။

ဘဝအဆက်ဆက်က လင်သားအပေါ်မှာ ကြီးမားခဲ့ သော အစွဲအလန်းကြောင့် ယခုဘဝမှာ လာပြီးဆုံခွင့်ရကြပါ သော်လည်း ပေါင်းစည်းနိုင်ရန် လမ်းမရှိပါ။ မိမိကား ဥပေက္ခာ ဘုံသူတစ်ဦးသာတည်း။

မိမိသည်လည်း ဘဝဟောင်းတစ်ခုက သေဆုံးခဲ့ရာ တွင် ပိတ်ဖြူစလေးတစ်စကို စွဲလန်းခဲ့၍ ယခုဘဝမှာလည်း ပိတ်ဖြူစတစ်စတည်းကိုသာ ကိုယ်မှာပတ်ပြီးတော့ ဝတ်ဆင် နေရသူ ဖြစ်လာခဲ့ရသည်။ သတ္တဝါမှန်သမျှ နိဗ္ဗာန်ကို မရောက် မချင်း သံသရာမှာ ကျင်လည်နေကြရပေဦးမည်။ ဤအစွဲအ လန်း၊ ကြီးမားသော အတ္တ၊ မစွန့်ရဲယစိတ်တွေကို ဘဝဆက် ဆက် ယူမသွားချင်တော့။ ယခုဘဝမှာပင် ခဝါချမှပဲဖြစ်တော့ မည်မို့ ကျိုးကြောင်းဆင်ခြင်မိလာလေသည်။

ဘုံအတွေးပြတ်၍ သတိရလာသောအခါ ရှင်ရသေ့ ကြီးကား မရှိတော့။ နှင်းမြူတွေကြားထဲမှာ တောင်ဝှေးထောက် ကာ တရွေ့ရွေ့နဲ့ ပျောက်လှမ်းသွားနေခဲ့လေပြီ။ ငိုင်ငေးပြီး တော့ ကျန်ရစ်ခဲ့သူက ဘုံသာလျှင် . . . ။



www.burmeseclassi.com

www.burmeseclassi.com



"ကိုရာဟု . . ကိုရာဟု . . . သူ ငါ့ကို စောင့်နေမှာပဲ၊ ဘယ်ကိုမှ မသွားရ၊ မလာရနဲ့ လွတ်လပ်မှုတွေ ကင်းဝေးနေတဲ့အတွက် စိတ်အနှောင့်အယှက် ဖြစ်နေရှာမှာပဲ"

ဘုံသည် ရာဟုကို သတိရသွားခဲ့ပြန်လေသည်။ ထို့ကြောင့် ခြေလှမ်းတွေကို ရာဟုရှိရာသို့ ဦးတည်လိုက်လေ၏။





အခန်း — ၂၈

## ဘုံ၏ လမ်းခွဲစကား

ဘုံ . . . ။

မြေလှိုက်လမ်းတစ်လျှောက် ဝင်လာခဲ့သည်။ မိမိ၏ အခန်းရှေ့မှာ မှဟူရာကြီးက ရှိနေသည်။ ရာဟုကို စောင့်ကြပ်နေကြသော ခေါင်းနှစ်လုံးနှင့်မြွေနက်ကြီး။ ဘုံ့ကို တွေ့လိုက်ရသောအခါ ခေါင်းနှစ်လုံးက ထောင်လာသည်။ ဘုံသည် မိမိတစ်ဦးတည်းသာ ဖွင့်ခွင့်ရသော အခန်းထဲကို ဝင်သွားခဲ့သည်။ တံခါးကို ပြန်၍ ပိတ်လိုက်စဉ် ကုတင်ထက်မှာအိပ်ပျော်နေသော ရာဟုက နိုးသွားခဲ့လေသည်။



www.burmeseclassi.com

www.burmeseclassi.com



"ဟင်. . . ဘုံ၊ ငါတစ်ယောက်တည်းထားခဲ့ပြီးတော့ မင်းဘယ်ကို လျှောက်သွားနေတာလဲ"

ရာဟုသည် ဘုံကို ပျာပျာသလဲနဲ့ မေးလိုက်လေသည်။

"ဘုံ. . ဘယ်ကိုမှမသွားပါဘူး ကိုရာဟု၊ ဒီမှာပဲ ရှိနေပါတယ်"

"ဒါနဲ့များကွယ်၊ အပြင်မှာ အကြာကြီးနေရသလား၊ ငါ့ကို မင်းမေ့သွားပြီထင်တယ်"

"ဘုံမမေ့ပါဘူး. . ကိုရာဟုရယ်၊ ကိုရာဟုကို ဘုံမေ့လို့ ဘယ်ရမှာလဲ၊ ဘာလဲ. . ဒီမှာ ကိုရာဟုတစ်ယောက်တည်းမို့ ပျင်းနေတာလား၊ ဒါမှမဟုတ် မြွေကြီးကိုပဲ ကြောက်နေလို့လား၊ မဟူရာကြီးက ကိုရာဟုကို ဘယ်လိုအန္တရာယ်မျိုးမှ မပေးပါဘူးလေ"

ရာဟုက ခေါင်းခါလိုက်လေသည်။

"ငါပျင်းလည်း မပျင်းဘူး၊ ဘာကိုမှလည်း မကြောက်တတ်ဘူး၊ မင်းမရှိလို့ အနေရခက်နေတာ၊ မင်းကိုပဲ သတိရနေတာ"

"ဘာရယ်. . ရှင်. . ကိုရာဟု၊ ဘုံ့ကို သတိရနေတာ ဟုတ်လား"

ရာဟု၏ စကားကြောင့် ဘုံအံ့အားသင့်သွားခဲ့ရလေ





သည်။ ရာဟု၏နှုတ်က ဤလိုစကားမျိုးကို ပြောလိမ့်မည်ဟု မထင်မိ။

"ဟုတ်တယ်၊ ငါ. . မင်းကို သံယောဇဉ်ဖြစ်လာပြီ၊ စွဲလန်းလာမိပြီ၊ ချစ်လည်း ချစ်တယ်၊ ဒါကြောင့်မို့ ခဏလေးတောင် မခွဲနိုင်တော့ဘူး"

"ရှင်"

ဘုံ၏ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့ရလေသည်။

"ငါ. . မင်းကို တကယ်ပြောနေတာပါ၊ မင်း. . ငါ့ကို လက်ထပ်မယ်ဆိုရင်လည်း ရတယ်၊ မင်းနှင့်ငါ အတူတူပဲနေတော့မယ်၊ ငါမပြန်တော့ဘူး၊ ဘာလဲ. . မင်းက ငါပြောနေတာကို မယုံတဲ့သဘောနဲ့ ကြည့်နေတာလား၊ လာလေ. . အခုချက်ချင်း မင်္ဂလာဆောင်ကြမယ်၊ ဘယ်နေရာမှာလည်း . . ပြော"

ရာဟုသည် ဘုံ့ဆီကို လျှင်မြန်စွာပင် လျှောက်လာပြီး ပွေ့ဖက်လိုက်သည်။ ဘုံက ရုန်းဖယ်ခြင်းမပြုပါ။

"ကိုရာဟုရယ်"



www.burmeseclassi.com

www.burmeseclassi.com



ဘုံ၏ အသံလေးက တိမ်ပြီးတော့ ဝင်သွားခဲ့လေ၏။

ဘုံသည် ရာဟု၏ မျက်နှာကိုကြည့်ပြီး ရင်ထဲမှာ ဝ နင့်နင့်နဲ့ ခံစားနေရသည်။ မျက်ရည်တွေကလည်း မျက်ဝန်း အ စုံမှာ ရစ်ဝိုင်းလျှက်ရှိနေကြသည်။

"ဩော်. . ကိုရာဟု၊ ကိုရာဟု၊ ရှင်ကတော့ ဘာမှ သိရှာဘူး၊ ရှင့်ရဲ့ ချစ်သူ၊ ကျွန်မရဲ့ ကျေးဇူးရှင်ကို ပစ်မှားမိတော မလို့ သိသိလေးပဲ လိုတော့တယ်၊ ဘရသေ့သာ တရားမပြ ရင် နောက်ထပ်အကုသိုလ် အလုပ်တစ်ခုကို ထပ်ပြီးတော့ ကျ လွန်မိတော့မလို့ပါလား"

"အစကတော့ ကျွန်မက ချစ်ပါတယ်ဆိုတော့ ရှင်က ခါးခါးသီးသီး၊ အခု ဟောဒီဘုံဆိုတဲ့သူက ရှင့်ကို စွန့်ပစ်တော မယ်ဆိုတော့မှ ရှင်က တန်းတန်းစွဲ ဖြစ်လာတယ်၊ မဖြစ်ဘူ မဖြစ်နိုင်တော့ဘူး၊ ရှင်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းကိုလည်း ကျွ မ မခွဲတော့ပါဘူး၊ ဝဋ်ကြွေးဆိုတာကိုလည်း ကျွန်မကြော လွန်းလို့ပါ၊ ကိုယ်သာလျှင် အကြောင်းကံမလှလို့ ချစ်ရသူ မပေါင်းဖက်ရပေမယ့် သူတစ်ပါးတို့ရဲ့ ချစ်ခြင်းကိုတော့ မခွဲပါ





ရစေနဲ့တော့၊ နောက်ဘဝတစ်ခုခုမှာ ရှင်နှင့်ကျွန်မ အတူတကွ ပေါင်းရပါစေလို့ပဲ ဆုတောင်းလိုက်ပါတယ်"

ဘုံသည် ရာဟု၏ နဖူးပြင်ပေါ်မှာ ဝဲပြီးကျနေသော ဆံပင်များကို လက်နှင့်သပ်ပြီးတော့ တင်ပေးလိုက်လေသည်။ ရာဟုလည်း နိုးလာခဲ့လေသည်။

"ဟင်. . ဘုံ၊ နိုးနေတာ ကြာပြီလား"

ဘုံက ခေါင်းညိတ်ပြလိုက်ပြီး. . .။

"ကြာပြီပေါ့၊ ကဲ. . ထ၊ သွားကြရအောင်"

"ဘယ်ကိုလဲ. . . ဘုံ၊ ကိုယ်တို့နှစ်ယောက် လက်ထပ်ကြဖို့လား"

ဘုံက ပြုံးလိုက်သည်။ ထိုအပြုံးကို ရာဟုက အဓိပ္ပါယ်ကောက်လွဲသွားခဲ့သည်။ ဂမ်းသာအားရနဲ့ အောက်ကိုဆင်းလိုက်လေသည်။ ဘုံသည် ကိုယ်ပေါ်မှာ ရစ်ပတ်ထားသော ပိတ်စဖြူဖြူကို ကျစ်လျစ်သေသပ်စွာပင် ရှိစေလိုက်သည်။ ရှည်လျားသော ဆံကေသာမျှင်များက ကျော၏ထက်မှာ ဖြန့်ချထားသည်။ ဘုံ၏ မျက်နှာလေးသည် ပိုပြီးတော့ ဝင်းလက်နိုပါသော လေသည်။



www.burmeseclassi.com

www.burmeseclassi.com



ရာဟု၏ ဒူးလေးနှင့်မြားတံများပါသော ကျည်တောက်ကို ယူပေးလိုက်ရာ. . .။

"ဟင်. . . ဒါတွေက ဘာလုပ်မလို့လဲ"

"ကိုယ့်ပစ္စည်းဆိုတာ ကိုယ်နှင့်မကွာ ထားသင့်တယ်လေ"

ရာဟုလည်း ဒူးလေးနှင့်မြားကျည်တောက်ကို ကိုယ်မှာ စွယ်သိုင်းလိုက်ကာ ဘုံနှင့်အတူ ထွက်လာခဲ့လေသည်။ ဂူလှိုဏ်လမ်းကြောင်းအတိုင်း တစ်နေရာပြီးတစ်နေရာ ဖြတ်ပြီးလျှောက်လာခဲ့လေသည်။ ဂူအပြင်သို့ပင် ရောက်လာခဲ့ကြလေသည်။

"ဘုံ. . ကိုယ်တို့ရဲ့ မင်္ဂလာကိစ္စက ဘယ်နေရာမှာလုပ်မှာလဲ၊ သွားရလှချည့်လား၊ မရောက်သေးဘူးလား"

ဘုံက ခွန်းတုန့်မပြန်ပဲ နေသည်။ ရာဟုသည် ဘုံမဖြေချင်ဟုသာ ထင်မှတ်လိုက်သည်။ ရိုးရိုးသဘောနဲ့ပဲဟု ယူဆမိသည်။

သစ်ပင်ကြီးများ ထူထပ်သော နေရာကို ရောက်လာခဲ့သည်။ ဘုံက လမ်းတလျှောက်လုံး စကားတစ်ခွန်းမှမပြော





ခဲ့။ ရာဟု၏ မျက်နှာကိုလည်း . စောင်းငဲ့ပြီးတော့ပင် လှည့်မကြည့်ပေ။ သံယောဇဉ်ဖြတ်လိုဟန်တူပါသည်။

"ဘုံ. . . မင်း ငါ့ကို စကားတစ်ခွန်းမှ မပြောပါလား၊ ခါတိုင်းဆိုရင် ဒီလိုမဟုတ်ပါဘူး၊ ငါ့ကို တွယ်တာလွန်းလို့ ခက်နေတယ်၊ မင်းရဲ့ နှုတ်ဖျားက ငါ့ကို သိပ်ပြီးတော့ ချစ်တယ်ဆိုတဲ့ အကြောင်းကိုပဲ တဖွဖွနဲ့ ပြောနေတတ်တာ၊ အခုတော့ ဘယ်လိုဖြစ်နေတာလဲ၊ အကြောင်းတစ်ခုခုကတော့ ရှိရမယ်၊ မင်းတစ်ခုခုတော့ ဖြစ်နေပြီ. . ဘုံ၊ ဘာဖြစ်နေသလဲ၊ ငါ့ကို မင်း ပွင့်ပွင့်လင်းလင်းသာ ပြောစမ်းပါ"

ရာဟုသည် ဘုံ၏လက်မောင်းကို ဆုပ်ကိုင်ကာ နေရာမှ ရပ်တန့်စေလိုက်သည်။ ဘုံသည် ရာဟုနှင့်မျက်နှာချင်းဆိုင်လိုက်ရသည်။ သူမ၏ မျက်နှာသည် ပြုံတော့မည့်မိုးလို ဖြစ်နေသည်။ နှုတ်ခမ်းလေးကတော့ မဲ့ယောင်ယောင်လေး။ ရာဟုကို ကြည့်နေရင်းကပင် မျက်ဝန်းငွေရည်တို့က ရစ်ဝိုင်းလာခဲ့ကြလေသည်။

"ဟင်. . . ဘုံ၊ မျက်ရည်စတွေနဲ့၊ ဒါဘယ်လိုဖြစ်တာလဲ"



www.burmeseclassi.com

www.burmeseclassi.com



ရာဟုက ဘုံ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ကာ လှုပ်ရမ်းပြီးတော့ မေးလိုက်သည်။ ဘုံ၏ အောက်မျက်ခမ်းစပ်မှာ တည်းတည်းလေးတင်နေသော မျက်ရည်ဥများက ပါးပြင်ပေါ်ကို လိမ့်ပြီးတော့ ဆင်းလာခဲ့ကြလေသည်။

ရာဟု၏ မျက်နှာကို စေ့စေ့ကြည့်နေရင်းက နှုတ်ခမ်းဖူးဖူးလေးတွေက တဆတ်ဆတ်နဲ့ လှုပ်လာကြသည်။

"ရှင်တို့နေရပ်ကို ပြန်ပို့မလို့"

တုန်ယင်သော အသံက ရင်ကို ရိုက်ခတ်ကာ ထွက်လာခဲ့လေသည်။

"ဘာ. . ဘာပြောလိုက်တယ်၊ ကိုယ့်ကို ပြန်ပို့မလို့. . ဟုတ်လား၊ ကိုယ်ပဲ နားကြားလွဲသလား၊ ဒီလို စကားမျိုးကို ပြောလိုက်တာ တမင်နောက်နေတာမဟုတ်လား. . ဘုံ၊ ကိုယ့်ကို အပြောင်အပျက်ပြောလိုက်တာ မဟုတ်လား"

သို့သော် ဘုံ၏ မျက်နှာကတော့ ပြောင်းလဲမသွားပါ။

"တကယ်ပြောလိုက်တာပါ. . . ကိုရာဟု၊ ဘုံအတည်ပြောလိုက်တာပါ၊ ဒါ. . နောက်ပြောင်ရမယ့် စကားမျိုးလား ကိုရာဟုရယ်"





"ဟင်. . ဘာကြောင့်လဲဘုံ၊ ကိုယ့်ကို ချစ်လှချည်ရဲ့ဆိုပြီးတော့ ဘာဖြစ်လို့ ဒီလိုချက်ချင်းကြီး ပြောင်းလဲသွားခဲ့ရတာလဲ၊ ပြောစမ်းပါဦး. . . ဘုံရဲ့"

ရာဟုသည်လည်း ကြိတ်မနိုင်၊ ခဲမရဖြစ်ကာ ဘုံ့ကို ဖက်တွယ်ရန် ကြိုးစားသည်။ ဘုံက အကာမခံတော့ပါ။ ဘုံသည် ရာဟု၏ မျက်နှာကို ခပ်မဲ့မဲ့လေးကြည့်လိုက်ပြီး. . .။

"အဟင်း. . ဟင်း၊ ကိုရာဟုရဲ့ ရည်းစားဆီကိုသာ ပြန်သွားပါ၊ ဟိုက သူ့ချစ်သူ ပြန်အလာကို စောင့်နေတယ်လေ၊ ကိုရာဟု ဘယ်ကိုရောက်နေမှန်းမသိလို့ စိတ်ပူနေရှာတယ်"

"ဟင်. . ကိုယ့်ချစ်သူ ဟုတ်လား၊ သူ. . . ကိုယ့်ကို စောင့်နေတယ်ဆိုတာ ဘုံဘယ်လိုသိသလဲ"

"အဟင်း. . ဟင်း၊ ဘုံမသိပဲ နေပါ့မလား၊ ဘုံပဲဟာ၊ မြသီခမျာ သနားစရာလေးပါကွယ်၊ ကိုရာဟု နွယ်ချိုအရှာသွားရင်း ပြန်ရောက်မလာလို့ စိုးရိမ်နေရှာတာ၊ ပြီးတော့ ကိုရာဟုကလည်း ကိုယ့်ချစ်သူအပေါ်မှာ သစ္စာရှိရမယ်မဟုတ်လား"

"ဟင်. . . ဘုံ၊ မင်းက အရင်ငါ့ကို စခဲ့တဲ့ ကိစ္စပါ၊ ပထမတော့ ငါ မင်းကို လက်မခံခဲ့ပေမယ့် အခုတော့ မင်းကို



www.burmeseclassi.com

www.burmeseclassi.com



လက်ခံသွားတယ်၊ မင်းကို ချစ်မိသွားမိတယ်. . . ဘုံ"

"ရှင်. . ဘုံ့ကို ချစ်သွားတာမဟုတ်ပါဘူး၊ အထိအတွေ့မှာ သာယာသွားခဲ့တာပါ၊ အဲဒါ အချစ်မဟုတ်ပါဘူး၊ ရမ္မက်တဏှာဇောတွေကြောင့် သွေးကြွခဲ့တာပါ၊ ရှင့်ရဲ့ အချစ်စစ်အချစ်မှန်က ဒီမှာမရှိဘူး၊ ရှင့်ချစ်သူ မြသီဆီမှာပဲ ရှိတယ်၊ ဒါကို သဘောပေါက်ထားပါ"

ဘုံက ရာဟုကို လက်ဝါးကာပြလိုက်ပြီး. . .။

"ကိုရာဟုရယ်. . ဒီကိစ္စမှာ ဘုံလည်း ချစ်ဇောရမ္မက်တွေကြောင့် ရှင့်ကို သွေးဆောင်ခဲ့တာပါ၊ ဘုံအမှောင်ဖုံးသွားမိခဲ့တယ်၊ ဒါကလည်း ကိုရာဟုနှင့်ဘုံတို့ တစ်ဘဝတုန်းက အကြောင်းပါခဲ့ဖူးတဲ့အတွက် ခံစားမိတဲ့ အစွဲအလန်းကြောင့်လေ၊ ခုတော့ ဘုံအမြင်မှန်ရသွားပြီ၊ ကိုရာဟုကို ဒုက္ခမပေးသင့်တော့ဘူးလို့၊ ဘုံရဲ့ အဓမ္မသွေးဆောင်မှုနဲ့ ရှင့်ဆီက အချစ်ကို မပိုင်ဆိုင်ချင်တော့ဘူး၊ ဒါကြောင့်မို့လို့ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်တယ်"

"လမ်းခွဲဖို့. . . ဟုတ်လား၊ မင်းက ဒီစကားကို ပြောထွက်တယ်၊ ပြောရက်တယ်၊ ဒီမှာ. . . ဘုံ၊ မင်းပဲ ငါ့ကို ရုန်းမထွက်အောင် အပိုင်ချည်ခဲ့တာလေ၊ ငါတကယ်ရုန်းမထွက်





နိုင်တော့မှ အချည်နှောင်ခံရတော့မှ လမ်းခွဲတော့မယ်တဲ့၊ မင်းရဲ့ ဖျားယောင်းသွေးဆောင်မှုကြောင့် ငါ့ချစ်သူကိုတောင် ငါမေ့ပစ်တော့မလို့ ဖြစ်သွားခဲ့ရတယ်၊ ဒါပေမယ့် ငါမှားတယ်လို့ မင်းကို ငါမပြောဘူးနော်၊ မင်းက ငါ့ကို လမ်းခွဲမယ့်စကားပြောပေမယ့် ငါက မင်းကို လုံးဝမစွန့်လွှတ်နိုင်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် မင်းကို ငါယူမယ်. . ဘုံ၊ ယူမယ်"

"ဒီမှာ ကိုရာဟု၊ မဖြစ်သင့်တာတွေ မဖြစ်တာက အကောင်းဆုံးပဲ၊ အချိန်မီ ဆင်ခြင်နိုင်ဖို့ ဆုံးဖြတ်လိုက်တာလည်း အမှန်ကန်ဆုံးပဲ၊ အဲဒါကြောင့် ရှေ့မဆက်ကြပဲ နောက်ဆုတ်လိုက်ကြတာက ပိုပြီးအကောင်းဆုံးပဲ၊ ရှင့်ရဲ့ သဘောဆန္ဒကို ဘုံလက်မခံနိုင်ဘူး"

ဘုံက တင်းမာသော လေသံနဲ့ ခပ်ပြတ်ပြတ်ပင်ပြောလိုက်သည်။ မျက်နှာလေးကလည်း အပြုံးနဲ့အမဲ့ တစ်ဝက်စီ ရောပြွမ်းနေလျက်ရှိသည်။ လေသံကလည်း တဆတ်ဆတ်နဲ့ တုန်ယင်သွားခဲ့သည်။

"မဟုတ်သေးဘူး. . ဘုံ၊ မဟုတ်သေးဘူး၊ မင်းအတွက်ဆိုရင် ငါဘာမဆို စွန့်လွှတ်နိုင်တယ်၊ ဒါကို မင်းနားလည်ထား



www.burmeseclassi.com

www.burmeseclassi.com



ပါ၊ ပြီးတော့ မင်းတိုက်တွန်းတဲ့အတိုင်း ငါက လိုက်နာမှာမဟုတ်ဘူး၊ မင်းရဲ့ အနားက ငါတစ်ဖဝါးမှ ခွာမှာလည်းမဟုတ်ဘူး"

ရာဟုက သူ၏ သဘောထားကို မပြောင်းလဲ။ ဘုံကဲ့သို့ပင် ပြတ်သားစွာ ပြောလိုက်လေရာ ဘုံ၏ မျက်ဝန်းများမှာလည်း ဝိုင်းစက်သွားခဲ့ရလေသည်။





## အခန်း – ၂၁

## ဥပေက္ခာဗုန်တိုင်း

ထိုစဉ်. . .။

လူတစ်စုက မြူငွေ့တွေလိုလိုထဲမှာ သူတို့နှစ်ယောက်ဆီကို တိတ်တဆိတ် ချဉ်းကပ်လာခဲ့ကြလေသည်။

"ဟိတ်. . လက်စသတ်တော့ နင်က ဒီလိုအကြောင်းမျိုးတွေ ရှိနေတာကိုး"

ပြောလိုက်သူက အခြားသူမဟုတ်။ ဂီရိပင်။ သူ့နောက်မှာ ဩဇာနှင့်တာတေတို့လည်း ပါလာကြသည်။ နောက်ပါလူပည့်များကလည်း ဆယ်ဦးခန့်။



www.burmeseclassi.com

www.burmeseclassi.com



ဘုံနှင့်ရာဟုတို့သည် မထင်မှတ်ပဲ ရောက်လာကြသော ဂီရိတို့အုပ်စုကို တွေ့လိုက်ရသော်လည်း မျက်နှာတစ်ချက်ပျက် မသွားကြ။ ရာဟုအံ့အားသင့်နေမိသည်က ပြုတ်ထွက်သွားသော တာတေ့လက်သည် ပခုံးအောက်မှာ အတိုင်းသားရှိနေသောကြောင့်ပင်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ၊ ဒီလူတွေ ငါ့ကို သက်သက်မဲ့ အကြောင်းရိုက်လိုက်ကြတာလား"

"ဂီရိ. . နင်တို့က ဘာအကြောင်းကြောင့် ငါ့ဆီကို ရောက်လာခဲ့ကြပြန်တာလဲ၊ အနှောင့်အယှက်ပေးမယ်လို့တော့ မကြံနဲ့နော်၊ဟိုတစ်နေ့က ငါ့လက်ချက်မိသွားတာကို မမှတ်သေးဘူးလား"

ဘုံက လေသံခက်ထန်စွာပင် ပြောလိုက်လေသည်။

"ဘုံ. . နင်အပိုတွေ ပြောမနေနဲ့၊ နင်. . ငါ့ကို ငြင်းပယ်နေတာ ဒီကောင့်ကြောင့်ကိုး၊ အခုမှ သိရတယ်၊ သူက ဘယ်သူလဲ"

"နင်သိဖို့မလိုဘူး၊ ငါ့အကြောင်းနဲ့ငါ သူက ငါနှင့်ပတ်သက်နေတဲ့လူ၊ ငါ့လူ၊ နင်တို့သွားမယ့်လမ်းကို အေးအေးဆေးဆေးသာသွားကြ"

"ငါတို့ မသွားနိုင်သေးဘူး၊ အကြံတူ နောက်လူသာစ





မြဲဆိုတဲ့ စကားကို ငါလက်မခံနိုင်ဘူး၊ ဒီကောင်ဟာ နင့်ကောင်ဆိုရင် သူ့ကို အရင်ရှင်းမယ်၊ ပြီးတော့မှ နင်နှင့်ငါ စာရင်းရှင်းရမယ်"

"ဂီရိ. . နင်တို့ သူ့ကို လက်ဖျားနဲ့တောင် မထိကြနဲ့နော်၊ ငါ့အကြောင်းကို သိထားကြတယ်မဟုတ်လား၊ ဒီလိုနေရာမျိုးမှာ ဘုံ့ကို ဘယ်သူမှ ကြောလို့မရဘူးမှတ်၊ နင်တို့ ရှေ့တစ်လှမ်းတိုးရဲတိုးကြည့်ကြ၊ ဒီတစ်ခါတော့ ငါ့လုံးစည်ဘာမှာမဟုတ်ဘူး၊ နင်တို့အားလုံး နောက်ဘဝဆိုတာတောင် ဘာမှန်းမသိဘူးဖြစ်သွားရမယ်"

ဩဇာနှင့်တာတေတို့ကလည်း ရာဟုကို ကျေနပ်ကြဟန်မတူကြ။ သူတို့ကို ရာဟုက အပြတ်ကို တိုက်ခိုက်ခဲ့သေးသည်မဟုတ်ပါလား။

"ဂီရိ. . ဟောဒီကောင်ဟာ နောက်မှရောက်လာပြီး တော်တော်တန္တေပါးဝတယ်၊ မင်း. . ဒီကောင့်ကို အရင်ရှင်းဖို့ ပြောတာမှန်တယ်၊ ငါလက်ခံတယ်"

ဩဇာက ရာဟုကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်လေရာ. . .။

"ဟုတ်တယ်၊ ဒီကောင်. . ငါ့ကိုလည်း စော်ကားသွား



www.burmeseclassi.com

www.burmeseclassi.com



တယ်၊ မကျေနပ်ဘူး၊ လုံးဝမကျေနပ်ဘူး၊ သင်းကို တစ်စစီဖြစ်အောင် လုပ်ပစ်ရမယ်"

တာတေကလည်း လက်သီးလက်မောင်းတန်းပြီးတော့ ပြောလိုက်လေ၏။

"နင်တို့ ဖယ်ကြမလား၊ မဖယ်ကြဘူးလား၊ ငါနောက်ဆုံးပဲ မေးမယ်"

ဘုံ၏ မျက်နှာလေးမှာ နီမြန်းလာခဲ့လေပြီ။

"မဖယ်ဘူးဟေ့၊ မဖယ်ဘူး၊ ဒီလို အချိန်မျိုးကျမှ ငါတို့ ဖယ်ဖို့စိတ်ကူး မရှိတော့ဘူး၊ အပြတ်ကို စာရင်းရှင်းပစ်ရမယ်. . . ဘုံ၊ နင် ငါ့ရှေ့မှာ ဒူးထောက်လာစေရမယ်"

ဂီရိက ကြိမ်းဝါးလိုက်သည်။ တစ်ဆက်တည်းမှာပင်။

"ရွှမ်း"

ဘုံရော၊ ရာဟုပါ အရှောင်မြန်၍သာ။ ဂီရိက ကြာပွတ်နက်ကြီးကို လေထဲမှာ ဝှေ့ရမ်းလိုက်သောကြောင့်ပင်။ တစ်ကယ်တော့ သူတို့နှစ်ယောက်ကို အရှိန်ပြင်းစွာနဲ့ ရိုက်ထည့်လိုက်ခြင်းသာ။ ကြာပွတ်ကို ဂီရိက ဝှက်ပြီးတော့ ယူဆောင်လာခဲ့ခြင်းသာ။ လစ်ပြီထင်ပြီး တွယ်လိုက်ခြင်းပဲ ဖြစ်သည်။

ဘုံတို့ကလည်း ဂီရိ. . . အလစ်မှာ တွယ်လိမ့်မည်ဟု





မှန်းဆထားကြသည်မို့ မလွဲကောန်ပင် ဖြစ်သွားခဲ့ရလေတော့သည်။ ဂီရိက စလိုက်သည်နှင့် တာတေနှင့်ဩဇာတို့ကလည်း လှုပ်ရှားကြလေတော့သည်။ နောက်တော်ပါ တပည့်များကပါ ပါလာကြလေသည်။

ဘုံသည် ကိုယ်မှာဝှက်ပြီးတော့ ယူလာသော မိုးကြိုးနှင်တံလေးကို ထုတ်ယူကာ ဂီရိဆီကို နောက်တစ်ကြိမ်အသုံးပြုမည်အလုပ်မှာ ဘုံပြေးဝင်လာသည်က မြန်လွန်းလို့မမီလိုက်။

"ဖြောင်း"

"အား"

ဘုံ့လက်ထဲရှိ မိုးကြိုးနှင်တံက ဂီရိ၏ မျက်နှာကို ပြင်းထန်စွာပင် ရိုက်မိသွားသည်။ ဂီရိသည် ဣန္ဒြေပင်မဆောင်နိုင်တော့ပဲ ငယ်သံပါအောင် အော်လေ၏။ မျက်နှာတစ်ခုလုံးမှာလည်း စုတ်ပြတ်ထွက်သွားကာ အခိုးအငွေ့များပင် ထွက်လာခဲ့လေသည်။

ပွဲဦးထွက်မှာ ဂီရိခံလိုက်ရ၍ တာတေနှင့်ဩဇာတို့မှာ ရုတ်တရက် မဝင်ရဲအောင်ပင် ဖြစ်သွားခဲ့ကြသည်။

သို့သော် ဂီရိသည် လည်ထွက်သွားသော ကိုယ်ကို ပြန်ပြီးတော့ ထိန်းလိုက်သည်။ မျက်နှာတစ်ပြင်လုံး အသား



www.burmeseclassi.com

www.burmeseclassi.com



တစ်များဖြင့် ရဲရဲတောက်နေသည်။ အငွေ့တွေက တလူလူဖြင့် ထွက်နေဆဲ။ ကောင်းနေသော မျက်လုံးတစ်လုံးကို မထိနိုက်၍သာ တော်ပေသေးသည်။

ဂီရိသည် သစ်ကိုင်းခြောက်များနှင့်တူသော သူ၏ လက်နှစ်ဖက်ကို မြှောက်လိုက်သည်။ ရှည်လျားသော လက်သည်းတွေက ချွန်မြနေကြသည်။

"နင်တို့နှစ်ယောက်စလုံးကိုလည်း ငါရုပ်ပျက်ဆင်းပျက် ဖြစ်အောင် လုပ်ပစ်မယ်၊ ကိုင်း. . ."

ကြာပွတ်က လွတ်ကျသွားပြီ ဖြစ်သည်။ ထို့ကြောင့် လက်သည်းရှည်ကြီးတွေကို လက်နက်သဖွယ် အားကိုးကာ ခုန်ဝင်လာခဲ့သည်။

"ကိုရာဟု. . ဖယ်"

ဘုံက ရာဟုကို တွန်းဖယ်ပစ်လိုက်သည်။ ဂီရိ၏ လက်သည်းများသည် ဘုံ၏ မျက်နှာပေါ်မှ ဝဲသွားခဲ့သည်။

"ဂီရိ. . ဒီတစ်ခါတော့ ငါ နင့်ကို တကယ်မညှာတော့ဘူးနော်၊ အချိန်မီသေးတယ်၊ နောက်ဆုတ်လိုက်ပါ၊ ငါ့ကို တိုက်ခိုက်ဖို့ မကြိုးစားပါနဲ့တော့"

ဘုံက ကိုယ်ကိုယိမ်းကာ ယိမ်းကာရှောင်ရင်း ဂီရိကို





သတိပေးလိုက်ပြန်သည်။

"ဟား. . ဟား. . ဟား. . ဂီရိဆိုတဲ့ကောင်က ဘယ်တော့မှ သွေးကြောင်တတ်တဲ့ ကောင်စားမျိုး မဟုတ်ဘူးကွ၊ ဒီတစ်ခါတော့ နင်. . ငါ့လက်ချက်နဲ့ စန့်သွားစေရမယ်"

သို့သော် ဂီရိမှာ ကြိမ်းဝါးလိုက်သော်လည်း ဘုံ့ကိုလည်း အကဲခတ်နေရသေးသည်။ ဘုံက သူ့ထက်ပိုပြီးတော့ လျှင်နေသည်မဟုတ်ပါလား။

ထိုအချိန်တွင် တာတေ၊ ဩဇာနှင့်အပေါင်းအပါများသည် ရာဟုနှင့်ဘုံ့ကို တစ်ပြိုင်တည်းဝင်၍ တိုက်ခိုက်ရန် ပြေးဝင်လာခဲ့ကြလေရာ. . .။

"ဟာ. ."

ရာဟုလည်း မြားကျည်တောက်ထဲက မြားတံတစ်ချောင်းကို ထုတ်ယူပြီး ဒူးလေးညှို့မှာ တင်ကာ ပစ်လွှတ်လိုက်လေတော့သည်။

ဒေါင်. . .။

မြားတံသည် အရှိန်ပြင်းစွာဖြင့် ထွက်သွားသည်။ တာတေနှင့်ဩဇာတို့၏ ကိုယ်ကို ရှေ့နောက်ဆင့်ကာ ဖောက်ထွက်သွားလေသည်။



www.burmeseclassi.com

www.burmeseclassi.com



"အား"

"အား"

သူတို့၏ ကိုယ်များသည် ဒယိမ်းဒယိုင်နဲ့ ဖြစ်သွားခဲ့ကြသည်။ မျက်နှာတွေက ရှုံ့မဲ့သွားခဲ့ကြသည်။ သို့သော် လဲကျမသွားကြ။ ကြွကြွခံကာ ဓား၊ မှိန်းတွေကို ကိုင်လျက်ကပင် မတ်မတ်ပြန်ပြီးတော့ ရပ်နေကြသည်။

"ဟာ. . . ဒီကောင်တွေ တော်တော့်ကို အသည်းမာနေကြပါလား"

တာတေနှင့်ဩဇာတို့သည် ရာဟုကို ခပ်စိမ်းစိမ်းကြီးကြည့်နေလိုက်ကြပြီးမှ တိုက်ခိုက်ရန် ပြေးလာခဲ့ကြလေသည်။

"ဒီကောင်တွေကို ဒူးလေးနဲ့ပစ်လို့ အလျင်မီမှာတော့ မဟုတ်ဘူး"

ရာဟုသည် ဒူးလေးကို ပခုံးမှာ လွယ်ထားလိုက်သည်။ ဂီရိလက်ထဲက လွတ်ကျသွားသော ကြာပွတ်နက်ကြီးကို ပြေးကောက်လိုက်သည်။ ပြေးဝင်လာကြသော နှစ်ယောက်စလုံးကို ကြာပွတ်နက်ကြီးနဲ့ သိမ်းကျုံးကာ ရိုက်ထည့်လိုက်လေတော့သည်။

ဝှစ်. . ။





ရှမ်း. . ။

ရှမ်း. . ။

"အား"

"အား"

ကြာပွတ်က သူတို့၏ ကိုယ်ပေါ်ကို ကျလာခဲ့ကြသည်နှင့်ကျော်ကော့ထွက်သွားကြသည်။ အသားပြင်များသည်လည်း စုတ်ပြတ်ကာ ထွက်သွားခဲ့ကြသည်။ အရေပြားပေါ်မှ ဆံပင်တွေကြားထဲက မီးခိုးများပင် ထွက်လာခဲ့ကြသည်။

ရာဟုသည် ကြာပွတ်နက်၏ အစွမ်းကို မျက်ဝါးထင်ထင်ပင် သိလိုက်ရသည်။ ထို့ကြောင့် သူ့ကို တိုက်ခိုက်ရန်အတွက် နောက်ထပ်ပြေးဝင်လာခဲ့ကြသော သူများကိုလည်း ညှာတာမနေတော့ပဲ အားလုံးကို သိမ်းကျုံးပြီးတော့ ရိုက်နေလေတော့သည်။

"ရှမ်း"

"အား"

"အား"

ထိုသူများအားလုံးမှာ ကြာပွတ်၏ ဒဏ်ကို မခံနိုင်ကြ။ အသံနက်ကြီးဖြင့် တအော်တည်းအော်နေလေသည်။ ထိုသူတို့



www.burmeseclassi.com

www.burmeseclassi.com



၏ အော်သံ။ ညည်းညူသံများက မည်သည့်အော်သံများနှင့် မှမတူ။ ကြွက်သီးမြမြ ထစရာပင် ကောင်းလှတော့သည်။

ဂီရိက သူ၏ ချွန်ထက်သော လက်သည်းရှည်ကြီးများဖြင့် ဘုံ့ကို တိုက်ခိုက်နေရင်းက ကြာပွတ်သံကို ကြားလိုက်ရသည်။ လှည့်ကြည့်လိုက်သောအခါ ရာဟုက သူ၏ကြာပွတ်ကို ယူပြီးသုံးနေသည်ကို တွေ့လိုက်ရလေသည်။

"ဟာ. . ဟိုကောင် ငါ့ကြာပွတ်ကို ယူပြီးရမ်းနေပြီ"

အာရုံက ရာဟုဆီကို ရောက်သွားခဲ့သည်။ သတိတစ်ချက် လစ်သွားခဲ့သည်နှင့်ဘုံ၏ မိုးကြိုးနှင်တံက သူ့ကိုယ်ပေါ်ကို ဖာရစပ်ပင် ကျလာခဲ့လေတော့သည်။

ဖျန်း. . ဖျန်း. . . ။

"အား"

"အား"

မည်သည့်အကြောင်းကြောင့်လည်းမသိ။ ဂီရိ၏ အော်သံက ဒီတစ်ခါ အနက်ကျောဆုံးဖြစ်သည်။ ဘုံကလည်း မညှာတာ။ ဂီရိကို ပုံပျက်ပန်းပျက်ဖြစ်သွားစေသည်အထိ တိုက်ခိုက်ပစ်လိုက်သည်။ ဂီရိတစ်ကိုယ်လုံး အလိုလိုနေရင်း မီးစွဲလောင်သွားသည်။ မိုးကြိုးနှင်တံကား အစွမ်းထက်လှပါဘိ။





"အား"

ဂီရိအော်ဟစ်ပြီးတော့ ထွက်ပြေးရလေသည်။ တာတေတို့အုပ်စုနှင့်တိုက်ခိုက်နေသော ရာဟုဆီကိုလည်း ဘုံက ပြေးဝင်သွားခဲ့ပြန်သည်။ ထိုအချိန်တွင် ရာဟု၏ လက်ထဲက ကြာပွတ်သည် တာတေ၏ လည်ပင်းကို ရစ်ပတ်သွားခဲ့သည်။ တစ်ချက်တည်း ဆောင့်ဆွဲလိုက်ရာ တစ်ကိုယ်လုံး မြောက်ကြွပြီးတော့ ပါလာခဲ့လေသည်။ ရာဟုသည်ပင် အံ့အားသင့်သွားခဲ့ရသည်။ ကြာပွတ်၏ အစွမ်းကြောင့်ပဲလား မပြောတတ်ပါ။ သို့မဟုတ် မိမိကပဲ စိတ်ဆောင်နေသောကြောင့်ပေလား။

ထိုသူများကို ဘုံကလည်း နှင်တံနဲ့ဝင်ပြီးတော့ ရိုက်ပြန်သည်။

"ဖြန်း"

"အား"

ထိုစဉ်. . ။

ခေါင်းနှစ်လုံးနှင့်မြွေကြီးမဟူရာသည် မည်သို့ရောက်လာခဲ့သလဲမသိ။ တာတေ၊ သြဇာနှင့်အပေါင်းအပါတို့ကို ဝင်ရောက်တိုက်ခိုက်လေတော့သည်။

ဖျန်း. . . ။



www.burmeseclassi.com

www.burmeseclassi.com



"အဲား"

သူ၏ ရှည်လျားသော အမြီးကြီးနဲ့လည်း ရိုက်ပြီးတော့ တိုက်ခိုက်သည်။ ပါးပျဉ်းကြီးကိုလည်း ထောင်ကာ တရှူးရှူးဖြင့် ဒေါသထွက်နေပြီး ထိုသူများကို လိုက်၍ ပေါက်နေလေတော့သည်။ ပါးစပ်ကြီးကိုဖြဲကာ ကိုက်လည်းကိုက်လေသည်။

ရာဟုနှင့်ဘုံတို့သည် ထိုသူများ၏နောက်ကို လိုက်ရင်းပြေးရင်း အပင်ကြီးတွေ၏ ကြားထဲကို ရောက်သွားကြသည်။ ရာဟုသည် အပင်တွေကြားထဲတွင် ထူးခြားချက်ကို မြင်တွေ့လိုက်ရသည်။

အပင်ကြီးများသည် ကိုးယိုးကားယားနဲ့ ပုံပန်းမကျသဏ္ဍာန်များရှိနေကြသည်။ ပင်စည်အခေါက်များ၏ အချို့နေရာများသည် မျက်နှာကြီးရှုံ့မဲ့တွနေသော မိစ္ဆာကောင်ကြီး၏ ရုပ်သွင်နဲ့ တူနေလေသည်။

"နတ်စက်ရောင်တောတွင်း တစ်နေရာက တချို့သစ်ပင်ကြီးတွေနဲ့ အတော်တူနေပါလား"

ရာဟုပိုပြီးတော့ အံ့အားသင့်သွားမိသည်ကား အပင်ကြီးသုံးပင်၏ ပင်စည်အခေါက်များသည် ဖုထစ်နေကြပြီး ဂီရိတာတေနှင့်ဩဇာတို့၏ မျက်နှာများနဲ့ တော်တော်လေးကို





တူနေသောကြောင့်ပင်တည်း။

သို့သော် ဝေ ဒနာခံစားနေရသကဲ့သို့ မချိမဆန့်ဖြစ်နေကြသော မျက်နှာများ။ ရာဟုအံ့အားသင့်၍ မဆုံးမီ ဘုံသည် ထိုသစ်ပင်ကြီးများဆီကို ပြေးဝင်သွားပြီး မိုးကြိုးနှင်တံနဲ့ တဖြောင်းဖြောင်းနေအောင် လိုက်ရိုက်နေလေတော့သည်။

"အူး"

"အူး"

ရာဟု၏ နားထဲမှာ အော်သံလိုလို ထွက်ပေါ်လာသလားဟုပင်။ အပင်ကြီးများသည်ပင် တဆတ်ဆတ်နဲ့ တုန်ခါသွားခဲ့ကြသည်။

"ဟား . . ဟား . . ဟား . . . တဏှာရက္ခကောင်တွေ၊ ရက္ခတစ္ဆေတွေ၊ ငါ့ကို မနိုင်မှန်းသိကြလျက်နဲ့ ယှဉ်ကြတယ်၊ ခုတော့ ဘာတတ်နိုင်သေးသလဲ"

ဘုံသည် ဟားတိုက်ရယ်မောပစ်လိုက်လေသည်။ ထိုစဉ်မှာပင် ရက္ခအပင်များသည် မိုးကြိုးနှင်တံကြောင့်လား။ အခြားသော အကြောင်းကြောင့်များလားမသိ။ တစ်ပင်လုံး ပူခြစ်လာရာက ဟုန်းကနဲဆို မီးတောက်များဖြစ်ပေါ်လာခဲ့ကြလေတော့သည်။



www.burmeseclassi.com

www.burmeseclassi.com



"အူး"

"အား"

ရုက္ခတစ်တောလုံး အော်ဟစ်သံများက ထွက်ပေါ်လာခဲ့တော့သည်။ နားမခံနိုင်အောင် ဖြစ်သွားခဲ့ရလေသည်။

မီးတောက်များသည် သစ်ပင်တစ်ပင်မှ တစ်ပင်ကို လျှင်မြန်စွာပင် ကူးစက်သွားခဲ့ကြသည်။ အဝီစိပွက်သံကို ရာဟုမကြားဖူးသော်လည်း ယခု ဆိုးရွားစွာနဲ့ ထွက်ပေါ်လာခဲ့ကြသော အသံများသည် အဝီစိပွက်သံများထက်ပင် ပြင်းထန်လှပေလိမ့်မည်ဟု ထင်မိသည်။

ဘုံသည်ပင် တအံ့တသြနဲ့ ဖြစ်သွားခဲ့ရသည်။ ဤအသံများသည် မည်သည့်အကြောင်းကြောင့် ထွက်ပေါ်လာမှန်းကို သူမပင်လျှင် နားမလည်မိပါချေ။

"ဘုံ. . . ဒါ ဘာအသံတွေလဲ"

"ဘုံလည်း မသိဘူး၊ ဒီမှာ ဒီလိုမျိုး တစ်ခါမှလည်း မဖြစ်ဖူးဘူး"

ဘုံ၏ အသံသည် တုန်ယင်လျက်ရှိနေလေသည်။ မျက်နှာပေါ်မှာ ချောက်ချားမှုများက ကြီးစိုးလာခဲ့သည်။ မီးဟုန်းဟုန်းတောက်လောင်လျက်ရှိနေကြသော ရုက္ခအပင်ကြီးများ၏ အပူရှိန်ကို မခံနိုင်ကြတော့။

ထို့ကြောင့် တစ်ယောက်လက်ကို တစ်ယောက်မြဲမြဲစွာ ဆုပ်ကိုင်ကာ နေရာမှ ပြေးထွက်လာခဲ့ကြသည်။

ဝူး. . ဝေါ. . ဝေါ. . ဝူး. . .။

အသံတစ်မျိုးက ထွက်ပေါ်လာခဲ့ပြန်သည်။ ရှေ့မှာ ဖုံများ၊ သဲများ၊ သစ်ရွက်ခြောက်များက လွင့်ပါးလာနေကြ၏။ နီမြန်းသော အလင်းရောင်သည် ဝန်းကျင်ကိုက တမဟုတ်ချင်း လွှမ်းခြုံသွားခဲ့လေ၏။ ခပ်ကြမ်းကြမ်းနဲ့ တိုက်ခတ်လာသော မုန်တိုင်းသည် မွှေခတ်ရမ်းလေပြီတည်း။ နီးစပ်ရာ သစ်ပင်ကြီးတစ်ပင်ကို နှစ်ယောက်စလုံး ဖက်တွယ်ထားကြရသည်။

"ဟူး. . ဟူး. . ဟူး"။

"ဝေါ. . ဝေါ. . ဝေါ"။

ကြောက်ရာ အသံကြီးပေး၍ တိုက်ခတ်လာသော လေကြမ်းကြမ်းသည် မီးတောက်လောင်နေသော သစ်ပင်ကြီးများကိုပင် အမြစ်မှ ပြုတ်ထွက်သွားစေကာ လွင့်ပါးသွားစေခဲ့သည်။ လေထဲမှာ လူအချို့လည်း လွင့်ပါသွားကြသည်ကို တွေ့လိုက်ကြရသည်။

ရာဟုသည် ဘုံကိုယ်လေးကို သစ်ပင်နှင့်ကပ်ထားစေ






www.burmeseclassi.com

www.burmeseclassi.com



ကာ သူမကို နောက်ကနေ တအားသိုင်းကာ ဖက်ထားသည်။ လေကြမ်းကြီးက သူတို့နှစ်ဦးကို ဆောင့်ကာဆောင့်ကာ တိုးပြီးထွက်သွားကြ၏။

"ဘုံ . . . မြဲမြဲကိုင်ထား၊ မလွတ်စေနဲ့"

"အင်း . . အင်းပါ၊ ကိုရာဟုလည်း သတိထားပါ"

အတူတူနေကြလျက်နဲ့ အော်ဟစ်ပြီးတော့ သတိပေးနေကြရသည်။ အသံဆိုးကြီးများကြောင့် တစ်ယောက်ပြောသည်ကို တစ်ယောက်က ကောင်းစွာမကြားနိုင်။ ဗလုံးဗထွေးနဲ့ မပီမသပြောနေကြရသည်။ နှစ်ယောက်အတူ တသားတည်းဖြစ်နေကြသည်။ ရာဟုသည် ဘုံ့လက်ဖမိုးကို မြဲမြံစွာပင် ဆုပ်ကိုင်ထားသည်။

သို့သော် လေက တစ်ချက်တစ်ချက်မှာ တည့်တည့်ဆောင့်တိုးပြီးတော့ ဝင်လာသဖြင့် နှစ်ယောက်စလုံး လွတ်ကွာသွားမတတ် ဖြစ်သွားခဲ့ရလေသည်။

"ဟူး . . ဟူး . . ဟူး . . ဟူး"

လေက တဖြည်းဖြည်းနဲ့ ပိုပြီးတော့ ကြမ်းတမ်းလာခဲ့သည်။ တဟူးဟူးနဲ့ပင် အော်မြည်လာခဲ့လေသည်။ ရာဟုက ဘုံ့ကို သစ်ပင်မှာ ဖိပြီးတော့ ကပ်ထားသည်။ အတိုက်ကြမ်း





လာသော လေက သစ်ပင်ငယ်များ၊ အမှိုက်သရိုက်များအား လွင့်ပါသွားစေခဲ့သည်။

နှစ်ဦးစလုံး လေထဲကို လွင့်ပါသွားမတတ်ပင်။

"ဘုံ . . ဘုံ . . ဒီအတိုင်းဆိုရင် ကိုယ်တို့ ဒီကနေ လွင့်ပါသွားကြဖို့ ကျိန်းသေတယ်၊ ဒီအပင်ကြီးကို မြဲမြဲဖက်ထားပါ"

ဘုံက သစ်ပင်ကြီးကို ဖက်ထားသလို၊ ဘုံ့အပေါ်က ရာဟုက ဖိကပ်ထားပြီး အပင်ကြီးကိုပါ ဖက်ထားသည်။ လေကြမ်းကြမ်းကြောင့် အပင်ကြီးသည်လည်း ယိမ်းခါလျက်ရှိနေလေပြီ။

ထိုစဉ် သူတို့၏ ရှေ့မှာပင်လျှင် လေထဲသို့ လွင့်ပြီးပါသွားသော ခေါင်းနှစ်လုံးနှင့်မြွေကြီးကို တွေ့လိုက်ကြရလေ၏။

"ဟာ . . မဟူရာကြီး လေထဲလွင့်ပါသွားပြီ"

ဘုံက တအံ့တသြနဲ့ နှုတ်က ထွက်သွားလေသည်။ မီးလောင်နေသော လူမျက်နှာနှင့်ဆင်ဆင်တူနေသည့် ရုက္ခပင်ကြီးများသည်လည်း အမြစ်မှကျွတ်ကာ လေထဲသို့ လွင့်ပါသွားခဲ့ကြလေသည်။

ထိုစဉ် သူတို့ ဖက်တွယ်ထားသော အပင်ကြီးကို ရေ ထဲလွင့်ပါလာသော အပင်ငယ်လေးတစ်ပင်က အရှိန်ပြင်းစွာ



www.burmeseclassi.com

www.burmeseclassi.com



နဲ့ လာပြီးတော့ မှန်သည်။

ဒုန်း . . . ။

အရှိန်က ပြင်းသဖြင့် အပင်ကြီးသည် ယိမ်းခါလှုပ်ရှားသွားခဲ့လေသည်။ ထို့ကြောင့် အပင်ကြီးကို ဖက်တွယ်ထားကြသော လက်များသည် ကျွတ်ထွက်သွားခဲ့ကြလေသည်။ ဘုံသည် လေထဲသို့ လွင့်ပါသွားခဲ့သည်။ ရာဟုက ဘုံ့ကို လှမ်းဆွဲလိုက်သော်လည်း မမီလိုက်တော့။

"ဘုံ . . . ဘုံ"

"ကိုရာဟု . . . ကိုရာဟု"

ရာဟုသည် ဘုံ့ကို လှမ်းပြီးတော့ ဆွဲလိုက်သဖြင့် သစ်ပင်ကို ဖက်ထားခြင်းမှ လွတ်ထွက်သွားခဲ့သည်။ လေလုံးတစ်လုံးက ပစ်ပြီးတော့ ဆောင့်လာသဖြင့် သူလည်း လေနှင့်အတူ ပါသွားခဲ့တော့သည်။

ရှေ့မှာ . . . ဘုံ။

လေနှင့်အတူ လွင့်ပါသွားသော . . ဘုံ။ ရာဟုလှမ်းပြီးတော့ မြင်လိုက်ရသည်။

"ကိုရာဟု . . . ကိုရာဟု"

ဘုံ၏ အော်ဟစ်လိုက်သံသည် အသံဗလံပေါင်းစုံကြား





မှ ပီသစွာပင် ပေါ်လာခဲ့လေသည်။

"ဘုံ . . . ဘုံ"

ရာဟုလည်း ဘုံ့ကို သွေးရူးသွေးတန်းနဲ့ ခေါ်မိလိုက်သည်။ ရာဟု၏နောက်က လေလုံးကြီးတစ်လုံးက တစ်ချက်ဆောင့်တွန်းလိုက်သည်။ ရာဟုသည် လျှင်မြန်သော အဟုန်ဖြင့် ရှေ့လျှားသွားခဲ့သည်။ ဘုံ့ကို မီလုမီခင်ဖြစ်သွားခဲ့ရသည်။

"ကိုရာဟု . . . ကိုရာဟု"

ဘုံက လက်ကို လှမ်းလိုက်သည်။ ရာဟုက ဘုံ့လက်ကို လှမ်းဆွဲလိုက်သည်။ မမီတမီ။ လက်ချောင်းချင်း ထိမိသွားခဲ့ကြသည်။ ရာဟုက နောက်တစ်ကြိမ် ကြိုးစားသည်။ တစ်လက်မ၊ တစ်ထွာ၊ တစ်တောင်၊ တဖြည်းဖြည်းချင်း ဝေးကွာသွားခဲ့ကြသည်။

"ကိုရာဟု . . . ကိုရာဟု"

"ဘုံ . . . ဘုံ . . ."

ဘုံ၏ မျက်နှာလေးသည် ဖြူလျော့သွားသည်။ အစဉ်အမြဲ တက်ကြွတောက်ရွှန်းနေသော မျက်ဝန်းလေးတစ်စုံက မှိန်ကျသွားသည်။ ရာဟုကို စိုက်ပြီးတော့ ကြည့်နေသည့် မျက်ဝန်းနက်လေးတွေသည် သံယောဇဉ်မကုန်သေးကြီးမား



www.burmeseclassi.com

www.burmeseclassi.com



သော မေတ္တာတရား အပြည့်အဝပင် ရှိနေသေးကြောင်းကို ဖော်ညွှန်းနေသေးသည်။

"ဘုံ့ကိုခေါ်ပါ၊ ဘုံ့ကို ပစ်မထားလိုက်ပါနဲ့၊ လမ်းပျောက်သွားမှာစိုးလို့၊ မရေရာတဲ့ခရီးကို ဘုံသွားရတော့မှာစိုးလို့၊ အိုအို့. . ကိုရာဟု. . ကိုရာဟု. . ."

ဘုံသည် လက်ကို လှမ်းလျက်နဲ့ တစာစာအော်ဟစ်ကာ တမ်းတနေမိသည်။ ထိုစဉ် အားကောင်းသော လေလုံးကြီးတစ်လုံးက ဘုံ့ကို ရုတ်တရက် ဆောင့်တိုးထည့်လိုက်ရာ. . .။

"အိုး. . . ကိုရာဟု. . ကိုရာဟု"

ဘုံလည်း ရာဟုနှင့်ဝေးသထက်ဝေးကွာသွားလေ၏။

"ဘုံ. . . ဘုံ"

ရာဟုက ဘုံ့ကို ကျယ်လောင်စွာ အော်ဟစ်ကာ ခေါ်မိလိုက်လေသည်။

"ကိုရာဟု. . ကိုရာဟု. . ကိုရာဟု"

ဘုံ၏ အသံစာစာလေးကား ဥပေက္ခာမုန်တိုင်းကြားထဲမှာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားလေတော့သည်။





အခန်း– ၂၂

ရှင်ရသေ့နှင့်ကျောက်ဂူ

ခေါင်းထဲမှာ လေးလံကိုက်ခဲနေလျက်ရှိသည်။ နားထဲမှာလည်း တဝူးဝူး၊ တဝေါဝေါနဲ့ အသံတွေက ပြောင်းဆန်နေကြလျက်။ မုန်တိုင်းကျနေသည့် အသံမျိုး။

မျက်ခွံတွေကို ဖွင့်၍မရ။ မိမိကိုယ်မိမိ ဘာဖြစ်၍ဖြစ်မှန်းပင် မသိ။ စိတ်ထဲမှာ အလိုလိုနေရင်းနဲ့ ချောက်ချားနေမိသည်။ တော်တော်လေးကြာမှ မျက်ခွံတွေကို ဖွင့်လာနိုင်ခဲ့လေသည်။ မျက်လုံးထဲ စူးကနဲနဲ့ ဝင်ရောက်လာသော အလင်း



www.burmeseclassi.com

www.burmeseclassi.com



ရောင်ကြောင့် ချက်ချင်းပင် ပြန်ပြီးတော့ ပိတ်လိုက်ရသည်။ နောက်မှ တဖြည်းဖြည်းချင်း ပြန်ပြီးတော့ ဖွင့်လာခဲ့လေသည်။

ဝန်းကျင်သည် လင်းချင်းနေလျက် တောတစ်ခွင်လုံးသည် စိမ်းစိုနေလျက်။ သစ်ပင်ကြီးငယ်တို့က သူ့ကို ဝန်းရံနေလျက်ရှိနေကြသည်။

မိမိ မည်သည့်နေရာကို ရောက်နေမှန်းမသိပါ။ ဘာဖြစ်လို့ဖြစ်ခဲ့မှန်းပင် မသိပါ။ မူးနောက်ကျိသော ဝေဒနာက အတန်ငယ် ပြေပျောက်သွားသော်လည်း မှတ်ဉာဏ်ထဲမှာ တိမ်မြုပ်နေသော အပြောင်းအလဲကို သူမဖော်ထုတ်နိုင်သေး။ တကယ်တော့ သူမှောက်လျက်အနေအထားအတိုင်း ရှိနေသည်ကို သတိပြုမိလိုက်သည်။ အားယူကာ ပက်လက်လှန်လိုက်မိသည်။ သစ်ကိုင်း၊ သစ်ရွက်တွေကြားထဲမှာ ကြည်လင်ဝင်းပသော ကောင်းကင်ပြာကြီး၏ မျက်နှာကို မြင်တွေ့လိုက်ရသည်။

နေရာက လူးလဲထမိလိုက်သည်။ သူ့ဘေးမှာ ဒူးလေးနှင့်မြားကျည်တောက်ကို တွေ့လိုက်ရသည်။ မြားစူးတွေက အနည်းငယ် လျော့နေသည်။ ထောင်ထားသော မြားကျည်တောက်က အလိုလိုနေရင်း လဲကျသွားခဲ့သည်။ မြားတံတွေက ကျည်တောက်ထဲက လျောကနဲဆို ထွက်သွားခဲ့ကြသည်။ အထုတ်လေးတစ်ထုပ်ကလည်း ထွက်ကျလာသည်။ ကတ္တီပါ





အစနီနီလေးနဲ့ ထုပ်ထားသည်။

ရာဟု အံ့အားသင့်သွားသည်။ ကောက်ယူကြည့်လိုက်သည်။ အထုပ်ကို ဖြည်လိုက်ရာ. . .။

"ဟင်"

အထဲမှာ ရွှေဆွဲကြိုး၊ လက်ကောက်၊ ဘယက်၊ နားဆွဲ အစရှိသည့် ပစ္စည်းမျိုးစုံ။ ရွှေဒင်္ဂါးများပင် ပါလိုက်သေးသည်။

"ဒီပစ္စည်းတွေက ဒီအထဲကို ဘယ်လိုရောက်နေတာလဲ၊ ဘယ်သူထည့်ထားတာလဲ"

မည်သို့မှ စဉ်းစား၍မရနိုင်အောင်ပင် ရှိနေသည်။ ထို့ကြောင့် မျက်လုံးတွေကို မှိတ်ထားလိုက်မိသည်။ အကြောင်းတစ်ခုခုက ရှိနေသည်။ မိမိ၏ အသိအာရုံရှေ့က ပိတ်ပြီးတော့ ကာဆီးထားသည်ကို အလိုလိုနေရင်းနဲ့ သိနေသည်။

ပိတ်ထားသော မျက်လုံးတွေထဲမှာ အဖြူထည်စလေးတစ်ခုက ပေါ်လာခဲ့လေသည်။ ယင်းပိတ်စဖြူဖြူလေးသည် တလှုပ်လှုပ်နဲ့ လွင့်ပါးနေလျက်ရှိသည်။

"ဟင်"

ရာဟု ရုတ်တရက်အမှတ်ရသွားခဲ့သည်။ ယင်းအဖြူထည်စလေး၏ သင်္ကေတအမှတ်လက္ခဏာကား. . .။

"ဘုံ. . . ဘုံ"



www.burmeseclassi.com

www.burmeseclassi.com



သူ၏နှုတ်က ဘုံဆိုသည့် အမည်ကို ခေါ်မိလိုက်၏။ ချက်ချင်းပင် နေရာမှထကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ပြီး တော့ ကြည့်မိလိုက်သည်။ ဘုံကို မတွေ့ရတော့။ သူတွေ့လိုက် ရသည်ကား ကျောက်ဂူကြီးတစ်လုံး။ ယင်းရှေ့မှာထိုင်ကာ တ ရားမှတ်နေသော ရသေ့ကြီးတစ်ပါး။

"သည်. . သည်ကျောက်ဂူကြီးဟာ ငါ့အိပ်မက်ထဲက ဂူကြီးပဲ"

ရေသံ တဒီးဒီးကို ကြားနေရသည်။ မိမိနှင့်မလှမ်းမ ကမ်းမှာ စီးဆင်းနေလျက်ရှိသော စမ်းချောင်းလေးတစ်သွယ်။

"ဂူထဲမှာ ကျောက်ဆင်းတုတော်လေးတစ်ဆူရှိတယ်၊ ငါ. . ဒီစမ်းချောင်းလေးထဲမှာ သောက်တော်ရေခွက်၊ ဆွမ်း တော်ခွက်နဲ့ ညောင်ရေအိုးတို့ကို တိုက်ချွတ်ဆေးကြောခဲ့ဖူး တာပဲ၊ ငါအိပ်မက်မက်ခဲ့တဲ့ နေရာဟာ တကယ်ပဲရှိနေပါလား"

ရာဟုသည် ရတနာထုပ်လေးကို အိတ်ထဲသို့ ကောက် ထည့်လိုက်သည်။ ဒူးလေးနှင့်မြားကျည်တောက်ကို ထားခဲ့ကာ ဂူဆီကို ထွက်လာခဲ့လေသည်။ တရားကျင့်ကြံအားထုတ်လျက် ရှိသော ရသေ့ကြီး၏ ရှေ့ကိုရောက်လာသည်။

"သည်ရသေ့ကြီးကိုလည်း ငါမြင်ဖူးသလိုလိုပဲ"

အနှောင့်အယှက်မပေးလိုတော့၍ လက်အုပ်ချီကာ





ဂါရဝပြုပြီးမှ ကျောက်ဂူထဲကို ဝင်လာခဲ့သည်။ ကျောက်ဆင်းတု တော်ကို ဖူးမြင်လိုက်ရသောအခါ ပို၍ပြီးတော့ အံ့အားသင့်သွား ခဲ့ရလေသည်။ အိပ်မက်ထဲတွင် မိမိကိုယ်တိုင် ဖူးမြင်ခဲ့သည့် ဆင်းတုတော်ဖြစ်နေသောကြောင့်ပင်တည်း။

ထိုနောက် ဂူရှေ့မှာ ထိုင်နေသည့် ရသေ့ကြီးဆီကို လျှောက်လာပြီး ရိုသေစွာထိုင်ကာ ကန်တော့လိုက်လေသည်။ ရာဟုသည် မိမိဖြစ်ပျက်ခဲ့သည့် အလုံးစုံကို ပြန်ပြီးတော့ သတိ ရလာခဲ့သည်။

ထို့ကြောင့် သူတော်စင်ရသေ့ကို မေးလျှောက်မည်ပြု လိုက်ရာ. . .။

"တကာလေး. . သေလွန်ပြီးနောက် ဘဝကူးပြောင်း သွားကြသူတချို့ မိမိနှစ်သက်တဲ့ ဘုံတစ်ခုခုကို ရောက်နေကြ တဲ့ သူတချို့ဟာ ရှိနေကြတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေကို ကျန်ရစ် ခဲ့ကြတဲ့ မိဘ၊ ဆွေမျိုးတွေက ကုသိုလ်ဒါနပြုပြီး အမျှအတန်း ပေးဝေ၊ သာဓုအနုမောဒနာ ခေါ်စေတယ်၊ အဲဒီအတွက်ကို ကောင်းမွန်တဲ့ ဘုံဘဝကို ရောက်သွားကြတယ်၊ စိတ်၏ ချမ်း သာ၊ ကိုယ်၏ ချမ်းသာခြင်းတွေနဲ့ ပြည့်စုံစေတယ်"

"ဒါပေမယ့် တချို့လူ့ဘဝမှာ သက်ရှိထင်ရှားကျန် ရစ်ခဲ့ကြတဲ့သူတွေက ကွယ်လွန်သူတို့အတွက် အမျှဒါနဆက်



www.burmeseclassi.com

www.burmeseclassi.com



ပေးဖို့ မေ့နေကြတယ်၊ အဲဒီတော့ ရောက်ရာဘဝမှာ မပြည့်မစုံနဲ့ နေနေကြရတဲ့ သူတွေအတွက် ဆင်းရဲဒုက္ခအတိရှိနေကြတယ်"

"အဲဒီလို ဥပေက္ခာအပြုခံရတဲ့ ဥပေက္ခာဘုံသားတွေကို မမေ့မလျော့ကြစေပဲ သူတို့အတွက် ကောင်းမှုကုသိုလ်ပြုလုပ်ပေးပြီး အမျှအတန်းဝေ၊ ဒါမှ သူတို့ ကောင်းရာမွန်ရာကို ရောက်နိုင်ကြမှာပေါ့၊ တကာလေး. . သဘောပေါက်ပြီနော်"

"တင်. . တင်ပါ့ဘုရား"

ရာဟုသည် သူတော်စင်ရသေ့ကြီး၏ စကားကြောင့် အံ့အားသင့်သွားမိခဲ့ရလေသည်။ မိမိ၏ နှုတ်မှ စကားတစ်ခွန်းမထွက်မီ သူက စိတ်ထဲရှိသမျှကို ပြောလိုက်သောကြောင့်ပင်တည်း။

ရာဟု. . ဘာကိုမှ မမေးတော့ပါ။ သူ၏ ရင်ထဲမှာ ဥပေက္ခာဘုံသား၊ ဥပေက္ခာဘုံသားဟူသော စကားလုံးလေးများက ပဲ့တင်ထပ်လျက် ရှိနေသောကြောင့်ပင်တည်း။

မိမိ မည်သည့်အကြောင်းကြောင့် ဤနေရာကိုရောက်နေသလဲဟုလည်း ရှင်ရသေ့ကို မမေးတော့ပါ။

"သတ္တဝါမှန်သမျှ ကံစီမံရာကို ခံကြရတာပါပဲ. . တကာလေး၊ တကာလေး ဘာကိုပဲကြုံခဲ့၊ ကြုံခဲ့၊ အားလုံးဟာ ကံအ





ကြောင်းတရားကို အခြေခံထားကြတဲ့ လောကနိယာမတရားကြီးပါ။ ကဲ. . ကဲ. . တကာလေးလည်း ဆာလောင်မွတ်သိပ်နေတယ်၊ ရေငတ်နေတယ်၊ ရင်ထဲမှာ အပူတွေရှိလျက်နဲ့ စမ်းချောင်းနားကို ရောက်ခဲ့တာတောင် ရေသောက်ဖို့ မေ့လျော့နေတာ နည်းတဲ့ အတွေ့အကြုံ မဟုတ်ခဲ့ပါလား၊ ကဲ. . ကဲ. . ရှိတာလေး စားသောက်လိုက်ပါဦး၊ ပြီးတော့မှ အပြန်လမ်းကို ပြပေးမယ်"

ရှင်ရသေ့သည် ရာဟုနှင့်ပတ်သက်ပြီးတော့ အလုံးစုံကို သိထားနေသလိုပင်။ ရာဟုမှာ သက်ပြင်းချမိရုံမှအပ ဘာမှ မတတ်နိုင်တော့ပါ။

× × ×

ရှင်ရသေ့သည် ရာဟုကို ဂူထဲမှ ခေါ်သွားခဲ့သည်။

"ဟောသည် လက်နက်ပစ္စည်းတွေကို တကာလေးမ စွန့်လွှတ်နိုင်သေးဘူးလား၊ တကာလေး အသိတရားရအောင် ဘယ်လိုပဲ တရားပြပြ၊ အချည်းနှီးပါပဲလား"

ရှင်ရသေ့ထံမှ ထွက်လာသော စကားကြောင့် ရာဟု၏ ခြေလှမ်းတွေသည် တန့်သွားခဲ့ရလေသည်။

"ငါ. . အိပ်မက်ထဲမှာ သားကောင်ထင်ပြီးတော့ မှားပစ်မိလိုက်တာ သည်ရှင်ရသေ့ပါလား၊ ဟုတ်ပါတယ်၊ သူမှသူ



www.burmeseclassi.com

www.burmeseclassi.com



အစစ်ပါပဲလေ”

ရာဟုသည် ထိုဒူးလေးနှင့်မြားတံများထည့်ထားသော ကျည်တောက်ကို ကောက်ယူလိုက်သည်။ ထိုနောက် တဝေါဝေါနဲ့ စီးဆင်းလျက်ရှိသော စမ်းချောင်းရှိရာသို့ လျှောက်သွားသည်။ ထိုနောက် အားလုံးကို ရေထဲသို့ ပစ်ချလိုက်လေသည်။

ဘွမ်း. . .။

ဘွမ်း. . .။

ထိုနောက်. . . ရှင်ရသေ့ဆီကို ပြန်လျှောက်လာခဲ့၏။

“အပြီးအပြတ် စွန့်လွှတ်လိုက်တာလား တကာလေး”

“တပည့်တော်. . ရာသက်ပန် စွန့်လွှတ်လိုက်တာပါ ရှင်ရသေ့၊ ဘယ်တော့မှ မကိုင်တော့ပါဘူး”

“သာဓု. . သာဓု. . သာဓု”

ရာဟု၏ ရင်ထဲမှာ ပေါ့ပါးသွားခဲ့ရသည်။ ရှင်ရသေ့က ဦးဆောင်ပြီးတော့ ခေါ်သွားခဲ့သည်။ စကားကို အကြောင်းရှိမှသာပြောသော သူတော်စင်ကြီးတစ်ဦးပင်တည်း။ တစ်နေရာကို ရောက်သောအခါ. . .။

“တကာလေး. . ဟောဒီ လမ်းအတိုင်းသာသွား၊ နေရပ်ကို ရောက်သွားလိမ့်မယ်၊ ပြီးတော့ တကာလေးကို မှာလိုက်ပါရစေ၊ ငါနဲ့ တကာလေးဟာ ဘဝက ပဋ္ဌာန်းဆက်ရှိလို့သာ





တွေ့ကြုံကြရတာ၊ နောင်နှစ်ပေါင်းအတန်ကြာမှ ထပ်ပြီးဆုံချင်ဆုံနိုင်မယ်၊ ဒီနေရာကို တကာလေးတမင်လာရှာလို့လည်း တွေ့မှာမဟုတ်ဘူး၊ စကားကုန်ကုန်ပြောရရင် တကာလေးမပြောနဲ့ တခြားဘယ်သူပဲဖြစ်ဖြစ် ဒီနေရာကို ရောက်လာနိုင်ဖို့မလွယ်ဘူးပဲ၊ တိုက်ဆိုင်မှုရှိလို့သာ ရောက်လာတတ်တာ”

“တကာလေးကို မေတ္တာစေတနာနဲ့ ပေးထားတဲ့ပစ္စည်းတွေထဲက တချို့ကို ထုခွဲပြီး အဲသည်လူတွေတွေ့ က် အလှူဒါနပြုလုပ်ပေးလိုက်ပါ၊ အဲသည်ကိစ္စကို တကာလေးကိုယ်တိုင်ဆောင်ရွက်မှုဖြစ်လိမ့်မယ်၊ ကဲ. . ကဲ. . ပြန်ပေဦးတော့. . . တကာလေး”

ရာဟုသည် ရှင်ရသေ့ကို ရိုသေစွာဖြင့် ကန်တော့လိုက်လေသည်။ ဆုများပေးသည်။ မိမိနှင့်ပတ်သက်ပြီး ဘာမဆိုသိနေသော ရှင်ရသေ့ကို အံ့အားမသင့်မိတော့ပါ။ မည်သည့်အကြောင်းကြောင့်လည်းမသိပါ။ ယခုမှ တွေ့မြင်ဖူးသော ရှင်ရသေ့နှင့်ခွဲခွာရတော့မည့်အတွက် ဝမ်းနည်းနေမိသလိုလိုပင်။

ရာဟုသည် ရှင်ရသေ့ညွှန်ပြသော လမ်းအတိုင်းပင် ထွက်လာခဲ့သည်။ မကြာခဏလည်း နောက်ကို လှည့်ကြည့်မိသည်။ ရှင်ရသေ့ကား နေရာမှာတင် ရပ်နေဆဲ။ ရာဟုကို ကြည့်နေဆဲ။ လမ်းတစ်ဆစ်ချိုးကွေ့လေးတစ်ခုကို ရောက်သောကာမှ



www.burmeseclassi.com

www.burmeseclassi.com



ကွယ်သွားခဲ့လေသည်။ ရာဟု သတိထားမိသည်ကား ဤလမ်းသည် မိမိတစ်ခါမှ မရောက်ဖူးသော လမ်းသစ်ပင်တည်း။





## အခန်း – ၂၃

### အပြုရောင်ပိတ်စလေး၏ နိဂုံး

လဆုတ်ပက္ခ၏ ညသည် ကြယ်ရောင်လေးများဖြင့်သာ အဖော်ပြုနေရသည်။ မှုန်ဝါးဝါးလရောင်နှင့်ကြယ်ရောင်လေးများကို စုပေါင်းပြီး ကောင်းကင်ထက်မှ ရှိစုမဲ့စုအလင်းကို သွန်ချပေးနေလျက်ရှိသည်။

ကွင်းစပ်တစ်ဖက်သည် လယ်ကွင်းပြင်ကြီးနှင့်တမျှော်တခေါ်ပင်ရှိနေသည်။ ဟိုးတစ်ဖက်မှာတော့ မှိုင်းညို့ညို့တောတန်းကြီး။ ယင်းတစ်ဖက်တွင် အမှောင်က ပိန်းပိန်းပိတ်လ[illegible] ရှိနေကြသည်။



www.burmeseclassi.com

www.burmeseclassi.com



မြသီတို့၏ အိမ်ခြံနောက်ဘက် ကောက်ရိုးပုံကြီး၏ ဘေးတွင် ရာဟုနှင့်မြသီတို့နှစ်ယောက်။

"ရာဟု. . ငါတို့နှစ်ယောက် မကြာမီမှာ အတူတူနေကြရတော့မှာပဲ၊ ဒီနေရာမှာ ဘာဖြစ်လို့ ချိန်းတွေ့နေရသေးလဲ"

"ငါတို့ တွေ့နေကြနေရာလေးမို့ မတွေ့ရရင် မနေနိုင်ဘူးလေ. . သီသီ၊ ဘာလဲ. . နင်က ငါ့ကို မတွေ့ချင်တော့ဘူးလား၊ ငါနှင့်နှစ်ရက်သုံးရက်လောက် မတွေ့လိုက်ရတာနဲ့ပဲ ပြောင်းလဲသွားပြီလား. . သီသီ"

"ဟယ်. . . ရာဟု၊ နင်ကလည်း မဟုတ်တာတွေကို လျှောက်ပြီးတော့ ပြောနေပြန်ပြီ၊ ငါတို့နှစ်ယောက်ရဲ့ ကိစ္စကို နှစ်ဖက်မိဘတွေက သဘောတူထားပြီးမှ ဒီလိုမျိုး ချိန်းတွေ့ကြတာ၊ ရှက်စရာများ ဖြစ်နေမလားလို့"

"ငါတို့ရဲ့ သမီးရည်းစားဘဝကို အဆုံးသတ်ဖို့ရက်က တဖြည်းဖြည်းနဲ့ နီးလာပြီလေ၊ နင်ကကော ဒီလိုခိုးကြောင်ခိုးဝှက်နဲ့ ချိန်းမတွေ့ရတော့မှာကို တွေးပြီး မနှမြောဘူးလား. . သီသီ"

"ငါလား. . မနှမြောပါဘူး၊ ငါတို့ အတူတူနေရတော့မယ်ဆိုတာကို တွေးပြီးတော့ ပိုပြီးတော့ ပျော်နေမိသေးတယ်"

မြသီက ရာဟု၏ ရင်ခွင်ထဲမှာ မှီနွဲ့ပြီးတော့ ပြောလိုက်





သည်။

"ဒါနဲ့ ငါ နင့်ကို မေးစရာရှိတယ်. . ရာဟု"

"နင်က ငါ့ကို ဘာမေးမလို့လဲ. . သီသီ"

"နင်. . မနက်က ရွာဦးကျောင်းမှာ အလှူအတန်းလုပ်ပြီး သံဃာတော်တွေကို ဆွမ်းကပ်တာ ဘယ်သူ့အတွက်"

"ဪ. . နင့်ကို ငါပြောပြီးပြီပဲ. . မြသီ၊ တောထဲမှာ ငါလမ်းပျောက်နေတုန်း ငါ့ကို ကူညီလိုက်တဲ့ သူ့အတွက်ပါလို့ အဲသည်လူဟာ ဘယ်သူမှန်း မသိလိုက်ရဘူး၊ ငါထင်တာက တော့. . ."

"တော်ပါဟယ်. . ငါကြောက်တယ်၊ မကြားချင်ဘူး၊ တောထဲက အကြောင်းတွေကို မပြောနဲ့တော့"

"နင်က မေးလို့သာ ငါက ဖြေရတာပါ. . သီသီ၊ ငါ ကုသိုလ်ကောင်းမှုလုပ်တာကို နင်က သကာမကင်းဖြစ်နေလို့လား"

ရာဟုက မလုံမလဲနဲ့ မေးမိလိုက်သည်။

"မဟုတ်ပါဘူးဟာ၊ နင် တောထဲမှာ လမ်းပျောက်လို့ ဒုက္ခရောက်နေတုန်း ကူညီလိုက်တဲ့သူက ဟို. . ဟို. . ကဲပါလေ၊ ငါကလည်း မသိချင်ပါဘူးဆိုနေမှ ထပ်ပြီး စပ်စုနေပြန်ပြီ"

ရာဟု ငြိမ်သွားခဲ့သည်။ သူရည်စူးပြီး လှူခဲ့သူက တစ်



www.burmeseclassi.com

www.burmeseclassi.com



ယောက်ပါ။ ရည်ရွယ်ချက်က ကောင်းရာမွန်ရာကို ရောက်စေဖို့ပါ။

"ဘုံကိုခေါ်ပါ၊ ဘုံကို ပစ်မထားပါနဲ့၊ လမ်းပျောက်သွားမှာစိုးလို့ မရေရာတဲ့ ခရီးကို သွားရတော့မှာစိုးလို့၊ အို. . အိုကိုရာဟု. . ကိုရာဟု"

ဘုံ၏ အသံကို နားထဲမှာ ပြန်ပြီးတော့ ကြားယောင်မိလာခဲ့သည်။ မြသီမသိစေရန် သက်ပြင်းကို တိတ်တဆိတ်မြိုသိပ်ကာ ချမိလိုက်ရသည်။

"အဲသည်သူ့အတွက် အလှူဒါန ပြုလုပ်ပေးလိုက်ပါ၊ အဲသည်ကိစ္စကို တကာလေးကိုယ်တိုင် ဆောင်ရွက်ပေးမှဖြစ်လိမ့်မယ်"

ရှင်ရသေ့က သေသေချာချာ မှာလိုက်သောစကားကိုလည်း အလေးထားကာ ဆောင်ရွက်ပြီးခဲ့လေပြီ။

"ဘုံရယ်. . ငါဖြစ်ခဲ့တာတွေ အားလုံးဟာ အိပ်မက်သာ ဖြစ်ခဲ့ပါစေလို့ ဆုတောင်းလိုက်ပါတယ်၊ ငါ. . မင်းကိုမေ့ပျောက်သွားအောင် မနည်းကြိုးစားရမှာပါ၊ မင်းလမ်းမပျောက်ပါစေနဲ့၊ လိုရာဆန္ဒပြည့်ဝပါစေ၊ နောင်တစ်ဘဝမှာ မင်းချစ်တဲ့သူနဲ့ ပေါင်းရပါစေ"

ရင်ထဲမှာလည်း ကြိတ်ပြီးတော့ ဆုတောင်းမိလိုက်၏။

ထိုစဉ် သူတို့နှင့်မလှမ်းမကမ်း အမြင့်လောက်ဆီမှာ





လင်းနို့ကြီးများက တစ်ကောင်စ၊ နှစ်ကောင်စနဲ့ ပျံဝဲနေကြ၏။ နောက်တော့ တစ်ထပ်ကြီးရောက်လာခဲ့ကြသည်။ တခဏအကြာတွင် များပြားလှစွာသော လင်းနို့များ မည်းမည်းလှုပ်ခတ်နေကြသည်။

ရာဟုသည် လင်းနို့များကို သတိပြုမိသွားခဲ့လေသည်။

"လင်းနို့တွေပါလား"

ရင်ထဲမှာ ထိတ်ကနဲဆို ဖြစ်သွားခဲ့ရသည်။ မိမိစိတ်လှုပ်ရှားသွားခဲ့ရသည်ကို မြသီမသိနိုင်။ နှစ်ယောက်ကြားမှာ ဝိုးတဝါးအမှောင်က ခြားနေသောကြောင့်ပင်။ လင်းနို့များသည် သူတို့နှစ်ယောက်ရှိရာကို ပျံသန်းလာနေကြသည်။ တချို့က အနိမ့်မှာ။ အချို့က အမြင့်မှာ။

ထိုစဉ် အဖြူရောင်အစလေးတစ်စသည် အမှောင်ထဲမှာ ပေါ်လာခဲ့သည်။ တလွန့်လွန့်နဲ့ လှုပ်ရှားလာနေလျက်။ ရာဟု ရင်အခုန်မြန်လာခဲ့သည်။ တဒိန်းဒိန်းနဲ့ မြည်လာခဲ့၏။ မြည်ဟီးပေါက်ကွဲတော့မတတ်ပင်။

အဖြူရောင်ပိတ်စလေး လွင့်ပါးလာသည်မှာ ပိုပြီးတော့ ထင်ရှားလာခဲ့သည်။ လေကလည်း တိုက်ခတ်လာသည်ဖြစ်၍ အဖြူထည်စသည် လေထဲမှာ တလွန့်လွန့်နဲ့ လွင့်ပါးနေလျက်ရှိနေသည်။

အတန်ငယ် နီးလာသောအခါ. . ။



www.burmeseclassi.com

www.burmeseclassi.com



သေသေချာချာကြည့်လျှင် မိန်းကလေးတစ်ယောက်၏ သဏ္ဌာန်ဆိုသည်ကို သိသာလာနိုင်ခဲ့သည်။

"ဟင်"

ရာဟုသည် မြသီကို ကောက်ရိုးပုံမှာ ကျောမှီစေလိုက်သည်။ ထိုနောက် နေရာမှ အပြေးတစ်ပိုင်း ထွက်လာခဲ့လေသည်။ မြသီသည် ရာဟု၏ မထင်မှတ်သော အပြုအမူကြောင့် ကြောင်တက်တက်ဖြစ်ပြီး ကျန်ရစ်ခဲ့သည်။

"ရာဟု. . . ရာဟု"

နောက်ကနေ လှမ်းပြီးခေါ်လိုက်သည်။ ရာဟုကတော့ မကြားနိုင်တော့သလို အဝေးကို ရောက်သွားခဲ့လေပြီ။ ရာဟု၏ မျက်လုံးထဲမှာ ပိတ်ဖြူစရှည်ကို တစ်ကိုယ်လုံး ရစ်ပတ်ထားသော မိန်းကလေးတစ်ဦးဟုပင် ထင်နေမိသည်။

"ဘုံ. . ဘုံ. . ဘုံ. . ."

နှုတ်ကလည်း တကြော်ကြော်နဲ့ အော်ဟစ်၍ခေါ်ကာ ပြေးသွားနေသည်။ ပိတ်စရှည်မျောမျောလေး လွင့်မျောလာသလို တဖြည်းဖြည်းနဲ့ နီးလာသော သဏ္ဌာန်ကို ရာဟုထင်ရှားစွာပင် မြင်လိုက်ရပါပြီ။ ထိုသဏ္ဌာန်၏ကိုယ်မှ အလင်းရောင်တချို့ ထွက်နေသည်ဟုလည်း သိလိုက်ရသည်။

ထူးခြားချက်က မျက်နှာချင်းဆိုင် ပြေးလာနေခဲ့ခြင်းပင်။ သို့သော် လေထဲမှာ လွင့်လာသလိုမျိုးပင်ဖြစ်သည်။ ဝင်း



BURMESE CLASSIC .com



ပသော မျက်နှာလေးကိုပင် ထင်ရှားစွာ မြင်နေရလေပြီ။ သူမဝတ်ဆင်ထားသော အဖြူရောင်ပိတ်စသည် ဝတ်ရုံသဖွယ်နောက်မှာ လွင့်ပါးပြီးတော့ ကျန်ရစ်ခဲ့သည်။

"ဘုံ. . ဘုံ. . ဘုံ. . ."

ရာဟုသည် နှုတ်မှ တမ်းတမ်းတတနဲ့ခေါ်ရင်း လိုက်သွားစဉ်တွင် ထိုသဏ္ဌာန်က ရပ်တန့်သွားခြင်းမရှိပဲ ဆက်ပြီးတော့ ပြေးသွားခဲ့သည်။ သူမ၏ မျက်နှာလေးသည် ကျေနပ်ပျော်ရွှင်မှုအတိရှိနေသည်။ အရာရာအားလုံးကို ပြည့်စုံသွားပြီဟူသော ခံစားချက်မျိုးနဲ့ ပေါ်လွင်နေလျက်ရှိသည်။

သို့သော် ရာဟုကို တစ်ချက်ပင်မကြည့်ပဲ (သို့မဟုတ်မမြင်သလိုပင်) ဆက်ပြီးတော့ ပြေးထွက်သွားခဲ့လေသည်။

"ဘုံ. . ဘုံ. . ဘုံ. . . မင်းဘယ်လိုဖြစ်တာလဲ၊ ငါ့ကိုတောင် မမြင်တော့ဘူးလား၊ မြင်လျက်နဲ့ မမြင်ချင်ယောင်ဆောင်သွားခဲ့တာလား. . ဘုံရယ်"

ရာဟုက ညည်းညူလိုက်လေသည်။ ရှေ့မှပြေးထွက်သွားသော သဏ္ဌာန်ကိုလည်း ဘယ်လိုမှ လိုက်၍မမီတော့။ လေထဲလွင့်ပါးသွားသော ပိတ်စဖြူဖြူလေးတစ်ခု အဖြစ်သာ နောက်ဆုံးတွေ့လိုက်ရသည်။ ယင်းအဖြူစလေးသည် အမှောင်ထုထဲသို့ နစ်ဝင်ကာ ပျောက်ဆုံးသွားခဲ့လေသည်။

ရာဟုသည် တွေဝေချောက်ချားသော စိတ်ဖြင့် ကျန်



www.burmeseclassi.com

www.burmeseclassi.com



ရစ်ခဲ့သည်။ စိတ်တစ္ဆေခြောက်လှန့်ခြင်းခံရသည်ပဲလား။ မိမိကိုယ်ကပဲ အစွဲအလန်းကြီးမားလွန်းသောကြောင့် ဤသို့ဖြစ်ရသည်ပဲလား။

ရာဟု၏နောက်က အပြေးလိုက်လာသူက. . . မြသီ။

"နင်. . နင်. . ဘာကိုမြင်ပြန်ပြီလဲ. . . ရာဟု၊ လာ. . လာ. . နင်ဟာလေ ငါ့ကို အစိုးရိမ်ကြီးအောင် လုပ်ပြန်ပြီ၊ ခက်လိုက်တာဟယ်"

မြသီက ရာဟုကို ဆွဲခေါ်သွားခဲ့သည်။

မိုးကောင်းကင်ထက်မှာ လင်းနို့မည်းမည်းကြီးတွေက အဝေးကို ပျံသန်းရင်း ပျောက်ကွယ်သွားခဲ့ကြသည်။ ယင်းလင်းနို့ကောင်ကြီးများသည် ဤအရပ်ကို နောက်ထပ်ဘယ်သောအခါမှ မလာရောက်ကြတော့ပါ။

ထို့အတူ အဝေးကို လွင့်ပါသွားသော ပိတ်ဖြူစလေးသည်လည်း. . . . .။

အစဉ်အမြဲကြိုးစားနေလျက်. . .။

မင်းစက္က...။




BURMESE CLASSIC .com

## မင်းစက္က ၏ ထွက်ပြီးစာအုပ်များ

၁။ မောင်းနှစ်လုံးမောင်ဇီဝ ထွက်ပြီး
၂။ ဟိမဝန္တာစေတမာန် ထွက်ပြီး
၃။ မျက်နှာမည်းကြီးဝိုလိမ့်မည် ထွက်ပြီး
၄။ မတာစ်ထောင်သား မောင်ထိန်ဘွား ထွက်ပြီး
၅။ သေလားတောင်စွယ်ရန်အသွယ်သွယ် ထွက်ပြီး
၆။ ဆင်ဂူတောနှင့် သပေါ့မာယာ ထွက်ပြီး
၇။ ကံရာဇာနှင့် ပတ္တမြားလည်ဆွဲ ထွက်ပြီး
၈။ ကံရာဇာနှင့် ပဉ္စလက်ဓားညီနောင် ထွက်ပြီး
၉။ မဟာ့ရာတောင်ကျိန်စာ ထွက်ပြီး
၁၀။ ပြဒါးမြွေ ထွက်ပြီး
၁၁။ ဒေဝယက္ခစံအိမ် ထွက်ပြီး
၁၂။ လက်ခုပ်သံလား မိုးသံလား ထွက်ပြီး
၁၃။ ဗျူဟ်ပါလသစ္စာ ထွက်ပြီး
၁၄။ ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ (၁) ထွက်ပြီး
၁၅။ ဆပ်ကြီးမောင်းထိန်းနှင့် နန်းစဉ်မကိုင်ကြီး ထွက်ပြီး
၁၆။ သဒ္ဒါလမျက်ရှင် ထွက်ပြီး
၁၇။ ပေါ်ရိသအဏ္ဏဝါ ထွက်ပြီး
၁၈။ မောရိယမာယာ ထွက်ပြီး
၁၉။ ကျောက်မောင်းသံနှင့် ရွာပျောက်ကြီး (ပ+ဒု) ထွက်ပြီး
၂၀။ မြိုင်တောကြီးနှင့် သူယောင်မင်းသမီး **(မင်းစကြာ)** ထွက်ပြီး
၂၁။ သေလာဟိမသခင် ထွက်ပြီး
၂၂။ မီးပြတိုက်သရွေ့ **(မင်းစကြာ)** ထွက်ပြီး
၂၃။ ဗိတြဒေဝီ ထွက်ပြီး
၂၄။ ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ (ဂူနက်ကြီး) ထွက်ပြီး
၂၅။ မှန်တိုင်းခေါ်သံ ထွက်ပြီး

www.burmeseclassi.com

www.burmeseclassi.com




www.burmeseclassi.com